www.dhammadownload.com

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

စာကြည့်တိုက်မှူး

သင်တန်းနည်းပြ ဆရာတော် ဦးပညာသာဓိ


(မဂဓိ-သာဓုခံ)

၏

# ဆယ်ဏောင်တွဲသင်တန်း

## မြန်မာပြန်ကျမ်း

[ သင်ကြားလေ့လာသူများ အခက်အခဲမရှိစေရန်
လွယ်ကူသောနည်းဖြင့် စီစဉ်ထားသည် ]




ပြည်ထောင်စု မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၃၈ ကောဇာ ၁၃၅၇ ၁၉၉၄

www.dhammadownload.com

## ဂုဏ်အင်္ဂါ

သမ္မပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။

(ဓမ္မပဒ၊ ၄၁)

၁။ အကုသိုလ်ရှောင်၊ ကုသိုလ်ဆောင်၊ ဖြူအောင်စိတ်ကိုထား။
၂။ ဘုရားတိုင်းသာ၊ ဟောမိန့်မှာ၊ သုံးဖြာ ဤစကား။
၃။ ဘုရားတပည့်၊ ထားသတိ၊ ပွားဘိ ဤတရား။

## နေ့တွက် မဂ္ဂုံးပါဒေနှင့်

ကုသိုလ်, ဥစ္စာ၊ ကျန်းမာမျိုးနှင့်၊ ပညာတန်ခိုး၊
တမျိုးမျိုးမှ၊ အကျိုးမထွက်၊ ထိုနေ့တွက်၊ သက်သက် ဝမ်းနည်းဖွယ်။
(ထိုလတွက်၊ သက်သက် ဝမ်းနည်းဖွယ်။)
(ထိုနှစ်တွက်၊ သက်သက် ဝမ်းနည်းဖွယ်။)

(ရတနာ့ဂုဏ်ရည်မှ)

www.dhammadownload.com

၂၂၁၂၆

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

# စာကြည့်တိုက်မှူး

# သင်တန်းနည်းပြ ဆရာတော် ဦးပညာသာဓိ


# (မာဂဓိ-သာဓုခေါ်)

၏

# ဆယ်ဏောင်တွဲသင်တန်း

## မြန်မာပြန်ကျမ်း

[ သင်ကြားလေ့လာသူများ အခက်အခဲမရှိစေရန်
လွယ်ကူသောနည်းဖြင့် စီစဉ်ထားသည် ]




ပြည်ဇဝါဆောင်စု မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၃၆ ခေတ္တာ ၁၃၅၂ ၁၉၉၂

www.dhammadownload.com

# ဆယ်စောင်တွဲ

| အကြိမ် | အုပ်ရေ | ခုနှစ် |
|---|---|---|
| ပထမအကြိမ် | ၂၀၀၀ | ၁၉၇၆ |
| ဒုတိယအကြိမ် | ၅၀၀၀ | ၁၉၉၀ |
| တတိယအကြိမ် | ၁၀၀၀၀ | ၁၉၉၂ |

ရန်ကုန်မြို့၊ ကမ္ဘာဓအား၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်း
(မှတ်ပုံတင်အမှတ် ဝ၂၄၀၅/ဝ၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။

www.dhammadownload.com

ဒုတိယအကြိမ်မြောက် ဆရာတော်ကြီးများ ကျောင်းအုပ်ကြီးများ ကျောင်းဆရာများ



ဒုတိယအကြိမ်မြောက် ပြည်နယ်အဆင့် ဓမ္မစာမေးပွဲအောင်မြင်သူများ




www.dhammadownload.com

www.dhammadownload.com

# ဆယ်စောင်တွဲသင်တန်း

## မြန်မာပြန်ကျမ်း

# မာဘိကာ


အင်ကြောင်းဆရာ စာမျက်နှာ

နိဒါန်း

ဆယ်စောင်တွဲ .... .... .... [ ၈ ]

ဆရာများအတွက်မှာထားချက် .... .... .... [ ၉ ]

စာလုံးဆင့် ဖတ်နည်းလက်ဘ .... .... .... [ ]

မှတ်တမ်းဝင် ဓာတ်ပုံ .... .... .... [ ]

၁-မင်္ဂလသုတ်

မင်္ဂလသုတ်ဆိုင်ရာ သိမှတ်ဖွယ် .... .... .... ၁

မင်္ဂလသုတ်ပါဠိနှင့်မြန်မာပြန် .... .... .... ၆

၃၈-ဖြာ မင်္ဂလာကဗျာများ .... .... .... ၁၃

၂-အပြင်အောင်ခြင်း

အပြင်အောင်ခြင်းရှစ်ပါး သိမှတ်ဖွယ်.... .... .... ၁၆

အပြင်အောင်ခြင်းရှစ်ပါး ပါဠိနှင့်မြန်မာပြန် .... .... ၂၁

အပြင်အောင်ခြင်းရှစ်ဖြာ ရှစ်လုံးဖွဲ့ခမွမ်းကဗျာ .... .... ၂၅

အောင်ခြင်းရှစ်ပါး ကဗျာများ .... .... .... ၂၈

အောင်ခြင်းရှစ်ပါးသီချင်း.... .... .... .... ၃၁

အောင်ခြင်းရှစ်ပါး ဝတ္ထုများ .... .... .... ၃၃

www.dhammadownload.com




မြန်မာပြန်ကျမ်း စာမျက်နှာ

၃-အတွင်းအောင်ခြင်း

အတွင်းအောင်ခြင်း သိမှတ်ဖွယ် .... .... ... ၄၀

အတွင်းအောင်ခြင်းရှစ်ပါး ဟိဋ္ဌနှင့် မြန်မာပြန်.... .... ၄၂

အတွင်းအောင်ခြင်းရှစ်ပါး ကဗျာ .... .... .... ၄၆

၄-ရတနာဧကျိုင့်

ရတနာဧကျိုင့် သိမှတ်ဖွယ် .... .... .. ၄၈

ရတနာဧကျိုင့် ဟိဋ္ဌနှင့် မြန်မာပြန် .... .... .... ၅၀

ရတနာဧကျိုင့် သံပေါက်ကဗျာများ.... .... .... ၅၆

၅-နမက္ကာရ

နမက္ကာရ သိမှတ်ဖွယ် .... .... .... .... ၅၈

နမက္ကာရ ဟိဋ္ဌနှင့် မြန်မာပြန် .... .... .... ၆၃

၆-လောကနီတိ

လောကနီတိဆိုင်ရာ သိမှတ်ဖွယ် .... .... .... ၇၅

လောကနီတိ ဟိဋ္ဌနှင့်မြန်မာပြန် .... .... .... ၉၀

– ၁-ပဏ္ဍိတကဏ္ဍ .... .... .... .... ၉၁

– ၂-သုဇနကဏ္ဍ .... .... .... .... ၁၀၅

– ၃-ဗာလဒုဇ္ဇနကဏ္ဍ .... .... .... ၁၁၃

– ၄-မိတ္တကဏ္ဍ .... .... .... .... ၁၂၁

– ၅-ဣတ္ထိကဏ္ဍ .... .... .... .... ၁၂၃

– ၆-ရာဇကဏ္ဍ .... .... .... .... ၁၃၅

– ၇-ပကိဏ္ဏကကဏ္ဍ.... .... .... .... ၁၄၃

www.dhammadownload.com



အကြောင်းအရာ စာမျက်နှာ

၃-ပရိတ်ကြီး

ပရိတ်ကြီးဆိုင်ရာ သိမှတ်ဖွယ် .... .... .... ၁၆၂

– ပရိတ်တော်၏တန်ခိုးအာနိသင်များ .... .... ၁၆၆

– ပရိတ်ကြီး (၁၁)သုတ် သမိုင်းအကျဉ်း .... .... ၁၆၉

ပရိတ်ကြီးပါဠိတော်နှင့် မြန်မာပြန် .... .... .... ၁၇၅

– ၁-မင်္ဂလသုတ် ပါဠိနှင့်မြန်မာပြန် .... .... ၁၇၈

– ၂-ရတနသုတ် ပါဠိနှင့်မြန်မာပြန် .... .... ၁၈၃

– ၃-မေတ္တာသုတ် ပါဠိနှင့်မြန်မာပြန် .... .... ၁၉၃

– ၄-ခန္ဓသုတ် ပါဠိနှင့်မြန်မာပြန် .... .... ၁၉၈

– ၅-မောရသုတ် ပါဠိနှင့်မြန်မာပြန် .... .... ၂၀၀

– ၆-ဝဋ္ဋသုတ် ပါဠိနှင့်မြန်မာပြန် .... .... ၂၀၃

– ၇-ဓဇဂ္ဂသုတ် ပါဠိနှင့်မြန်မာပြန် .... .... ၂၀၅

– ၈-အာဋာနာဋိယသုတ် ပါဠိနှင့်မြန်မာပြန် .... ၂၁၂

– ၉-အင်္ဂုလိမာလသုတ် ပါဠိနှင့်မြန်မာပြန်.... .... ၂၂၅

– ၁၀-ဗောဇ္ဈင်္ဂသုတ် ပါဠိနှင့်မြန်မာပြန် .... .... ၂၂၆

– ၁၁-ပုဗ္ဗဏှသုတ် ပါဠိနှင့်မြန်မာပြန် .... .... ၂၂၉

ပရိတ်အမှုန်းဂါထာများ .... .... .... .... ၂၃၆

– နတ်များကို ဖိတ်ကြားရန် .... .... .... ၂၃၇

– နတ်များကို ပြန်ပို့ရန် .... .... .... ၂၃၈

www.dhammadownload.com

[စာ] ဆယ်စောင်ကဲ့သင်တန်း မြန်မာပြန်ကျမ်း

အကြောင်းအရာ စာမျက်နှာ


၈-ရှင်မဟာသီလဝံသ ဆုံးမစာ

ရှင်မဟာသီလဝံသ ဆုံးမစာ .... .... .... ၂၅၈

၉-ရှင်မဟာရဋ္ဌသာရ ဆုံးမစာ

ရှင်မဟာရဋ္ဌသာရ ဆုံးမစာ .... .... .... ၂၆၇

၁၀-စကားကြီးဆယ်မျိုး

စကားကြီးဆယ်မျိုး အဓိပ္ပါယ် .... .... .... ၂၇၃

နောက်ဆက်တွဲ

လူငယ်မျက်ရှူ ယဉ်ကျေးမှု .... .... .... ၂၇၈

– သမ္မုဒ္ဓေဂါထာတော်ကြီး .... .... .... ၂၈၃

– မေတ္တာသုတ်လာ မေတ္တာပွားနည်း ၁၁-နည်း .... ၂၈၅

– ဗုဒ္ဓဝင်အကျဉ်းချုပ် .... .... .... ၂၈၇

– ငါးပါးသီလဆိုရိုး .... .... .... .... ၂၉၂

– ဩကာသရှင်းတမ်း .... .... .... ၂၉၆

– လူမှုဆိုင်ရာ ကျင့်ဝတ်များ .... .... .... ၂၉၉

– ယဉ်ကျေးလိမ္မာဆုံးမစာ .... .... .... ၃၀၁

– သာသနာလျှောက်စာတမ်း .... .... .... ၃၀၄

ကောသလအိပ်မက် ၁၆-ချက် ရှစ်လုံးဖွဲ့ကဗျာများ .... ၃၀၅

ဝိဟိုက်တော် ၁၂-ဖါး ကဗျာများ .... .... .... ၃၀၉

ဗုဒ္ဓဘာသာဝင်တို့၏ အခါတော်နေ့ကြီးများ .... .... ၃၁၅

www.dhammadownload.com

# နိဒါန်း

ရှေးခေတ် မြန်မာနိုင်ငံ ပညာသင်ကြားပုံ နည်းစနစ်မှာ ဘုန်းတော်ကြီးကျောင်းပညာရေးစနစ်ဖြစ်၍ ဆယ်စောင်တဲ့သည် မသင်မနေရ ကျမ်းစာဖြစ်ခဲ့သည်၊ ရှေးခေတ်က မြန်မာနိုင်ငံသားမှန်လျှင် ဆယ်စောင်တဲ့၏ ကျေးဇူးနှင့် မကင်းကြ၊ ဆယ်စောင်တဲ့ကို သင်ဖူးသူ များးကြသည်၊ အနည်းဆုံးမင်္ဂလသုတ်လောက်တော့ သင်ဖူးကြ၏၊ဆယ်စောင်တဲ့စာအုပ်၌ ဘုရားဟော ပိဋကတ်စာပေမျှဝေးနှင့်တကွ နိတိအမျိုးမျိုး, ဆုံးမစာအမျိုးမျိုးတို့ကိုပါ ပြဆိုထားသောကြောင့် လောကအကြောင်းရော ဓမ္မအကြောင်းပါ ခြုံမိ ငုံမိနေသည်၊ ထို့ကြောင့် ဆယ်စောင်တဲ့ကို အလိမ္မာလမ်းညွှန်အဖြစ် ခေါ်ဆိုထိုက်သည်။

ယင်းသို့ကျေးဇူးများလှ၍ ရှေးဆရာတော်ကြီးများနှင့် လူပညာရှိတို့က ဆယ်စောင်တဲ့ကို ဗုဒ္ဓဘာသာအခြေခံစာပေအဖြစ် သင်ရိုးပြုခဲ့ကြသည်၊ ဆယ်စောင်တဲ့ပါစာများကို နှုတ်ရအာဂုံဆောင်ထားနိုင်လျှင်(သို့မဟုတ်) လေ့လာဖတ်ရှုပါလျှင် စကားပြောနှင့် တရားဟောဆိုင်ရာ ကိစ္စများတွင် အထောက်အကူ မုချရရှိနိုင်ပါသည်။

## ဆယ်စောင်တဲ့ပါ စာမူများ

စာမူ ၁၀-မျိုး တဲ့ထားသော ကျမ်းစာကို ဆယ်စောင်တဲ့ဟု ခေါ်သည်၊ ကျမ်းစာတဲ့ပုံမှာ အောက်ပါအတိုင်းဖြစ်သည်-

* ၂-စောင်တဲ့=မြန်မာသင်ပုန်းကြီးနှင့် မင်္ဂလသုတ်၊
* ၃-စောင်တဲ့=မင်္ဂလသုတ်၊ အပြင်အောင်ခြင်း၊အတွင်းအောင်ခြင်း၊
* ၄-စောင်တဲ့=၃-စောင်ဟဲ့အပြင် ရာဇနာဇ္ဈာချိုင့်တိုးလာသည်။
* ၅-စောင်တဲ့=၄-စောင်တဲ့အပြင် နမက္ကာရ တိုးလာသည်၊

www.dhammadownload.com



* ၆-စောင်တဲ့ ၅-စောင်တဲ့အပြင် ယဇာကန်တိ တိုးလဲသည်၊
* ၇-စောင်းတဲ့=၆-ကာ်တဲ့အပြင် ပဂိတ်ကြီး ဟိုးလာသည်၊
* ၈-စောင်တဲ့=ဤအမည်ဖြင့် တုတ်ဝေသည်ကို မတွေ့ရ၊
* ၉-စောင်တဲ့=ဤအမည်ဖြင့် ယုတ်ဝေသည်ကို မတွေ့ရ၊
* ၁၀-စောင်တဲ့=မင်္ဂလသုတ်၊ အပြင်အောင်ခြင်း၊ အတွင်း အောင်ခြင်း၊ ဓုတနာဇ္ဈာချိုင့်၊ နမက္ကာရ၊ လောကနီတိ၊ ပရိတ်ကြီး၊ ရှင်မဟာသီလဝံသ ဆုံးမစာ၊ ရှင်မဟာရဋ္ဌသာရဆုံးမစာ၊ စကားကြီး ၁၀-မျိုး။

ဆယ်စောင်တဲ့ကို ဖွဲ့ချာ၌ ပရိတ်ကြီးအယ် ၇-မျိုးမှာ တူညီပြီး ကျန်၃-မျိုးမှာ မတူဘဲ ဝိုတာဟ်သည်၊ ထုတ်ဝေသူ၏ဆန္ဒအလျောက် နှစ်သက်ရာစာမူကို ထည့်သွင်းကြသည်၊ ဤကျမ်းစာတဲ့မျိုး အပြင် ၁၂-စောင်တဲ့,၁၅-စောင်တဲ့ ဆယ်မျိုးကိုလည်း တုတ်ဝေကြသေးသည်၊ သို့သော် ဆယ်စောင်တဲ့အမည်က လူသိများပြီး တွင်ကျယ်နေသောကြောင့် အခြားကျမ်းစာတဲ့များမှာ ဆယ်စောင်တဲ့လောက် တွင်ကျယ်မှု မရှိကြပါ။

## ဆယ်စောင်တဲ့ခေတ်

ဆယ်စောင်တဲ့ပါ စာပေများကို ပုံနှိပ်လုပ်ငန်းမပေါ်မီ ပေနှင့်ပုရပိုက် ခေတ်ကပင် လက်ရေးဖြင့် ဝေးကွာ၍ ခေတ်အဆက်ဆက် သင်ယူလာခဲ့ကြသည်၊ မြန်မာနိုင်ငံ၌ ပုံနှိပ်လုပ်ငန်းများ ပေါ်လာချိန်မှစ၍ ပေနှင့် ပုရပိုက်ခေတ်က သင်ရိုးပြုခဲ့သော စာများသည်လည်း ဆယ်စောင်တဲ့အမည်ဖြင့် တွင်ကျယ်စွာ ထွက်ပေါ်လာခဲ့သည်။

ဆယ်စောင်တဲ့ပါ စာများ ပေါ်ထွက်လာခြင်းသည် အတိအကျ သတ်မှတ်၍ မရနိုင်ပါ၊ ပရိတ်ကြီးနှင့် လောကနီတိတွင်ပါသော ဂါထာ

www.dhammadownload.com



အချို့မှာ ဘုရားဟောဒေသနာဖြစ်၍ ဘုရားလက်ထက်ကပင် ရှိနေသော စာမျှားဟု ဆိုရပါမည်၊ ဓုဟင်အကြောင်းကို ဖွဲ့ဆိုသော ရှင်မဟာသီလဝံသ နှင့် ရှင်မဟာရဋ္ဌသာရတို့၏ ရတုကဗျာ ဆုံးမစာမျှားကို ထောက်၍ ဆယ်စောင်တွဲပါ စာအားလုံး အင်းဝခေတ်ထက် စောကြောင်း(သို့မဟုတ်) နောက်မကျကြောင်း အတိအလင်းဆိုနိုင်ပါသည်။ ဆယ်စောင်တွဲဟူသော အမည်ကိုမူ မြန်မာနိုင်ငံ၌ ပုံနှိပ်လုပ်ငန်းပေါ်စ ခေတ်ဦးကပင် တွင်ကျယ်လာသော အမည်ဖြစ်ကြောင်း မှတ်သားသင့်ပါသည်။

## ဆယ်စောင်တွဲအနှစ်ချုပ်

၁။ မင်္ဂလသုတ်=မင်္ဂလာတရား ၃၈-ပါးကို ဟောကြားထားခြင်း။

၂။ အပြင်အောင်ခြင်း=ဘုရားရှင်၏ ခန္ဓာကိုယ်မှ အပြင်အပရန်သူမျှားကို အောင်မြင်ခြင်း။

၃။ အတွင်းအောင်ခြင်း=ခန္ဓာကိုယ်အတွင်း၌ ဖြစ်ပေါ်တတ်သော ကိလေသာရန်သူမျှားကို အောင်မြင်ခြင်း။

၄။ ရတနာဧရှချိုင့်=ရတနာသုံးပါးကို ဧရှချိုင့်သဖွယ် အကာအရံပြုထားခြင်း။

၅။ နမက္ကာရ=မြတ်စွာဘုရား၏ ဂုဏ်တော်, ကျေးဇူးတော်, လက္ခဏာတော်မျှားကို ကြည်ညိုဖွယ်ရာ ပြဆုံထားသော ဘုရားရှိခိုး။

၆။ လောကနီတိ=လောကလူသား အကျိုးမျှားအောင် လမ်းညွှန်စာပေ။

၇။ ပရိတ်ကြီး=ဖေးရန် အမျိုးမျိုးမှ ကာကွယ် စောင့်ရှောက်တတ်သော တရား။

www.dhammadownload.com

## [ ၈ ] ဆယ်စောင်တွဲသင်တန်း မြန်မာပြန်ကျမ်း

၈။ ရှင်မဟာသီလဝံသ ဆုံးမစာ = ယဉ်ကျေးလိမ္မာစေရန် ဆုံးမသောစာ။

၉။ ရှင်မဟာရဋ္ဌသာရ ဆုံးမစာ = ယဉ်ကျေး လိမ္မာစေရန် ဆုံးမသောစာ။

၁၀။ စကားကြီး ၁၀-မျိုး = စကားပြောရာ၌ လိမ္မာ ကျမ်းကျင်စေရန် စကားပြောနည်း ၁၀-မျိုး။

### ဆရာများအတွက် မှာထားချက်

ဆယ်စောင်တွဲကို သင်ကြားရာ၌ ပုဒ်ဆင့် ပါဠိဆင့်များ ပါရှိနေ၍ နုနယ်ငယ်ရွယ်သော ကလေးများအဖို့ အခက်အခဲနှင့် ကြုံတွေ့ရတတ်ပါသည်၊ ခက်ခဲ၍ စိတ်ပင်ပန်းတတ်ပါသည်၊ ယင်းသို့ အခက်အခဲများကို မကြုံတွေ့ရအောင် ဆောက်ပါနည်းစနစ်များဖြင့် သင်ကြားပေးရပါမည်-

(က) ပထမ သင်ဦးစ အကြိမ်တွင် ခက်ခဲသော ပါဠိကို မသင်ပေးဘဲ လွယ်ကူသော မြန်မာပြန် သက်သက်ကိုသာ သင်ကြားပေးသင့်ပါသည်၊ သင်ကြားပေးကြပါ။

(ခ) ဒုတိယအကြိမ် ပြန်လည်သင်ကြားသောအခါမှ ပါဠိကို သင်ပေးသင့်ပါသည်၊ ယင်းသို့ သင်ရာ၌ ပင်ပန်းအောင်အာဂုံနှုတ်ရ မကျက်ခိုင်းပါနှင့်၊ ဖတ်ရုံသာ ဖတ်စေသင့်ပါသည်၊ ပါဠိကိုသင်ကြားရာ၌ အသံထွက်မှန်ကန်စေရန် ဆရာဖြစ်သူက ရှေးဦးစွာ သုံးကြိမ် သုံးခေါက် ဖတ်ပြပြီးမှ တပည့်များကို ဖတ်စေသင့်ပါသည်၊ တကယ်လိုချင်သူများအနေဖြင့် ပါဠိကို သူ့ဆန္ဒ, သူ့စေတနာ, သူ့အသိဖြင့် အာဂုံဆောင်လာပါလိမ့်မည်။

www.dhammadownload.com



(၈) ပါဠိကိုဖတ်ရာ၌ အခက်အခဲ မဖြစ်စေရန် စာလုံးဆင့် ဖတ်နည်းကို ရှေးဦးစွာ သင်ကြားပေးသင့်ပါသည်၊ ဖတ်နည်းသိသွားလျှင် စာလုံးဆင့်ဖတ်ပုံ သင်ကြားမှု လွယ်ကူပါလိမ့်မည်။

## စာလုံးဆင့် ဖတ်နည်း လေ့ာ်ာ

၁။ နှစ်လုံးဆင့်မှာ၊ အတက်သာ၊ သတ်ပါ မြဲကောန်၊

၂။ သဝေလည်းထိုး၊ တ-သက်မျိုး၊ ဖတ်ရိုး စ-သတ်သံ၊

၃။ သဝေလည်းထိုး၊ န-သတ်မျိုး၊ ဖတ်ရိုး ဂ-သတ်သံ၊

၄။ သဝေရေးချ၊ သတ်မြင်က၊ မှတ်ကြဲ ဝ-ဆွဲသံ၊

၅။ ဟထိုး ဂဆွဲ၊ ရရှစ် ယပင်း၊ ဗွဲဟုံလျင်းက၊ နှစ်ာတာဝန်၊ ကျေပွန်စေရန်၊ အသံ အသတ် ယူမြဲမှတ်။

၁။ **အဓိပ္ပာယ်မှာ**–အက္ခရာ ၂-လုံးဆင့် တွဲလျှင် အပေါ်တွင်ရှိသော အထက်အက္ခရာကို အသတ်တင်၍ဖတ်၊ အသံသေပြီ၊ ရှေအက္ခရာနှင့် တွဲ၍ ဖတ်ရမည်။

ဥပမာ—

သမန္တာ=သမန်တာ

စက္ကဝါဠေသု=စက်ကဝဠေသု

သဒ္ဓမ္မံ=သဒ်ဓမ်မံ

၂။ **အဓိပ္ပာယ်မှာ**–သဝေထိုးနှင့် ကွဲသော တ-သတ်ကို စ-သတ်အသံ ထွက်၍ ဖတ်ရမည်။

www.dhammadownload.com

## [ည] ဆယ်စောင်တွဲသင်တန်း မြန်မာပြန်ကျမ်း

ဥပမာ-

မေတ္တာ=မေတ်တာ (မစ်တာဟု ဖတ်)

ခေတ္တရာ=ခေတ်တရာ (ခစ်တရာဟုဖတ်)

သေတ္တာ=သေတ်တာ (သစ်တာဟုဖတ်)

**မှတ်ချက်။** ။သဝေထိုးကို ပါဠိ၌ သေရ-ဟု ခေါ်သည်။

၃။ **အဓိပ္ပာယ်မှာ**-သဝေထိုးနှင့် တွဲသော န- သတ်ကို ဂ-သတ် ဒေသံ ထုတ်၍ ဖတ်ရမည်။

ဥပမာ-

ပုရေန္တံ=ပုရေဂ်ံဘံ (ပုရင်တံဟုဖတ်)

သမေန္တု=သမေန်တု (သမင်တုဟုဖတ်)

ဒဒ်ဃန္တိ=ဒဒ်သေန်တိ (ဒဒ်သင်တိဟုဖတ်)

၄။ **အဓိပ္ပာယ်မှာ**-သဝေထိုးရေးချကို ဝဆဲ့ အသံထုတ်၍ ဖတ်ရမည်။

ဥပမာ-

သေဘ္ဆာနံ=သေဘ်ထာနံ (သဲ့တ်ထာနံဟုဖတ်)

ကောဏ္ဍည=ကောဏ်ဍည (ကုဏ်ဍင်ညဟုဖတ်)

ဟောန္တု=ဟောန်တု (ဟုန်တုဟုဖတ်)

**မှတ်ချက်။** ။သဝေထိုးရေးချကို ပါဠိ၌ ဩဒေရ-ဟု ခေါ်သည်။

၅။ **အဓိပ္ပာယ်မှာ**-ဟထိုး ဇဆဲ့ ရရစ် ယပင့် အက္ခရာစာလုံးမျှားနှင့် တွဲသော အက္ခရာသည် အသတ်တာဝန်ကိုလည်း ယူရသည်၊ မိမိ၏ ကြားအသံလည်း ထုတ်ရသည်။

www.dhammadownload.com



ဥပမာ-

အမှ=အာမ်မှ၊ ကက္ခ=ကၠာက်ကွ၊

တုမှ=တုမ်မှ၊ သက္ခ=သက်ကွ၊

ပဗ္ဗန္ဒ=ပုဗ္ဗင်္ဒန်ဒ။

ဤပြယုဂ်တို့၌ ဟထိုးနှင့် တွဲသော မ၊ က၊ န- အက္ခရာတို့သည် အသတ်တာဝန်ကိုလည်း ယူရသည်၊ မိမိ၏ မူလဗျည်းအသံလည်း ထုတ်ရမည်၊ အသတ်နှင့်အသံ တာဝန် ၂-မျိုးကို ယူထားသည်။

သက္ခ=သက်ကွ၊ ဝါက္ခ=ဝါက်ကွ၊

နိသ္သ=နိသိ်သ္သ (နိသိ်သယ)။

ဤပြယုဂ်တို့၌ ယပင်နှင့်တွဲသော ကနှင့်သ တို့သည် အသတ်နှင့်အသံ တာဝန် ၂-မျိုးကို ယူထားသည်။

စကြာ=စက်ကြာ၊ အတြာ=အတ်တြာ၊

မတြာ=မတ်တြာ။

ဤပြယုဂ်တို့၌ ရရစ်နှင့်တွဲသော ကနှင့်တ အက္ခရာတို့သည် အသတ်နှင့် အသံတာဝန် ၂-မျိုးကို ယူထားသည်။

ကတ္ဝာ=ကတ်တဝါ၊ ဒတ္ဝာ=ဒတ်တဝါ၊

ပတ္ဝာ=ပတ်တဝါ၊ ဝတ္ဝာ=ဝတ်တဝါ။

ဤပြယုဂ်တို့၌ ဝ-ဆွဲနှင့်တွဲသော တ-အက္ခရာတို့သည် အသတ်နှင့်အသံ တာဝန် ၂-မျိုးကို ယူထားသည်။

**မှတ်ချက်။** ။ဟထိုးသည်-ဟ၊ ယပင်သည်-ယ၊ ရရစ်သည် ရ-ကောက်၊ ဝ-ဆွဲသည် ဝ-အက္ခရာ၏ ကိုယ်စားလှယ်ဟု အသိုးသိုးမှတ်။

www.dhammadownload.com



## မြန်မာ့ပြန်သင်ကြားခြင်းနှင့် အကျိုးကျေးဇူးများ

မြန်မာသက္ကရာဇ် ၁၃၄၈-ခုနှစ်မှစ၍ ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာန ယဉ်ကျေးမှုသင်တန်းတွင် ဆယ်စောင်တဲ့ ဘာသာရပ်ကို သင်ကြားပို့ချရာ၌ လူငယ်လူရွယ်များ အခက်အခဲမရှိစေရန် ပါဠိ,မြန်မာဆရာထွေးသင်ကြားသော နိဿယနည်းကို မသုံးဘဲ မြန်မာပြန်သက်သက်နည်းကိုသာ သင်ကြားပို့ချခဲ့ပါသည်။

ယင်းသို့ သင်ကြားပေးခြင်းဖြင့်-

၁။ သက်သာလွယ်ကူခြင်း၊

၂။ သဘောပေါက်မြန်ဆန်ခြင်း၊

၃။ ခရီးတွင်ကျယ်ခြင်း-

ဤအကျိုး သုံးမျိုးကို လက်တွေ့ ရရှိခဲ့ပါသည်။

သို့ဖြစ်၍ မူရင်းပါဠိအောက်မှ မြန်မာပြန်ကို ပူးတွဲဖော်ပြပေးထားပါသည်၊ ကလေးများ အသိဉာဏ် မရှုပ်ထွေးစေရန် ယော, သော, ယေ, တေ, ယံ, တံ-စသောပုဒ်များကို အတတ်နိုင်ဆုံး ချန်လှပ်၍ အကြင်, ထို-စသောအနက်များကို မဖော်ပြဘဲ တိုက်ရိုက်ပြန်ဆိုပေးပါသည်။

## စာမူဖြစ်ပေါ်လာပုံနှင့် ကျေးဇူးတင်လွှာ

သာသနာရေးဦးစီးဌာန အခြေခံပုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းကို ၁၃၇၅-ခုနှစ်မှစ၍ ဖွင့်လှစ်သင်ကြားခဲ့ရာ ယခုဆိုလျှင်သတ္တမနှစ်သို့ရောက်ရှိခဲ့ပါပြီ။ ကျောင်းသူကျောင်းသားများ ဆရာဆရာမများနှင့် ရုံးဝန်ထမ်းများပါစိတ်ဝင်စားစွာသင်ယူကြ၍ ရာနှုန်းပြည့် အောင်မြင်သည်ဟုဆိုနိုင်ပါသည်။နေရာထိုင်ခင်း ပရိဘောဂ မီး ရေ စာရွက်စာတမ်းနှင့် လုပ်ပိုင်ခွင့်များကိုမိခင်သာသနာရေးဦးစီးဌာနမှ ပံ့ပိုးကူညီသောကြောင့် သင်ကြားရသည်မှာ စိတ်ချမ်းသာကိုယ်ချမ်းသာရရှိပါသည်။

www.dhammadownload.com



ဤသင်တန်းကြီးမှ ဘုရားရှိခိုး, မေတ္တာပို့, ဆုတောင်း, အမျှဝေ, ပုဒ္ဓဝင်, ငါးပါးသီလ, မင်္ဂလာ, လူ့ကျင့်ဝတ်နှင့် ပရိတ်ကြီး ဘာသာရပ်တို့ကို သင်ကြား ပို့ချပေးပါသည်။ သင်တန်းသုံးစာမူအဖြစ် "ယဉ်ကျေးမှု သင်တန်း" စာအုပ်နှင့် "ပရိတ်ကြီးမြန်မာပြန်" စာအုပ်များကိုလည်း ထုတ်ဝေထားပြီး ဖြစ်ပါသည်။

သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအံ့မောင် စာပြင်မှူးချုပ် ဦးတင်လှိုင်နှင့်တကွ စာစီ, စာပြင်, စက်ရိုက်, စာအုပ်ချုပ်ဌာနတို့မှ ဝန်ထမ်းများ၏ ဦးဆောင်ကူညီမှုကြောင့် ဤ ဆယ်စောင်တဲ့သင်တန်း မြန်မာပြန်ကျမ်းသည် အချိန်အာနည်းငယ်အတွင်း စာမူဘဝမှ ပုံနှိပ်စာအုပ် အဖြစ်သို့ ရောက်ရှိခဲ့ရပါသည်၊ သို့ဖြစ်၍ ကူညီသူအားလုံးကို ကျေးဇူး တင်ကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

ဦးပညာသာမိ (မာဂဓီ-သာစည်)
သင်တန်းနည်းပြဆရာတော်
၅၂/ဇမ္ဗုဒီပကျောင်းဆောင်၊ ကမ္ဘာအေး။

www.dhammadownload.com

# ဆယ်စောင်တဲ့သင်တန်း

# မြန်မာပြန်ကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## မင်္ဂလသုတ်ဆိုင်ရာ သိမှတ်ဖွယ်

**ဆယ်စောင်တဲ့၌** ပထမဆုံးသင်ကြားရသော စာမှာ မင်္ဂလသုတ် ဖြစ်သည်၊ **မင်္ဂလသုတ်**သည် ခုဒ္ဒကပါဋ္ဌနှင့် သုတ္တနိပါဌ် ကျမ်းများတွင် လာသော ဘုရားဟောဒေသနာ အစစ်ဖြစ်သည်၊ ၅၄-ကုဋ္ဌေ အကုန်ခံ၍ ဆောက်လုပ်ထားသော နာမည်ကျော် ဇေတဝန် ကျောင်းကြီးပေါ်၌ ဟောကြားသော တရားတော်ဖြစ်သည်၊ မင်္ဂလာတရားဒေါ်-ပါးတွင်လောက ရေးနှင့်မမှုရေးတို့ကိုပါ ထောင့်စေ့အောင် ဟောကြားထားသောကြောင့် မင်္ဂလာတရားတော်နှင့်အညီ နေထိုင် ကျင့်သုံးပါက လိမ္မာယဉ်ကျေး လူတော်လူကောင်းကလေးများ အမှန်ပင်ဖြစ်နိုင်ပါသည်။

အလိမ္မာအကျိုးတရားကို မြော်မြင်ကြကုန်သော ဓရှေးခေတ် ရဟန်း ရှင်၊ လူများက သင်ပုန်းကြီးကုန်၍ စာဖတ်တတ်သောအခါ မင်္ဂလသုတ်ကို ဦးဦးဖျားဖျား သင်ကြားပေးသည်မှာရည်ရွယ်ချက်ကောင်းမွန်ပါပေသည်၊ မင်္ဂလာတရားကြောင့် တိုင်းပြည်နှင့် လူမျိုးဘာသာ သာသနာကိုတော့ အဖိုးတန် ရတနာကလေးများ ထွန်းကားခဲ့ရပါသည်။

ဆယ်စောင်တဲ့ ၁—ပ-မ-သ-စ

www.dhammadownload.com



## မင်္ဂလသုတ်နိဿယများ

ဘုရားဟောမင်္ဂလသုတ်ပါဠိကို ခေတ်ဟောဆက်ဆက် ပညာရှင်တို့က အနှက်မြန်မာ နိဿယပြန်ဆိုရေးသားခဲ့ကြသည်၊ ဆယ်စောင်တဲ့၌ ဖော်ပြပါရှိသော မင်္ဂလသုတ်နိဿယမှာ အနှက်ဆံတိုတိုနှင့် ရိုးရိုးပင်ပြန်ဆိုထားသည်၊ ရေးသူ၏အမည်ကိုကား မသိရ၊ ကျောင်းသား ကိုရင်မှန်သမျှ သင်ကြားခဲ့ရသော အနှက်ဖြစ်သည်။

ခေတ်အဆက်ဆက် ပညာရှင်တို့က ရေးသားခဲ့ကြ၍ မင်္ဂလသုတ်နိဿယအမျိုးပေါင်း မည်မျှရှိသည်ကို အတိအကျ ဖော်ပြရန် မလွယ်ကူပါ၊ ဟာဂဓိတွဲသမျှ အမြွက်မျှဖော်ပြရသော်–

၁။ ဝက်ခုတ် ဆရာတော်၏ မင်္ဂလသုတ်နိဿယ (၁၁၅၁-ခုနှစ် ကျမ်းပြီး)၊

၂။ စလင်းဆရာတော်၏ မင်္ဂလသုတ် နိဿယ(၁၁၇၄-ခုနှစ်ကျမ်းပြီး)၊

၃။ ဆရာတော်ဦးဗုဒ္ဓ၏ မင်္ဂလသုတ်နိဿယ(၁၁၈၀-ခုနှစ်ကျမ်းပြီး)၊

၄။ မန္တလေးမြို့ ဒက္ခိဏာရုမ ဆရာတော် ဦးဇာဂရ၏ မင်္ဂလသုတ် နိဿယ(ကျမ်းပြီးနှစ် မသိရ)၊

၅။ လယ်တီဆရာတော်၏ မင်္ဂလသုတ်နိဿယ (ကျမ်းပြီးနှစ်မသိရ)၊

၆။ ဒွါရဝါဒီ အုတ်ဖိုဆရာတော်၏ မင်္ဂလသုတ်နိဿယ (ကျမ်းပြီးနှစ် မသိရ)၊

၇။ စစ်ကိုင်းမြို့ ရွှေမင်းဝံ ငှက်တွင်း တောရဆရာတော် ပညာဒီပကဝိဓေ မထေရ်၏ မင်္ဂလသုတ်နိဿယ (၁၂၅၅-ခုနှစ်ကျမ်းပြီး)၊

၈။ မန္တလေးဝိသုဒ္ဓါရုံဆရာတော်၏ မင်္ဂလသုတ်နိဿယ (၁၂၇၁-ခုနှစ် ကျမ်းပြီး)၊

၉။ တံတေးဆရာတော် ဦးနာဂ၏ မင်္ဂလသုတ်နိဿယ (၁၂၇၃-ခုနှစ် ကျမ်းပြီး)၊

www.dhammadownload.com



၁၀။ မြင်းခြံမြို့ ကိုးဆောင်တိုက် အင်္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လဏေရ၏ မင်္ဂလသုတ်နိဿယ (၁၂၇၉-ခုနှစ် ကျမ်းပြီး)-

စသည်တို့ဖြစ်ပါသည်။

## နိဿယ နံကျယ်

မင်္ဂလသုတ် နိဿယကို ရေးသားရာ၌ အချို့ဆရာတော်များက အနက်သွားကို ရိုးရိုးပင်ရေး၍ အချို့ဆရာတော်များက လေးလုံးစပ်လင်္ကာသွားဖြင့် အဆန်းတကြယ် ရေးသားကြသည်၊ အုတ်ဖိုနိဿယ, တုံတေးနိဿယ, မြင်းခြံနိဿယတို့ကား အနက်ဆံကို လင်္ကာသွားဖြင့် ရေးသားကြသည်၊ လယ်ဘီနိဿယကား အဝိပ္ပယ်ကို ဦးစားပေး ရေးသားသည်။

သာစည်မြို့နယ် နှမ်းကန်ကျေးရွာ ဘုန်းတော်ကြီး ကျောင်းတွင်ပေစာဖြင့် ဆရာ၌ဆက်ရေးသားပို့ချခဲ့သော မင်္ဂလသုတ်နိဿယအကျယ်ကို မာဂဓိတို့ ငယ်စဉ် ကျောင်းသားဘဝက သင်ကြားခဲ့ရဖူးသည်၊ ကျမ်းပြုပုဂ္ဂိုလ်၏ အမည်ကိုကား မသိရ၊ အနက်အဓိပ္ပာယ် ပြည့်ပြည့်စုံစုံပါရှိသည်။ ဘော ဒေဝပုတ္တဟူသော အာလုပ်ပုဒ်ကိုပင် အိုနတ်သားဟု ရိုးရိုးမပေးဘဲ သိကြားမင်း၏ ဂုဏ်ပုဒ်များကို ပေါ်လွင်အောင် ကျမ်းကန်ဖွင့်အတိုင်း အနက်ပေးထားသည်၊ နှမူနာ ၄-ပုဒ်မျှ ထုတ်ပြပါမည်။

(၁) ဘော ဒေဝပုတ္တ=ပိတ်ပင်စွန်းငြို၊ သတိမထင်၊ မြင့်ခေါင်သိဝေ၊ တောင်ခြေသမုတ်၊ တောအုပ်အတွင်း၊ အဆင်းဖြူနှု၊ ပတ္တုမကြွင်း၊ မြင်ခြင်းတစ်ထောင်၊ ယုက်စိုဆောင်သား၊ သိကြားတမန်ခေါ်ယာကျိုး၊ ဘိုနတ်သား။

(၂) ဘော ဒေဝပုတ္တ=ခရုံးငရုံးဘင၊ ပုည်ဝတ္ထု၊ ကောင်းမှုဆည်းပူး၊ ပေးကမ်းအလှူ၊ ကြည်ဖြူလင်္ကာဦး၊ အထူးပေးထ၊ ဒါနအရိုင်း၊ ပုရိန္ဒဒါ၊ နာမတွင်ခြင်း၊ နတ်မင်းဧခံ၊ တမန်ယောကျိုး၊ အိုနတ်သား။

www.dhammadownload.com



(၃) ဘော ဒေဝပုတ္တ=အမျိုးလေးဖြာ၊ လေးမျက်နှာက၊ လာလာသမျှ၊ တည်းကြနေနား၊ သုံးငြားစိမ့်ဌာ၊ အိပ်ရာတိုက်ခန်း၊ ထူးဆန်းလှအောင်၊ ကျောင်းဆောင်ဇရပ်၊တင့်အပ်ဆောက်လှူ၊ ပြုဖူးခဲ့ထ၊ ဤပုညကြောင့်၊ ဝါသဝတွင်ခြင်း၊ နတ်မင်းစေခံ၊ တနေ့ယောဂါဝ်း၊ အိုနတ်သား။

## သင်္ဂါယနာတင်ခန်း

မင်္ဂလသုတ်နိဿယကို သင်ကြားရာ၌ ရှေးဆရာတော်ကြီးမျာ်းက "ဧဝံ မေ သုတံ"၏အနက်ကို ကုဿိန္နာရုံပြည် ဘုရားပရိနိဗ္ဗာန် စံလွန်သည်မှစ၍ ပထမသင်္ဂါယနာတင်ပွဲ၌ အမေးအဖြေပြုလုပ်ပုံမျာ်းအထိ ကြည့်ညိုဖွယ်ရာထည့်သွင်းသင်ကြား ပေးကြသည်၊ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့်နောက်ပိုင်းကာလတွင် မင်္ဂလသုတ်နိဿယအကျယ် သင်ကြားပို့ချမှု မရှိသလောက် ဖြစ်သွားသည်၊ခေတ်ကာလအခြေအနေအရ ဆယ်စောင်တဲ့ပါမောက္ခချုပ် မင်္ဂလသုတ်နိဿယရိုးရိုးကိုသာ သင်ကြားနိုင်ကြတော့သည်၊ မင်္ဂလသုတ်အနက်ကို သင်ကြားဖူးသူတိုင်း (ဘော ဒေဝပုတ္တ=အိုနတ်သား)ဆိုသော စကားလုံး စွဲကျန်လျက်ရှိကြသည်။

## မင်္ဂလသုတ်အဖွင့်ကျမ်းမျာ်း

မင်္ဂလသုတ်ဆိုင်ရာ အဓိပ္ပာယ်ကိုဖွင့်ဆိုကြသည့် အဖွင့်ကျမ်းမျာ်းလည်း ခေတ်အဆက်ဆက်ပင် ပေါ်ထွက်ခဲ့ကြသည်၊ အရေအတွက် မျာ်းလှန်း၍ အပြည့်အစုံဖော်ပြနိုင်စွမ်းမရှိပါ၊ အမြွက်မျှ ပြရသော်-

၁။ ညောင်ကန်ဆရာတော်၏ မင်္ဂလတ္ထဒီပနီကျမ်းကြီး၊
၂။ မင်္ဂလာသာဝဒီပနီ (ရေးသူမသိ)၊
၃။ ညောင်တုန်းမြို့ရွှေဟသ်ာတောရတိုက်ပထမစံကျောင်းဆရာတော် မင်္ဂလာဘိဝင်္သကျယ်ကျမ်း၊
၄။ အမရပူရမြို့ ဂန္ဓာရုံဆရာတော်၏ အခြေပြုမင်္ဂလသုတ်၊
၅။ မလှိုင်မြို့ အရှင်စန္ဒဇောတိ၏ မင်္ဂလာအမြွက်တော၊

www.dhammadownload.com



၆။ စာရေးဆရာ ရဝေထွန်း၏ မင်္ဂလာညွှန်၊
၇။ ဘုံကျော် အရှင်ကေသဝ၏ မင်္ဂလာသင်တန်း၊
၈။ ပြည်တော်သာ ဦးထွန်းရီ၏ ၃၈-ဖြာ မင်္ဂလာဝတ္ထု-

စသည်တို့ဖြစ်ပါသည်။

မင်္ဂလာအဖွင့် ကျမ်းများအနက် အမရပူရမြို့ မင်္ဂလာဘုံကျော်တိုက် ညောင်ကန်ဆရာတော် "ကဝိန္ဒဘိဝံသ သိရိသဒ္ဓမ္မဇဂ မဟာဓမ္မရာဇဂုရု" ရေးသားပြုစုသော မင်္ဂလတ္ထဒီပနီကျမ်းကြီးမှာ အချက်အလက်သာဓက အပြည့်အစုံဆုံးကျမ်းကြီးတစ်ဆူဖြစ်သည်။ မင်္ဂလတ္ထဒီပနီအမည်ဖြင့် ပါဠိဘာသာ ကျမ်းစာတစ်စောင်လည်း ရှိပေသးသည်၊ ယိုးဒယားဘာသာသို့ ပြန်ဆိုထားကြောင်း သိရသည်၊ အမည်ချင်းတူသော်လည်း အကြောင်းအရာ တင်ပြပုံမတူကြပါ။

## မင်္ဂလာကဗျာများ

မင်္ဂလာအကြောင်းကို ခေတ်အဆက်ဆက် ပညာရှင်တို့က ကဗျာ အမျိုးမျိုး ရေးဖွဲ့ထားကြသည်၊ ရတု,ရကန်, တေးထပ်, မော်ကွန်း, ရှစ်လုံးဖွဲ့, လေးလုံးစပ်, သံဆန်း-စသည်ဖြင့် အမျိုးအစားစုံလင်လှသည်။ မင်္ဂလာကဗျာနှင့်ပတ်သက်၍ အစောဆုံးတွေ့ရသော ကဗျာမှာ မုံရွေး ဇေတဝန်ဆရာတော်၏ မင်္ဂလသုတ်ပျို့ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခါစ အချိန်မှစ၍ ယနေ့မျက်မှောက်ခေတ်ကာလအထိ ရဟန်း,ရှင်, လူအမျှားသူငါ အကြိုက်သို့၍ အသုံးများသော ကဗျာမှာ ဒဂုံဦးထွန်းမြင့်၏ မင်္ဂလာကဗျာများ ဖြစ်ပါသည်။

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာန ပဉ္ဇင်္ကျေးမှု သင်တန်းတွင် ဆယ်စောင်တဲ့ဘာသာရပ်ကို သင်ကြားရာ၌ ရှေးဦးစွာ ပါဠိကို ဖတ်ကြားစေပြီး မြန်မာလိုသင်ကြားပို့ချရာ လွယ်ကူထိရောက်လှ ပါသည်။ ယခု ထိုမူအတိုင်း ဖော်ပြပေးလိုက်ပါသည်။

❖❖❖❖❖❖❖❖

www.dhammadownload.com

# ပဒေပက်လေသုံးပါးခြုံနှင့် ဖြန်ဖာပြုံနှံ

## မင်္ဂလာအမှန်း

ယံ မင်္ဂလံ ဒွါဒသဟိ၊
စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊
အဒ္ဓတိံသဉ္စ မင်္ဂလံ။

နတ်နှင့်တကွသော လူပုဂ္ဂိုလ်သည် ၁၂-တိုင်အောင် ကြံစည်တွေးတော ပါဒသင်္ခလည်း မင်္ဂလာပရာဇိ၏ အနိပ္ပာယ်ကို မသိနိုင်ကြကုန်၊ မင်္ဂလာ ကရားသည် အဓရအတွက် ၃၀-ပါးရှိ၏။ မင်္ဂလာတရားသည် ကြီးမှားခြင်း၌ အကြောင်းဖြစ်၏။

ဓေသိတံ ဒေဝဒေဝေန၊
သမ္ဗုဒ္ဓေနာဒိစ္စဗန္ဓုနာ။
သဗ္ဗလောကဟိတတ္ထာယ၊
မင်္ဂလံ တံ ဘဏာမ ဟေ။

နတ်တကာတို့ထက် မြတ်သော ဝိသုဒ္ဓိနတ်ဘုရားမြတ်သည် သတ္တဝါ အားလုံးတို့၏ အကျိုးစီးပွားအလို့ငှာ မင်္ဂလာတရားကို ဟောတော်မူခဲ့ ပါသည်၊ အလုံးစုံသော ဓမ္မကောင်းမှုကို ပယ်ဖျောက်တတ်သောကြောင့် မင်္ဂလာဟု ခေါ်ပါသည်၊ ဒို-သူတော်ကောင်းတို့....ထိုမင်္ဂလာတရားတော် ကို ကျွန်ုပ်တို့ ရွတ်ဖတ်ကြပါကုန်စို့။

## မင်္ဂလာနိဒါန်း

ဧဝံ မေ သုတံ၊ ကေ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ၊
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

www.dhammadownload.com



အထ ခေါ် အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတ္ဝာ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတ္ဝာ ဘဂဝန္တံ အဘိဝါဒေတ္ဝာ ကေမန္တံ အဋ္ဌာသိ၊ ကေမန္တံ ဌိတာ ခေါ် သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

အကျွန်ုပ်အာနန္ဒာသည် မင်္ဂလာတရားတော်ကို မြတ်စွာဘုရား၏ ရှေ့မှောက်တော်မှ ကြားနာမှတ်သားခဲ့ရပါသည်၊ အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည့် အနာထပိဏ်သေဋ္ဌီး ဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူပါသည်။

ထိုအခါ မထင်ရှားသော နတ်သားငယ်လေးသည် သန်းခေါင်ယံအချိန်၌ မြတ်စွာဘုရားရှိရာသို့ ချဉ်းကပ်လာပါသည်၊ ဇေတဝန်တစ်ကျောင်းလုံး နတ်သား၏ ကိုယ်ရောင်ကိုယ်ခါဖြင့် ထွန်းလင်းတောက်ပနေပါသည်၊ မြတ်စွာဘုရားရှိရာသို့ ချဉ်းကပ်လာသော နတ်သားသည် သင့်လျော်ရာအနေပ်၌ မတ်တတ်ရပ်လျက် မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးပြီးလျှင် ဂါထာဖြင့် ဤသို့ မေးလျှောက်လေသည်။

**မင်္ဂလာ တရားတော်**

ဗဟူ ဒေဝါ မနုဿာ စ၊
မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊
ဗြူဟိ မင်္ဂလ မုတ္တမံ။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား – များစွာကုန်သော နတ်နှင့်လူတို့သည် စင်ကြယ်သော နိဗ္ဗာန်ချမ်းသာကို လိုချင်တောင့်တကုန်၍ မင်္ဂလာတရားတော်ကို ၁၂-နှစ်ကြာမျှ ကြံစည်တွေးတောပါသော်လည်း မသိနိုင်ကြဖါကုန်၊ ထိုမင်္ဂလာတရားကို ရှင်းလင်း ဟောကြားပေးသနားတော်မူပါဘုရား။

www.dhammadownload.com

ဆယ်စောက်တွဲသင်တန်း မြန်မာပြန်ကျမ်း

## ပေါင်းသင်းဆက်ဆံရေး မင်္ဂလာ ၃-ပါး

အသေဝနာ စ ဗာလာနံ၊
ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာန၊
ဧတံ မင်္ဂလ မုတ္တမံ။

၁။ လူမိုက်ကို မမှီဝဲ မပေါင်းသင်းခြင်း၊
၂။ ပညာရှိကို မှီဝဲဆည်းကပ် ပေါင်းသင်းခြင်း၊
၃။ ပူဇော်ထိုက်သူကို ပူဇော်ခြင်း၊
ဤသုံးပါးသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

## နေရေး ထိုင်ရေး မင်္ဂလာ ၃-ပါး

ပတိရူပဒေသဝါသော စ၊
ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာပဏိဓိ စ၊
ဧတံ မင်္ဂလ မုတ္တမံ။

၄။ သင့်လျော်သော အရပ်၌ နေရခြင်း၊
၅။ ရှေးဘဝ၌ ကောင်းမှုအထူးရှိခြင်း၊
၆။ မိမိ၏ ကိုယ်စိတ်နှစ်ပါးကို စောင့်ထိန်းခြင်း၊
ဤသုံးပါးသည် ကောင်းမြတ်သော မင်္ဂလာ မည်၏။

## သင်ကြားရေး မင်္ဂလာ ၄-ပါး

ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊
ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာ ဝါစာ၊
ဧတံ မင်္ဂလ မုတ္တမံ။

www.dhammadownload.com



၇။ လောကီ,လောကုတ် အကြားအမြင်များခြင်း၊
၈။ စက်မှုလက်မှု အတတ်တို့ကို တတ်ခြင်း၊
၉။ လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို ကောင်းစွာ
သင်ကြားနားလည်ခြင်း၊
၁၀။ အပြောအဆို ချိုသာ ယဉ်ကျေးခြင်း၊
ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

**ပြုစုရေး မင်္ဂလာ ၃-ပါး**

မာတာပိတု ဥပဋ္ဌာနံ၊
ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊
ဧတံ မင်္ဂလ မုတ္တမံ။

၁၁။ မိဘနှစ်ပါးကို လုပ်ကျွေးပြုစုခြင်း၊
၁၂။ သားမယားတို့ကို တရားနှင့်အညီ လုပ်ကျွေးခြင်း၊
၁၃။ အနှောင့်အယှက်ကင်းသော အလုပ်ကို လုပ်ကိုင်ခြင်း၊
ဤသုံးပါးသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

**လိုက်နာကျင့်သုံးရေး မင်္ဂလာ ၄-ပါး**

ဒါနဉ္စ ဓမ္မစရိယာ၊
ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊
ဧတံ မင်္ဂလ မုတ္တမံ။

၁၄။ စွန့်ကြဲ ပေးကမ်းလှူဒါန်းခြင်း၊
၁၅။ သုစရိုက်တရားကို ကျင့်ခြင်း၊
၁၆။ ဆွေမျိုးတို့အား ထောက်ပံ့ကူညီခြင်း၊
၁၇။ အပြစ်မရှိသော အမှုတို့ကို ပြုခြင်း၊
ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

www.dhammadownload.com



**ရှောင်ကြဉ်ရေး မဂ်လာ ၄-ပါး**

အာရတီ ဝိရတီ ပါပါ၊
မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ မေမွေသု၊
ဧတံ မင်္ဂလ မုတ္တမံ။

၁၈။ မကောင်းမှု မဖြစ်အောင် စိတ်ဖြင့် ရှောင်ကြဉ်ခြင်း၊
၁၉။ မကောင်းမှုမဖြစ်အောင်ကိုယ်နှင့် ပါးဖြင့်ရှောင်ကြဉ်ခြင်း၊
၂၀။ မူးယစ်သေစာ မသောက်စားခြင်း၊
၂၁။ ကုသိုလ်တရားတို့၌ မမေ့ မလျော့ခြင်း၊

ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

**စိတ်ထားရေး မင်္ဂလာ ၅-ပါး**

ဂါရဝေါ စ နိဝါတော စ၊
သန္တုဋ္ဌိ စ ကတညုတာ။
ကာလေန ဓမ္မသဝနံ၊
ဧတံ မင်္ဂလ မုတ္တမံ၊

၂၂။ ရိုသေထိုက်သော သူကို ရိုသေရခြင်း၊
၂၃။ မိမိကိုယ်ကို နှိမ့်ချရခြင်း၊
၂၄။ ရောင့်ရဲလွယ်ခြင်း (လောဘအပိုအလိုမလိုက်ခြင်း)၊
၂၅။ သူတစ်ပါးကျေးဇူးကို သိခြင်း၊
၂၆။ သင့်လျော်သောအခါ တရားနာခြင်း၊

ဤငါးပါးသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

www.dhammadownload.com



## သည်းခံရေးမင်္ဂလာ ၄-ပါး

ခန္တီ စ သောစေဿတာ၊
သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊
ဧတံ မင်္ဂလ မုတ္တမံ။

၂၇။ သည်းခံခြင်း၊
၂၈။ ဆုံးမလွယ်ခြင်း၊
၂၉။ ရဟန်းသံဃာတို့အား ဖူးမြော်ခြင်း၊
၃၀။ သင့်လျော်သောအခါ တရားဆွေးနွေးခြင်း၊
ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

## ခြိုးခြံရေးမင်္ဂလာ ၄-ပါး

တပေါ စ ဗြဟ္မစရိယဉ္စ၊
အရိယသစ္စာနဒဿနံ။
နိဗ္ဗာနသစ္ဆိကိရိယာ စ၊
ဧတံ မင်္ဂလ မုတ္တမံ။

၃၁။ ခြိုးခြံစွာကျင့်ခြင်း၊
၃၂။ မြတ်သော အကျင့်ကို ကျင့်ခြင်း၊
၃၃။ သစ္စာလေးပါးကို သိခြင်း၊
၃၄။ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊
ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

www.dhammadownload.com



## စိတ်ထားရေး မဂ်လာ ၄-ပါး

ဖဋ္ဌဿ လောကဓမ္မေဟိ၊
စိတ္တံ ယဿ နကမ္မတိ။။
အသောကံ ဝိရဇံ ခေမံ၊
ဧတေ မင်္ဂလ မုတ္တမံ။။

၃၅။ လောကဓံတရားနှင့် တွေ့ကြုံသော အခါ စိတ်ဓာတ် မတုန်လှုပ်ခြင်း၊
၃၆။ မစိုးရိမ်ခြင်း၊
၃၇။ ကိလေသာမှုန် ကင်းခြင်း၊
၃၈။ ဘေးကင်းခြင်း၊

ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

**မှတ်ချက်။** ။ဂ မှ ၃၂ အထိ လောကီမင်္ဂလာ၊ ကျန် ၆-ပါး လောကုတ္တရာ မင်္ဂလာ။ ၁ မှ ၃၃, အထိ အကြောင်းမင်္ဂလာ၊ ကျန် ၅-ပါး အကျိုးမင်္ဂလာဟု မှတ်ပါ။

## မင်္ဂလာအကျိုးပြနိဂုံး

ဧတာဒိသာနိ ကတ္ဝာန၊
သဗ္ဗတ္ထ မပရာဇိတာ။။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊
တံ တေသံ မင်္ဂလ မုတ္တမံ။။

ဤ သုံးဆယ့်ရှစ်ပါးသော မင်္ဂလာ တရားတို့ကို လိုက်နာ ပြုကျင့်သောကြောင့် ရန်သူမှန်သမျှ အနိုင်မခံရ၊ အရှုပ်ဒေသ အားလုံးတို့၌ ကြီးပွား ချမ်းသာခြင်းသို့ ရောက်နိုင်၏၊ ၃၈-ဖြာ မင်္ဂလာတရားသည် နတ်လူတို့အတွက် အမြတ်ဆုံးသော မင်္ဂလာမည်၏။

မင်္ဂလသုတ်ပါဠိနှင့် မြန်မာပြန် ပြီး၏။

www.dhammadownload.com

# ဆရာကြီး ဒဂုဠိးထွန်းမြင့် ရေးဖွဲ့ထားသော

# ၃၈-မြာ မင်္ဂလာ ကဗျာများ

## ၁။ အသေဝနာ စ

လူမိုက်ဆိုလျှင် ရှောင်သွေလဲလို့၊ မှမှီပဲနဲ့ ကင်းအောင်နေ။
ပညာရှိကို အရှည်တဲ့လို့၊ မှီဝဲဆည်းကပ် နည်းယူစေ။
သုံးပါးရတနာ မိဘမျှားနှင့်၊ ဆရာသမားကို ပူဇော်လေ။
ချမ်းသာကိုပေး ဆက်ဆံရေး၊ မြေတွေးသုံးချက်ပေါ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ့။

## ၂။ ပဝတ္တိပ

ကုသိုလ်ပညာ ဥစ္စာရဖို့၊ သင့်ရာဒေသ အမြဲနေ။
ရှေးကတင်ကြို ပြုခဲ့ဖူးသည့်၊ ကောင်းမှုအထူး ရှိပါစေ။
မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့၊ မတိမ်းစေနဲ့ ဆောက်တည်လေ။
ဥစ္စာကိုပေး နေထိုင်ရေး၊ မြေတွေးသုံးချက်ပေါ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ့။

## ၃။ ဗာဟုသစ္စဥ္စ

တတ်ကောင်းတတ်ရာ ဟူသမျှကို၊ ကြားမြင်သုတ ရှိပါစေ။
အိုးအိမ်တည်ထောင် ဝမ်းစာရေးနဲ့၊ အသက်မွေးဖို့ အတတ်သင်လေ။
လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို၊ ကောင်းစွာသင်ကြား နားလည်စေ။
မှန်ကန်ယဉ်ကျေး ချိုသာအေး၊ ဆိုရေး တတ်ပါစေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ့။

www.dhammadownload.com



## ၄။ မာတာပိတု

မြင်းမိုရ်ရွှေတောင် မိဘကြွေးကို၊ ကောင်းစွာဆင်ပေး ဝတ်ကျေကျေ။
ကြွေးသစ်ချကာ သားနှင့်မယား၊ မြောက်စားချီးမြှင့် ဝတ်ကုန်စေ။
အလုပ်တာဝန် မလစ်ဟင်းနဲ့၊ အပြစ်ကင်းအောင် လုပ်ပါလေ။
စည်းစိမ်ကိုပေး ပြုစုရေး၊ မြော်တွေးသုံးချက်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ့။

## ၅။ ဒါနဥ္စ

သုံးတန်စေတနာ ဖြူစင်လန်းလို့ ၊ပေးကမ်းဝေမျှ လှူနိုင်စေ။
ကိုယ်နှုတ်စိတ်ကြံ မမိုက်မှားနဲ့၊ သုစရိုက်တရားကို ကျင့်ပါလေ။
ဆွေမျိုးတွေကို ပြင်ပမထားနဲ့၊ သင်္ဂဟတရားနှင့် ချီးမြှောက်လေ။
သန့်ဌင်ပြစ်မျိုး လူထုကျိုး၊ သယ်ပိုးဆောင်ရွက်စေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ့။

## ၆။ အာရတီ ဝိရတီ

မကောင်းမှုတွေ့ ဟူသမျှကို၊ မတွေ့ခင်က ရှောင်ကြဉ်လေ။
တွေ့ကြုံလ.လျှင် မလွန်ကျူးနဲ့၊ အထူးသဖြင့် စောင့်စည်းနေ။
အရက်သေစာ မသောက်စားနဲ့၊ မှောက်မှားတတ်တဲ့ အရာပေ။
လုပ်ကိုင်ပြောကြား သတိထား၊ တရားမမှေစေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ့။

## ၇။ ဂါရဝေါ စ

အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက၊ ဆည်းကပ်ခစား ရှိသေလေ။
မာနတံခွန် ဂုဏ်မကြွနဲ့၊ ကိုယ့်ကိုနှိမ့်ချ အမြဲနေ။
လောဘအပို လိုမလိုက်နဲ့၊ ကိုယ်ထိုက်တာနဲ့ ကျေနပ်လေ။
ကိုယ့်ပေါ်ပြုဖူး သူ့ကျေးဇူး၊ အထူးသိတတ်စေ။
ကောင်းကျိုးဆင်ခြင် မြတ်တရား၊ နာကြားမပြတ်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ့။

www.dhammadownload.com



### ၈။ ခန္တီ စ

ဝတ်စားနေထိုင် ရန်ခပ်သိမ်း၊ စိတ်ကိုချုပ်ထိန်း.သည်းခံလေ။
ကျိုးကြောင်းပြည့်စုံ ဆုံးမစကား၊ ပြောကြားလာက နာလှယ်စေ။
သူမြတ်ပုဂ္ဂိုလ် ဟူသမျှ၊ မကြာခဏ တွေ့ဆုံလေ။
သဘာဝတွေး မှန်ကန်ရေး၊ ဆွေးနွေးမပြတ်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ့။

### ၉။ တပေါ စ

လောကီအာရုံ ဇိမ်ယစ်မှုးလို့၊ အပျော်မကြူးနဲ့ ခြိုးခြံလေ။
မေတ္တာဗြဟ္မစိုရ် လက်ကိုင်သုံးလို့၊ သူမြတ်ကျင့်ထုံး ယှင်းမသွေ့။
လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့၊ အမှန်သိအောင် ကြိုးစားလေ။
ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချဉ်း၊ အလင်းပေါက်နိုင်စေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ့။

### ၁၀။ ဖုဋ္ဌဿ

ဆင်းရဲချမ်းသာ သဘာဝ၊ တွေ့ကြုံနေကြ လူတိုင်းပေ။
ကောင်းဆိုးနှစ်တန် အစုံတွဲလို့၊ တလဲစီလှည့် အမြဲနေ။
လောကဓံကြုံ မယိုင်တမ်းပေါ့၊ မတုန်စမ်းနဲ့ စိတ်ခိုင်စေ။
သောကကိုထိန်း၊ ရမ္မက်သိမ်း၊ အေးငြိမ်းချမ်းသာနေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ့။

## မင်္ဂလာ၏အကျိုး

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကုံးကို၊ လိုက်နာကျင့်သုံး ပန်သူတွေ့။
စီးပွားချမ်းသာ ကျက်သရေတိုးလို့၊ ကောင်းကျိုးစည်ပင်ဝ ဝေဝေ။
ဘေးကင်းရှင်ကွာ ချစ်သူပေါလို့၊ စိတ်ရောက်ယောရော ခုမ်းသာမလေ။
ပြောဆိုကြံဆ ဆောင်သမျှ၊ အောင်ရမည်ကိန်းသေ။
အဲဒါကြောင့် ပန်ကြဆင်ကြ မင်္ဂလာပန်းခိုင်တွေ့။

www.dhammadownload.com

# အပြင်အောင်ခြင်းရှစ်ပါး သိမှတ်ပုံ

ဆယ်စောင်တဲ့၌ ဒုတိယမြောက် သင်ကြားရသောစာမှာ အပြင်အောင်ခြင်းရှစ်ပါးဖြစ်သည်။ မြတ်စွာဘုရား၏ အောင်မြင်မှုမှာ အာသင်္ချအနန္တဖြစ်သော်လည်း ဗုဒ္ဓဓာပေကျမ်းဂန်ထဲမှ လူသိမျှားး၍ ထင်ရှားသော ဤဂ-မျိုးကိုသာ ထုတ်နုတ်ပြီး ဂါထာစီထားသောကြောင့် အောင်ခြင်းရှစ်ပါးဟု တွင်ကျယ်နေခြင်းဖြစ်သည်။ မြတ်စွာဘုရား၏ ခန္ဓာကိုယ်မှ အပဖြစ်သော အပြင်ရန်အောင်မြင်မှုကို စဲ၍ အပြင်အောင်ခြင်းဟု ခေါ်ဆိုသည်။ ကျမ်းဂန်များတွင် "အဋ္ဌ ဇယမင်္ဂလာ" ဟု သုံးနှုန်းသည်။ မြတ်စွာဘုရား၏ အောင်မြင်ပုံ ဂ-မျိုးကို ပြဆိုပြီး အကျွန်ုပ်အား အလားတူ အောင်မြင်မှုမင်္ဂလာ ရရှိပါစေဟု အာသီသပြု၍ ဖွဲ့ဆိုထားသောကြောင့် ဗုဒ္ဓဘာသာဝင်တိုင်းက အလွန်နှစ်သက်ကြသည်။

## သိဟိုဠ်မှာလည်း အသုံးများ

အပြင်အောင်ခြင်း ဂါထာများကို မြန်မာနိုင်ငံနည်းတူ သိဟိုဠ်နိုင်ငံတွင်လည်း ဘာသာရေးအခမ်းအနားများ၌ အမြတ်တနိုး ရွတ်ဆို ဖတ်ကြားလေ့ရှိကြသည်။ မြန်မာနိုင်ငံ ရုဟန်း,ရှင်,လူတို့က ဆယ်စောင်တဲ့၌ ပါသည့်အတိုင်း ဂါထာအဆုံးတွင် "ဇယမင်္ဂလဂ္ဂံ" ဟု ကဝုစ်ဖြင့် အဆုံးသတ်သည်။ သိဟိုဠ်နိုင်ငံကမူ "ဇယမင်္ဂလာနိ" ဟု ဿဟုဝုစ်ဖြင့် အဆုံးသတ်လေ့ရှိသည်။ ဂါထာအားလုံး ၁၄-လုံးဖွဲ့ချည်း စီထားသည်။ ဂါထာအားလုံး တပုံစံတည်း "တံ တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ" ဟူသော ဆုတောင်းဒေါ်ဠာန်စာဖြင့် အဆုံးသတ်ထားသည်။

## ကျမ်းဂန်နှင့်အညီ ရေးဖွဲ့ထား

အပြင်အောင်ခြင်း ဂါထာများနှင့် ပတ်သက်၍ ရေးသူ၏ အမည် ရေးသည့်နေရာ ရေးသည့်ခေတ် စာပြီးနှစ်စသည်တို့ကို အတိအကျမသိရ၊ ပိဋကစာပေနှံစပ်ကျမ်းကျင်ပြီး အလွန်သဒ္ဓါတရားကောင်းသော ပညာရှင်

www.dhammadownload.com



တစ်ဦးက ဖွဲ့ဆိုထားခြင်းဖြစ်သည်ဟုသာ မှတ်ချက်ချ၍ ကြည့်ရပါသည်။ ဤမှတ်တမ်းရေးသူ (မဂဓိ) နှီးနှောတို့က်ဆိုင်မိသမျှ လက်လှမ်းမှီရာမျှမ်းကန် အထောက်အထားများကို ကျမ်းညွှန်းအဖြစ် ဖော်ပြပေးလို့က်ပါသည်။

၁။ မာရ်နတ်အောင် "ဗာဟုံသဟဿ" ဂါထာမှာ ဇာတကအဋ္ဌကထာ, ဗုဒ္ဓဝံသအဋ္ဌကထာ, အပဒါန အဋ္ဌကထာ တို့နှင့် အညီ ရေးဖွဲ့ထားသည်။

၂။ အာဠဝကအောင် "မာရုတိရေက" ဂါထာမှာ ဃဂါတာဂ္ဂ သံယုတ်နှင့် သုတ္တနိပါတ အာဠဝကသုတ်နှင့်အညီရေးဖွဲ့လာသည်။

၃။ နာဠာဂိရိအောင် "နာဠာဂိရိံ ဂဇဝရံ" ဂါထာမှာ ဇာတ်ဝါပါဠိနှင့် စူဠဟံသဇာတ် အဋ္ဌကထာနှင့်အညီ ရေးဖွဲ့ထားပါသည်။

၄။ အင်္ဂုလိမာလအောင် "ဥက္ခိတ္တဿဝဂ္ဂ" ဂါထာမှာ ထေရဂါထာဝဏ္ဏနာမဟာဝဂါ, မဇ္ဈိမပဏ္ဏာသ အင်္ဂုလိမာလသုတ်နှင့်အညီ ရေးဖွဲ့ထားသည်။

၅။ စိဉ္စမာဏအောင် "ကတ္ဘာန ကဋ္ဌမုဒရံ" ဂါထာမှာ ဓမ္မပဒအဋ္ဌကထာ စိဉ္စမာဏဝတ္ထု, အပဒါနအဋ္ဌကထာပထမဘဏ်၊ မဟာပဒုမဇာတ် တို့နှင့်အညီ ရေးဖွဲ့ထားပါသည်။

၆။ သစ္စကပရိဗိုဇ်အောင် "သစ္စံ ဝိဟာယ" ဂါထာမှာ စူဠကာလိင်္ဂဇာတ်, မဇ္ဈိမပဏ္ဏာသ စူဠသစ္စကသုတ် အဖွင့်နှင့်အညီ ရေး[illegible] ထားသည်။

၇။ နန္ဒောပနန္ဒအောင် "နန္ဒောပနန္ဒဘုဇင်" ဂါထာမှာ ထေရဂါထာနှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နန္ဒောပနန္ဒနာဂဒမန ကထာနှင့်အညီ ရေးဖွဲ့ထားသည်။

၈။ ဗကဗြဟ္မာအောင် "ဒုဂ္ဂါဟဒိဋ္ဌိဘုဇင်ဂေန" ဂါထာမှာ ဗြဟ္မာသံယုတ် ဗကဗြဟ္မာသုတ်, မူလပဏ္ဏာသ ဗြဟ္မနိမန္တနိက သုတ်တို့နှင့် အညီ ရေးဖွဲ့ဆားသည်။ [သုတေသီတို့ တိုက်ဆိုင်ကြည့်ကြပါကုန်။]

ဆယ်စောင်တဲ့ ;—ပ-မ-သ-စ

www.dhammadownload.com



## အောင်ခြင်း နိဿယမျာ

အပြင်အောင်ခြင်းရှစ်ပါး ဂါထာများကို ခေတ်အဆက်ဆက် ပညာရှင်တို့က နိဿယများ ရေးသားခဲ့ကြသည်။ ဆယ်စောင်တဲ့၌ ပါရှိသော နိဿယမှာ အနက်ဆန်တိုတိုနှင့် ရိုးရိုးပင် ပြန်ဆိုထားသည်။ ရဟန်း,ရှင်, လူတိုင်း သင်ကြားခဲ့ရသော အနက်ဖြစ်သည်။ ဇိနတ္ထပကာသနီကျမ်းပြု ရှေတောင်မြို ကျီးသဲလေးထပ်ဆရာတော် အနက်မြန်မာပြန်ဆိုထားသော အပြင်အောင်ခြင်းရှစ်ပါး နိဿယကို သင်္ဃနဝိလာသိနီကျမ်းတွင် လေ့လာတွေ့ရှိနိုင်သည်။ အနက်ဆန်ကို လက်ဝဲသွားဖြင့် အကျယ်တဝင့်ရေးထားသည်။ သာယာဝတီ ဦးညေယျစသော အခြားပညာရှင်တို့၏ နိဿယများလည်း ရှိသေးသည်။

## စကားပြေဝတ္ထုများ

အောင်ခြင်းရှစ်ပါးအကြောင်းကို ခေတ်အဆက်ဆက် ပညာရှင်တို့က မြန်မာစကားပြေဖြင့် အသီးသီးရေးသားခဲ့ကြသည်။ အရေအတွက်များလွန်း၍ အတိအကျဖော်ပြရန် မလွယ်ပါ၊ စကားပြေကျမ်းများအနက်–

၁။ ကျီးသဲလေးထပ်ဆရာတော်၏ ဇိနတ္ထပကာသနီကျမ်းကြီးနှင့်

၂။ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏ မဟာဗုဒ္ဓဝင်ကျမ်းကြီးမှ သုတေသီတို့ အားထားလောက်သော အောင်ခြင်းရှစ်ပါးစွယ်စုံကျမ်းကြီး ၂ ဆူဖြစ်သည်။

## အောင်ခြင်းကဗျာများ

အောင်ခြင်းရှစ်ပါးအကြောင်းကို ခေတ်အဆက်ဆက် ပညာရှင်တို့က ကဗျာလက်ဝဲအမျိုးမျိုး ရေးဖွဲ့ထားကြသည်။

၁။ ဘိုးတော်မင်းတရား လက်ထက် အမည်မသိ ဆရာတစ်ဦး၏ အောင်ခြင်းရှစ်ပါးရကန်၊

၂။ ဆီးဘန်နီဆရာတော်၏ အဋ္ဌဇယမော်ကွန်း၊

www.dhammadownload.com



၃။ မင်းကွန်း အာဒိဝဋ်သကာထေရ်၏ ရှစ်လုံးဖွဲ့ကဗျာ၊
၄။ ပါရမီတော်ခန်းပျို့. ဦကာကျမ်းပြု အရှင်ကောသလ
(ဓမ္မာစရိယ ဘီအေ ဂုဏ်ထူး) ၏ အောင်ခြင်း သံဃနိုးကဗျာ-

တို့မှာ လူသိမျှားခြင် ထင်ရှားသည်။ ဆီးဘန်နီဆရာတော် ရေးသားပြုဋ္ဌသော ကဝိမဿ္ဘုနမေဒနီကျမ်းကြီးတွင် ပါသော အဋ္ဌဇယမေဝ်ကွန်းမှာ အကျယ်ဝန်းဆုံးသော ဒေသာင်ခြင်းရှစ်ပါး ရသမြောက် ကဗျာဝတ္ထုကြီး ဖြစ်သည်။ ရှာဖွေလေ့လာကြည့်ကြပါ။

## အောင်ခြင်းရှစ်ပါး တေးဂီတ

အောင်ခြင်းရှစ်ပါးအကြောင်းကို လယ်တီကောဝိဒ-ကစာသားပြုစုခဲ့သဟာဃဆရာတင်က သီချင်းရေးစပ်ပြီး ၁၉၄၁-ခုနှစ်တွင် အောမ်း ခေတ်ပြားကုမ္ပဏီမှ အဆိုကျော် မေရှင်ဖြင့် အသံသွင်းထုတ်ဝေခဲ့ရာ ရောင်းမလောက်အောင် တွင်ကျယ်ခဲ့သည်၊ မေရှင်၏ သီချင်းမှာ ၁၀ နှုတ်ခွင်လှုတိုင်း နှစ်သက်၍ ကျော်ကြားဆဲရှိနေသည်၊ သီချင်းသံကြားရုံဖြင့် ဗုဒ္ဓဘုရားအပေါ် ကြည်ညိုသဒ္ဓါစိတ်များ တဖွားဖွား တိုးပွားစေ့ အကျိုးများလှသည်။ ဘဒရေးဆရာကြီး ဦးဉာဏ-ကလည်း ၁၉၄၀-ခုနှစ်တွင် အောင်ခြင်းရှစ်ပါးသီချင်းကို ရေးစပ်၍ ဗြိတိသျှဓာတ်ပြားကုမ္ပဏီမှ အဆိုကျော် ရုပ်ရှင်မင်သား ခင်မောင်ရင်ဖြင့် အသံသွင်းထုတ်ဝေခဲ့သည်။ သို့သော်မေရှင်၏ အောင်ခြင်းရှစ်ပါးလောက် လူသိမများလှ။ တခါးတခံ ပြန်မာ့အသံမှ ထုတ်လွှင့်ပေးတတ်သည်။

## ရှေနောက်အစဉ်

ဆယ်စောင်တွဲပါ ဂါထာများကို ကြည့်၍ ရေးစီထားသော အောင်ခြင်းရှစ်ပါးသီချင်းမှာ မြတ်စွာဘုရား ဝါဆိုဝင်နှင့် တိုက်ဆိုင်ကြည့်သည့်အခါ ရှေနောက်အစဉ်ထားပုံ လွဲနေသည်၊ ဝါဆိုစဉ်အရ အောက်ပါအတိုင်း ဖြစ်သင့်သည်-

www.dhammadownload.com



၁။ ဘုရားဖြစ်သော နေ့တွင် မာရ်နတ်ကို အောင်တော်မူသည်၊
၂။ ပဉ္စမဝါတွင် အာဠဝီပြည်၌ သစ္စကပရိဗိုဇ်ကို အောင်တော်မူသည်၊
၃။ ကောဒသမဝါတွင် နန္ဒောပနန္ဒနဂါးနှင့် ဗကဗြဟ္မာကို အောင်တော်မူသည်၊
၄။ စုဒ္ဒသမဝါတွင် အင်္ဂုလိမာလနှင့် စိဉ္စမာဏကို အောင်တော်မူသည်၊
၅။ သောဠသမဝါတွင် အာဠဝကဘီလူးကြီးကို အောင်တော်မူသည်၊
၆။ ဝီသတိမြောက်ဝါတွင် နာဠာဂီရိဆင်ကြီးကို အောင်တော်မူသည်။

## အင်းဝခေတ်နှင့် အောင်ခြင်းရှစ်ပါး

ပုဂံခေတ်တွင် အောင်ခြင်းဂါထာများကို သင်ကြားပို့ချမှု ရှိနေပြီဖြစ်ကြောင်း အခိုင်အမာ မပြောနိုင်သော်လည်း အင်းဝခေတ်တွင်မူ အထင်အရှား ရှိနေပြီဖြစ်ကြောင်း အခိုင်အမာ ပြောနိုင်ပါသည်၊ ဓုတင်အကြောင်းကို ဖွဲ့ဆိုထားသော ရှင်မဟာသီလဝံသ၏ ရတုပိုဒ်စုံ ၃-ပုဒ် အနက်-

> မယှဉ်သဘင်၊ စိတ်ကိုသင်၍၊ တောဝင်ပီပီ၊ ညရိန်းနက်၊ ခတ်တံမြက်နှင့်၊ ကိုယ်လက်ကျန်းအောင်၊ သုံးရေဆောင်၍၊ ညောင်ဗောဓိပင်၊ စေတီပြင်မှာ၊ သုတ်သင်ဝတ်တက်၊ ရှိခိုးလျက်ပင်၊ ကျောင်းထက်ရောက်ခါ၊ မဟာသမယ၊ အင္ဂဇေယျာ၊ မင်္ဂလာနှင့်၊ ရတနာရှေချိုင့်၊ တံတိုင့်ပမာ၊ စောင်ရန်းကာမှ-

ဟူသောစာပိုဒ်ကို ထောက်သောအားဖြင့် အင်းဝခေတ်တွင် အောင်ခြင်းရှစ်ပါး ဂါထာများကို သင်ကြားပို့ချမှု ရှုတ်အံသရဖွယ်မှု တွင်ကျယ်စွာ ပြုနေပြီဖြစ်ကြောင်း အတိအလင်း ပြောနိုင်ပါပြီ။

လူငယ် လူရွယ်များ အလွယ်တကူသဘောပေါက် နားလည်စေရန် မူရင်း ပါဠိဂါထာ၏အောက်တွင် ပါဠိမဖက် မြန်မာသက်သက် ပြန်ဆို ဖော်ပြလိုက်ရပေသည်။

www.dhammadownload.com

# ၂-အပြင်အောင်ခြင်းရှစ်ပါး

## ပါဠိနှင့် မြန်မာပြန်

### ၁။ မာရ်နတ်သားကို အောင်မြင်ခြင်း

ဗာဟုံသဟဿမဘိနိမ္မိတ သာဝုဓန္တံ၊
ဂိရိမေခလံ ဥဒိတဃောရံ သသေနမာရံ။
ဒါနာဒိဓမ္မဝိဓိနာ ဇိတဝါမုနိန္ဒော၊
တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

လက်ရုံးတစ်ထောင်, လက်နက်တစ်ထောင် ဖန်ဆင်းကာ ဂိရိမေခလာဆင်ကို စီးနင်း လာသော ကြမ်းတမ်းသော စစ်သည်ဗိုလ်ပါနှင့် တကွ မာရ်နတ်သားကို မြတ်စွာဘုရားသည် ဒါနပါရမီ စသော တရားတော်အစီအရင်ဖြင့် အောင်တော်မူလေပြီ၊ မာရ်နတ်သားကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။

### ၂။ အာဠဝက ဘီလူးကို အောင်မြင်ခြင်း

မာရာတိရေကမဘိယုဇ္ဈိတ သဗ္ဗရတ္တိံ၊
ခေါရုပနာဠဝကမက္ခမထဒ္ဓယက္ခံ။
ခန္တီသုဒန္တဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

မာရ်နတ်သားထက် လွန်ကဲစွာ ညှဉ်းပန်းလုံးပေါက် စစ်ထိုးနှိုင်ရန် ကြောက်ဖွယ်ကောင်းပြီး သူတစ်ပါးတို့ သည်းမခံနိုင်အောင် ကြမ်းတမ်းရက်မာသော အာဠဝကဘီလူးကြီးကို မြတ်စွာဘုရားသည် သည်းခံတော်မူခြင်း, ကောင်းစွာယဉ်ကျေးစေတော်မူခြင်း အစီအရင်ဖြင့် အောင်တော်

www.dhammadownload.com



ဖလေပြီ အာဠဝကဘီလူးကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ ဂုန်ဦးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။

## ၉။ နာဠာဂိရိဆင်ကို အောင်မြင်ခြင်း

နာဠာဂိရိံ ဂဇဝရံ အတိမဒ္ဒဘူတံ၊
ဒါဝဂ္ဂိစက္ကပယနိဝ သုဒါရုဏန္တံ။
မေတ္တမ္ဗုသေကဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံတေဇသာ ဘဝတု မေ ဇယမင်္ဂလံ။

တောမဲး မိုးကြိုးစက်ကဲ့သို့ ကြမ်းကြုတ်၍ အလွန်မုန်ယင်နေသော အဇာတသတ်မင်း၏ စီးတော်ဆင် နာဠာဂိရိကို မြတ်စွာဘုရားသည် မေတ္တာဓာတ်ရေသွန်းခြင်း အစီအရင်ဖြင့် အောင်တော်မူလေပြီ၊ နာဠာဂိရိဆင်ကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတေဇာကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။

## ၁၀။ အင်္ဂုလိမာလကို အောင်မြင်ခြင်း

ဥက္ခိတ္တခဂ္ဂမတိဟတ္ထ သုဒါရုဏန္တံ၊
ဓာဝံ တိယောဇနပထင်္ဂုလိမာလဝန္တံ။
ဣဒ္ဓိဘိသင်္ခတမနော ဇိတဝါ မုနိန္ဒော၊
တံတေဇသာ ဘဝတု မေ ဇယမင်္ဂလံ။

သန့်လွတ်ကို လက်၌ မြှောက်မိုး၍ အလွန်ကြမ်းကြုတ်ရက်စက်သူ လူးယူဇနာခရီးကို မမောမပန်း တဟုန်းတည်း ပြေစ့မ်းနိုင်သူ လက်ညှိုးပန်းကုံးဆွဲထားသူ အင်္ဂုလိမာလ လူဆိုးကြီးကို မြတ်စွာဘုရားသည် ပန်ဆင်းထားသော စိတ်ဇာန်ခိုးဖြင့် အောင်တော်မူလေပြီ၊ အင်္ဂုလိမာလ လူဆိုးကြီးကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတေဇာကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။

www.dhammadownload.com



### ၅။ စိဉ္ဆမာဏကို အောင်မြင်ခြင်း

ကတ္ထာန ကဋ္ဌမုဒရံ ဣဝ ဂဗ္ဘိနိယံ၊
စိဉ္ဆာယ ဒုဋ္ဌဝစနံ ဇနကာယမဇ္ဈေ။
သန္တေန သောမဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂေ။

တရားနာကြသော လူရွှင်ရဟန်း ပရိသတ်တို့၏ အလယ်၌ သစ်သားကို ကိုယ်ဝန်ဆောင် မိန်းမ၏ ဝမ်းဗိုက်ကဲ့သို့ အတုပြု၍ လုပ်ဆောင်လာသူ ဗဟုမာဏဝိကာအမည်ရှိသော မိန်းမယုတ်၏ မဟုတ်မတရား စွပ်စွဲဖျက်ဆီး [illegible] ကို မြတ်စွာဘုရားသည် ငြိမ်သက်ဖြူစင် ချမ်းအေးသော [illegible] အောင်တော်မူလေပြီ၊ ဤသို့သောမိန်းမယုတ်ကို အောင်တော်မူသော [illegible] ထိုမြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား [illegible] ဖြစ်ပါစေ။

### ၆။ သစ္စကပရိဗိုဇ်ကို အောင်မြင်ခြင်း

သစ္စံ ဝိဟာယ အတိသစ္စကဝါဒကေတုံ၊
ဝါဒါဘိရောပိတမနံ ဘဝိအန္ဓဘူတံ။
ပညာပဒီပဇလိတော ဇိတဝါ မုနိန္ဒော၊
တံတေဇသာ ဘဝတု မေ ဇယမင်္ဂလံ။

မှန်သော စကားကို ပယ်၍ မမှန်ကို အမှန်လုပ်ကာ ဝါဒမှားကို တံခွန်အလား လွှင့်ထူသွားသူ မိမိ၏ ဝါဒဖြင့် သူတပါးတို့အား နှိမ်နင်းလိုသော စိတ်ထားရှိသူ အလွန်မိုက်မဲသည့် ကူဋဒန္တခေါ်သော သစ္စကပရိဗိုဇ်ကို မြတ်စွာဘုရားသည် ပညာတန်ဆောင် ဆီမီးရောင်ကို ညှိထွန်းတော်မူခြင်းဖြင့် အောင်တော်မူလေပြီ။ သစ္စကပရိဗိုဇ်ကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။

www.dhammadownload.com



၃။ နဓန္ဒဝေါနန္ဒနဂါးကို အောင်မြင်ခြင်း

နန္ဒောပနန္ဒဘုဇင် ဝိဝိဓံ မဟိဒ္ဓိ၊
ပုတ္တေန ထေရဘုဇင်ေန ဓုနာပယန္တော။
ဣဒ္ဓူပဒေသဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံတေဇသာ ဘဝတု မေ ဇယမင်္ဂလံ။

အထူးထူး အပြားပြား တန်ခိုးကြီမားသော နန္ဒောပနန္ဒ နဂါးမင်းကို မြတ်စွာဘုရားသည် တပည့်သားဖြစ်သူ ရှင်မောဂ္ဂလာန်ကို နှစ်ဆကြိုးသော နဂါးအသွင်ဖြင့် အခိုးအလှဲကို လွှတ်စေလျက် တန်ခိုးဖန်ဆင်းခြင်းဌာန နည်းညွှန်းဥပဒေပေးသော အာဗီအရင်ဖြင့် အောင်တော်မူလေပြီ။ နန္ဒောပနန္ဒနဂါးမင်းကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။

၄။ ဗကဗြဟ္မာကို အောင်မြင်ခြင်း

ဒုဂ္ဂါဟဒိဋ္ဌိဘုဇင်ေန သုဒဋ္ဌဟတ္ထံ၊
ဗြဟ္မံ သုတံ ဇုတိမဟိဒ္ဓိံ ဗကာဘိဓာနံ
ဉာဏာဂဒေန ဝိဓိနာ ဇိတဝါ မုနိန္ဒော၊။
တံတေဇသာ ဘဝတု မေ ဇယမင်္ဂလံ။

မကောင်းသော အယူ မိစ္ဆာဒိဋ္ဌိမြှောက်ဆိုး လက်ဦးကိုက်ခဲခြင်းခံရသူ ဖကျော်စောလျှင် ထွန်းလင်းတောက်ပသော ကြီးမားသော တန်ခိုးရှင် ဗကဗြဟ္မာကြီးကို မြတ်စွာဘုရားသည် ဉာဏ်တော်တည်းဟူသော အဆိပ်ပြေဆေး အစီအရင်ဖြင့် အောင်တော်မူလေ၏၊ ဗကဗြဟ္မာကြီးကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။

အောင်ခြင်းရှစ်ပါးဂါထိုနှင့် မြန်မာပြန် ပြီး၏။

www.dhammadownload.com

# မင်းကွန်း အာဒိဝဋ်သကာထေရ် သိကုံးရေးဖွဲ့သော

# အပြင်အောင်ခြင်း ၅စ်ဖြာ

## ၅စ်လုံးဖွဲ့ ဓမ္မကမ္မာ

၁။ ဗောဓိညောင်နန်း၊ အောင်ခန်းရိပ်သာ၊
တစ်ထောင်လက်ရုံး၊ စက်ဘုန်းလှုံဖြာ။
မာရ်နတ်မင်းနှင့်၊ သင်းပင်းဗိုလ်ပါ၊
တို့ဘုရား၊ တရားတော်ဖြင့်သာ။
အခေါင်နင်း၊ အောင်ခြင်းလက်ဦးစွာ။
ငါတို့လဲ၊ ထိုနဲ့အောင်စေပါ။

၂။ အာဠဝက၊ ယက္ခယုတ်မာ၊
ညဉ့်သုံးယာမ်လုံး၊ အုံးအုံးကြွက်ညာ။
လက်နက်မိုးဖြင့်၊ ထစ်ကြိုးတိုက်လာ၊
ခန္တီထုံး၊ ကျင့်သုံးတို့မြတ်စွာ။
အခေါင်နင်း၊ အောင်ခြင်းဒုတိယာ။
ငါတို့လဲ၊ ထိုနဲ့အောင်စေပါ။

၃။ နာဠာဂိရိ၊ မည်ရှိထင်စွာ၊
တောမီးမိုးကြိုး၊ စက်မျိုးပမာ။
ကြမ်းခက်ရှန်ရင်း၊ မုန်ဆင်းသတ္တဝါ၊
မေတ္တာမိုး၊ စွေဖြိုးတို့ မြတ်စွာ။
အခေါင်နင်း၊ အောင်ခြင်းတတိယာ။
ငါတို့လဲ၊ ထိုနဲ့အောင်စေပါ။

၄။ နာဠာဂိရိ၊ မည်ရှိထင်စွာ၊
တောမီးမိုးကြိုး၊ စက်မျိုးပမာ။
ကြမ်းခက်ရှန်ရင်း၊ မုန်ဆင်းသတ္တဝါ၊
မေတ္တာမိုး၊ စွေဖြိုးတို့ မြတ်စွာ။
အခေါင်နင်း၊ အောင်ခြင်းစတုတ္ထာ။
ငါတို့လဲ၊ ထိုနဲ့အောင်စေပါ။

၅။ ဗောဓိညောင်နန်း၊ အောင်ခန်းရိပ်သာ၊
တစ်ထောင်လက်ရုံး၊ စက်ဘုန်းလှုံဖြာ။
မာရ်နတ်မင်းနှင့်၊ သင်းပင်းဗိုလ်ပါ၊
တို့ဘုရား၊ တရားတော်ဖြင့်သာ။
အခေါင်နင်း၊ အောင်ခြင်းပဉ္စမာ။
ငါတို့လဲ၊ ထိုနဲ့အောင်စေပါ။

www.dhammadownload.com



၄။ လက်ညှိုးစုံပန်း၊ ဆင်မြန်းလျက်သာ၊
အဟိ သက၊ စောရ လွှစ္စာ။
သတ်မည်ကောဟု၊ လျင်ဆောလိုက်လာ၊
တန်ခိုးစွမ်း၊ ပန်ဆန်းတို့မြတ်စွာ။
အခေါင်နင်း၊ အောင်ခြင်းစတုတ္ထာ။
ငါတို့လဲ၊ ထိုနဲ့အောင်စေပါ။

၅။ ကိုယ်ဝန်စုံပိုက်၊ ဝမ်းတိုက်တူစွာ၊
သစ်သားကိုလုပ်၊ မိယုတ်စိဉ္ဆာ။
ပရိသတ်ထဲ၊ စွပ်စွဲလေရာ၊
သဒ္ဓယာညင်း၊ မိန့်လျှင်းတို့, မြတ်စွာ။
အခေါင်နင်း၊ အောင်ခြင်းပဉ္စမာ။
ငါတို့လဲ၊ ထိုနဲ့အောင်စေပါ။

၆။ အမှုန်ပယ်ရှား၊ အမှားကိုသာ၊
ဝါဒမှုန်ကင်း၊ ထောင်လျှင်းစိုက်ကာ။
လူ, ပရိပို့ဇ်၊ အမိုက်သစ္စကာ၊
ပညာမီး၊ ညှိသီးတို့မြတ်စွာ။
အခေါင်နင်း၊ အောင်ခြင်းဆဋ္ဌမာ။
ငါတို့လဲ၊ ထိုနဲ့အောင်စေပါ။

၇။ မဟာနန္ဒော၊ မာန်ပြောထူစွာ၊
နဂါးရန်ကြီး၊ ဖျက်ဆီးစိမ့်ဌါ။
ဝဲရုံထေရ်အား၊ မခြားချိန်ခါ၊
လူ, ထိပ်မိုး၊ တန်ခိုးညွှန်ပြကာ။
အခေါင်နင်း၊ အောင်ခြင်းသတ္တမာ။
ငါတို့လဲ၊ ထိုနဲ့အောင်စေပါ။

www.dhammadownload.com



၈။ အယူဖောက်လွဲ၊ မြွေခဲလက်မှာ၊
ထန်ခိုးရှိန်အား၊ ကြီးမားထင်စွာ။
ပြုဟွာဗက၊ ဗာလ ယုတ်မာ၊
ညှဉ်တော်ဆေး၊ တိုက်ကျွေးတို့မြတ်စွာ။
အခေါင်နင်း၊ အောင်ခြင်းအဌမာ။
ငါတို့လဲ၊ ထိုနဲအောင်စေပါ။

မှတ်ချက်။ ။အာဒိဝဋ်သကာထေရ်ဆိုသည်မှာ နောင်အခါ ပထမဆုံး တိပိဋကဓရဘွဲ့ကို ဆုတ်ခူး ရရှိတော်မူသော . မင်းကွန်း ဆရာတော် ဘဒ္ဒန္တဝိစိတ္တာသရ မထေရ်မြတ်ပင် ဖြစ်ပါသည်။

www.dhammadownload.com

# ပါရမီတော်ခန်းဟိုဠီကာ ကျမ်းပြုဆရာတော်
# အရှင်ကောသလ္လ (ဓမ္မာစရိယ၊ ဘီအေ) ရေးသားဖွဲ့ဆိုသော
# ဩဇာခြင်းရှစ်ပါး ကဗျာများ

## ၁။ မာရ်နတ်အောင်ပွဲ

လက်ရုံးတစ်ထောင် အသွင်ဆန်းနဲ့၊ ဆင်ကြမ်းကိုတဲ့ စီးလို့လာ။
မာရ်နတ်ဘုရင် ပလ္လင်လုဖို့၊ သေနင်္ဂဗူနဲ့ တိုက်ခိုက်တာ။
ပါရမီတွေ သက်သေပြုလို့၊ ဝသုန်မြေထု ညွှန်ပြရာ။
မာရ်စစ်တွေဟာ ကျောကာပျက်လို့၊ ဟိုထွက်သည်ထွက် ပြေးရရှာ။
နဘံလွှမ်းမိုး ဖြန်းဖြန်းကျိုး၊ ပန်းမိုးချလို့ရှာ။
အဲဒါက ဘဂဝါအရဟ ပထမအောင်စဉ်ပါ။

## ၂။ အာဠဝကအောင်ပွဲ

ဒေါသပြင်းစွာ တင်းမာလှ၊ မင်းမာရထက် ကြမ်းတမ်းစွာ။
လက်နက်ကိုးဖြာ မိုးရွာလစ်၊ ဘွဲ့ဖြူပစ်လို့ စစ်ထိုးတာ။
ဗုဒ္ဓမြတ်စွာ မေတ္တာပွားလို့၊ သစ္စာတရားနဲ့ ချေပရာ။
လက်နက်တွေဟာ ခြေတော်အနီး၊ ပန်းစည်းပန်းဆုပ် ခြေသုတ်ပမာ။
အာဠဝက မာန်စွယ်ကျ၊ ဦးချဝပ်တွားလာ။
အဲဒါက ဘဂဝါသုဂတ ဒုတိယအောင်စဉ်ပါ။

## ၃။ နာဠာဂီရိဆင်အောင်ပွဲ

နာဠာဂီရိ ဆင်ပြောင်မိုက်ကို၊ သေရည်တိုက်လို့ ခိုင်းတဲ့ခါ။
လောင်မီးစုံပုံ မာန်ဟုန်ပြင်းလို့၊ နင်းဖို့သတ်ဖို့အတင်းလာ။
ဓာတ်ပြဟူစိုရ် လှစ်ကာနိုး၊ မေတ္တာမိုးနဲ့ သွန်းလိုက်တာ။

www.dhammadownload.com



နှာမောင်းလေးကို ကွေးကာကုပ်လို၊ ဒူးတုပ်ဝပ်တွား ညွှတ်သွားရှာ။
တိုက်ဆင်ပြောင်ကြီး လိမ္မာပြီး၊ ငြိမ်ကြီးငြိမ်သက်လာ။
အဲဒါက ဘဂဝါဇိန် တတိယအောင်စဉ်ပါ။

## ၄။ အင်္ဂုလိမာလအောင်ပွဲ

သန်လျက်ကို ယမ်းကာဝှေ့လို၊ လမ်းလာသရွေ့ သတ်ဖြတ်ကာ။
လက်ချောင်းတွေကို သီကာတွဲလို၊ လည်မှာဆွဲတဲ့ လူကြမ်းဟာ။
ဘုရားခွင်ကို လမ်းဝယ်တွေ့တော့၊ ဖမ်းမယ်ဟော့လို ပြေးလိုက်ထု။
တန်ခိုးဓာတ်ဘိညာဉ် ထင်စွာပြုမှ၊ အင်္ဂုလိမာလ ညွှတ်တွားလာ။
တရားရအေး အမြိုက်ဆေး၊ တိုက်ကျေးကျွတ်စေတာ။
အဲဒါက ဘဂဝါနုတ္တရ စတုတ္ထအောင်စဉ်ပါ။

## ၅။ စိဉ္စမာဏအောင်ပွဲ

ပျဉ်ချပ်တွေကို ခံခွေပြုလို၊ သန္ဓေအတုနဲ့ စိဉ္စမာ။
အရှက်ကွဲရုံ ဂုဏ်တော်ဖြုတ်ဖို၊ သမုတ်စွပ်စွဲ လူထဲမှာ။
ငြိမ်းအေးမေတ္တာ ဓာတ်တရားကြောင့်၊ နတ်သိကြားတို့ မနေသာ။
ပျဉ်ကြိုးဖြေကာ ခြေကိုဖြတ်လို၊ မြေမျိုဟပ်တော့ ငရဲမှာ။
ဂုဏ်တော်တန်ခိုး ဆထမ်းပိုး၊ တိုးလို့တက်လို့လာ။
အဲဒါက ဘဂဝါယှဉ်မရ ပဉ္စမအောင်စဉ်ပါ။

## ၆။ သစ္စကပရိဗိုင်အောင်ပွဲ

ဝါဒချင်းပြိုင် နိုင်မလားလို၊ ဘုရားကိုတဲ့ အန်တုလာ။
အယူတစ်ထောင် ဆောင်ကာမိုက်တဲ့၊ ပရိဗိုင်ကွဲ့ သစ္စကာ။
မိမိကိုယ်ဟာ အတ္တလားလို၊ မြတ်စွာဘုရား မေးတဲ့ခါ။
မသိတွေမှိုင် ဖြေနိုင်ဘဲမို့၊ ခွေယိုင်လဲလို့ ရှုံးရတာ။
တိတ္ထိအမျိုး မာန်စွယ်ကျိုး၊ ငုံ့လျှိုးနေရရှာ။
အဲဒါက ဘဂဝါမြတ်လှ ဆဋ္ဌမအောင်စဉ်ပါ။

www.dhammadownload.com



## ၃။ နန္ဒောပနန္ဒ နဂါးမင်းစောင်ပွဲ

နန္ဒောပနန် မျက်မှာန်ကြွ၊ ခက်ထန်လှတဲ့ နဂါးဟာ။
မြင်းမိုစဘာင်ကို ခွေပတ်ပြီးတော့၊ ကတ်သီးကတ်သတ် ရန်ပြုတာ။
ဘုထူးသခင် မယှဉ်လောက်တော့၊ ရှင်မောဂ္ဂလာန်နဲ့ ပြိုင်စေဟု။
လက်ဝဲတော်ရံ စျာန်ဂုဏ်တန်ခိုးနဲ့၊ မာန်ဟုန်ချိုးလို့ ဆုံးမတာ။
နတ်နဂါးမင်း ခြေတော်ရင်း ဝပ်စင်းခယလာ။
အဲဒါက ဘာဝါမြတ်လှ သတ္တမအောင်စဉ်ပါ။

## ၄။ ဗကပြဟ္မာအောင်ပွဲ

ဗကဆိုသူ မူတမျိုးနဲ့၊ အယူဆိုးတဲ့ မိုးပြဟ္မာ။
အနိစ္စကို နိစ္စပဲလို့၊ စိတ်ကစဲ့လို့ လဲ့ခဲ့တာ။
တို့ဘုရားရှင် လျင်စွာကြွလို့၊ ထင်စွာပြတော့ မြတ်မမှာ။
တန်ခိုးချင်းတောင် တူသလားလို့၊ လူဘုရားက ပြတဲ့ခါ။
မိုးပြဟ္မာကြီး မာန်ကွာပြီး၊ ရှုံးကြီးရှုံးရရှာ။
အဲဒါက ဘာဝါမြတ်လှ အဋ္ဌမအောင်စဉ်ပါ။

www.dhammadownload.com

# ဇအောင်ခြင်းရှစ်ပါး

(စာသား ပထမကျော် လယ်တီကောဝိဒ)

ရေး-သဟာယ ဆရာတင် ဆို-မေရှင်

အောင်ခြင်းရှစ်ပါး....အသံကြားတဲ့အခါ....စီးပွားဥစ္စာ အဟုတ်မကြာ အောင်မှာ ကျန်းမာ....ချမ်းသာပါလို့....ဘေးရန်မဝိုင်း ..ကြံတိုင်းအောင် ဆောင်တိုင်းမြောက်မှာ ၇-ရက်သားသမီးများနဲ့ နတ် လူ ပြဟ္မာ။

သက္ကဆုင်ကောဇာ တရာ့သုံးခုမှာ လပြည့် နေ့ကဆုန် ရွှေဘုန်းတော် ခြောက်ဖြာ တောက်ခါ မဟာဗောဓိ ညောင်ပင်အောက်မှာ ဘုရားအဖြစ် ....တရားအစစ်နဲ့ ရွှေပလ္လင်ထက်မှာ စံပယ်ချိန်ခါ ပြောင်မာတင် မခလာ ဆင်ခတနာစီးလို့ မာရ်နတ်မင်းရယ် အားမာန်တင်းကာ ဝသဝတီ နတ်ပြည်ကလာ၊ စစ်ချီကာ မာန့်ဇတ္တမှလို့ ဘုရားကိုယှဉ်တု ပလ္လင်လုပြန်တာ၊ သည်းခံပါ၍ အမျက်မထား ...ပါရမီဆယ်ပါးနဲ့ .. မာရ်နတ်ရန် နှင်းနှိမ် ပေရှာ၊ မေတ္တာဓာတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်းပထမပါ။

အာဠဝီပြည်အနီး ညောင်ပင်ကြီးမှာ တဦးတည်း ဘီလူးကြီး အာဠဝကစံရှု တနေ့သော် မြတ်စွာဘဂဝါ သူ့စံနန်း မြန်းတော်မူလာ၊ ဘီလူးကြီး အာဠဝက ယမ်းပုံမီးကျ တားမရ ဆီးမနိုင်....ဒေါသလှိုင်ကာ၊ ဘုရားကိုပြိုင်ဆိုင် မနိုင်ငြား မာန်ဆယ်များလည်း ကျရရှာ၊ မေတ္တာဓာတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်းဒုတိယပါ။

အခါတပါး....မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်လမ်းမှာ ဆွမ်းခံကြွ လာခိုက် သတ်လိုက်မယ်တဲ့ ဒေဝဒတ်မိုက်ရယ် ကြံစည်ပြန်တာ၊ နာဠာဂီရီ အမည်ရှိတဲ့ဆင်ကို အရက်အမျိုးမျိုးတွေ အတင်းတိုက်လို့သာ၊ ဘုရား မြတ်စွာကိုပင် အနင်းခိုင်းလိုက်တာ၊ သို့ပါသော်လဲ ဆင်မိုက်ကြီးမှာ ဒူးတုပ်ရရှာ၊ မေတ္တာဓာတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်း တတိယပါ။

www.dhammadownload.com



(ရှေးသရောအခါ သာဝတ္ထိပြည်ဌာနမှာ လူဆိုးဗိုလ် အင်္ဂုလိမာလဟာ သန်လျက်ခေါ်ကို သူလက်ဖျားက....မချပါ၅) ခေါ်းပြကြီးလုပ်၍ ...ဆိုးယုတ်ပုံမှာ လက်ညှိုးတွေ့ခုတ်လိုသော ထိုအခါ ဘုရားကြွလို့ မမှားရဖို့ တရားပြဖောက်မူရှာ၊ မေတ္တာဓာတ်နဲ့ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်းစတုတ္ထပါ။

မြတ်တရားတော် မြွက်ရှာပါလို့ ...သိကြားပြဟ္မာ အမျှားသတ္တဝါဗိုလ်ပုံပရိသတ်စုံတဲ့ မင်္ဂလာပွဲမှာ စိတ္တမာဏ မိန်းမယုတ်မာ သူဗိုက်ကို ပျဉ်ချပ်ဖုံးကာ ဘုရားဂေါတမနဲ့ ကမ္ဘာဌာန်းဇောကျကာ .... ငိုကြွေး....အရှက်မဲ့နိုင်ကိုယ်လေး... လက်ဝန် ရှိတဲ့ပုံဟန်ဆောင်လို့ သူစွပ်စွဲလာ၊ အပြစ်တော်မယူဘဲ လူပုံထဲမှာ မေတ္တာဓာတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်းပဉ္စမပါ။

သုံးလူ့ထွဋ်ထား... မြတ်ဘုရားဒေသနာ မှတ်သားဖွယ် ဝေနေယျာအနီစွရယ် ဒုက္ခရယ် အနတ္တတရားကို မှားတယ်ဆို၍ မကြည့်ညှိပြန်တာ၊ အယူလွဲတဲ့ ငရဲမီစ္ဆာ သစ္စကပရိဗ္ဗိုဇ် မလိမ္မာ၊ ဒေသနာတော်...အနှစ်ကို မြတ်ဘုရားက နောင်မမှားအောင် သစ္စကကို တရားပြမှာ၊ မေတ္တာဓာတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်းဆဋ္ဌမပါ။

ဇမ္ဗူကျွန်းမြင်းမိုရ်ရွှေတောင်ခါးပန်းမှာ ကြမ်းတမ်းတဲ့ နတ်နဂါးပါမှတ်သား....လောက်စရာ၊ နန္ဒောပနန္ဒ လျှပ်တပြက် အသက်ဆုကူရွှေချောင်း....မြွေမင်းရာဇာ မြတ်ဘုရားရဲ့သားတော် ရှင်မောဂ္ဂလာန်၊ နိုင်နှင်းဖို့ လှတ်လိုသော၊ စိတ်နှလုံးသိမ်မွေ့ကာ နဂါးကြီးခေါင်းငိုက်ညိုးစိုက်ပါ၍ ခစားဖို့ရောက်လို့လာ၊ မေတ္တာဓာတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့အောင်ခြင်းသတ္တမပါ။

ပြဟ္မာ့ဘုံမှာ....တန်ခိုးဂုဏ် မာန်သတင်း နေဆယ်စင်းသို့ ပုံပမာ၊ ဟကပြဟ္မာကြီးဟာ အမှားကြီးမှားလို့ အယူသည်းနေရှာ၊ ငါသာမြတ်တယ် စိတ်မှာစွဲကာ ဘုရားကိုပင် ကန့်လန့်တိုက်၍ မိုက်နေပုံကို ဆိုးဓနုမုံးကို ဘာဂဝါသုဆုးကသော ဒေသနာတရားပြကာ၊ အဲဒီမတော့ ဟကပြဟ္မာ မာန်စွယ်ကျလို့ ရှိခိုးရတာ၊ မေတ္တာဓာတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်းအဋ္ဌမပါ။

www.dhammadownload.com

# အောင်ခြင်းရှစ်ပါး ပဋ္ဌာန်းဖျော်

## ၁။ မာရ်နတ်ကို အောင်မြင်ပုံ

မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ဂေါတမဘုရား အလောင်းသည် ဗောဓိညောင်ပင်အောက်ရှိ ပလ္လင်ပေါ်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလျက် "ဘုရားမဖြစ်သမျှ ဤသို့ နေခြင်းကို မဖျက်တော့အံ့" ဟု ဓိဋ္ဌာန်ဂါဝ နေတော်မူ၏၊ ငြဟ္မာသိကြား နတ်အများလည်း ထံတော်ပါးသို့ ရောက်လာကြ၏။

ထိုသို့ ထိုင်နေပုံကို မြင်၍ ဘုရားစင်စစ် ဧကန်ဖြစ်မည်ကို သိသော မာရ်နတ်မင်းသည် နတ်စစ်သည်များ စုဆောင်းပြီး ကိုယ်တိုင်ဦးဆောင်၍ လက်ရုံးတစ်ထောင် လက်နက်ဟစ်ထောင် ဖန်ဆင်းကာ ပလ္လင်တော်ကို လှုရန် ကြိုးစားတိုက်ခိုက်လေ၏၊ ရန်ပြုလာသူ မာရ်နတ်သားအား မြတ်စွာဘုရားက မေတ္တာဓာတ်ကို စေလွှတ်လျက် (ဒါနာဒိဓမ္မဝိဓိနာ) ဒါနုပါရမီစသော တရားတော် အစီအရင်ဖြင့် အေးချမ်း ကြည်ဖြူစွာ အောင်မြင်တော်မူလေ၏။

## ၂။ အာဠဝကကို အောင်မြင်ပုံ

အာဠဝီပြည်အနီး ညောင်ပင်ကြီးကို ဗိမာန်ပြု၍ နေထိုင်သော ဘီလူးကြီးသည် မာရ်နတ်သားယောက် ကြောက်ဖွယ်ကောင်း၏။ မြတ်စွာဘုရားသည် အာဠဝကကို ဆုံးမရန် ဘီလူးကြီးဗိမာန်သို့ ခိုက် သူ၏ဗိမာန်သို့ဝင်၍ နေတော်မူ၏၊ တံခါးစောင့်နတ်က ဟိမဝန္တာနတ်သဘင် အဖွဲ့ဦးအဝေးသို့ တက်ရောက်နေသော သူသခင် အာဠဝကအား အကျိုးအကြောင်း သွားရောက် ပြောကြားလေ၏၊ အာဠဝကဘီလူးကြီးသည် နတ်သဘင် အစည်းအဝေးမှ ချက်ချင်းထွက်ခွာ၍ ကောလာသ တောင်ထွတ်ပေါ်သို့ ခုန်တက်ကာ "ငါဟဲ့ အာဠဝက" ဟု ကြုံးဝါး၍ လက်နက် ၉-မျိုးဖြင့်

www.dhammadownload.com



ညဉ့်လုံးပေါက် စစ်ထိုးတိုက်ခိုက်လေ၏၊ မြတ်စွာဘုရားက အကြမ်းဖက်တိုက်ခိုက်သော အာဠဝကဘီလူးကြီးအား မေတ္တာဓာတ်ကို စေလွှတ်လျက် (ခန္ဓိသုဒန္တဝိဓိနာ) သည်းခံတော်မူခြင်း ကောင်းစွာ ယဉ်ကျေးစေတော်မူခြင်း အစီအရင်ဖြင့် အေးချမ်းကြည်ဖြူစွာ အောင်မြင်တော်မူလေ၏။

## လက်နက် ၉-မျိုး

၁။ ဝါတမဏ္ဍလ = လေမုန်တိုင်း တိုက်ခိုက်ခြင်း၊
၂။ မဟာဝဿ = ကြီးမားသောမိုးကြိုး ရွာချခြင်း၊
၃။ ပါသာဏဝဿ = ကျောက်ခဲမိုး ရွာစေခြင်း၊
၄။ ပဟာရဏဝဿ = လက်နက်မျိုးစုံမိုး ရွာစေခြင်း၊
၅။ အင်္ဂါရဝဿ = မီးကျီးမိုးရွာစေခြင်း၊
၆။ ကုက္ကုဠဝဿ = ပြာပူမိုး ရွာဇေခြင်း၊
၇။ ဝါဠုကဝဿ = သဲမုန်တိုင်းမိုး ရွာစေခြင်း၊
၈။ ကလလဝဿ = ရွံ့ညွန်မိုး ရွာစေခြင်း၊
၉။ အန္ဓကာရ = အမိုက်မှောင်ကြီး ကျစေခြင်း။

## ၃။ နာဠာဂိရိဆင်ကို အောင်မြင်ပုံ

ဒေဝဒတ်သည် မြတ်စွာဘုရားကို သတ်ရန်အမျိုးမျိုးအဖုံဖုံ ကြံစည်သော်လည်း အထမမြောက်နိုင်ဘဲရှိလေရာ အဇာတသတ်မင်းသားကို သွေဖျက်ပါအောင် စည်းရုံးပြီးလျှင် အဇာတသတ် လက်အောက်ခံဝန်ထမ်းများ၏ အထင်ကြီးမှုကို ရယူထားလေ၏။ တစ်နေ့သ၌ ဆင်ထီန်းများထံသို့ သွား၍ "ရှင်ဘုရင်ကိုးကွယ်ခံရသူ ငါ့အနေဖြင့် ရာထူးတိုးအောင် လုပ်ပေးနိုင်တယ်၊ မင်းကို့ရာထူးတိုးချင်ရင် ငါခိုင်းတဲ့အတိုင်းလုပ်၊ ဂေါတမကြွလာတဲ့အခါ နာဠာဂိရိဆင်ကို အရက်တိုက်ပြီး လှတ်လိုက်ကြ" ဟု စီမံစေခိုင်းလေ၏။ ထိုဂြိုဟ်မြို့တွင်းသို့ မြတ်စွာဘုရား ဆွမ်းခံဝင်လာသောအခါ ရာထူးတိုးလိုသော ဆင်ထိန်းများက နာဠာဂိရိဆင်ကြီးကို အရက်တိုက်၍ ဘုရားရှိရာသို့ လှတ်လိုက်လေ၏၊ မြတ်စွာဘုရားက မေတ္တာဓာတ်ကိုစေလွှတ်လျက် ရပ်တန့်တော်မူလေရာ နာဠာဂိရိဆင်ကြီးသည် ဘုရားရှေ့တော်၌

www.dhammadownload.com



ငြိမ်သက်စွာ တည်နေပြီး ဘုရားအဆုံးအမကို နံ့ားစိုက်နေလေ၏၊ မြတ်စွာဘုရားသည် နာဠာဂိရိဆင်ကြီးအား (မေတ္တာမွှသောကဝိဓိနာ) မေတ္တာတော်ရေ သွန်းခြင်း အစီအရင်ဖြင့် အေးချမ်း ကြည်ဖြူစွာ အောင်မြင်တော်မူလေ၏။

ဆင်မိုက်ကြီးဘဝမှ ဆင်လိမ္မာကြီးအဖြစ် မြတ်စွာဘုရားရှေတွင် ဒူးတုပ် ဝပ်စင်းနေသော ဆင်ကြီးအပေါ် သို့ မြို့သူမြို့သားများက ရှေ့ပြေ့စေသော ပစ္စည်းဥစ္စာများကို ကြဲချလေရာ တစ်ကိုယ်လုံး ဖုံးလုမတတ် ဖြစ်သွားလေ၏။ "ဓနပါလဆင်" ဟူသော အမည်သစ်ကိုလည်း ရရှိသွားလေ၏။

## ၄။ အင်္ဂုလိမာလကို အောင်မြင်ပုံ

အဟိံသက-ဟူသော ငယ် နာ မည် ထက် အင်္ဂုလိမာလ-ဟူသော အမည်ဖြင့် လူသိများ၍ ထင်ရှားသော လူဆိုးကြီးမှာ မင်းဆရာ ပုရောဟိတ်၏သား တက္ကသိုလ်ကျောင်းထက် ပညာကတ် လူတော် တစ်ယောက်ဖြစ်၏၊ ဉာဏ်ထက်၍ တပည့်ဝတ် ကျေပွန်သောကြောင့် ဆရာကြီးနှင့် ဆရာကတော်ကပါ အရေးပေးခံရသူ ဖြစ်၏၊ အခြား ကျောင်းသားတို့က မနာလို၍ ကုန်းတိုက်သောကြောင့် ဆရာကတော်နှင့် အထင်မှားခံရလေ၏၊ အထင်မှားသူ ဆရာကြီးက အဟိံသကကို သူတပါး သတ်၍ သေစေရန် "လူ့လက်သြိုးတစ်ထောင်ဖြင့် ပူဇော်မှ ပညာကုန် သင်ပေးမည်" ဟု ပရိယာယ်ဖြင့် ပြောဆို စေခိုင်းလေ၏။

အဟိံသက-သည် ဆရာ့စကားကို မြေဝယ်မကျ နားထောင်ကာ သာဝတ္ထိပြည်တွင် တောပုန်းမားမြကြီးလုပ်ကာ တောသို့ လာသူများကို သတ်ပြီး လူတစ်ယောက်လျှင် လက်သြိုး ၁-ချောင်းကျဖြတ်၍ ပန်းကဲ့သို့ သီကုံးပြီး လည်ပင်းတွင် ဆွဲထားသောကြောင့် "အင်္ဂုလိ+မာလ" ဟု ကျော်ကြားလေ၏၊ တစ်ထောင်ပြည့်ရန် ၁-ယောက်သာလိုသော နေ့တွင် သားအတွက် စိတ်မအေး၍ လာတွေ့သူ မိခင်အရင်းကိုပင် သတ်ရန် အတင်း လိုက်လေ၏၊ မြတ်စွာဘုရားက အင်္ဂုလိမာလနှင့် မိခင်အကြားမှ ရပ်လိုက်

www.dhammadownload.com



သောကြောင့် မိခင်ကိုလွှတ်ပြီး ဘုရားကိုယတ်ရန် လိုက်ပြန်ပေ၏၊ တန်ခိုးတော်ကြောင့် မိအောင်မလိုက်နိုင်ဘဲ အင်္ဂုလိမာလကြီး အရှုံးပေးရလေ၏၊ မြတ်စွာဘုရားတရားကို နာရ၍ အကျတ်တရား ရပြီးလျှင် "ဟိဘိက္ခု" ရဟန်းဖြစ်သွားလေ၏၊ မြတ်စွာဘုရားသည် အင်္ဂုလိမာလအား (ဣဒ္ဓါဘိသင်္ခတမနော) ဖန်ဆင်းထားသော စိတ်နှလုံး တန်ခိုးတော်ဖြင့် အေးချမ်းကြည်ဖြူစွာ အောင်မြင်တော်မူလေ၏။

## ၅။ စိဉ္စမာဏကို အောင်မြင်ပုံ

ဘုရားလက်ထက်တော်အခါက သာဝတ္ထိ ပြည် တွင် မန်ကျည်းပင်၌ သံသေဒဇ ပဋိသန္ဓေနေ၍ စိဉ္စမာဏဝိကာ-ဟု အမည်ရှိသော အမျိုးသမီးသည် နတ်သမီးတမျှ အလှန် အဆင်းလှပ၏၊ ထိုမိန်းကလေးသည် ဗုဒ္ဓ၏ သာဝကမဖြစ်ဘဲ တိတ္ထိတို့၏သာဝက ဖြစ်၍နေ၏၊ ထိုအချိန်က တိတ္ထိတို့သည် လာဘ်မရသဖြင့် လာဘ်လာဘပေါများသော မြတ်စွာဘုရားကို ချိုးနှိမ်ဖို့ရန် စိဉ္စမာဏအား စုပ်စဲ့ဖျက်ဆီးရေးအတွက် တာဝန်ပေးကြ၏၊ အသိဉာဏ်နည်းပါးသော စိဉ္စမာဏသည် တိတ္ထိတို့စေခိုင်းသည်အတိုင်း မြတ်စွာဘုရားကို ဖျက်ဆီးရန် အနီရောင်ဝတ်စုံကိုဝတ်ဆင်ကာ နေဝင်ခါနီးလျှင် ဇေတဝန်ကျောင်းတော်သို့ သွားပြန်ဆောင်၍ တိတ္ထိတို့၏ကျောင်း၌ ညအိပ်ပြီးလျှင် နံနက်စောစော မြို့ဝင်၍ ဇေတဝန်ကျောင်းမှ ပြန်လာဟန်ဆောင်လေ၏။

ဤသို့ ပြုမူခြင်းအားဖြင့် ညနေတရားနာ၍ ပြန်လာသူများနှင့် နံနက်စောစော ဘုရားဖူးသွားသူတို့အား အထင်မှားစေ၏၊ ၉-လခန့်ကြာသော် သစ်သားဗုကို ဗိုက်မှာကပ်၍ အဝတ်ဖြင့်ပတ်ကာ ကိုယ်ဝန်ရှိဟန် ဆောင်လျက် ပရိသတ်အလယ်တွင် တရားဟောနေသော မြတ်စွာဘုရားအား "မိုးနေအိမ် မဆောက်ရကောင်းလား" ဟု ဆဲရေး စုပ်စဲ့လေ၏၊ နတ်သားတို့က ကြက်ဟန်ဆောင်လျက် ကိုက် ဖျက် ချ သော ကြောင့် ကိုယ်ဝန်အတု ဖြစ်ကြောင်း ပေါ်သွားလေ၏၊ စိဉ္စမာဏလည်း မြေမျိုခံရလေ၏၊ မြတ်စွာဘုရားသည် စိဉ္စမာဏအား (သန္တေနသောမဂိဓနာ)

www.dhammadownload.com



ငြိမ်သက်ဖွယ်စင်သော သမာဓိ အစီအရင်ဖြင့် အေးချမ်း ကြည်ဖြူစွာ အောင်မြင်တော်မူလေ၏။

## ၆။ သစ္စကပရိဗိုဇ်ကို အောင်မြင်ပုံ

သစ္စကပရိဗိုဇ်-ဟု ထင်ရှားသော ကူဋဒန္တသည် ဝေသာလီပြည် လိစ္ဆဝီ မင်းသားတို့အား အတတ်ပညာ သင်ပေးနေသော ဆရာဖြစ်၏၊ သူသည် အမိဘက်မှ ဝါဒ ၅၀၀၊ အဖဘက်မှ ဝါဒ ၅၀၀-အားဖြင့် ဝါဒတစ်ထောင်ကို ဆောင်လျက် ပြိုင်ဖက်မှန်သမျှကို အနိုင်ယူတတ်၏။ ဗုဒ္ဓမြတ်စွာကိုလည်း ချိုးနှိမ်ရန် ကြံစည်နေ၏၊ တစ်နေ့သ၌ ဘုရားတပည့် အာဿဇိမထေရ်နှင့် တွေ့ရာမှ ဗုဒ္ဓအယူဝါဒကို သိရသဖြင့် ဗုဒ္ဓနှင့် ဝါဒပြိုင်ရန် ထွက်လာ၏၊ အရှုံးအနိုင်သိလိုသော လူပေါင်းများစွာတို့လည်း ဝိုင်းအုံကာ လိုက်ပါလာကြ၏။

ဝါဒပြိုင်ရာ၌ ရုပ်ခန္ဓာသည် အနတ္တ (စီမံနိုင်သော အတ္တမရှိ)ဟူသော ဗုဒ္ဓစကားကို အတ္တ-ဟု ငြင်းဆို၏၊ အတ္တဖြစ်လျှင် သင်၏ ရုပ်ခန္ဓာကို လှပအောင် စီမံနိုင်ပါသလား ဟု ဗုဒ္ဓက မိန့်တော်မူရာ မလှုပ်နိုင်ဘဲ ငုတ်တုတ်ကြီး ပေနေလေ၏၊ သိကြားမင်းက ဘီလူးကြီးယောင်ဆောင်၍ ဝရဇိမ်လက်နက်ဖြင့် ခြိမ်းချောက်သောကြောင့် အတ္တဟူသော သူ၏ အယူမှားကိုပယ်စွန့်ကာ အနတ္တ-ဟူသော ဗုဒ္ဓ၏စကားကို ဝန်ခံ၍ အရှုံးပေးရလေ၏၊ မြတ်စွာဘုရားသည် သစ္စကပရိဗိုဇ်အား (ပညာပဒီပဇလိတော) ပညာတည်းဟူသော ဆီမီးတန်ဆောင်ကို ညှိထွန်းတော်မူခြင်း အစီအရင်ဖြင့် အေးချမ်းကြည်ဖြူစွာ အောင်မြင်တော်မူလေ၏။

## ၇။ နန္ဒောပနန္ဒနဂါးကို အောင်မြင်ပုံ

နန္ဒောပနန္ဒနဂါးမင်းသည် မြင်းမိုရ်တောင်၌ နေလျက် နတ်မင်းအလား နဂါးမများခြံရံကာ ကြီးကျယ်သော စည်းစိမ်ကို ခံစားလျက် နေလေ၏။ ထိုဘို ခံစားပျော်ရွှင်နေစဉ် မြတ်စွာဘုရားသည် နောက်ပါရဟန္တာများနှင့်အတူ နဂါးမင်း၏ အပေါ်တည့်တည့်မှ တာဝတိံသာသို့

www.dhammadownload.com



ကြွသွားလေ၏။ ယင်းသို့ ကြွသွားသည်ကို ခံပြင်းသော ဒေါသဖြင့် နဂါးကြီးသည် မြင်းမိုရ်တောင်နှင့် တာဝတိံသာကို ရစ်ပတ်ဖုံးအုပ်ထား‌လေ၏။ အမှောင်ဖုံးပြီး အလင်းရောင်မရှိသောကြောင့် တာဝတိံသာကို မမြင်ရဘဲနေလေ၏။ နဂါးကြီး၏ လက်ချက်ဖြစ်ကြောင်းသိသော ရဟန္တာအချို့က နဂါးကြီးကို ဆုံးမလိုကြောင်း ခွင့်တောင်းရာ မြတ်စွာဘုရားက ခွင့်မပေးဘဲ အရှင်မောဂ္ဂလ္လာန်ကိုသာ တာဝန်ပေးလေ၏။ အရှင်မောဂ္ဂလ္လာန်သည် နဂါးကြီးထက် ၂-ဆကြီးမားသော ကိုယ်ကို ဖန်ဆင်း၍ နဂါးကြီးအား ရစ်ပတ်ဖိညှပ်ကာ နှံ့နာအောင် ဆုံးမပြီးလျှင် ဘုရားထံသို့ ခေါ်ဆောင်၍ ဂုတနာသုံးပါးကို ကိုးကွယ်စေ၏။ မြတ်စွာဘုရားသည် နန္ဒောပနန္ဒနဂါးမင်းအား (ကုဒ္ဓ။ပဒေသဝိဓိနာ) တန်ခိုး၊ နှံ့ဆင်းခြင်း၌ အရှင်မောဂ္ဂလ္လာန်အား နည်းညွှန်လမ်းပြဥပဒေသကို ပေးခြင်းအစီအရင်ဖြင့် အေးချမ်းကြည်ဖြူစွာ အောင်မြင်တော်မူလေ၏။

## ၈။ ဗကဗြဟ္မာကို အောင်မြင်ပုံ

ဗကဗြဟ္မာကြီးသည် ပထမဈာန်ဘုံ၌ ဟည်ရှိ၍ အလှုန်ပင်သည်း ဘန်ခိုးကြီး၏ သူ့နေထိုင်ရာဘုံကို အတက်ဆုံးဘုံဟု အထင်ရှိနေရုံမျှမက လက်ရှိဘဝနှင့် နေထိုင်ရာ ဘုံဌာနကိုလည်း "နိစ္စ=မြဲသည်"ဟု အယူရှိနေ၏။ မြတ်စွာဘုရားသည် ဗြဟ္မာပြည်သို့ ကြွရောက်ပြီး ဗြဟ္မာပရိသတ် အလယ်တွင် ဗကဗြဟ္မာကြီးအား ဤဘုံဌာနထက် သာလွန်သော ဗြဟ္မာဘုံများအထက်တွင် ရှိနေသောကြောင်း ထိုဘုံနှင့် ဗြဟ္မာများလည်း မမြဲကြောင်းကို ဟောကြားတော်မူ၏။ ဗကဗြဟ္မာကြီးက တန်ခိုးပြာသည့်အနေဖြင့် "ကိုယ်ဖျောက်ပြမည်"ဟု ဝင်ပြော၍ ကိုယ်ဖျောက်လေလျှင် မပျောက်ဘဲနေသောကြောင့် မြတ်စွာဘုရားက ကိုယ်ဖျောက်ပြရာ ဗြဟ္မာကြီးရှာမတွေ့ဘဲ နေလေ၏။ ဤအခါမှ ဘုကံယ်သူ တန်ခိုးရှင်ဟု အောင်ရောက်နေသည်ကို ဒေါသရစ်ဝဲပြီး 'ဘုတ္တဝါနှင့်ဗြဟ္မာဘု' မြဲသည်ဟု ယူဆနေသော သူ၏ဝါဒမှားကြောင်းကိုလည်း သတောပေါက်သွားလေ၏။ မြတ်စွာဘုရားသည်

www.dhammadownload.com



ဗကပြဟ္မာကြီးအား (ဉာဏာဂဒေနဝိဓိနာ) ဉာဏ်တော် တည်းဟူသော အဆိပ်ဖြေဆေး တိုက်ကျွေးခြင်းအစီအရင်ဖြင့် အေးချမ်းကြည်ဖြူစွာ အောင်မြင်တော်မူလေ၏။

မှတ်ချက်။ ။အောင်ခြင်းရှစ်ပါး ဝတ္ထုသဘင်းအကျယ်ကို အပြည့်အစုံသိလို ပါက ဇီနတ္ထပကာသနီကျမ်းနှင့် မဟာဗုဒ္ဓဝင်ကျမ်းတို့ကို ဖတ်ရှုလေ့လာကြပါကုန်။

www.dhammadownload.com

# အတွင်း အောင်ခြင်း သိမ္ဘဝဲမှယ်

ဆယ်စောင်တဲ့၌ တတိယမြောက်သင်ကြားရသော စာမှာ အတွင်း အောင်ခြင်း ဖြစ်သည်။ အဘွင်းအဇ္ဈတ္တ၌ ရှိသော ကိလေသာ ရန်သူများကို အောင်မြင်ပုံ ပြဆိုသောကြောင့် အတွင်းအောင်ခြင်းဟု ခေါ်သည်။ ဂါထာအားလုံး ဂ-လုံးဘဲချည်း ဖြစ်သည်။ အောင်ခြင်း တပုဒ်ဆုံးတိုင်း "တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ" ဟူသော သစ္စာပြု စာပိုဒ် ဖြင့် အဆုံးသတ်ဘားသည်။ ဤသစ္စာစကားကြောင့် အတွင်းရန်ကို အောင်မြင်တော်မူသော ဘုရားရှင်နည်းတူ အကျွန်ုပ်အား အောင်ခြင်း မင်္ဂလာ ဖြစ်ပါစေဟု တောင့်တချက် ပြုထားသည်။

## မြန်မာပြန်ဆိုခြင်း

အတွင်းအောင်ခြင်းဂါထာများနှင့် ပတ်သက်၍ ရေသားသူ၏ အမည်နှင့် ရေးသားသည့် ခေတ်ကာလကို အတိအကျ မသိရ။ စာပေကျမ်းဂန် အထူးတတ်ကျမ်းပြီး သဒ္ဒါတဂုး တက်သန်ကောင်းမွန်သော ပညာရှင် တစ်ဦးက ရေးသားဖွဲ့ဆိုထားသည်ဟုသာ မှန်းဆ၍ ကြည့်ညို့ရပါသည်။ အင်းဝခေတ်တွင် အတွင်းအောင်ခြင်း ဂါထာများကို သင်ကြားနေပြီ ဖြစ်၍ ဂုိခေတ်ထက် စောကောင်း စောကန်ရာသည်ဟု မှန်းဆနိုင်သည်။

အတွင်းအောင်ခြင်း ဂါထာများကို ဆယ်စောင်တဲ့ပါ ရှေး နိဿယ အပြင် ညောင်တုန်းမြို့ ရွှေဟသ်ာတို့က် အလက်ာနိဿယ ကျမ်းပြု စံကျောင်းဆရာတော်ဘုရားကြီးက နှစ်သက်ဖွယ်ရာ နိဿယအကျယ် ရေးသားထားပါသည်။ * သာယာဝတီ ဦးညေယျကလည်း နိဿယ အကျယ် ရေးသားခဲ့ပါသည်။ * အခြားပညာရှင်တို့၏ နိဿယများလည်း ရှိလိမ့်ဦးမည် ထင်ပါသည်။

ကမ္ဘာအေး သာသနာရေးဦးဖိုးဌာန ယဉ်ကျေးမှု သင်တန်းတွင် ဆယ်စောင်တဲ့ဘာသာရပ်ကို မိမိ(မဘဂဒိ) သင်ကြားပေးရာ၌ လူငယ်

www.dhammadownload.com



လူရွယ်များ အလွယ်တကူ သဘောပေါက်နားလည်စေရန် ပါဠိတကျော့ မြန်မာတကျော့ ပြန်ဆိုသော နိဿယနည်းကို အသုံးမပြုဘဲ ပါဠိမဖက် မြန်မာသက်သက် ပြန်ဆိုသင်ကြား ပို့ချပေးရာ လွယ်ကူထိရောက်ပုံကို လက်တွေ့ သိရပါသည်။ ယခု ထိုနည်းကို အသုံးပြုထားပါသည်။ သို့ဖြစ်၍ မူရင်း ပါဠိဂါထာ၏ အောက်တွင် ပါဠိမဖက် မြန်မာသက်သက်ကိုသာ ဖော်ပြလိုက်ပေသည်။

www.dhammadownload.com

# ၃-အတွဲကြီး အောင်ခြင်း ရှစ်ပါး

## ပါဠိနှင့် မြန်မာပြန်

၁။ အဝိဇ္ဇာအက္ခကောသမို့၊
သတ္တေ တဏှာငလမ္ဗုဇေ။
တမှာ ဌာနာ နိက္ခာမေသိ၊
ဒေသနာဉာဏတေဇသာ။
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

(မြတ်စွာဘုရားသည်) အဝိဇ္ဇာ ဥခွံအတွင်း၌ ဖြစ်ကုန်သော သတ္တဝါများနှင့် တဏှာတံလျှပ်၌ ဖြစ်ကုန်သော သတ္တဝါတို့ကို ဒေသနာဉာဏ်တန်ခိုးဖြင့် ထိုနေရာမှ ထွက်မြောက်စေတော်မူပြီ။ ဤမှုန်သော သစ္စာစကားကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။

**မှတ်ချက်။** ။"တဏှာဇလာဟုဇေ"ဟု ရှိခဲ့သော် တဏှာ-တည်းဟူသော သား**အိမ်**၌ ဖြစ်ကုန်သော ဟု မြန်မာပြန်ပါ။

၂။ မဟာမောဟန္ဓကာရေန၊
အဘိဘူတေ မဟာဇနေ။
ပညာဒီပက္ခဏ လဘာပေသိ၊
ဉာဏာလောကေန သော ဇိနော။
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

မြတ်စွာဘုရားသည် မောဟမှောင်ကြီး ဖိစီးနှိပ်စက်ခြင်း ခံနေရသော သတ္တဝါများကို ဉာဏ်တော်တည်းဟူသော အလင်းရောင်ဖြင့် ပညာ

www.dhammadownload.com



မျက်လုံးကို ရစေတော်မူပြီ။ ဤမှုန်သော သစ္စာစကားဒြကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာဖြစ်ပါစေ။

၃။ ရာဂါဒိအဂ္ဂိဇာလေဟိ၊
ဒုဗ္ဘိက္ခာယ မဟာဇနံ။
နိဗ္ဗာပေသိ နုရုနာထော၊
အဒ္ဒမဂ္ဂင်္ဂဝါရိနာ။
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ရာဂစသော မီးလျှံတို့ဖြင့် ပူလောင်သော ကိုယ်ရှိသော သတ္တဝါများကို မဂ္ဂင်ရှစ်ပါးတည်းဟူသော ရေစင်ဖြင့် ငြိမ်းစေတော်မူပြီ၊ ဤမှုန်သော သစ္စာကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။

၄။ စတုရောဃေဟိ ဝုယ္ဘန္တေ၊
ဂမ္ဘီရေ သံသာရဏ္ဏဝေ။
ဥတ္တာရေသိ မဟာဝီရော၊
ဓမ္မနာဝါယ နာယကော၊
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု ဓမ္မ ဇယမင်္ဂလံ။

ကြီးမြတ်သောလုံ့လရှိတော်မူသော ဤသုံးပါးတို့ကို နှိပ်စက်သို့ ပို့ဆောင်တော်မူသော မြတ်စွာဘုရားသည် အလွန် နက်စောက်သော သံသရာတည်းဟူသော ဘမုဒ္ဓရုဒ္ဒ ဩဃလေးပါး တည်းဟူသော ရေအလျဉ်တို့ဖြင့် နစ်မွန်းမျောပါကုန်သော သတ္တဝါတို့ကို တရားတည်းဟူသော လှေဖြင့် ကယ်တင်တော်မူလေပြီ၊ ဤမှုန်သော သစ္စာစကားကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။

www.dhammadownload.com



၅။ သံသာရစာရကံ လောကံ၊
နိစ္စံ ဒုက္ခန ပီဠိတံ။
နိဗ္ဗာနပုရံ ပါပေသိ၊
ယာနတ္တယေန သော ဇိနော။
တေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

ထိုမြတ်စွာဘုရားသည် သံသရာ၌ကျင်လည်လှုပ်ရှား ပြေးသွားနေရပြီး ဇာတိစသော ဆင်းရဲဒုက္ခဖြင့် အမြဲမပြတ် နှိပ်စက်ခြင်း ခံနေရသော လူအပေါင်းကို အနိစ္စ, ဒုက္ခ, အနတ္တ ဝိပဿနာယာဉ်သုံးပါးဖြင့် နိဗ္ဗာန်ပြည်မြတ်သို့ ရောက်စေတော်မူပြီ၊ ဤမှုန်သော သစ္စာစကားကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။

၆။ ကဋ္ဌမုခါဒိသပ္ပေဟိ၊
ဥဋ္ဌကာယံ မဟာဇနံ။
နိဗ္ဗာပေသိ မဟာမဲဏော၊
နာဇထော တိလောကဇေဋ္ဌကော၊
တေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

ကြီးမြတ်သော ပညာရှိတော်မူသော လူသုံးပါးတို့၏ ဆေးသမား သဖွယ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ကဋ္ဌမုခ-စသော မြွေလေးကောင်တို့၏ ကိုက်ခဲခြင်းကို ခံရသော ကိုယ်ရှိသော မျိုးစွာသော သတ္တဝါအပေါင်းကို (ဒေသနာအမြိုက်ဆေး တိုက်ကျွေးသောအားဖြင့်) ငြိမ်းစေတော်မူပြီ၊ ဤမှုန်သော သစ္စာစကားကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။

www.dhammadownload.com



၃။ သံသာရဒုက္ခကန္တာရာ၊
ကိလေသစောရပ်ဋ္ဌိတံ။
ခေမန္တဘူမိံ တာရေသိ၊
သတ္ထဝါဟော ဝိနာယကော၊
တေန သစ္စဝင်္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

ယာဉ်မှူးသဖွယ် ဖြစ်တော်မူသော သတ္တဝါတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော မြတ်စွာဘုရားသည် ကိလေသာခိုးသူတို့၏ နှိပ်စက်ခြင်းကို ခံနေရသော သတ္တဝါအပေါင်းကို သံသရာဆင်းရဲ ခရီးခဲမှ ဘေးမရှိရာ နိဗ္ဗာန်သို့ ပို့ဆောင်ထုတ်ချောက် ကူးမြောက်စေတော်မူပြီ၊ ဤမှုန်သော သစ္စာစကားကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။

၄။ ပဥ္စဝဂ္ဂိယဝဿာနိ၊
ဌတ္ဝာ လောကံ သဒေဝကံ။
ပိဝယိတ္ဝာ ဓမ္မရသံ၊
နိဗ္ဗုတော သော သဿာဝကော။
တေန သစ္စဝင်္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

ဆိုခဲ့ပြီးသော ကျေးဇူးဂုဏ်အပေါင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် လေးဆယ့်ငါးဝါပတ်လုံး ဘုရားအဖြစ်၌ တည်တော်မူ၍ နတ်နှင့်တကွသော လူအပေါင်းကို တရားတည်းဟူသော အမြိုက်အရသာကို သောက်စေတော်မူပြီး၍ တပည့်သား သံဃာတော်အပေါင်းနှင့် အတူ ပရိနိဗ္ဗာန် ပြုတော်မူလေပြီ၊ ဤမှုန်သော သစ္စာစကားကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။

အတွင်းအောင်ခြင်းရှစ်ပါး ပါဠိနှင့်မြန်မာပြန် ပြီး၏။

www.dhammadownload.com

# အတွင်းအောင်ခြင်းရှစ်ပါး ကဏ္ဍ

၁။ အဝိဇ္ဇာ ဥတွင်း၊ သက်ဆင်းရောက်နေ၊
တဏှာတလျှပ်၊ ကန်းဝပ ဝေနေ။
ဒေသနာဉာဏ်မြတ် ၊ဟာလတ်ချတ်ချ၊
ကယ်တင်ငြား၊ ဘုရားမြတ်စိန္တေ။
မှန်စကား၊ တို့မျှားအောင်ပါစေ။

၂။ မောဟမှောင်ကြီး၊ ပိတ်ဆီးကာနေ၊
ပညာမျက်စိ၊ ကန်းဘိသူတွေ့။
မျက်စိကိုဖွင့်၊ ဉာဏ်ဖြင့်မြင်စေ၊
ကယ်တင်ငြား၊ ဘုရားမြတ်စိန္တေ။
မှန်စကား၊ တို့မျှားအောင်ပါစေ၊

၃။ ရာဂ စသား၊ မီးမျှားလောင်နေ၊
ပူလောင်ကိုယ်ရှိ၊ မျှားဘိဝေနေ။
မဂ္ဂင်ရေအေး၊ တိုက်ကျွေးငြိမ်းစေ၊
ကယ်တင်ငြား၊ ဘုရားမြတ်စိန္တေ။
မှန်စကား၊ တို့မျှားအောင်ပါစေ။

၄။ ပင်လယ်ရေလို့င်း၊ နက်ရှိုင်းပူနေ၊
သံသရာသြဃ၊ မျောကြသူတွေ့။
ဗာရာဏသေ့ထက်၊ တင်လျက်ဆောင်ပေ၊
ကယ်တင်ငြား၊ ဘုရားမြတ်စိန္တေ။
မှန်စကား၊ တို့မျှားအောင်ပါစေ။

၅။ ဇာတိအစ၊ ဒုက္ခထွေထွေ၊
နှိပ်စက်ခံရ၊ မျှားလှပေနေ။
သုံးပါးယာဉ်ထက်၊ တင်လျက်ဆောင်ပေ၊

www.dhammadownload.com



ကယ်တင်ငြား၊ ဘုရားမြတ်စိန္တေ။
မှန်စကား၊ တို့များအောင်ပါစေ။

၆။ ကဋ္ဌမုခ၊ စသည်လေးထွေ၊
မြေဆိုးကိုက်ကြ၊ ခံရသူတွေ့။
ဒေသနာဆေး၊ တိုက်ကျေးကာလေ၊
ကယ်တင်ငြား၊ ဘုရားမြတ်စိန္တေ။
မှန်စကား၊ တို့များအောင်ပါစေ။

၇။ ကိလေသာမျိုး၊ လူဆိုးရှုပ်ပွေ၊
သံသရာလမ်း၊ ဘေးဘျမ်းထူနေ။
နိဗ္ဗာန်စခန်း၊ လွတ်လမ်းရှာဖွေ၊
ကယ်တင်ငြား၊ ဘုရားမြတ်စိန္တေ။
မှန်စကား၊ တို့များအောင်ပါစေ။

၈။ ဝါလေးဆယ့်ငါး၊ ဘုရားစိန္တေ၊
နတ်နှင့်လူများ၊ တရားဟောခဲ့။
အမြိုက်ဓမ္မ၊ သောက်ကြပြီးစေ၊
နိဗ္ဗာန်း၊ စံမြန်းအာဝုံပေ။
မှန်စကား၊ တို့များအောင်ပါစေ။

www.dhammadownload.com

# ရတနာရွှေချိုင့် သိမ္မာပွဲယ်

ဆယ်စောင်တဲ့၌ စတုတ္ထမြောက် သင်ကြားရသောစာမှာ ရတနာရွှေချိုင့်ဖြစ်သည်၊ ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ရွှေချိုင့်သဖွယ် အကာအကွယ်ပြု၍ ထားသောကြောင့် ရတနာရွှေချိုင့်ဟု ခေါ်သည်၊ အကာအကွယ်ပြုစီမံထားပုံမှာ–

ဘုရားရတနာကို ဦးခေါင်းအရပ်၌၊
တရားရတနာကို မျက်စိအရပ်၌၊
သံဃာရတနာကို ရင်ဘတ်, နှလုံးသား, ယာ, ဝဲ, နောက်, နား, ကျောက်ကုန်း, နဖူး, မြင်္ဂလာအင်္ဂါတို့၌–

အသီးအသီးစိတ်ဖြင့် ပင့်ဆောင်ထားပြီး ဘေးမသီ ရန်မခစေရန် ရွှေချိုင့်သဖွယ် အကာအကွယ် ပြုလုပ်ထားလေသည်၊ ဤမျှမက ပရိတ်တော် ၁၁-သုတ်ကိုလည်း ရွှေနောက်ခံယာ အထက်ပါမကျန် အကာအကွယ်ပြုထားပြန်သေးသည်။

ဤသို့ "ရတနာသုံးပါးတည်းဟူသော ရွှေချိုင့်အကြီး၌ နေ့ခင့်ရသော အကျွန်ုပ်အဖို့ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကြောင့် အတွင်းအပ ဘေးရန်များ ပျောက်ကင်းရပါလို၏၊ ပျောက်ကင်းပါစေ၊ သူတော်ကောင်းများ၏ အစောင့်အရှောက်ကို ခံရပါလို၏၊ ခံရပါစေ၊ ကိလေသာရန်ကို ပယ်သတ်နိုင်ရပါလို၏။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရပါလို၏" ဟု ဆုတောင်းပတ္ထနာပြုပုံကို ဖော်ပြထား၍ ရတနာရွှေချိုင့်ပါ စာများကို နှစ်သက်သူများကြသည်။

## အင်းဝခေတ်

ဤရတနာရွှေချိုင့်နှင့် အလားတူ ရတနာဇရုထိုးဟူသော စာမူတပုဒ်လည်း ရှိသေးသည်။ ဆယ်စောင်တဲ့ စာရင်းဝင်မဟုတ်၍ လူသုံးမများသောကြောင့် သိသူနည်းလှသည်၊ ရတနာရွှေချိုင့်ပါ ဂါထာများကို

www.dhammadownload.com



အင်းဝခေတ်၌ တွင်ကျယ်စွာ သင်ကြားပို့ချမှု ပြုနေပြီ ဖြစ်ကြောင်း ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရတို့၏ ဓုတင်ဖွဲ့ ရတုစာများကို ဖတ်ကြည့်သောအားဖြင့် သိနိုင်ပါသည်။ ရှင်မဟာရဋ္ဌသာရ၏ ရတုမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

မယှဉ်သဘာ၊ စိတ်ကိုခွါ၍၊ တောမှာသေခွေ့၊ နေသည်ပြီပြီ၊ မြိုင်းရီချုပ်တက်၊ ညနံနက်လည်း၊ တံမြက်လှည်းခတ်၊ စကြံဝတ်နှင့်၊ ဖြည့်မှတ်ပင်ပန်း၊ ကိုယ်ကျန်းလက်သာ၊ ရှိစေပါဟု၊ သန့်စွာသုတ်သင်၊ စေတီပြင်၌၊ ညောင်ပင်ညွတ်ညောင်း၊ ညောင်ရေလောင်းလျက်၊ ရှိပြောင်းညွတ်သင်၊ ကျောင်းသို့ဝင်မှ၊ သန့်စင်ထက်မြက်၊ ဓမ္မစက်နှင့်၊ အနမတဂ္ဂ၊ လက္ခဏာသုတ်၊ ဇ္ဈန္တိတ်ဟောချို၊ သတိပဋ္ဌာန်၊ စောင့်ရန်မကွာ၊ ရတနာဇ္ဈရှိုင့်၊ တံတိုင်းအတူ၊ စောင့်ရန်းပြုလျက်။

ရတနာဇ္ဈရှိုင့်ရေးသူ၏အမည်ကို မသိရ၊ ရွတ်ဖတ်သူ,သင်ကြားသူတို့ သဒ္ဒါကြည်ညိုစိတ်ဖြင့်စေရန်, အလှယ်တကူ သိနိုင်စေရန် မူရင်းပါဋ္ဌိဂါထာ၏ အောက်၌ မြန်မာသက်သက်ပြန်ဆိုဖော်ပြပေးလိုက်ပါသည်။

---

ဆယ်ခေတ်တဲ့ ၄—ပ-မ-သ-စ

www.dhammadownload.com

# ၄-ရတနာဘွဲ့ချီးဦးပုံနှင့် မြန်မာပြန်

၁။ ဇယာသနာဂတာ ဗုဒ္ဓါ၊
ဇိတ္ဝာ မာရံ သဝါဟနံ။
စတုသစ္စံ မတာရဿ၊
ယေ ပိဝိံသု နရာသဘာ။

အောင်ခြင်း၏ အနိုး (အပရာဇိတပလ္လင်)သို့ ရောက်တော်မူကုန်သော လူ,နတ်,ဗြဟ္မာသတ္တဝါတို့ထက်လည်း မြတ်တော်မူကုန်သော ဘုရားရှင်တို့သည် စစ်သည်နှင့်တကွ မာရ်နတ်သားကို အောင်တော်မူပြီး၍ သစ္စာလေးဖြာ မြို့က်ရသောကို (တပည့်သား သာဝကတို့အား) သောက်စေတော်မူကုန်ပြီ။

မှတ်ချက်။ ။ "ဇယော သနာ ဂတာ" ဟု ရှိခဲ့သော် "အောင်နေရာခွင် အပရာဇိတပလ္လင်သို့ ရောက်တော်မူကုန်သော" ဟု မြန်မာပြန်ဆိုပါလေ။

၂။ တဏှက်ခယော ဗုဒ္ဓါ၊
အဒ္ဓဝိသတိ နာယကာ။
သဗ္ဗေ ပတိဋ္ဌိတာ မယျံ၊
မတ္ထကေ တေ မုနိသဟာ။

လူ,နတ်,ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ခရီးလမ်းညွှန်သဖွယ် ဖြစ်တော်မူကုန်သော၊ ရသေ့, ရဟန်းအပေါင်းတို့ကို အစိုးရတော်မူကုန်သော တဏှာက်ရာ အစရှိသော နှစ်ကျိုးရှစ်ဆူသော ဘုရားမျှင်တို့သည် အကျွန်ုပ်၏ ဦးခေါင်းထက်၌ တည်တော်မူကုန်ပြီ (တည်တော်မူကြပါစေ)။

www.dhammadownload.com



၃။ သီသေ ပတိဋ္ဌိတော နောသိ၊
ဗုဒ္ဓေါ ဓမ္မော ဒ္ဝိလောစနေ။
သံဃော ပတိဋ္ဌိတော မယှံ၊
ဥရေ သဗ္ဗဂုဏာဂကရော။

ဂုဏ်တော် ကျေးဇူးတော်အပေါင်းတို့၏ တည်ရာဖြစ်တော်မူသော အကျွန်ုပ်တို့၏ ကိုးကွယ်ရာ ဂေါတမ မြတ်စွာဘုရားသည် အကျွန်ုပ်၏ ဦးခေါင်းဌ၌ သီတင်းသုံး တည်နေတော်မူပြီ (တည်နေတော်မူပါ၏စေ)၊ ကိုးပါးသော လောကုတ္တရာ တရားတော်သည် အကျွန်ုပ်၏ မျက်စိနှစ်ဘက်၌ တည်နေတော်မူပြီ (တည်နေပါ၏စေ)၊ ရှစ်ယောက်သော အရိယာသံဃာတော်သည် အကျွန်ုပ်၏ရင်၌ တည်နေတော်မူပြီ (တည်နေပါ၏စေ)။

၄။ ဟဒယေ မေ အနုရုဒ္ဓေါ၊
သာရိပုတ္တော စ ဒက္ခိဏေ။
ကောဏ္ဍညော ပစ္ဆာဘာဂသ္မိံ၊
မောဂ္ဂလ္လာနော စ ဝါမကေ။

အရှင်အနုရုဒ္ဓါသည် အကျွန်ုပ်၏ နှလုံးသား၌ တည်တော်မူပြီ (တည်တော်မူပါစေ)၊ အရှင်သာရိပုတ္တရာသည် အကျွန်ုပ်၏ လက်ယာဘက်၌ တည်တော်မူပြီ (တည်တော်မူပါစေ)၊ အရှင်ကောဏ္ဍညသည် အကျွန်ုပ်၏ နောက်အဖို၌ တည်တော်မူပြီ (တည်တော်မူပါစေ)၊ အရှင်မောဂ္ဂလ္လာန်သည် အကျွန်ုပ်၏ လက်ဝဲဘက်၌ တည်တော်မူပြီ (တည်တော်မူပါစေ)။

၅။ ဒက္ခိဏေ သဝနေ မယှံ၊
အာသုံ အာနန္ဒရုဟုလာ။
ကဿပေါ စ မဟာနာမော၊
ဥဘောသုံ ဝါမသောတကေ။

www.dhammadownload.com



အရှင်အာနန္ဒာနှင့် အရှင်ရာဟုလာတို့သည် အကျွန်ုပ်၏ လက်ယာနား၌ တည်တော်မူကုန်ပြီ (တည်တော်မူကြပါစေ)၊ မဟာကဿပနှင့် မဟာနာမ် အရှင်နှစ်ပါးတို့သည် အကျွန်ုပ်၏ လက်ဝဲနား၌ တည်တော်မူကုန်ပြီ (တည်တော်မူကြပါစေ)။

၆။ ကေသန္တေ ပိဋ္ဌိဘာဂသ္မိံ၊
သူရိယော၀ ပဘာသ်ရော။
နိသိန္နော သိရိသမ္ပန္နော၊
သောဘိတော မုနိပုင်္ဂ၀ါ။

နေမင်းကဲ့သို့ အရောင်ကို ပြုတတ်သော ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူသော ရဟန်းမြတ် ဖြစ်တော်မူသော သောဘိတအရှင်သည် အကျွန်ုပ်၏ ဆံပင်အဆုံး ကျောက်ကုန်း အဖို၌ တည်တော်မူပြီ (တည်တော်မူပါစေ)။

၇။ ကုမာရကဿပေါ နာမ၊
မဟေသီ စိတြ၀ါစကော။
သော မယ္ဟံ ၀ဒနေ နိစ်္စံ၊
ပတိဋ္ဌာသိ ဂုဏာကရော။

သီလကွန္ဓစသည့်ကျေးဇူး ဂုဏ်အထူးကို ချင်မြှုံးဝမ်းသာ ရွှာတော်မူလေ့ရှိထသော, ဆန်းကြယ်သော တရားစကားကို ဆိုတော်မူတတ်သော, ကျေးဇူးတော်အပေါင်း၏တည်ရာဖြစ်တော်မူသော ကုမာရကဿပမထေရ်သည် အကျွန်ုပ်၏ နှုတ်ခမ်း၌ တည်တော်မူပြီ(တည်တော်မူပါစေ)။

၈။ ပုဏ္ဏော အင်္ဂုလိမာလော စ၊
ဥပါလိ နန္ဒ သီ၀လိ။
ဣမေ ပဉ္စ မဟာထေရာ၊
နလာဋေ္ဌ တိလကာ ၀ိယ။

www.dhammadownload.com



အရှင်ပုဏ္ဏ, အရှင်အင်္ဂလိမာလ, အရှင်ဥပါလိ, အရှင်နန္ဒ, အရှင်သီဝလိ ဤမထေရ် ငါးပါးတို့သည်အကျွန်ုပ်၏ နဖူးပြင်၌ မှန်ကူကဲ့သို့ တည်တော် မူကုန်ပြီ (တည်တော်မူပါစေ)။

၀

၉။ တေဟ သေသာ မဟာထေရာ၊
ဇိတဝန္တော ဇိနောရသာ။
ဇလန္တာ သီလနေ့တဇေန၊
အဂ္ဂမင်္ကသု သဏ္ဌိတာ။

ထိုဆိုအပ်ပြီးသော မထေရ် ၁၅-ပါးမှ ကြွင်းကုန်သော ကိလေသာရန်ကို အောင်ကုန်ပြီး၍ သီလတန်ခိုးအားဖြင့် ထွန်းတောက်ပကုန်သော ဘုရားသားတော် မထေရ်ကျော်တို့သည် အကျွန်ုပ်၏ မြတ်သောအင်္ဂါတို့၌ တည်တော်မူကုန်ပြီ(တည်တော်မူကြပါစေ)။

၀ ၀

၁၀။ ရတန ပုရတော အာသိ၊
ဒက္ခိဏော မေတ္တာသုတ္တကံ။
ဓဇဂ္ဂံ ပစ္ဆတော အာသိ၊
ဝါမေ အင်္ဂုလိမာလကံ။

၁၁။ ခန္ဓ မောရ ပရိတ္တာဉ္စ၊
အာဋာနာဋိယသုတ္တကံ။
အာကာသေ ဆဒနံ အာသိ၊
သေသာ ပါကာရသဏ္ဌိတာ။

၁။ ရတနသုတ် ပရိတ်တော်သည် အကျွန်ုပ်၏ ရှေ့မှ တည်တော်မူပြီ၊
၂။ မေတ္တာသုတ် ပရိတ်တော်သည် အကျွန်ုပ်၏ လက်ယာ၌ တည်တော်မူပြီ၊
၃။ ဓဇဂ္ဂသုတ် ပရိတ်တော်သည်အကျွန်ုပ်၏နောက်မှ တည်တော်မူပြီ၊
၄။ အင်္ဂုလိမာလသုတ် ပရိတ်တော်သည် အကျွန်ုပ်၏ လက်ဝဲ၌ တည်တော်မူပြီ၊

www.dhammadownload.com



၅။ မန္ဒသုတ်, မောရသုတ်, ဒါဒုဟနာဠိယသုတ် ပရိတ်သုံးစောင်သည် အာဟျန်ပ်၏ အထက်ကောင်းကင်၌ ယံးသဖွယ် တည်တော်မူပြီ။

၆။ ကြွင်းကျန်သော မင်္ဂလသုတ်, ဝဋ္ဋသုတ်, ပေါဇ္ဈင်္ဂသုတ်, ပုဗ္ဗဏှသုတ် ပရိတ်လေးစောင်တို့သည် တံတိုင်းသဖွယ် တည်နေတော်မူပြီ။ (တည်နေတော်မူကြပါစေ)။

၁၂။ ဇိနာနံ ဇလသံယုဇ္ဈော၊
ဓမ္မပါကာရလင်္ကဟေ။
ဝသတော မေ အကိဉ္စနေ၊
သမ္မာသမ္ဗုဒ္ဓပဋ္ဌရေ။

၁၃။ ဝါတပိတ္တာဒိသဉ္ဇာတာ၊
ဗဟိရဇ္ဈတ္တုပဒ္ဒဝါ။
အသေသာ ဝိနာသံ ယန္တု၊
အာနုဘ္ဘဂဂတေ သဝေ။

ငါးပါးမာရ်အောင် မြတ်ဘုန်းခေါင်တို့၏ အားတော်ဆယ်ပါးနှင့် ယှဉ်သော တရားတည်းဟူသော မြို့တံတိုင်းဖြင့် တန်ဆာဆင်ကာရံ ထားသော ကြယ်စွာဘုရားတည်းဟူသော ရွှေချိုင့်၌ မငြိုမပြင်နေရသော အကျွန်ုပ်အား လေ သည်းခြေ-စသည်တို့ကြောင့်ဖြစ်ကုန်သော အပြင်ရန် ခေတ္တငြိမ်းရုန်တို့သည် မြတ်စွာဘုရား၏ ဂုဏ်တော်အနုဿ် တန်ခိုးတော် အနုဘော်ပြောင့် အကြင်းအကျန်မရှိ ပျောက်ပျက်ခြင်းသို့ ရောက်ပါစေ။

၁၄။ ဇိနပဇ္ဇရမဇ္ဈမ်ိ
ဝိဟာရန္တံ မဟိတလေ။
သဒါ ပါလေန္တော် မံ သဗ္ဗေ၊
ဧတေ မဟာပုရိသာ သဘာဝါ။

မြတ်စွာဘုရား တည်းဟူသော ရွှေချိုင့်ဒေသယ်၌ နေရသော အကျွန်ုပ်ကို ဖြစ်အပြင်၌ ကြီးမြတ်ကုန်သော ယောကျ်ားမြက်အား လုံးတို့က အစဉ်သဘိုး စောင့်ရှောက်ကြပါစေ။

www.dhammadownload.com



၁၅။ ကုဇ္ဈေဝ မေကန္တေ ကတော၊
သုရက္ခော ဇိနသာသနော။
ဟတာရိသံဃော သံဃသာ၊
တေဇေန ဂုဏာကရသာ။

ဆိုခဲ့ပြီးသော နည်းဖြင့် ငါသည် ကောင်းသော အစောင့်အရှောက်ကို ပြုအပ်ပြီ။

(၁) မြတ်စွာဘုရား၏ တန်ခိုးဟေဇော် အာနုဘော်ကြောင့် ဘေးရန် အပေါင်းကို ပယ်သတ်နိုင်ရပါလို၏။

(၂) သီလ, သမာဓိ-စသော ဂုဏ်ကျေးဇူးအပေါင်းတို့၏ တည်ရာ ဖြစ်သော ပရမတ္ထသံဃာတော်၏ တန်ခိုးကြောင့် ကိုယ်စိတ် နှစ်ဖြာ ချမ်းသာရပါလို၏။

**မှတ်ချက်။** ။ဆယ်စောင်တဲ့စာအုပ်မျာ်း၌ "ဟရိတသံဃော, မာရိတသံဃော, ဟတာရိသံဃော" ဟူ၍ ပါဠိအမျိုးမျိုးရှိနေသည်။ သဒ္ဒါအနက် အသင့်လျော်ဆုံးဖြစ်သည့် ဟတာရိသံဃော ပုဒ်ကို ဤစာအုပ်၌ ထည့်သွင်းဖော်ပြပါသည်။

ရတနာဇ္ဈေချိုင့်ပါဠိနှင့် မြန်မာပြန် ပြီး၏။

www.dhammadownload.com

# ရတနာတွေ့ချိုင့် သံဖေါက်ကျောက်များ

၁။ မာရ်နတ်အောင်မြင်၊ ဘုရားရှင်၏၊ လေးအင်သစ္စာ၊ မြို့က်ရသာကို၊ မှန်စွာသောက်ပြီး၊ အောင်ခရီး၌၊ ငါလည်းအားကျ၊ မြော်တောင့်တ၍၊ ဗုဒ္ဓရတနာ၊ ရွှေချိုင့်သာဝယ်၊ ရန်ကွာအေးပါ၊ အောင်ပွဲရ၊ ဒုက္ခဘုံမှ ဝေးပါစေ။

၂။ အဌဝီသ၊ မြတ်ဗုဒ္ဓ၊ ထိပ်မှတည်နေ ကာပါစေ။

၃။ ဘုရားဗုဒ္ဓ၊ ဂေါတမ၊ ခေါင်းမှတည်နေ ကာပါစေ။

၄။ လောကုတ်ကိုးပါး၊ မြတ်တရား၊ နှစ်ပါးမျက်စိ ကာပါစေ။

၅။ ရှစ်ပါးအရိယာ၊ မြတ်သံဃာ၊ ရင်မှာတည်နေ ကာပါစေ။

၆။ အနုရုဒ္ဓါ၊ နှလုံးမှာ၊ သေချာတည်နေ ကာပါစေ။

၇။ သာရိပုတ္တရာ၊ ညာလက်ယာ၊ သေချာတည်နေ ကာပါစေ။

၈။ ထေရ်ကောဏ္ဍည၊ နောက်ဘက်မှ၊ မုချတည်နေ ကာပါစေ။

၉။ မောဂ္ဂလ္လာန်က၊ လက်ဝဲမှ၊ မုချတည်နေ ကာပါစေ။

၁၀။ အာနန်ညီဘွား၊ ရာဟုသား၊ လက်ယာနားနေ ကာပါစေ။

၁၁။ မဟာနာမ၊ ကဿပ၊ လက်ဝဲနားမှ ကာပါစေ။

၁၂။ သောဘိတဘုန်း၊ ဆံအဆုံး၊ ကျောက်ကုန်းတည်နေ ကာပါစေ။

၁၃။ ထေရ်ကုမာရ၊ ကဿပ၊ နှုတ်မှတည်နေ ကာပါစေ။

၁၄။ အင်္ဂုလိမာလ၊ ပုဏ္ဏ, သိဝလိ၊ ဥပါလိ, နန္ဒ၊ ငါးဝထေရ်ရှင်၊ နဖူးပြင်၊ မှန်ကူသွင်သို့ ကာပါစေ။

၁၅။ ကြွင်းသေသံဃာ၊ မြတ်အင်္ဂါ၊ သေချာတည်နေ ကာပါစေ။

၁၆။ သုတ်ရတန၊ ပရိတ္တာ၊ ရွှေမှတည်နေ ကာပါစေ။

၁၇။ သုတ်တော်မေတ္တာ၊ ပရိတ္တာ၊ ယာမှတည်နေ ကာပါစေ။

www.dhammadownload.com



၁၈။ သုတ်ဓဇဂ္ဂ၊ ပရိတ္တ၊ နောက်မှတည်နေ ကာပါစေ။

၁၉။ အင်္ဂုလိမာလ၊ ပရိတ္တ၊ ဝဲမှတည်နေ ကာပါစေ။

၂၀။ ခန်, မော, အာဋာ၊ သုတ်သုံးဖြာ၊ ခေါင်းမှာတည်နေ ကာပါစေ။

၂၁။ မင်္ဂလ, ဝဋ္ဋ၊ ဗောဇ္ဈင်္ဂနှင့်၊ ပုဗ္ဗဏှပါ၊ သုတ်လေးဖြာ၊ ရံကာထံတိုင်း ကာပါစေ။

၂၂။ ဘုရားရတနာ၊ ဇ္ဈေချိုင့်သာတွင်၊ ငြိုငြင်မရှိ၊ နေဘိုင့်အား၊ နှစ်ပါးဘေးရန်၊ တွင်းပြင်ဒဏ်၊ အမှန်ကင်းပါစေ။

၂၃။ ဘုရားရတနာ၊ ဇ္ဈေချိုင့်သာတွင်၊ ငြိုငြင်မရှိ၊ နေဘိုင့်အား၊ ကြီးမားမြေပြင်၊ မြတ်လူရှင်၊ အစဉ်စောင့်ရှောက် ကြပါစေ။

၂၄။ ဘုရားတန်ခိုးတော်၊ အာနုဘော်၊ မတော်ရန်ပေါင်း ကင်းပါစေ။

၂၅။ သံဃာ့တန်ခိုးတော်၊ အာနုဘော်၊ ရှင်ပျော်ကိုယ်စိတ် ရှိပါစေ။

www.dhammadownload.com

# နမက္ကာရ သိမ္ဘက်ဖွယ်

ဆယ်စောင်တဲ့၌ ပဉ္စမမြောက် သင်ကြားရသောစာမှာ နမက္ကာရ ဖြစ်သည်၊ ကြည်ညိုဖွယ်ရာ ကောင်းသော မြတ်စွာဘုရား၏ ရူပကာယ, ဓမ္မကာယနှင့် စရိယဂုဏ်တော်မျှားအကြောင်းကို ဂါထာဖွဲ့၍ ရေးစီထားသော ဗုဒ္ဓဝန္ဒနာကို နမက္ကာရ-ဟု ခေါ်သည်၊ ဘုရားရှိခိုးစာ-ဟု အလွယ်တကူ မှတ်သားနိုင်သည်။

ဤနမက္ကာရ ဘုရားရှိခိုးဂါထာမျှားကို ရှင်မဟာဗုဒ္ဓဃောသ ရေးသားရွတ်ဖတ်ပူဇော်ကြောင်း ဆရာစဉ်ဆက် ပြောဆိုသည်ကို သုတစကားကြားရဖူးသည်၊ ရှင်မဟာဗုဒ္ဓဃောသသည် ဘုရားဟော ပိဋကတ်သုံးပုံ၏ အဖွင့်ဖြစ်သော ရှေးအဋ္ဌကထာဟောင်းမျှားကို ကြည့်ရှုခွင့်ပြုရန် သီဟိုဠ်ဆရာတော်မျှားအား တောင်းပန်ရာ ဒေထင်သေးပြီး ပိဋကတ်တိုက်ကိုပင် ဝင်ခွင့်မပေးဘဲ နေသည်ဆို၏၊ ထိုအခါ ရှင်မဟာဗုဒ္ဓဃောသက ပိဋကတ်တိုက်အဝတွင် ထိုင်၍ ဤနမက္ကာရဘုရားရှိခိုးဂါထာမျှားကို ရွတ်ဖတ်ပူဇော်ကြောင်း ဆရာစဉ်ဆက် ပြောဆိုသည်ကို သုတစကားကြားရဖူးသည်၊ ရှင်မဟာဗုဒ္ဓဃောသသည် ဘုရားဟော ပိဋကတ်သုံးပုံ၏ အဖွင့်ဖြစ်သော ရှေးအဋ္ဌကထာဟောင်းမျှားကို ကြည့်ရှုခွင့်ပြုရန် သီဟိုဠ်ဆရာတော်မျှားအား တောင်းပန်ရာ ဒေထင်သေးပြီး ပိဋကတ်တိုက်ကိုပင် ဝင်ခွင့်မပေးဘဲ နေသည်ဆို၏၊ ထိုအခါ ရှင်မဟာဗုဒ္ဓဃောသက ပိဋကတ်တိုက်အဝတွင် ထိုင်၍ ဤနမက္ကာရဘုရားရှိခိုးဂါထာမျှားကို ရွတ်ဖတ်ပူဇော်ရာ "တဟိံ တဟိံ" ဂါထာအဆုံးရောက်တွင် ခတ်ထားသော သော့ခလောက်မှာ အလိုလိုပွင့်လာသော ဟူ၏၊ ဤဖြစ်ရပ်ဆူးကို မြင်တွေ့ရသောအခါမှ သီဟိုဠ် ဆရာတော်မျှားက ရှင်မဟာဗုဒ္ဓဃောသ၏ သဒ္ဓါတရားကို အံ့သြချီးကျူးပြီး သာဓုခေါ်ကာ သဘောကျသလို ကူးယူခွင့်ပြုကြလေ၏၊ ဤကား သုတစကားတည်း။

## သီဟိုဠ်ငရုး ဂါထာပဟုတ်

နမက္ကာရ ဂါထာမျှားကို သီဟိုဠ် ဆရာတော်မျှား ရေးသားကြောင်းလည်း ပြောကြသေးသည်၊ ဆဋ္ဌသင်္ဂါယနာ ပထမဦးစီးနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇရဝတမဟထေရ်က ဤဂုဏ်ဆုံဝံသကျမ်းကို ကိုးကား၍ သီဟိုဠ်ဆရာတော်မျှား ရေးသားသော ဂါထာမျှား မဟုတ်ကြောင်း နမက္ကာရဋ္ဌကထာ နိဒါန်းတွင် ရှင်းပြထားသည်၊ ဤဂုဏ်ဆုံဝံသကျမ်းသည် သီဟိုဠ်ဖြစ် ကျမ်းတဆူဖြစ်ပြီး ထိုကျမ်းတွင်-

www.dhammadownload.com



-အနန္တဇုဒ္ဓဝန္ဒနာ ဂါထာ ဘုရားရှိခိုး၊
-အနာဂတဇုဒ္ဓဝန္ဒနာ ဂါထာ ဘုရား ရှိခိုး၊
-အဋ္ဌဝီသတိ ဇုဒ္ဓဝန္ဒနာ ဂါထာ ဘုရားရှိခိုး၊
-အတီတာနာဂတပစ္စုပ္ပန္နဇုဒ္ဓဝန္ဒနာ ဂါထာ ဘုရားရှိခိုး၊
-အသီတိ မဟာသာဝကဇုဒ္ဓဝန္ဒနာ ဂါထာ ဘုရားရှိခိုး-

စသော အမည်များကို ဖော်ပြထားသော်လည်း ဤ နမက္ကာရဘုရားရှိခိုး အမည်ကိုမူ ဖော်ပြထားသည်ကို မတွေ့ရ၊ အကယ်၍ သီဟိုဠ် ဆရာတော်များ ရေးသားပြုစုခဲ့ပါလျှင် ဤမျှထင်ရှားလှသော နမက္ကာရ ဘုရားရှိခိုးကို စွဲငဉ်ဆဲဝံသ ကျမ်းပြုဆရာက မဖော်ပြဘဲနေလိမ့်မည်မဟုတ်။

ထို့ကြောင့် ဤ နမက္ကာရဂါထာများကို သီဟိုဠ် ဆရာတော်များ ရေးသားသည်ဟု မဆိုနိုင်ပါ၊ မြန်မာနိုင်ငံသား ပိဋကတ္တယဝိဒူ ကျမ်းဂန် တတ် ရှေး ဆရာတော်များ ရှိခိုးရေးသားသော ဂါထာသမူဟ အဖြစ် ယူဆမှသာ သင့်လျော်မည်ဖြစ်ကြောင်း နမက္ကာရဋ္ဌီကာ နိဒါန်းတွင် ညွှောင်ရမ်းဆရာကော်ဘုရားကြီးက-

> တသ္မာ စ အယံ နမက္ကာရပါဠျော မရမ္မရဋ္ဌေ ဝသန္တေဟိ ပိဋကတ္တယဝိဒူဟိ ပဏ္ဍိတာစရိယေဟိ ဝန္ဒိတဂါထာသမူဟောတိ ဂဟိတေ ယုတ္တံ ဝိယ ဒိဿတိ-

ဟု မှတ်ချက်ချထားပါသည်။

ဆန်းလည်းညီ၊ အလင်္ကာလည်းပီ၊ ဂုဏ်လည်းမြောက်

ဆန်းဂိုဏ်းနှင့်အညီ ရေးဖွဲ့ထားသောကြောင့် နမက္ကာရ ဂါထာများသည် အလွန်ရွတ်ဆို၍ ကောင်းလှသည်၊ သဒ္ဒါရော အနက်ပါ အလင်္ကာဂုဏ်မြောက်အောင် ဖွဲ့ဆိုထားသောကြောင့် နှစ်သိမ့်မှုလည်း တိုးပွားရပါသည်၊ပါဠိကဗျာများမှာ အသံနိမ့်,မြင့် ငြိမ့်ငြိမ့်ငြောင့်းငြောင်း ရှိလှသည်၊ ဖုံထစ်မထင် ပီပြင်ညီညာ သာသာယာယာရှိလှသည်၊ အမည်တူ အစုံဖွဲ့

www.dhammadownload.com



ပါဠိယမကမျှားကို ဆန်းအလင်္ကာနှင့်အညီ ဖွဲ့စီထားသောကြောင့် ရှုတ်ဆို ဖတ်ကြားရသည်မှာ သာယာနာပျော်ဖွယ်ရှိလှသည်၊ ဂ လုံးဖွဲ့မှစ၍ ၂၁-လုံးဖွဲ့အထိ တစ်ဆင့်ထက်တစ်ဆင့် တစ်လုံးစီ တစ်လုံးစီ တိုးကာ တိုးကာ ဖွဲ့နွဲ့ထားသောကြောင့် ပါဠိဂါထာ စီကုံးလိုသူတို့အဖို့ နည်းယူစရာ ကောင်းလှသည်။

## သြဇဂုဏ်မြောက်

နမက္ကာရတွင် ဂါထာ ပုဒ်ရေ ၃၃-ပုဒ်ပါရှိရာ ဘုရားရှိခိုးဂါထာ ၂၅၊ တိုက်တွန်းဂါထာ ၁၊ဆုတောင်းဂါထာ ၂-အကျိုးပြဂါထာ ၅-ပုဒ် အသီးသီး ရေးဖွဲ့ထားသည်ကို တွေ့ရသည်၊ ဘုရားရှိခိုး ၂၅-ဂါထာအနက်—

—နမေ ကြိယာဖြင့် ၃-ကြိမ်၊
—အဘိနမေ ကြိယာဖြင့် ၁-ကြိမ်၊
—နမာမိ ကြိယာဖြင့် ၁၀-ကြိမ်၊
—ဝန္ဒေ ကြိယာဖြင့် ၄-ကြိမ်၊
—ဝန္ဒာမ ကြိယာဖြင့် ၂-ကြိမ်–

ရှိခိုးထားသည်ကို တွေ့ရသည်။

သုတ်မဟာဝါ မဟာပဓာနသုတ်နှင့် သုတ်ပါထေယျ လက္ခဏသုတ်တို့တွင် ကျယ်ဝန်းစွာ ပြဆိုထားသော ဒဋ္ဌိ သ မဟာပုရိသလက္ခဏာများကို ဤ နမက္ကာရတွင် ဂါထာ သုံးပုဒ်မျှဖြင့် သြဇဂုဏ်မြောက်အောင် ဖွဲ့စီထားသည်မှာ အတုယူဖွယ် ကောင်းလှပါသည်။

## နမက္ကာရ နိဿယများ

ရဟန်း, ရှင်,လူတို့အကျိုးများစေခြင်းငှာ ရှေးပညာရှိတို့က နမက္ကာရ-နိဿယများကို ရေးသားခဲ့ကြသည်၊ တွေ့ရှိရသော နိဿယများမှာ–

၁။ ဆယ်စောင်တဲ့ပါ ရှေးဆရာတော်များ၏ အရိုးခံ နိဿယ၊
၂။ စိန္တကျော်သူဦးဩ၏ လက်ဝဲသားဖြင့်ရေးထား သောအနက်ထူး၊

www.dhammadownload.com



၃။ တံ့ဓေတးဆရာတော် ဦးနာဂ၏ လက်ာသ့ားဖြင့် ရေးထားသော နိသ့ာယ-စသည်တို့ဖြစ်သည်။

## နမက္ကာရ ဋီကာနှင့် နိဿယ

နမက္ကာရအဖ့ဉ်ဋီကာကျမ်းကို ဆဋ္ဌသင်္ဂါယနာဦးစီးနာယက ညောင်ရမ်း ဆရာတော်ကြီးက ရေးသားပြုစုခဲ့သည်၊ သာသနာနှစ် ၂၄၈၉-ခု ဓနုဇာသက္ကရာဇ် ၁၃၀၇-ခုနှစ်တ့ဉ် ရေးသားပြီးစီးကြောင်း နိဂုံးပါဂါထာအရ သိရှိရသည်၊ မ့တ်သ့ားဖ့ယ်ရာ အဓိပ္ပာယ်မ့ာား စုံလင်လ့သည်။ ပါဠိရေးအဆင့်မြင့်သော်လည်း အသေးစိတ်ဖ့ဉ်ပြဆ့ားချ သာမန်ပါဠိ ထတ်သူမ့ားပင် ဖတ်၍ အရသာပေါ်နိုင်သည်၊ မြန်မာရေးပါဠိဖြစ်သောကြောင့် သီဟိုဠ်ရေးပါဠိထက် မြန်မာ့ အသိဉာဏ်တ့ဉ် ပို၍ရှင်းလင်းသည်၊ နမက္ကာရ ဋီကာနိဿယကို ညောင်ရမ်း ဆရာတော်၏တပည့် ဘဒ္ဒန္တလက္ခဏ (အဂ္ဂ-မဟာပဏ္ဍိတ)က ရေးသားခဲ့သည်။

## ရှေးကျသောနမက္ကာရ

နမက္ကာရဂါထာမ့ားကို မြန်မာနိုင်ငံသို့ သာသနာရောက်စ အချိန်လောက်ကပင် သင်ကြားသုံးစွဲမ့ုပြုခဲ့ကြသည်၊ အစောဆုံး တွေ့ရသော အထောက်အထာားမ့ာ ပုဂံခေတ် သက္ကရာဇ် ၅၅၇-ခုတ့ဉ် ရေးထိုးသော ဖ့ာားစောရွာ ဓမ့ဆူဇီက ဘုရားကျောက်စာတ့ဉ် နမက္ကာရ ဂါထာအချို့ ရေးထိုးထာားသည်ကို တွေ့ရသည်၊ ပုဂုံခေတ်ထက် စောနိုင်စရာရှိပါသည်။

## နမက္ကာရဂါထာများ

နမက္ကာရဂါထာမ့ားကို မြန်မာနိုင်ငံသို့ သာသနာရောက်စ အချိန်လောက်ကပင် သင်ကြားသုံးစွဲမ့ုပြုခဲ့ကြသည်၊ အစောဆုံး တွေ့ရသော အထောက်အထာားမ့ာ ပုဂံခေတ် သက္ကရာဇ် ၅၅၇-ခုတ့ဉ် ရေးထိုးသော ဖ့ာားစောရွာ ဓမ့ဆူဇီက ဘုရားကျောက်စာတ့ဉ် နမက္ကာရ ဂါထာအချို့ ရေးထိုးထာားသည်ကို တွေ့ရသည်၊ ပုဂုံခေတ်ထက် စောနိုင်စရာရှိပါသည်။

## နမက္ကာရသင်ရခြင်းအကျိုး

နမက္ကာရ ဘုရားရှိခိုးဂါထာ ၁-ပုဒ်မ့ျာကို သင်ကြားခြင်း, ရွတ်ဖတ်ခြင်း, ပ့ာားမ့ာားခြင်း ပြုခဲ့သော် တမလွန်အကျိုး ၇-ပါးနှင့် ပစ္စုပ့ွန်အကျိုး ၆-ပါး (အကျိုး ၁၃-ပါး) ရရှိနိုင်ကြောင်းကို (၂၉၊၃၀၊၃၁၊၃၂၊၃၃) နံ့ပါတ်ပါဂါထာမ့ားအရ သိရှိနိုင်ပါသည်၊ ဂါထာအာားလုံးကို ဆောင်ခြင်းအတွက်

www.dhammadownload.com



ရှိသေအကျိုးကား ဆိုဖွယ်မရှိပြီ။ အကျိုး ၁၃-ပါးကို နမက္ကာရ မြန်မာ ပြန်ပွင့် ဖော်ပြထားပါသည်။

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာန ယဉ်ကျေးမှုသင်တန်း တွင် နမက္ကာရ ဘာသာရပ်ကို သင်ကြားရာ၌ ကလေးများ အသိဉာဏ် မရှုပ်ထွေးစေရန် ပါဠိတစ်ကျော့ မြန်မာတစ်ကျော့ ရောထွေးသင်ကြား ခဲသာနည်းကို အသုံးမပြုဘဲ မြန်မာပြန်သက်သက်ကို သင်ကြားပေးရာ လွယ်ကူထိရောက်သည်ကို လက်တွေ့ကြုံခဲ့ရပါသည်၊ သို့ဖြစ်၍ လူငယ် လူရွယ်များ ခက်ခဲမှုမရှိစေရန်, အလွယ်တကူ သဘောပေါက်စေရန် နမက္ကာရ ပါဠိဂါထာ၏ အောက်တွင် ပါဠိမဖက် မြန်မာပြန် သက်သက်ကို ယခုကဲ့သို့ပေးထားပါသည်။

www.dhammadownload.com

# ၅-နံမက္ကာရပါဠိနှင့် မြန်မာပြန်

၁။ သုဂတံ သုဂတံ သေဋ္ဌံ၊
ကုသလ ကုသလ ဇဟာ။
အမတံ အမတံ သန္တံ၊
အသမံ အသမံ ဒဒံ။

၂။ သရဏံ သရဏံ လောကံ၊
အရဏံ အရဏံ ကဎ်။
အဘယံ အဘယံ ဌာနံ၊
နာယကံ နာယကံ နမေ။

(မြတ်စွာဘုရားသည်)-

* စကားကောင်းကို ဆိုတော်မူတပ်၏။
* နိဗ္ဗာန်သို့ ကောင်းစွာ ကြွသွားတော်မူတတ်၏။
* အထူးသဖြင့် ချီးမွမ်းအပ် မြတ်တော်မူ၏။
* ကုသိုလ်, အကုသိုလ်ကို စွန့်တော်မူပြီးဖြစ်၏။
* (သေခြင်းကင်းသော အမြိုက်အရသာနှင့် ပြည့်စုံသော ငြိမ်သက်သော အတုမရှိသော) အတုမဲ့ဖြစ်သော မဂ်, ဖိုလ်, နိဗ္ဗာန်ကို ပေးတော်မူတတ်၏။
* ကိုးကွယ်ရာ ဖြစ်တော်မူ၏။
* လောကကို သိတော်မူတတ်၏။
* ကိလေသာမှု ကင်းစင်တော်မူ၏။
* ကိလေသာမှု ကင်းခြင်းကို ပြုတော်မူတတ်၏။
* ဘေးမရှိရာ, ဘေးကင်းရာ နိဗ္ဗာန်အရပ်သို့ ပို့ဆောင်တော်မူတတ်၏။
* လူသုံးဦးတို့၏ အကြီးအမှူး ဖြစ်တော်မူ၏။

(ထို့ကြောင့်) မြတ်စွာဘုရားကို အာကျန့်ပ် ရှိခိုးပါ၏။

www.dhammadownload.com



၃။ နယနသုဘဂကာယဂ်ံ၊
မဓုရဝရသရောပေတံ။
အမိတဂုဏဂဏာဓာရံ၊
ဒသဗလမတုလံ ဝန္ဒေ။

(မြတ်စွာဘုရားသည်)-

* ဖူးမြင်ရသူတို့၏ မျက်စိအမြင် တင့်တယ်သော ကိုယ်အင်္ဂါရှိတော်မူ၏။
* သာယာချိုအေးသော အသံတော်မြတ်နှင့်လည်း ပြည့်စုံတော်မူ၏။
* မနှိုင်းယှဉ်အပ်သော ကျေးဇူးတော်အပေါင်း၏ တည်ရာဖြစ်တော်မူ၏။
* အားတော်ဆယ်ပါးနှင့် ပြည့်စုံတော်မူ၏။
* သီလစသော ဂုဏ်တို့ကြောင့် တစ်စုံတစ်ယောက်သော သူနှင့် ဟူတော်မမူ။

(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

၄။ ယော ဗုဒ္ဓေါ စိတိမာညဓာရကော၊
သံသာရေ အနုဘောသိ ကာယိကံ။
ဒုက္ခံ စေတသိကဉ္စ လောကတော၊
တံ ဝန္ဒေ နရဒေဝမင်္ဂလံ။

(မြတ်စွာဘုရားသည်)-

* တည်ကြည်သော သမာဓိရှိတော်မူ၏။
* အရဟာတ္တဖိုလ်ကို ဆောင်တော်မူတတ်၏။
* လူ, နတ်, ဗြဟ္မာတို့ အကျိုးငှာ သံသရာတစ်လျှောက်လုံး ကိုယ်ဆင်းရဲမှု, စိတ်ဆင်းရဲမှုကို အစဉ်အမြဲ ခံစားတော်မူ၏။
* လူနတ်တို့အဖို့ မင်္ဂလာဖြစ်တော်မူ၏။

(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

www.dhammadownload.com



၅။ ဗာတ္တိံသတိလက္ခဏစိတ္တဒေဟံ၊
ဒေဟဋ္ဌတိနိဂ္ဂတပဋ္ဌလန္တိံ။
ပညာဓိတိသီလဂုဏောဃဝိန္ဒုံ၊
ဝန္ဒေ မုနိမန္တိမဗာတိယုတ္တံ။

(မြတ်စွာဘုရားသည်)-

* သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတို့ဖြင့် ဆန်းကြယ်သော ခန္ဓာကိုယ်ရှိတော်မူ၏။
* ခန္ဓာကိုယ်မှ ထွက်သော အရောင်တို့ဖြင့် တပြောင်ပြောင် ထွန်းတောက်ပတော်မူ၏။
* ပညာဂုဏ်, သမာဓိဂုဏ်, သီလဂုဏ်အပေါင်းကို ရတော်မူ၏
* အဆုံးစွန်သော ဘဝနှင့် ယှဉ်တော်မူ၏။

(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

၆။ ပါတောဒယံ ဗာလဒိဝါကရံဝ၊
မဇ္ဈေ ယတီနံ လလိတံ သိရီဟိ။
ပုဏ္ဏိန္ဒုသင်္ကာသမုခံ အနေဇံ၊
ဝန္ဒာမိ သဗ္ဗညုမဟံ မုနိန္ဒံ။

(မြတ်စွာဘုရားသည်)-

* နံနက်အခါ၌ ထွက်ပေါ်လာသော တက်သစ်စ နေလုလင်ကဲ့သို့ ရဟန်းတို့၏ အလယ်၌ ကျက်သရေတို့ဖြင့် တင့်တယ်တော်မူ၏။
* လပြည့်ဝန်းနှင့်တူသော မျက်နှာတော်ရှိတော်မူ၏။
* တကျော ကင်းစင်တော်မူ၏။
* ညေ့ယျမံတရုံး ငါးပါးကို သိတော်မူ၏။
* ရဟန်းတို့ကို အစိုးရတော်မူ၏။

(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

၇။ ဥပေတပုညော ဝရဗောဓိမူလေ၊
သသေနမာရံ သုဂတော ဇိနိတ္ဝာ။

www.dhammadownload.com



အပေါဇ္ဈ ပေါဓိံ အရုဏော ဒယမ္ပိ၊
နမာမိ တံ မာရဇိနံ အဘာဂ်ံ။

(မြတ်စွာဘုရားသည်)-

* ဘုန်းကံနှင့် ပြည့်စုံတော်မူ၏။
* မြတ်သော ပေါဓိပင်၏အနီး၌ စစ်သည် ဗိုလ်ပါနှင့်တကွ မာရ်နတ်သားကို အောင်တော်မူပြီး၍ နေအရုဏ်တက်သော အခါ၌ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို သိတော်မူပြီ။
* မာရ်ငါးပါးကို အောင်တော်မူလေပြီ။
* မာရ်စစ်သည်တို့က မဖျက်ဆီးနိုင်တော့ပြီ။

(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

၇။ ရာဂါဒိဆေဒါမလဉာဏခဂ္ဂံ၊
သတီသမညူဟလကာဘိဂါဟံ။
သီလော၀လက်ာရ၀ိဘူသိတံ တံ၊
နမာမိ ဘိညာ၀ရ မိဒ္ဓုပေတံ။

(မြတ်စွာဘုရားသည်)-

* ရာဂ-အစရှိသော ကိလေသာတို့ကို ဖြတ်တတ်သော အာသဝ်အကြွေးကင်းသော အရဟတ္တမဂ် ဉာဏ်သန်လျက် ရှိတော်မူ၏။
* သမ္မာသတိ-အမည်ရှိသော ကာကို မြဲစွာ ကိုင်စဲ့တော်မူ၏။
* သီလအပေါင်းကဲ့သို့သော ချယ်၀တ်တန်ဆာတို့ဖြင့် တန်ဆာဆင်၍ ထားတော်မူ၏။
* အဘိညာဉ် တန်ခိုးနှင့် ပြည့်စုံတော်မူ၏။

(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

၉။ ဒယာလယံ သဗ္ဗဓိ ဒုက္ကရံ ကရုံ၊
ဘ၀ဏ္ဏ၀တိတ္ထမမဂ္ဂတံ ဂတံ။
တိလောကနာထံ သုသမာဟိတံ ဟိတံ၊
သမန္တစက္ခုံ ပဏမာမိ တံ မိတံ။

www.dhammadownload.com



(မြတ်စွာဘုရားသည်)-

* မဟာကရုဏာဒေတာ်၏ တည်ရာ ဖြစ်တော်မူ၏။
* ခပ်သိမ်းသောဘဝ၌ ပြုနိုင်ခဲသော စွန့်ခြင်းကြီးငါးပါး စသော အမှုကို ပြုတော်မူတတ်၏။
* ဘဝသုံးပါးတည်းဟူသော မဟာသမုဒ္ဒရာမှ လွန်မြောက်တော်မူပြီး၍ မြင့်မြတ်ခြင်းသို့ ရောက်တော်မူ၏။
* လူသုံးပါးဘို့၏ ကိုးကွယ်ရာ ဖြစ်တော်မူ၏။
* ကောင်းစွာတည်ကြည်သော သမာဓိရှိတော်မူ၏။
* လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ အစီးအပွားကို ဆောင်တော်မူတတ်၏။
* ထက်ဝန်းကျင် မြင်နိုင်စွမ်းသော သဗ္ဗညုတဉာဏ်မျက်လုံး ရှိတော်မ၏။
* မနှိုင်းယှဉ်အပ်သောဂုဏ် ရှိတော်မူ၏။

(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

၁၀။ တဟိံ တဟိံ ပါရမီသဉ္ဇယံ စယံ၊
ဂတံ ဂတံ သဗ္ဗဿုခပ္ပဒံ ပဒံ။
နရာနရာနံ သုခသမ္ပဒံ ဘဝံ၊
နမာနမာနံ ဇိနပုဂ်ံဝံ ဂဝံ။

(မြတ်စွာဘုရားသည်)-

* ထိုထိုဘဝမျိုးစုံတို့၌ ပါရမီအပေါင်းကို ဆည်းပူးတော်မူတတ်၏။
* သူတော်ကောင်းတို့ ဆည်းကပ်အပ်သော ချမ်းသာခြင်း၏ အကြောင်းဖြစ်သော နိဗ္ဗာန်သို့ ရောက်စေတော်မူ၏။
* လူ,နတ်တို့၏ အကျိုးဌာ ချမ်းသာခြင်း၏အကြောင်းကို ဖြစ်စေတော်မူတတ်၏။

www.dhammadownload.com



* မကိုင်းညွတ် မရိုသေသော နှားနှဉ်တူသော လူမိုက်တို့ကို အောင်တော်မူသော ယောကျ်းမြတ် ဖြစ်တော်မူ၏။

(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

၁၁။ မဂ္ဂင်္နာဝံ မုနိဒက္ခနာဝိကော၊
ဂျ်ိဟာဖိယံ ဉာဏကရေန ဂါဟကော။
အာရဖ္ဘ ယော တာယ ဗဟူ ဘဝဏ္ဏဝါ၊
တာရေသိ တံ ဗုဒ္ဓမဃပ္ပဟံ့ နမေ။

လိမ္မာကျမ်းကျင်သော သဘော်လေ့မှုးနှင့် တူသော မြတ်စွာဘုရားသည်-

* ဝိရိယတည်းဟူသော တက်မကို ဉာဏ်တော်တည်းဟူသောလက်တော်ဖြင့် မြဲစွာကိုင်၍ မဂ္ဂင်ရှစ်ပါးတည်းယူသော သဘော်လေ့ထက်သို့ တက်စီးတော်မူပြီး ထိုမဂ္ဂင်ရှစ်ပါးတည်းဟူသော သဘော်လေ့ဖြင့် များစွာကုန်သော သတ္တဝါတို့ကို ဘဝသုံးပါးတည်းဟူသော မဟာသမုဒ္ဒရာမှ ကယ်တင်တော်မူလေပြီ။

* သတ္တဝါတို့၏ ဆင်းရဲခြင်းကို ပယ်ဖျောက်တော်မူတတ်၏။

* သစ္စာလေးပါးကို သိတော်မူတတ်၏။

(ထို့ကြောင့်) လိမ္မာ ကျမ်းကျင်သော သဘော်လေ့မှုးနှင့်တူသော မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

၁၂။ သမတိံသတိပါရမိသမ္ဘရဏံ၊
ဝရဖောဓိဒုမေ စကုသစ္စဒသိံ။
ဝရမိဒ္ဓိဂတံ နရဒေဝဟိတံ၊
အိဘဝူပသမံ ပဏမာမိ ဇိနံ။

(မြတ်စွာဘုရားသည်)-

* အမျှသုံးဆယ်သော ပါရမီကို ဖြည့်ကျင့်တော်မူပြီး မြတ်သော ဗောဓိပင်ရင်း၌ သစ္စာလေးပါးကို သိမြင်တော်မူ၍ မြတ်သော တန်ခိုး၌ တည်တော်မူ၏။

www.dhammadownload.com



* လူ့နတ်တို့၏ အစီးအပွားကို ဆောင်တော်မူ၏။
* ဘဝသုံးပါးမှ ငြိမ်းအေးတော်မူ၏။
(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

၁၃။ သတပုညဇလက္ခဏံ၊ ဝိရဇံ၊
ဂဂနူပမဝိ• မိတိမေရုသမံ။
ဇလဇုပမသိတလသိလယုတံ၊
ပဆဒိသဟနံ ပဏမာမိ ဇိနံ။

(မြတ်စွာဘုရားသည်)-

* များစွာသော ဘုန်းတော်ကြောင့်ဖြစ်သော လက္ခဏာရှိတော်မူ၏။
* ကုဂ-တည်းဟူသောမြို့ ကင်းစင်တော်မူ၏။
* ကောင်းကင်နှင့်တူသော ပညာရှိတော်မူ၏။
* မြင်းမိုရ်တောင်မင်းနှင့် တူသော သမာဓိရှိတော်မူ၏။
* ကြာနှင့်တူသော ချမ်းမြေ့သော သီလနှင့် ယှဉ်တော်မူ၏။
* မြေကြီးနှင့်တူသော သည်းခံသော စိတ်နှလုံးရှိတော်မူ၏။
(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

၁၄။ ဇယာ ဗုဒ္ဓေါ သုမတိ ဒိဝေ ဒိဝါကရော၀၊
ဇသောဘန္တော ရတိဇနနေ သိလာသနမို့။
အာသီနော သိ၀သုခဒံ အဒေသိ ဓမ္မံ၊
ဒေ၀ါနံ တမသဒိသံ နမာမိ နိစ္စံ။

မြတ်စွာဘုရားသည်-

* ကောင်းသော ပညာရှိတော်မူ၏။
* နေ့အခါ၌ နေမင်းကဲ့သို့ တင့်ကယ်တော်မူသည်ဖြစ်၍ မွေ့လျော်ဖွယ်ကောင်းသောပဏ္ဍုကမ္ဗလာကျောက်နေရာ၌ နေတော်မူလျက် နှိမ့်ချာန်ချမ်းသာကို ပေးတတ်သော၊ အဘိဓမ္မာတရားကို နတ်, ဗြဟ္မာတို့အား ဝါတွင်းသုံးလပတ်လုံး ဟောတော်မူလေပြီ။

www.dhammadownload.com



* တုဘက် ပြိုင်ဘက် ကင်းတော်မူ၏။
(ထို့ကြောင့်)မြတ်စွာဘုရားကို အကျန်ုပ် အမြဲရှိခိုးပါ၏။

၁၅။ ယော ပါဒပက်ဇမုဒုတ္တလရာဇိကေဟိ၊
လောကေဟိ တိဟိ ဝိကလေဟိ နိရုကုလေဟိ။
သမ္မာပုဏ္ဏော နရုပမေယျတမေဝ နာထော၊
တံ သဗ္ဗလောကမဟိတံ အသမံ နုမာမိ။

မြတ်စွာဘုရားသည်-

* မချိုတဲ့ကုန်သော နှောင့်ယှက်ခြင်းကင်းကုန်သော ခြေဖဝါးတော်တည်းဟူသော ကြာ၏ နူးညံ့သော အပြင်၌ တရော့ရွှစ်ကုက် စက်လက္ခဏာအရေးတို့ဖြင့် သုံးဘုံသူတို့နှင့် မနှိုင်းယှဉ်အပ်သည်၏ အဖြစ်သို့ ကောင်းစွာရောက်တော်မူ၏။
* လောကသားအားလုံးတို့၏ အပူငြေ့ကို ခံတော်မူထိုက်၏။
* အတူမရှိ။
(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

၁၆။ ဗုဒ္ဓံ နုရာနုရသမောသရဏံ ဓိတတ္တံ၊
ပညာပဒီပဇုတိယာဝ ဝိဟာတန္ဓကာရံ။
အတ္ထာဘိကာမနုရဒေဝဟိတာဝဟံ ဝး၊
ဝန္ဒာမိ ကာရုဏိကမဂ္ဂမနန္တဉာဏံ။

မြတ်စွာဘုရားသည်-

* လူနတ်တို့၏ စုဝေးရာ ဖြစ်တော်မူ၏။
* တည်ကြည်သောစိတ် ရှိတော်မူ၏။
* ပညာတည်းဟူသော ဆီမီးရောင်ဖြင့် အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကို ပယ်ဖျောက်တော်မူ၏။
* လူ့နတ်တို့၏ အကျိုးစီးပွားကို အလွန်အလိုရှိတော်မူ၏။
* လူ့နတ်တို့၏ အကျိုးစီးပွားကို ရွက်ဆောင်တော်မူတတ်၏။

www.dhammadownload.com



* မဟာကရုဏာနှင့်ယှဉ်သော မြတ်သော အဆုံးမရှိသော သဗ္ဗညုတ ဉာဏ် ရှိတော်မူ၏။

(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

၁၇။ အခိလဂုဏနိဓေနော ယော မုနိန္ဒော‌ဟန္တာ၊
ဝနမိသိပတနဝှံ သညတာနံ နိဂေတံ။
တဟိမကုသလဆေဒံ ဓမ္မစက္ကံ ပဝတ္တော၊
တမတုလမဘိကန္တံ ဝန္ဒနေယျံ နမာမိ။

ခပ်သိမ်းသော လောကီ, လောကုတ္တရာ ဂုဏ်တို့၏ သိုမှီးရာဖြစ်တော်မူသော မြတ်စွာဘုရားသည်—

* ကိုယ်နှုတ်နှလုံးကို စောင့်ကုန်သော အရှင်မြတ်တို့၏ ကိန်းအောင်းမွေ့လျော်ရာဖြစ်သော ဣသိပတနအမည်ရှိသော မိဂဒါဝုန်တော၌ ထို မိဂဒါဝုန်တော၌ အကုသိုလ်ကို ဖြတ်တတ်သော ဓမ္မစကြာတရားတော်ကို ဟောတော်မူလေပြီ။
* အတုမရှိ အလွန်နှစ်လိုဖွယ်သော ဂုဏ်ရှိတော်မူ၏။
* ရှိခိုးခြင်းကို ခံတော်မူထိုက်၏။

(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

၁၈။ သုစိပရိဝါရိတံ သုရူစိရုပဘာဟိ ရတ္တံ၊
သိရိဝိသရာလယံ ဂုပိတမိန္ဒြိယေဟုပေတံ။
ရဝသသမဏ္ဍလပဘာဘုတလက္ခဏောပစိတ္တ၊
သုရနရပူဇိတံ သုဂတမာဒရံ နမာမိ။

(မြတ်စွာဘုရားသည်)—

* သန့်ရှင်း စင်ကြယ်သော အခြံအရံ ရှိတော်မူ၏။
* ပြိုးပြိုးပြက် နှစ်သက်ဖွယ်သော အရောင်တို့ဖြင့် ဆိုးထားသော ကိုယ်တော်ရောင် ရှိတော်မူ၏။

www.dhammadownload.com



* ဘုန်းပညာ ကျက်သရေအပေါင်းတို့၏ တည်ရာ ဖြစ်တော်မူ၏။
* ဣန္ဒြေ စောင့်စည်းမှုတို့နှင့် ပြည့်စုံတော်မူ၏။
* နေဝန်း, လဝန်း အစရှိသော ငေါ်လက္ခဏာတော်တို့ဖြင့် များစွာ ဆန်းကြယ်ခြင်း ရှိတော်မူ၏။
* နတ်, လူတို့၏ အပူဇော်ကို ခံတော်မူထိုက်၏။

(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ်ရှိခိုးပါ၏။

၁၉။ မင်္ဂါဠုမွေန မုဟ့ပဋိဃာသာဒိဉလ္လောလဝီစိ ံ၊
သံသာရောဃံ တရိ တမဘယံ ပါရပတ္တံ ပဇာနံ။
တာဏံ လေဏံ အသမသရဏံ ကေတိတ္ထံ ပဂိဉ္ဇံ၊
ပုညက္ခေတ္တံ ပရမသုခဒံ ဓမ္မရာဇံ နမာမိ။

တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရားသည်—

* မောဟ, ဒေါသ, လောဘ-အစရှိသော ထင်ကြွလှုပ်ရှား ကြီးမားသော လိုင်းတံပိုးတို့ဖြင့် ပြွမ်းထသော, သံသရာ တည်းဟူသော ပင်လယ်ရေအလျဉ်ကို မဂ္ဂင်ရှစ်ပါး တည်းဟူသော သင်္ဘောဖြင့် ကူးတော်မူလေပြီ။
* ဘေးမရှိရာ နိဗ္ဗာန်တည်းဟူသော ကမ်းတဘက်သို့ ရောက်တော်မူပြီ။
* သတ္တဝါတို့၏ ကိုးကွယ်ရာ, ပုန်းအောင်းရာ, အားတုမရှိလည်းလျောင်းရာ ဖြစ်တော်မူ၏။
* နိဗ္ဗာန်ပြည်သို့ သွားရာ တခုတည်းသော ရေလိပ်သဖွယ် ဖြစ်တော်မူ၏။
* မှိခိုရာကျွန်းကြီးနှင့် တူတော်မူ၏။
* ကောင်းမှုတည်းဟူသော မျိုးပေါက်ဘို့ မဲ့ကဲ့မျိုးရာ လယ်မြေကောင်းနှင့် တူတော်မူ၏။
* မြတ်သော နိဗ္ဗာန်ချမ်းသာကို ပေးတော်မူတတ်၏။

www.dhammadownload.com



(ထို့ကြောင့်) တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရားကို အာကျွန်ုပ် ရှိခိုးပါ၏။

၂၀။ ကတ္တာမံမူလေ ပရဟိတကရော ယော မုနိန္ဒော နိသိန္နော၊
အဇ္ဈေရံ သီဃံ နယနသုဘကံ အာကုလဏ္ဏဂ္ဂိဇာလံ။
ဒုဇ္ဇာလဒ္ဓံသံ မုနိဘိဇဟိတံ ပါဋိဟေရံ အကာသိ၊
ဝန္ဒေ တံ သေဋ္ဌံ ပရမရတိဇံ ဣဒ္ဓိဓမ္မေဟုပေတံ။

(မြတ်စွာဘုရားသည်)—

* သူတပါးတို့၏ အကျိုးစီးပွားကို ရွက်ဆောင်တော်မူတတ်၏။
* ကတ္တာမည်သော ဥယျာဉ်စောင့် စိုက်ပျိုးထားသော သရက်ပင် အနီးဌာန နေတော်မူသျှက် အံ့ဖွယ်ကောင်းသော လူနတ်တို့၏ မျက်စိ အမြင် တင့်တယ်၍ ရေအလျဉ်, မီးအလှျံရောပြွမ်းပြီး မိုစ္ဆာကွန် ယက်ကို ဖျက်ဆီးတတ်သော ဘုရားရှင်တိုင်း မစွန့်သော ရေမီး အစုံအစုံ တန်ခိုးပြာဋိဟာကို လျင်စွာပြတော်မူပြီ။
* အထူးသဖြင့် ချီးမွမ်းအပ် မြတ်တော်မူ၏။
* မြတ်သော နှစ်သက်ခြင်းကို ဖြစ်စေတတ်၏။
* တန်ခိုးကျေးဇူးတို့နှင့် ပြည့်စုံတော်မူ၏။

(ထို့ကြောင့်) မြတ်စွာဘုရားကို အာကျွန်ုပ် ရှိခိုးပါ၏။

၂၁။ မုနိန္ဒက္ကော ယေ့ကော ဒယုဒယရုဏော
ဉာဏဝိတ္ထိဏ္ဏပီမေ့ာ၊
ဗီနေယျပ္ပါကောဃံ ကမလကထိတံ
ဓမ္မရံသီဝရေဟိ။
သုဗောဓေသီ သုဒ္ဓေ တိဘဝကုဟရေ
ဗျာပိတက္ကိတ္တိန္ဒု၊
တိလောကေကစ္စက္ခုံ ဒုဒမသဟနံ
တံ မဟေသိ နမာမိ။

www.dhammadownload.com



မြတ်စွာဘုရားတည်းဟူသော နေမင်းသည်—

* တုဘက်ပြိုင်ဘက်မပြု တဆူတည်းသာ ဖြစ်တော်မူ၏။
* မဟာကရုဏာ သမာပတ်တည်း ဟူသော တက်လတ်သော နေအရုဏ် ရှိတော်မူ၏။
* ဉာဏ်တော်တည်းဟူသော ကျယ်ပြန့်သော အဝန်းအဝိုင်းရှိတော်မူ၏။
* စင်ကြယ်သော ဘဝသုံးပါးတည်းဟူသော ကြာအိုင်၌ ကြာနှင့်တူသော ဝေနေယျ သတ္တဝါအပေါင်းကို တရားတည်းဟူသော ရောင်ခြည်တို့ဖြင့် သစ္စာ လေးပါးကို သိစေသော အားဖြင့် ကောင်းစွာ ပွင့်စေတော်မူပြီ။
* ပျံနှံသော ကျော်စောခြင်း ရှိတော်မူ၏။
* ဘဝသုံးပါး (လူသုံးပါး) တို့၏ တလုံးတည်းသော မြတ်သော မျက်စိ ဖြစ်တော်မူ၏။
* သူတပါးတို့ သည်းခံနိုင်ခဲသော အရာကို သည်းခံတော်မူ၏။
* သီလကွန္ဒ-စသည့်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးရှာမှီးတော်မူတတ်၏။

(ထို့ကြောင့်) မြတ်စွာဘုရားတည်းဟူသော နေမင်းကို အကျွန်ုပ် ရှိခိုးပါ၏။

၂၂။ ယော ဇိနော အနေကဇာတိယံ
သပုတ္တဒါရမဂ်ဇိဝိတမ်ပိ၊
ဗောဓိပေမတော အလဂ္ဂမာနသော
အဒါသိယေဝ အတ္ထိကဿ။
ဒါနပါရမိ တတော ပရံ အပူရိ
သီလပါရမာဒိကမ်ပိ၊
တာသမိဒ္ဓိယောပယာတမဂ္ဂတံ
တမေက ဒီပကံ နမာမိ။

www.dhammadownload.com



မြတ်စွာဘုရားသည်-

* များစွာသော ဘဝ၌ သင့္ဘည္တုတ ဉာဏ်ကို ချစ်မြတ်နိုး သောကြောင့် သား မယားနှင့် တကွ အင်္ဂါ ကြီးငယ် အသက်ကိုပင် ငြိတွယ်ခြင်း ကင်းသော စိတ်ရှိသည်ဖြစ်၍ အလိုရှိသူအား ပေးလှူတော် မူခဲ့ပြီ။
* ဒါနပါရမီကို လည်းကောင်း, တစ်ပါးသော သီလစသောပါရမီ ကိုးပါးကိုလည်းကောင်း၊ ဖြည့်ဆည်းတော်မူခဲ့ပြီ။
* ထိုဆယ်ပါးသောပါရမီတို့၏ ပြည့်စုံခြင်းကြောင့် မြတ်သောဘုရား အဖြစ်သို့ ရောက်တော်မူပြီ။
* လူနတ်တို့၏ ကိုးကွယ်မှီခိုရာမြတ်သော ကိုင်းကျန်းသဖွယ် ဖြစ်တော် မူ၏။

(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

၂၃။ ဒေဝါဒေဝါတိဒေဝံ နိဓနဝပုဓရံ
မာရဘင်္ဂံ အဘင်္ဂံ၊
ဒိပံ ဒိပံ ပဇာနံ ဇယဝရသယနေ
ဗောဓိပတ္တံ ဓိပတ္တံ။
ဗြဟ္မာဗြဟ္မာဂတာနံ ဝရဂိရကထိကံ
ပါပဟိနံ ပဟိနံ၊
လောကာလောကာဘိရမံ သတတမဘိနမေ
တံ မုနိန္ဒံ မုနိန္ဒံ။

(မြတ်စွာဘုရားသည်)-

* သမ္မုတိနတ်, ဥပပတ္တိနတ်တို့ထက် လွန်မြတ်သော ဝိသုဒ္ဓိနတ် ဖြစ်တော်မူ၏။
* နောက်ဆုပ် သဝဘာသစ် ဖြစ်တော်မမူ။
* မာရ်ငါးပါးကို ဖျက်ဆီးတော်မူတတ်၏။

www.dhammadownload.com



* မာရ်စစ်သည်တို့က ဖျက်ဆီးခြင်းငှာ မတတ်နိုင်ပြီ။
* သတ္တဝါတို့၏ အကျိုးငှာ ပညာတည်းဟူသော ဆီမီးထွေင်ကို ညှိထွန်းတော်မူပြီ။
* မာရ်ငါးပါးကို အောင်မြင်ရာ မြတ်သော ဗောဓိပင်နေရာ၌ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို ရတော်မူပြီး၍ ကြီးမြတ်လွန်ကဲသည်၏ အဖြစ်သို့ ရောက်တော်မူ၏။
* ဆည်းကပ်ရောက်လာကုန်သော ဗြဟ္မာ, လူ, နတ် ပရိသတ်တို့အား မြတ်သောတရားစကားကို ဟောတော်မူတတ်၏။
* ညစ်ညမ်းယုတ်မာ ကိလေသာကို ပယ်ခွာတော်မူတတ်၏။
* လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ မေ့.လျော်ရာ ဖြစ်တော်မူ၏။

(ထို့ကြောင့်)ဝိသုဒ္ဓိနတ်ဘုရားမြတ်ကို အမြဲမပြတ် အကျွန်ုပ် ရှိခိုးပါ၏။

## ၃၂-ပါးသော မဟာပုရိသ လက္ခဏာများ

၂၄။ ဗုဒ္ဓေါ နိဂ္ဂြောဓပိမွော မုဒုကရုစရဏော
ဗြဟ္မိဃောသေဏိဇင်္ဃော၊
ကောသောဟာဒဂ်ဇာတော ပုနရပိ သုဂတော
သုပ္ပတိဋ္ဌိတပါဒေါ၊
မူဒေါဒါတုဏ္ဍလောမော အဏမပိ သုဂတော
ဗြဟ္မုဇုဂတ္တဘာဝေါ၊
နီလက္ခီ ဒီဃပက္ခို သုခုမမလဆဝိ
ထောမျရသဂ္ဂသဂ္ဂိ။

၂၅။ စတ္တာလီသဂ္ဂဒန္တော သမကလပနဇော
အန္တရုံသပ္ပပီနော၊
စက္ကေနဂ်ိတပါဒေါ အဝိရဠဒဿနော
မာရဇုဿခ်ပါဒေါ။
တိဋ္ဌန္တော နောနမန္တော ဘယကရမုဒုနော
ဇဏ္ဏုကာနာမသန္တော၊

www.dhammadownload.com



ဝန္ဒက္ခန္ဓော ဇိနော ဂေါတရ္ဏပခုမကော
သီဟပုဗ္ဗဒ္ဓကာယော။
၂၆။ သတ္တာပိနော စ ဒီဃင်္ဂုလိ မထ သုဂတော
လောမကူပေကလောမော၊
သမ္ပန္နောဒါတဒါဋ္ဌော ကနကသမတစော
နီလမုဒ္ဓဂ္ဂလောမော။
သမ္မုဒ္ဒါ ထူလဇိဝှါ အထ သီဟဟနုကော
ဇာလိကပ္ပါဒဟတ္ထော၊
နာထော ဥဏ္ဏိသသီသော ဣတိဂုဏသဟိတံ
တံ မဟေသိ နမာမိ။

(မြတ်စွာဘုရားသည်)-

၁။ အရပ်နှင့် အလံမျှသဖြင့် ပညောင်ပင်၏ အဝန်းကဲ့သို့ ဝန်းသော ကိုယ်ရှိတော်မူ၏။

၂။ အကြိမ်တရာဖတ်အပ်သော ဝါဂုမ်းကဲ့သို့ နူးညံ့သော လက်ဖဝါးတော် ခြေဖဝါးတော် ရှိတော်မူ၏။

၃ မြဟွာမင်း၏ အသံကဲ့သို့ သာယာသော အင်္ဂါရုစ်ပါးနှင့် ပြည့်စုံသော အသံရှိတော်မူ၏။

၄။ ဇော်မည်သော သားကောင်၏ မြင်းခေါင်းကဲ့သို့ ပြည့်ဖြိုးသော မြင်းခေါင်းရှိတော်မူ၏။

၅။ ရွှေပဒုမ္မာကြာချပ်နှင့် တူသော အိမ်ဖြင့် ဖုံးလွှမ်းထားသည်ဖြစ်၍ ကျစ်လျစ်သော ယောကျ်ားမြတ်၏ နိမိတ်ရှိတော်မူ၏။

၆။ ရွှေခြေနင်းအပြင့်ကဲ့သို့ ညီညွတ်စွာတည်သော ခြေဖဝါး ရှိတော်မူ၏။

၇။ မျက်မှောင်နှစ်ခုတို့၏ အလယ်၌ နူးညံ့ဖြူစင်သော ဥဏ္ဏလုံ မွေးရှင်တော် ရှိတော်မူ၏။

www.dhammadownload.com



၈။ ဗြဟ္မာမင်း၏ ကိုယ်ကွဲသို့ ဖြောင့်မတ်သော ကိုယ်ရှိတော်မူ၏။

၉။ ညိုသောမျက်လုံး ရှိတော်မူ၏။

၁၀။ ရှည်သော ဖနောင့် ရှိတော်မူ၏။

၁၁။ သိမ်မွေ့သော အညစ်အကြေးမတင် သန့်ရှင်းစင်ကြယ်သော အရေရှိတော်မူ၏။

၁၂။ ချိုးမှမ်းအပ်သော (နှမ်းစေ့ပမာဏ အာဟာရပင် ဖြစ်သော်လည်း လျှာဖျားဝယ် တင်ထားခါမျှဌဲ့) အရသာကို ဆောင်နိုင်သော ခုနစ်ထောင်သော အကြောတို့၏ ပေါင်းဖွဲ့စုရုံးသော အဖျားရှိတော်မူ၏။

၁၃။ အညိုအမျှ လေးဆယ်စေ့သော မြတ်သောသွားရှိတော်မူ၏။

၁၄။ လွှဖြင့်ဖြတ်သကဲ့သို့ ညီညာသော သွားရှိတော်မူ၏။

၁၅။ ရေစီးကြောင်းမထင် ပြည့်ဖြိုးစင်သော ကျောပြင်ရှိတော်မူ၏။

၁၆။ တရာ့ရှစ်ကွက် စက်လက္ခဏာဖြင့် မှတ်အပ်သောခြေဖဝါးရှိတော်မူ၏။

၁၇။ မကဲ့သော သွားရှိတော်မူ၏။

၁၈။ မြင့်သောဖမျက်ရှိတော်မူ၏။

၁၉။ ရပ်တော်မူလျက် မကိုင်းညွတ်ဘဲ သိမ်မွေ့နူးညံ့သော လက်နှစ်ဖက်ဖြင့် ပုဆစ်ဒူးဝန်းနှစ်ဖက်တို့ကို သုံးသပ်တော်မူနိုင်၏။

၂၀။ ဧရမုခိုးစည်ငယ်သဏ္ဌာန်ကဲ့သို့ လုံးသောလည်ပင်းရှိတော်မူ၏။

၂၁။ ဖွဲးသစ်စ နွားငယ်၏ မျက်မွေးကဲ့သို့ အလွန်နုပျို နူးညံ့သည့် မျက်မွေး ရှိတော်မူ၏။

၂၂။ ခြင်္သေ့မင်း၏ ရှေ့ထက်ဝက်သော ကိုယ်နှင့်တူသော ပြည့်ဖြိုးသော ကိုယ်ရှိတော်မူ၏။

www.dhammadownload.com



၂၃။ ခြေဖမိုးတော်နှစ်ဖက်, လက်ဖမိုးတော်နှစ်ဖက် ပခုံးတော်နှစ်ဖက်, လည်ကုပ်တော်ဟုဆိုအပ်သော ဤနှစ်ဌာန တို့၌ ပြည့်ဖြိုးသော အသားရှိတော်မူ၏။
၂၄။ ရှည်သွယ်သော လက်ချောင်း, ခြေချောင်းရှိကြောင်းမူ၏။
၂၅။ မွေးညင်းတွင်း တတွင်းတွင်းလျှင် မွေးညင်းတော် တစ်ပင်တစ်ပင်စီသာ ပေါက်ရောက်တော်မူ၏။
၂၆။ ပြည့်ဖြိုးဖြူစင်သော စွယ်တော်ရှိတော်မူ၏။
၂၇။ ဇမ္ဗူရောင် ရွှေစင်နှင့်တူသော အင်္ဂရေရှိတော်မူ၏။
၂၈။ မျက်နှာတော်ကို မော်ဖူးသည့်ပမာ အထက်သို့ အဖျားကောဲ့သော မွေးညင်းရှိတော်မူ၏။
၂၉။ ရှည်လျား နူးညံ့ ကျယ်ပြန့်သော လျှာ ရှိတော်မူ၏။
၃၀။ ခြသေ့မင်း၏အောက်မေးနှင့်တူသော ပြည့်ဖြိုးသော မေးရှိတော်မူ၏။
၃၁။ လေသွန်တံခါး၌ လက်သမား တပ်စိထားသော ရွှေပုတ်လုံး (ဇာလီတိုင်)ကဲ့သို့ တင့်တယ်စွာ ရှည်သော ခြေချောင်း, လက်ချောင်း ရှိတော်မူ၏။
၃၂။ သရဖူအလား နဖူးသင်းကျစ်ပြား ရှိတော်မူ၏။

ဤဆိုအပ်ပြီးသော ၃၂-ပါးသော ဂုဏ်ကျေးဇူးအပေါင်းတို့နှင့် ပြည့်စုံတော်မူသောကြောင့် မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

## တိုတ်တွန်းချက်

၂၇။ ဗုဒ္ဓါ ဗုဒ္ဓေါတိယောသော အတိဒုလဘတရော ကာ ကထာ
ဗုဒ္ဓဘာဝေါ။
လောကေ တဿာ ဝိဘာဝိ ဝိဝိဓဟိတသုခံ သာဓေါ
ပတ္ထယန္တာ။
ဣဒံ အတ္ထံ ဝဟန္တံ သုရ နရ မဟိတံ နိဗ္ဘယံ ဒက္ခိကေယျံ၊
လောကာနံ နန္ဒိဝဲ့ ဒသဗလ မသမံ တံ နမဿန္တု နိစ္စံ။

www.dhammadownload.com



လောကဌ် ဘုရား ဘုရားဟူသော အသံကိုပင် ကြားဖို့ရာ အလွန်ခဲယဉ်းလှ၏၊ ဘုရားအဖြစ်မှာမူ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း၊ထိုသို့ ခဲယဉ်းသောကြောင့် စီးပွားချမ်းသာ အမျိုးမျိုးကို လိုလား တောင့်တကုန်သော ပညာရှိ အမျိုးကောင်းသား (အမျိုးကောင်းသမီး) တို့သည် မြတ်စွာဘုရားကို အမြဲရှိခိုးကြစေကုန်သတည်း(ရှိခိုးကြပါကုန်လော့)။

မြတ်စွာဘုရားသည်—

* အလိုရှိအပ်သော အကျိုးစီးပွားကို ရွက်ဆောင်တော်မူတတ်၏။
* နတ်, လူတို့၏ အပူဇော်ကို ခံတော်မူထိုက်၏။
* ဘေးမရှိသော မြတ်သောအလှူကို ခံတော်မူထိုက်၏။
* လူသုံးပါးတို့၏ နှစ်လိုခြင်းကို ပွားစေတော်မူတတ်၏။
* ဆယ်ပါးသောအားတော်နှင့် ပြည့်စုံတော်မူ၏။
* တုဘက် ယှဉ်ဘက် ကင်းမဲ့တော်မူ၏။

ထို့ကြောင့် ပညာရှိ အမျိုးကောင်းသား (အမျိုးကောင်းသမီး) တို့သည် မြတ်စွာဘုရားကို အမြဲရှိခိုးကြစေကုန်သတည်း (ရှိခိုးကြပါကုန်လော့)။

## တမလွန်အတွက်ဆုတောင်း

၂၀။ ပုညေနေတေန သောဟံ နိပုဏာမတိ သတော
သမ္မာယေ စ တိတ္တော၊
ဒက္ခော ဒိဋ္ဌုပညော အဝိကလဝိရိယော
ဘောဂဝါ သံဝိဘာဂီ။
တိက္ခော သူရော မိတတ္တော သပရဟိတစရော
ဒီဃဇီဝီ အရောဂေါ၊
ဓညော ဝဏ္ဏော ယသဿီ အတိဗလဝေရော
ကိတ္တိမာ ခန္ဓုပေတော။

www.dhammadownload.com



ဤသို့ မြတ်စွာဘုရားအား ရှိခိုးရသော ကောင်းမှုကုသိုလ်ကြောင့် ရှိခိုးသူ အကျန်ပ်သည် တမလွန်ဘဝ၌-

၁။ သိမ်မွေ့သော ပညာရှိသူ ဖြစ်ရပါလို၏။
၂။ သတိနှင့်ပြည့်စုံသူ ဖြစ်ရပါလို၏။
၃။ ဆောင့်ရဲလွယ်သူ ဖြစ်ရပါလို၏။
၄။ လိမ္မာသူ ဖြစ်ရပါလို၏။
၅။ ဖြောင့်မတ်သော အာယူ ပညာရှိသူ ဖြစ်ရပါလို၏။
၆။ လုံ့လဝီရိယ မပေါ့မဲ့လျော့သူ ဖြစ်ရပါလို၏။
၇။ စည်းစိမ်ဥစ္စာရှိသူ ဖြစ်ရပါလို၏။
၈။ ခွဲခြမ်းဝေဖန်တတ်သူ ဖြစ်ရပါလို၏။
၉။ ထက်မြက်သူ ဖြစ်ရပါလို၏။
၁၀။ ရဲရင့်သူ ဖြစ်ရပါလို၏။
၁၁။ တည်ကြည်သော စိတ်ရှိသူ ဖြစ်ရပါလို၏။
၁၂။ မိမိအကျိုးစီးပွားနှင့် သူတပါးအကျိုးစီးပွားကို ကျင့်ဆောင်နိုင်သူ ဖြစ်ရပါလို၏။
၁၃။ အသက်ရှည်သူ ဖြစ်ရပါလို၏။
၁၄။ အနာရောဂါကင်းသူ ဖြစ်ရပါလို၏။
၁၅။ ဘုန်းရှိသူ ဖြစ်ရပါလို၏။
၁၆။ အဆင်းလှသူ ဖြစ်ရပါလို၏။
၁၇။ အခြံအရံများသူ ဖြစ်ရပါလို၏။
၁၈။ ခွန်အားကြီးသူ ဖြစ်ရပါလို၏။
၁၉။ ကျော်စော ထင်ပေါ်သူ ဖြစ်ရပါလို၏။
၂၀။ သည်းခံသူ ဖြစ်ရပါလို၏။

www.dhammadownload.com



## မျက်မှောက်အတွက် ဆုတောင်း

၂၉။ သဒ္ဓါ ဒါတဂုံပေတော ပရမသိုဓမျော ဒီဌမမွေ ဝိရတ္တော၊
လင်္ဂီကလျာဏမိတ္တော အဘိရတကုသလော ပဉ္ဇသီလာဒိရက္ခော။
အပိစ္ဆော အပ္ပကောဓော အတိဝုဇုဟဒယော ဣဒ္ဓိမာ
အပ္ပမေယျော၊
ပါသံသော ပေမဝါစော သုဇနဂုဏာဝိဒူ မာမကော သော
ဘဂဝေယျံ။

မြတ်စွာဘုရားအား ရှိခိုးသူအကျွန်ုပ်သည် မျက်မှောက်ဘဝ၌-

၁။ သဒ္ဓါတရားရှိသူ ဖြစ်ရပါလိုခြင်း။
၂။ ပေးလှူစရာ ဝတ္ထုပစ္စည်းနှင့် ပြည့်စုံသူ ဖြစ်ရပါလိုခြင်း။
၃။ မြတ်သော ဘုန်းကျက်သရေကို ဆောင်နိုင်သူ ဖြစ်ရပါလိုခြင်း။
၄။ တပ်မက်ခြင်း ကင်းသူ ဖြစ်ရပါလိုခြင်း။
၅။ မကောင်းမှုမှ ရှက်တတ်သူ ဖြစ်ရပါလိုခြင်း။
၆။ မိတ်ကောင်း ဆွေကောင်းရှိသူ ဖြစ်ရပါလိုခြင်း။
၇။ ကုသိုလ်ကောင်းမှုတို့၌ အလွန်မေ့လျော့သူ ဖြစ်ရပါလိုခြင်း။
၈။ ငါးပါးသီလ စသည်ကို လုံခြုံအောင် စောင့်ထိန်းနိုင်သူ ဖြစ်ရပါလိုခြင်း။
၉။ အလိုနည်းသူ ဖြစ်ရပါလိုခြင်း။
၁၀။ အမျက်နည်းသူ ဖြစ်ရပါလိုခြင်း။
၁၁။ နှလုံးစိတ်ဓာတ် အလွန်ဖြောင့်မတ်သူ ဖြစ်ရပါလိုခြင်း။
၁၂။ တန်ခိုးနှင့် ပြည့်စုံသူ ဖြစ်ရပါလိုခြင်း။
၁၃။ မနှိုင်းယှဉ်အပ်သော ဂုဏ်ရှိသူ ဖြစ်ရပါလိုခြင်း။
၁၄။ ချီးမွမ်းထိုက်သူ ဖြစ်ရပါလိုခြင်း။
၁၅။ ချစ်ဖွယ်သောစကားကို ဆိုတတ်သူ ဖြစ်ရပါလိုခြင်း။
၁၆။ သူတော်ကောင်းတို့၏ ဂုဏ်ကျေးဇူးကို သိတတ်သူ ဖြစ်ရပါလိုခြင်း။
၁၇။ သူတော်ကောင်းတို့ကို မြတ်နိုးသူ ဖြစ်ရပါလိုခြင်း။

www.dhammadownload.com



## အကျိုးတရားများ

၃၀။ ဣတ္ထံ အသင်္ခ်ယေ နာထ၊ ဂုဏေ လက္ခဏဒီပိတော။
ဂါထာသု သူစကာသွေက၊ ဂါထမွိ သရတေ ဗုဓော။

၃၁။ စတုဆုပါယမုတ္တော သော၊ သာဓကတ္ထဒ္ဒယဿ စ။
ဟတ္ထုပဒ္ဒဝ ဇာလော စ။ လာဘီ ဟိတ သုခဿ စ။

၃၂။ အခိေပါ နရဒေဝါနံ၊ စတုဒီပိဿရောပိ ဝါ။
ဘဝေယျ အန္တိမေ ဒေဟေ၊ တမညံ သေတဆတ္တက်ံ။

၃၃။ ဘာဝနာယာနမာရုယှ၊ သမမေဿတိ သုဗ္ဗတော။
ဣမသ္မိံ အတ္တဘာဝေပိ၊ အရောဂေါ ဒီဃဇီဝိကော။

၃၄။ ပူဇိတော သဗ္ဗလောကေဟိ၊ ဘာဝနာဘိရတိမနော။
ဇနပ္ပိယော မနာပေါ စ၊ ကာ ကထာခိလဓာရဏေ။

ပညာရှိသော အမျိုးကောင်းသားသည် ဤသို့ "သုဂတံ သုဂတံ သေဋ္ဌံ" စသည်ဖြင့် တစ်စိတ်တစ်ဒေသနည်းအားဖြင့်ပြဆိုထားသော မရေမတွက်နိုင်အောင်များသော မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတို့ကို ဖော်ပြထားသော ဂါထာတို့တွင် တစ်ဂါထာမျှကိုသော်လည်း အောက်မေ့ထု၏၊ ထိုသို့ အောက်မေ့သောသူသည်-

၁။ အပါယ်လေးပါးမှ လွတ်နိုင်၏၊
၂။ ပစ္စုပ္ပန်သံသရာ အကျိုး ၂-ပါးကို ပြီးစေနိုင်၏၊
၃။ ဘေးဥပါဒ်အန္တရာယ်ကင်းဟူသော ကွန်ယက်ကို ဖျက်ဆီးနိုင်၏၊
၄။ စီးပွားချမ်းသာကို ရနိုင်၏၊
၅။ နတ်၊လူတို့ကို အစိုးရသော နတ်မင်း ဖြစ်နိုင်၏၊
၆။ လေးကျွန်းလုံးကို အစိုးရသော စကြဝတေးမင်း ဖြစ်နိုင်၏၊

www.dhammadownload.com



၇။ နောက်ဆုံး ဘဝ၌ အကျင့်ကောင်းသောကြောင့် ဘာဝနာတည်းဟူသော ယာဉ်ထက်သို့ ၎င်းစီး၍ အရဟတ္တဖိုလ်တည်းဟူသော ထီးဖြူကို ဆောင်းလျက် ဝဋ်ဒုက္ခ အားလုံးတို့၏ အောင်ပြိမ်းရာ နိဗ္ဗာန်သို့ ရောက်လတ္တံ့ (ရောက်နိုင်၏)၊
၈။ ဤ မျက်မှောက်ဘဝ၌ အနာရောဂါ ကင်းနိုင်၏၊
၉။ အသက်ရှည်နိုင်၏၊
၁၀။ လောကသားအားလုံးတို့၏ အပူဇော်ကို ခံရ၏၊
၁၁။ တရားဘာဝနာ၌ မွေ့လျော်သော စိတ်ရှိ၏၊
၁၂။ လူအားလုံးတို့၏ ချစ်ခင်နှစ်သက်မှုကို ခံရ၏၊
၁၃။ လူအားလုံးတို့၏ စိတ်နှလုံးကို တိုးပွားစေနိုင်၏။

မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို ပြဆိုထားသော ဂါထာအားလုံးကို ဆောင်ခြင်း, မှတ်ခြင်း, ပွားများခြင်း ပြုရာ၌ ရရှိသော အကျိုးကား အဘယ် ဆိုဖွယ်ရာ ရှိအုံနည်း ဆိုဖွယ် မရှိပြီ။

ဘ်ချက်။ ။နမက္ကာရ ပါဠိကို ညောင်ရမ်းဆရာတော် ပြုစုသော နမက္ကာရဒီကာဖြင့် တိုက်ဆိုင်၍ ဖော်ပြပါသည်။

နမက္ကာရ ပါဠိနှင့် မြန်မာပြန် ပြီး၏။

---

www.dhammadownload.com

# လောကနိတိဆိုင်ရာ သိမှတ်ဖွယ်

ဆယ်စောင်တဲ့၌ ဆဋ္ဌမမြောက် သင်ကြားရသော စာမှာ လောကနီတိ ဖြစ်သည်၊ လောကအကြောင်း သိမှတ်ဖွယ်ရာများကို ထုတ်ဆိုပြသောကြောင့် လောကနီတိ ခေါ်သည်၊ ဤလောကနီတိ ကျမ်းစာကို လောကီ, လောကုတ် စွယ်စုံရ ကျမ်းဂန်တတ် ပညာရှိ အမတ်ကြီး စတုရင်္ဂလ ရေးသားပြုစုခဲ့သည်။

စတုရင်္ဂလ အမတ်ကြီးက လောကနီတိကျမ်း ပဏာမဂါထာတွင် "နာနာသတ္ထသမုဒ္ဒဠံ"ဟု ဝန်ခံထားသည့်အတိုင်း ဓမ္မပဒ, သံယုတ်, ဇာတ်, သုတ္တနိပါတ်စသော ဘုရားဟောကျမ်းဂန်များမှလည်းကောင်း၊ စာဏက္ကနီတိ, ဟိတောပဒေသ စသော သက္ကတ ကျမ်းများမှလည်းကောင်း သင့်လျော်ရာ ရွေးထုတ်၍ အပိုင်းကဏ္ဍ(၇)မျိုး ခွဲကာ စနစ်တကျ စီစဉ်ထားသည်၊ မိမိ (မဂဓိ) လက်လှမ်းမီသလောက် ကျမ်းညွှန်များကို ဆိုင်ရာဂါထာ၏ အဆုံးတွင် ဖော်ပြပေးထားပါသည်။

## လောကနီတိနိဿယ

လောကနီတိကျမ်း၏ မှီခိုနိဿယကို ဘကြီးတော်မင်း လက်ထက် သက္ကရာဇ် ၁၁၉၆-ခုနှစ်တွင် "စက္ကိန္ဒဝဘိသိရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ရှ ဆရာတော်ဦးဗုဒ်က အနက်မြန်မာပြန်ဆိုထားပါသည်၊ နိဿယ၏ အဆုံးတွင် ကျမ်းပြုပုဂ္ဂိုလ်၏ အမည်, ကျမ်းပြီးနှစ်, ကျမ်းပြီးချိန်တို့ကို ဂါထာစီ၍ တင်တိကျကျ ဖော်ပြထားပါသည်၊ ဆရာတော်ဦးဗုဒ်၏ လောကနီတိနိဿယမှာ ဝေါဟာရလွယ်ကူရှင်းလင်းပြီး မြန်မာ့အသိညာဏ်နှင့် နီးစပ်ရင်းနှီးသောကြောင့် အသုံးများကြသည်။

၁၃၄၄-ခုနှစ်တွင် သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်တွင် ရွှေတောင်မြို့ ကျီးသဲလေးထပ်ဆရာတော်၏ ကျမ်းစာငါးမျိုးကို ပေါင်း၍ စာအုပ်ရိုက်နှိပ်ဖူးသည်။ ကျမ်းစာငါးမျိုးတွင် လောကနီတ်နိဿယလည်း ပါရှိသည်၊

www.dhammadownload.com



ထိုနိဿယကို ဆယ်စောင်တွဲပါ ဦးဗုဒ္ဓ၏ လောကနီတိနိဿယနှင့် နှီးနှော တိုက်ဆိုင်ကြည့်ရာ တူးခြားမျက်, ကွာခြားချက် အလွန်အမင်း မတွေ့ရ၊ ဂါထာများစွာတူညီနေသည်၊ နိဂုံးလည်းမပါ ကျမ်းပြီးနှစ်လည်း မတွေ့ရ၊ ကျမ်းပြုပုဂ္ဂိုလ်၏ အမည်လည်း ဖော်ပြမထားပါ၊ သို့ဖြစ်၍ ကျီးသဲလေးထပ်ဆရာတော် ရေးသားသော နိဿယဖြစ်ကြောင်း အတိအကျ ပြောဆိုရန် ခဲယဉ်းသည်၊ ဆရာတော် ဦးဗုဒ္ဓနိဿယကို ကျီးသဲလေးထပ်ဆရာတော်က အချို့နေရာ၌ ပို၍ကောင်းအောင် မိမိသဘောဖြင့် ပြင်ဆင်ရေးထားသော မှတ်စုနိဿယဟုသာ ယူဆရန်သင့်ပါသည်။ သုတေသီတို့ နှီးနှောတိုက်ဆိုင်ကြည့်ပါလေ။

သက္ကရာဇ် ၁၁၆၈-ခုနှစ်တွင် ရေးကူးပြီးစီးသော ပေဟောင်းတစ်ခု၌ ဆရာတော်ဦးဗုဒ္ဓ၏ နိဿယထက် ရှေးကျသော လောကနီတိနိဿယစာမူတစ်ခုကိုလည်း တွေ့ရသေးသည်၊ ကျမ်းပြုပုဂ္ဂိုလ်အမည်နှင့် ကျမ်းပြီးနှစ်မပါရှိ၍ အတိအကျ မဖော်ပြနိုင်၊ ထူးခြားသည်မှာ နိဿယအဆုံးတွင် မှတ်ချက်ကလေးများ ပါရှိခြင်းပင် ဖြစ်သည်။

## လောကနီတိပျို

ရတနာပုံခေတ် သီပေါမင်းလက်ထက် မြန်မာသက္ကရာဇ် ၁၂၄၂-ခုနှစ်၊ ခရစ်နှစ် ၁၈၈၀- ခုနှစ်တွင် နေမျိုးမင်းထင်ကျော်ခေါင်ဘွဲ့ရ အမှာတော်ရေး ဦးရှင်ကလေး ဆိုသူက လောကနီတိပျို အမည်ဖြင့် ကဗျာရေးသားဖွဲ့ဆိုထားသည်၊ လောကနီတိပျိုကို မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုခေတ်ကာလတွင် အမျိုးသားကျောင်းများ၌ ကျောင်းသုံးစာအဖြစ် ပြဋ္ဌာန်း သင်ကြားခဲ့ကြရသည်။

## လောကနီတိအဖွင့်ကျမ်းများ

ညောင်တုန်းမြို့ ရွှေဟသံ်ာတောရတိုက်မှ အဂ္ဂမဟာပဏ္ဍိတ စံကျောင်းဆရာတော်က "လောကနီတိ အဖွင့်ကျယ်လက်စဲကျမ်း" အမည်ဖြင့် ကျမ်းတစ်ဆောင်ပြုစုထားသည်။ ကဏ္ဍ(၇)ခုအနက် ပဏ္ဍိတကဏ္ဍ, သူဌေန-

www.dhammadownload.com



ကဏ္ဍ, ဗာလဒဋ္ဌနကဏ္ဍ, မိတ္တကဏ္ဍ လေးခုသာ ပြီးစီးသည်၊ ကျန်ကဏ္ဍ သုံးခုကို စံကျောင်းဆရာတော်၏ တပည့် ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက်မှ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတ ဆရာတော်က ပြီးစီးအောင် ဆက်လက် ရေးသားသည်၊ ၁၂၈၉-ခုနှစ်တွင် ပြုစုပြီးစီးခဲ့ဟံသာဝတီတိုက်မှ သုံးအုပ်ခွဲ၍ ရိုက်နှိပ်ထုတ်ဝေသည်။

ရိုးမတိမ်ဆရာတော် ဦးသီလာစာရနှင့် စာရေးဆရာကြီး ဒါရိုက်တာ ဦးသုခတို့ကလည်း လောကနီတိကျမ်းကို သူ့နည်းသူ့ဟန်ဖြင့် ဖွင့်ဆိုထားသည်၊ ယဉ်ကျေးမှုဗိမာန် ညွှန်ကြားရေးဝန် သီရိပျံချီ ဦးသာမြတ်ကမူ အဓိပ္ပာယ်အကျယ်တဝင့် ဖွင့်ဆိုခြင်းမပြုဘဲ စာဏကျွန်တီနှင့် လောကနီတိကျမ်းကို မူရင်းအတိုင်း မြန်မာပြန်ဆို၍ ၁၉၅၄ ခုနှစ်တွင် "နီတိကျမ်းကျော် ဒွေးနှစ်ဖော်" အမည်ဖြင့် ပူးတွဲထုတ်ဝေထားသည်။

## အင်္ဂလိပ်ဘာသာ ပြန်ဆို

ပါဠိဘာသာဖြင့် စီစဉ်ထားသော စတုရင်္ဂဗေဒအမတ်ကြီး၏ လောကနီတိကျမ်းကို မစ္စတာဂျေဂရေး ဆိုသူက ခရစ်နှစ် ၁၈၆၆- ခုနှစ်တွင် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသည်၊ စာအုပ်နိဒါန်းတွင် ဂျေဂရေးက နီတိမျိုးစုံအကြောင်း မြန်မာနိုင်ငံ၌ အစောဆုံးတွေ့ရသော လောကနီတိအကြောင်း၊ လောကနီတိကို မြန်မာနိုင်ငံ ရဟန်းရှင်လူတို့က အထူးဦးစားပေး၍ သင်ကြားပုံအကြောင်း စသည်မျှားကို စုံလင်စွာ ဖော်ပြထားသည်။ သို့ရာတွင် လောကနီတိကျမ်းပြု စတုရင်္ဂဗေဒအမတ်ကြီးနှင့် ပတ်သက်၍ တစ်စွန်းတစ်စမျှ ဂုဏ်ပြုဖော်ပြခြင်းမပြုဘဲ တမင်ချန်ထားသည်မှာ စဉ်းစားစရာကောင်းနေပါသည်။

မန္တလေးတက္ကသိုလ် ဒဿနိကနှင့် စိတ္တဗေဒပါမောက္ခ ဒေါက်တာစိန်တွကလည်း ၁၉၆၂-ခုနှစ်တွင် လောကနီတိကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသည်။

www.dhammadownload.com



စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် ရိုးမတိမ် ဆရာတော် ဦးသီလာ-ဝံသရ-ဏ "ကမ္ဘာ့ရှေ့အိုး" အမည်ဖြင့် လောကနီတိကို ပါဠိ, မြန်မာ, အင်္ဂလိပ် သုံးသာသာ ယှဉ်တွဲပြဆိုပေးထားသည်၊ ရှေးဦးစွာ လောကနီတိပါဠိဂါထာကို ဖော်ပြ၍ ဒုတိယနိဿယ မြန်မာပြန်ဆိုသည် တတိယကဗျာရေးဖွဲ့ဖော်ပြသည်၊ စတုတ္ထ အင်္ဂလိပ်ဘာသာ ပြန်ဆို၍ ပဉ္စမ မြန်မာစကားပြေကို ဖော်ပြထားသည်၊ သုတေသီတို့အဖို့ အကျိုးများဖွယ်ရှိသည်၊ ယင်းကမ္ဘာ့ရှေ့အိုးကျမ်းကို ၁၉၇၇-ခုနှစ်တွင် ရေးသားပြီးစီး၍ ၁၉၈၂-ခုနှစ်တွင် တော်ဝင်ပုံနှိပ်တိုက်မှ ရိုက်နှိပ်၍ စာအုပ်ဖြစ်လာသည်။

## လောကနီတိခေတ်

လောကနီတိကျမ်းတွင် ပါသောဂါထာအချို့မှာ ဘုရားဟော ဂါထာများဖြစ်၍ ဘုရားလက်ထက်ကပင် ရှိနေသည်ဟု ဆိုရပါမည်၊ လောကနီတိကျမ်းကိုမူ စတုရင်္ဂဗလအမတ်ကြီး ပြုစုသော ကျမ်းဖြစ်၍ ပင်းယခေတ် ကျမ်းစာအဖြစ် သတ်မှတ်ရပါမည်။

## လောကနီတိကျမ်း၏ ဂုဏ်နှင့် သင်ရကျိုး

လေ့လာသင်ကြားသူအဖို့ လောကနီတိကျမ်းသည်-

၁။ သာရော=အနှစ်သာရမည်၏၊

၂။ မာတာပိတု=မိဘသဖွယ်ဖြစ်၏၊

၃။ အာစရိယော=ဆရာသမားနှင့်တူ၏၊

၄။ မိတ္တော=မိတ်ဆွေနှင့်တူ၏။-

ဟူသော ကျမ်း၏ ဂုဏ်လေးမျိုးကို မှတ်သားအပ်၏၊ ထို့ကြောင့်လောကနီတိကျမ်းကို တတ်မြောက်အောင် အဝါးဝစွာ လေ့လာဆည်းပူးသင့်ကြသည်၊ ဆည်းပူးကြပါ။

www.dhammadownload.com



လောကနီတိကျမ်းကို လေ့လာသင်ကြားသူသည်-

၁။ ဉာဏီ=ဉာဏ်ကြီးရှင် ဖြစ်နိုင်ခြင်း၊

၂။ မဟာ=ကြီးကျယ်မြင့်မြတ်သူ ဖြစ်နိုင်ခြင်း၊

၃။ ဗဟုဿုတော=အကြားအမြင် များနိုင်ခြင်း-

ဟူသော အကျိုးသုံးပါးကို ရရှိနိုင်ပါသည်။

## မြန်မာပြန် သင်ကြားမှု

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာန ယဉ်ကျေးမှု သင်တန်းတွင် ဆယ်ဖစာင်တဲ့ ဘာသာရပ်ကို သင်ကြားပို့ချရာ၌ ပါဠိနှင့်မြန်မာ ရောနှောဖော်ပြသော နိဿယနည်းကို မလိုက်ဘဲ မြန်မာပြန် သက်သက်ကို သင်ကြားပေးရာ သင်တန်းသားများအဖို့ လွယ်ကူခြင်း, သဘောပေါက် မြန်ဆန်ခြင်း, ခရီးတွင်ကျယ်ခြင်း အကျိုးများကို လက်တွေ့သိရှိခဲ့ရပါသည်၊ သို့ဖြစ်၍ ကမ္ဘာအေး ယဉ်ကျေးမှုသင်တန်း၌ ပို့ချသင်ကြားသောနည်းအတိုင်း ပါဠိဂါထာအောက်မှ မြန်မာပြန်သက်သက်ကို ဖော်ပြထားပါသည်။

www.dhammadownload.com

# ၆-လောကနိဿိတပဋိပဒါနှင့် ဖြန်မာပြန်

## ရေးသားစီစဉ်ပုံ

၁။ လောကနိတ် • ပဝတ္ထာမိ၊
နာနာသတ္ထသမုဒ္ဓဋ္ဌံ။
မာဂဓေနေဝ သံခေပံ၊
ဝန္ဒိတွာ ရတနတ္တယံ။

(အကျွန်ုပ် စတုရင်္ဂလ အမတ်သည်) ရတနာသုံးပါးကို ရှိခိုးပြီး၍ **ကျမ်းဂန်အမျိုးမျိုးတို့မှ** ထုတ်နုတ်ထားသော **လောကနိတိကျမ်းကို မာဂဓဘာသာဖြင့်** အကျဉ်းချုပ်၍ ဆိုပေအံ့။

**သင်ကြားလေ့လာထိုက်ပုံ**

၂။ နိတိ ဟိ **လောကေ** ပုရိသဿ **သာရော၊**
မာတာပိတာ စ အာစရိယော မိတ္တော။
တသ္မာ ဟိ နိတိ • ပုရိသေ ဝိဇညာ၊
ညာဏီ မဟာ ဟောတိ ဗဟုဿုတော **စ**။

ဂုဏ်အထူးကား–နိတိကျမ်းသည် **ယောကျ်ား၏၊ အနှစ်မည်၏၊ အာမိအာဘလည်းမည်၏၊** ဆရာသမားလည်းမည်၏ မိတ်ဆွေလည်း **မည်၏၊** ထို့ကြောင့် ယောကျ်ားကောင်း ဖြစ်လိုသူသည် နိတိကျမ်းကို တတ်သိနားလည်ရာ၏၊နိတိကျမ်း တတ်သော သူသည် ပညာရှိဖြစ်နိုင်၏၊ ကြီးကျယ်မွန်မြတ်၏။ အကြားအမြင်များနိုင်၏။

**မှတ်ချက်။** ။ပဓာနနည်းအားဖြင့် ယောကျ်ားကို ပြဆိုထားပါသည်၊ မိန်းမ များလည်း နိတိကျမ်းကို တတ်သင့်ပါသည်၊ တတ်လျှင် လူရာဝင်နိုင်ပါသည်။

www.dhammadownload.com



## ၁-ပဏ္ဍိတကဏ္ဍ

### ပညာရှိကို ဆိုရာအပိုင်း

၃။ အလသဿ ကုတော သိပ္ပံ၊
အသိပ္ပဿ ကုတော ဓနံ။
အဓနဿ ကုတော မိတ္တံ၊
အမိတ္တဿ ကုတော သုခံ။
အသုခဿ ကုတော ပုညံ၊
အပုညဿ ကုတော ဝဏ္ဏော။

၁။ ပျင်းသောသူ အတတ်ပညာ မရနိုင်၊
၂။ အတတ်ပညာ မရှိသောသူ ဥစ္စာမရနိုင်၊
၃။ ဥစ္စာ မရှိသောသူ မိတ်ဆွေမရနိုင်၊
၄။ မိတ်ဆွေ မရှိသောသူ ချမ်းသာမရနိုင်၊
၅။ ချမ်းသာ မရှိသောသူ ကောင်းမှုမပြုနိုင်၊
၆။ ကောင်းမှုမရှိသောသူ နိဗ္ဗာန်မရနိုင်။

၄။ သိပ္ပါ သမံ ဓနံ နတ္ထိ၊
သိပ္ပံ စောရာ န ဂဏှန္တိ။
ဣဓ လောကေ သိပ္ပံ မိတ္တံ၊
ပရလောကေ သုခါဝဟံ။

၁။ အတတ်ပညာနှင့် တူသောဥစ္စာ မရှိ၊
၂။ အတတ်ပညာကို သူခိုး မခိုးနိုင်၊
၃။ အတတ်ပညာသည် ဤလောကဌ် မိတ်ဆွေကောင်းမည်၏၊
၄။ အတတ်ပညာသည် တမလွန်ဌ် ချမ်းသာကို ဆောင်တတ်၏။

၅။ အပ္ပကံ နာတိမညေယျ၊
စိတ္တေ သုတံ နိဓာပယေ။
ဝမ္မိကောဒကံ ဗိန္ဒုဝ၊
စိရေန ပရိပူရတိ။

www.dhammadownload.com



အကြားအမြင်ပညာကို နည်းသည်ဟူ၍ မအောက်မေ့ရာ၊ စိတ်၌ သိုမှီးသိမ်းဆည်းထားရာ၏၊ ခြင်္ကောင်များ စု၍ ကြီးထွားလာသော တောင်ပို့နှင့် အိုးစရည်း၌ ကျဖန်များ၍ ပြည့်လာသော ရေပေါက်ကဲ့သို့ မှတ်အပ်၏။။

၆။ ခုဒ္ဒါတိ နာတိမညေယျ၊
ဝိဇ္ဇံ ဝါ သိပ္ပ မထ ဝါ။
ကေမို ပရိယောဒါတံ၊
ဇီဝိတကပ္ပကာရဏံ။

နှုတ်မှုပညာကို ဖြစ်စေ၊ လက်မှုပညာကိုဖြစ်စေ သေးငယ်၏ဟု မထင်မှတ်ရာ၊ ကုန်စင်အောင် တတ်မြောက်ခဲ့သော် မိမိတတ်မြောက်ထားသော အတတ်ပညာ တမျိုးမျိုးက အသက်မွေးဝမ်းကျောင်းအတွက် အထောက်အပံ့ဖြစ်နိုင်၏။။

၇။ သေလေ သေလေ နု မဏိကံ၊
ဂဇေ ဂဇေ နု မုတ္တိကံ။
ဝနေ ဝနေ နု စန္ဒနံ၊
ဌာနေ ဌာနေ နု ပဏ္ဍိတံ။

၁။ တောင်တိုင်း တောင်တိုင်း၌ ပတ္တမြားမထွက်၊
၂။ ဆင်တိုင်းဆင်တိုင်း၌ အမြှေတေ(ပုလဲ)မရှိ၊
၃။ တောတိုင်းတောတိုင်း၌ စန္ဒကူးနှံသာ မပေါက်၊
၄။ အရပ်တိုင်းအရပ်တိုင်း၌ ပညာရှိ မထွန်းကား။

**မှတ်ချက်။** ။ကျွဂါထာ စာဏကျနိတိတွင် လာသည်။

၈။ ပဏ္ဍိတော သုတသမ္ပန္နော၊
ယတ္ထ အတ္ထီတိ စေ သုတော။
မဟုဿာဟေန တံ ဌာနံ၊
ဂန္တုဗ္ဗံ သုတေသိနာ။

www.dhammadownload.com



သုတနှင့် ပြည့်စုံသော ပညာရှိ ပုဂ္ဂိုလ် ရှိသည်ဟု သတင်းစကား ကြားသိရှုပြားအံ့, သုတကိုရှာမှီးသော အမျိုးကောင်းသားသည် လုံ့လ ဝီရိယ ကြီးမားစွာဖြင့် ပညာရှိပုဂ္ဂိုလ်ရှိရာ အရပ်သို့ အထောက်သွား၍ ပညာကို မှာမှီးရာ၏။

**မှတ်ချက်။** ။ကျွဂါထာ မဟာရဟန်တို့ ပါရှိသည်။

၉။ သိန္နေ သိပ္ပံ သိန္နေ ဓနံ၊
သိန္နေ ပဗ္ဗတမာရုဟံ။
သိန္နေ ကာမဿ ကောဓဿ၊
ဣမေ.ပဉ္စ သိန္နေသိန္နေ။

၁။ အတတ်ပညာကို ဖြည်းဖြည်း သင်ရာ၏။
၂။ ဥစ္စာကို ဖြည်းဖြည်း ရှာရ၏။
၃။ တောင်ကို ဖြည်းဖြည်းသာ တက်ရာ၏။
၄။ ကာမဂုဏ်ကို ဖြည်းဖြည်းသာ ခံစားရာ၏။
၅။ အမျက်ဒေါသကို ဖြည်းဖြည်းသာ ထုတ်စေရာ၏။
ဤငါးမျိုးကို ဖြည်းဖြည်း ဖြည်းဖြည်း တစ တစသာ အလိုရှိရာ၏၊ (ဆန္ဒမစောရာ)။

**မှတ်ချက်။** ။သိန္နေ၊ သိနေ၊ သနေ၊ ပါဠိသုံးမျိုး ရှိနေသည်၊ သင့်သည် ချည်းသာ။

၁၀။ သုတိ သမ္မုတိ သခ်္ခာ စ၊
ယောဂါ နီတိ ဝိသေသကာ။
ဝုဒ္ဓိဗ္ဘာ ဂဏကာ စေဝ၊
ဓနုပေဒါ စ ပူရကာ။

၁။ အကြောင်း အမြင် အတတ်၊
၂။ လောကသမ္မုတိဖြစ်သော မွေသတ် ရောင်းသတ် အတတ်၊
၃။ ဂဏန်းသခ်္ခာ အတတ်၊
၄။ တံစဉ်း, စူး, ဆောက် စသော လက်မှုပန်းအတတ်၊

www.dhammadownload.com



၅။ နီတိကျမ်း အတွတ်၊
၆။ ယာယီ, ယတြာပြုခြင်း စသော ဗျာကရဏ်း အတတ်၊
၇။ စောင်းခြင်း စသော ကဗျာသက်ဝ အတတ်၊
၈။ လက်ချိုးရေတွက်ခြင်း(လက်ပစ်)အတတ်၊
၉။ ဒူလေး, လင်းလေး အတတ်၊
၁၀။ ထုံးဟောင်း ရာဇဝင် အတတ်။

၁၁။ တိကိစ္ဆာ ဣတိဟာသာ စ၊
ဇောတိမာယာ စ ဆန္ဒတိ၊
ကေတုမန္တာ စ သဒ္ဒါ စ၊
သိပ္ပါဒ္ဌာရသကာ ဣမေ။

၁၁။ ဆေးပညာ အတတ်၊
၁၂။ ရယ်နှင်မှု အတတ်၊
၁၃။ ဗေဒင် အဝတ်၊
၁၄။ လှည့်ပတ်မှု ဒေတတ်၊
၁၅။ ဆန်းကျမ်း အတတ်၊
၁၆။ သံတမန် အတတ်၊
၁၇။ မန္တန် အတတ်၊
၁၈။ သဒ္ဒါကျမ်း အတတ်။

**ဤသည်တို့ကား တစ်ဆယ့်ရှစ်ပါးသော အတတ်ပညာများတည်း။**

၁၂။ အပုဋ္ဌော ပဏ္ဍိတော ဘောဂီ၊
ပဇုန္နော ဟောတိ ပုစ္ဆိတော။
ဗာလော ပုဋ္ဌော အပုဋ္ဌောပိ၊
ဗဟုမိ ဘဏတေ သဒါ။

**ပညာရှိသည် သူတပါးက မမေးသော် (ပြောရိုးမရှိ)၊ ထိုးမှပြည်သော စည်ကြိုးနှင့်တူ၏၊ သူတပါးက မေးလာခဲ့သော် သဲသဲမဲမဲ ရွှာချသော မိုးကြိုးနှင့်တူ၏၊ (ပြောသင့်သမျှ တစ်လုံးမကျန် ပြောတတ်၏)၊**

www.dhammadownload.com



သူမိုက်သည် သူတပါးက မေးသည်ဖြစ်စေ၊ မမေးသည်ဖြစ်စေ များစွာ ပြောဟောတတ်၏။

**မှတ်ချက်။** ။ကျေဂါထာ မဟာရဟန်တို၌ ပါရှိသည်။

၁၃။ ပေါတ္ထကေသု စ ယံ သိပ္ပံ၊
ပရဟတ္ထေသု ယံ ဓနံ။
ယထာကိစ္စေ သမုပ္ပန္နေ၊
န တံ သိပ္ပံ န တံ ဓနံ။

စာအုပ်၌ရှိသော အတတ်ပညာနှင့် သူတပါး၏လက်၌ရှိသောဥစ္စာသည် ကိုယ်ပိုင်မဟုတ်၊ အကြောင်းကိစ္စ ပေါ်ပေါက်သော် အသုံးချ၍မရ။

**မှတ်ချက်။** ။ကျေဂါထာသည် စာဏကျနီတိကျမ်း၌ လာသည်။

၁၄။ ဇလပ္ပမာဏာ ကုမုဒနာဠဒ္ဓ၊
ကုလပ္ပမာဏံ ဝိနယောပဓာနံ။
ဗျတ္တိပ္ပမာဏံ ကထိတဝါက္ယံ၊
ပထဝိပ္ပမာဏံ တီဏမိလာတံ"

၁။ ရေတိမ်,ရေနက်၏ သဘောကို ကြာရိုးကို မြင်၍ သိနိုင်၏၊

၂။ အမျိုးယုတ်, အမျိုးမြတ် ဖြစ်ကြောင်းကို ကိုယ်အမူအရာ, နှုတ်အမူအရာကို ကြည့်၍ သိနိုင်၏၊

၃။ ပညာရှိသည်, မရှိသည်ကို ပြောဆိုသောစကားကို ထောက်ချင့်၍ သိနိုင်၏၊

၄။ မြေကောင်းသည်, မကောင်းသည်ကို မြေပေါ်၌ပေါက်သော မြက်ပင် ညှိုးသည်, မညှိုးသည်ကို မြင်၍ သိနိုင်၏။

**မှတ်ချက်။** ။ကုမုဒမာလံ၊ ကုမုဒနာဠံ-ဟု ပါ၌ ၂-ထွေရှိနေသည်။

www.dhammadownload.com



၁၅။ အပ္ပသုတော သုတံ အပ္ပံ၊
ဗဟုံ မညေတိ မာနဝေါ။
သိန္နဒြကမပ္ပဿန္ဓော၊
ကူပေ တောယံဝ မဏ္ဍူကော။

ဗဟုသုတခေါင်းပါးသော သူသည် အနည်းငယ်မျှတတ်သော အတတ်ပညာကို အမျှားကြီးတတ်သည်ဟု အထင်ရောက်တတ်၏၊ မာန်ရှိတတ်၏၊ သမုဒ္ဒရာရေကို မမြင်ဖူးသော ဖားသူငယ်သည် တွင်းဝဲ၌ ရှိသော ရေကို အမျှားကြီးထင်မှတ်သည်နှင့် တူနေတတ်၏။

**မှတ်ချက်။** ။ကျေဂါထာ မဟာရဟန်တို၌လည်း တွေ့ရသည်။

၁၆။ ပဌမံ ပရာဇယေ သိပ္ပံ၊
ဒုတိယံ ပရာဇယေ ဓနံ။
တတိယံ ပရာဇယေ ဓမ္မံ၊
စတုတ္ထံ ကိံ ကရိဿ တိ။

၁။ ပထမအရွယ်၌ အတတ်ပညာကို မရခဲ့သော်,
၂။ ဒုတိယအရွယ်၌ ဥစ္စာကို မရခဲ့သော်,
၃။ တတိယအရွယ်၌ တရားကို မရခဲ့သော်,
၄။ စတုတ္ထ အရွယ်ခေါ်သော သေချိန်ကာလ၌ အဘယ်မှာလျှင် အသုံးကျအံ့နည်း (လူဖြစ်ရှုံးလိမ့်မည်သာ)။

**မှတ်ချက်။** ။ကျေဂါထာ စာဏက္ကနီတို၌ လာသည်၊ ပရာဇယေ, နပရာဇိတော-ဟူ၍ ပါဠိ၂-မျိုးတွေ့ရသည်။ နှစ်သက်ရာယူကြပါ။

၁၇။ ဗျတ္တာ ပုတ္တြ ကိမလသော၊
အဗျတ္တော ဘာရဟာရကော။
ဗျတ္တာကော ပူဇိတော လောကေ၊
ဗျတ္တ ပုတ္တြ ဒိနေ ဒိနေ။

www.dhammadownload.com



ချစ်သား(ချစ်သမီး).... အတတ်ပညာ ကြိုးစားသင်စမ်းပါ၊ အဘယ့်ကြောင့် ပျင်းစိတ်ဝင်ချင်ရသနည်း။ အတတ်ပညာမရှိသောသူသည် သူ၏ဝန်ထမ်းဖြစ်တတ်၏၊ အတတ်ပညာရှိသူကို လောကဌ် သူတပါးတို့က ပူဇော်ကုန်ပြုနေကြသည်။ ထို့ကြောင့် ချစ်သား (ချစ်သမီး).... နေ့တိုင်း နေ့တိုင်း အတတ်ပညာကို ကြိုးစား၍ သင်ကြားပါလော့။

၁၈။ မာတာ ဝေရီ ပိတာ သတြု၊
ကေန ဗာလေ န သိက္ခိတော။
သဘာမဇ္ဈေ န သောဘတိ၊
ဟံသမဇ္ဈေ ဗကော ယထာ။

အမိသည် အပြင်ရန်သူ မည်၏၊ အဘသည် အတွင်းရန်သူ မည်၏၊ အဘယ်ကြောင့် ရန်သူမည်သနည်း၊ ငယ်ရွယ်စဉ်အခါ၌ သင်းသမီးကို ပညာသင်မပေးသောကြောင့် ရန်သူမည်၏၊ ပညာမတတ်သောသူသည် ဟသ်ာတို့၏ အလယ်၌ ဗျိုင်းကဲ့သို့ သဘင်အလယ်၌ မတင့်တယ်။ မှတ်ချက်။ ။ဤဂါထာ ဟိတောပဒေသ၌ လာသည်။

၁၉။ ကဏ္ဍကံဂိရိ ကော တိက္ခတိ၊
ကော အဋ္ဌနံ မိဂကွိယံ။
ဥပ္ပလဿ ပလ္လလေ ကော သုဂန္ဓံ၊
ကုလပုတ္တရူပေါ ကော ပဝတ္တတိ သာမံဘာဝေါ။

၁။ တောင်ချောက်ကြား၌ ဓေါက်ရောက်သော ဆူးသည် ဘယ်သူ ချွန်၍ ထက်သနည်း၊ သူသဘာဝအတိုင်းသာ ထက်နေ၏။

၂။ သမင်တို့၏ မျက်စိ၌ ဘယ်သူမျက်စဉ်းခတ်၍ ကြည့်လင်သနည်း၊ သူသဘာဝအတိုင်းသာ ကြည့်လင်နေ၏။

၃။ နှုံး၌ ပေါက်သော ကြာကို ဘယ်သူ အနံ့ကောင်း ထည့်၍ မွှေးသနည်း၊ သူသဘာဝအတိုင်းသာ မွှေးနေ၏။

www.dhammadownload.com



၄။ အမျိုးကောင်းသားတို့၏ ယဉ်ကျေးလိမ္မာသော စိတ်သဘောသည် ဘယ်သူပြု၍ ဖြစ်ပေါ်သနည်း၊ သူသူ့ဘဝအတိုင်းသာ ဖြစ်၏။
မှတ်ချက်။ ။ကဏ္ဍကံဂိရိ, ကဏ္ဍကာဂိရိ-ဟု ပါဠိ ၂-မျိုးစီ ရှိကြသည်။

၂၀။ နု ရသံ အကောတမ္မုလံ၊
အဓနဿာလက််တမ်ဗိ။
အလောဏကန္တု ဗျဉ်္ဇနံ၊
ဗျာကရဏံ အသိုပ်ပဿ။

၁။ ထုံးမပါသော ကုမ်းသည် အရသာမရှိ။
၂။ ကိုယ်ပိုင်ဥစ္စာ မရှိသော သူ၏ (အဌားပစ္စည်းဖြင့်) တန်ဆာဆင်ခြင်းသည် အရသာမရှိ။
၃။ ဆားမပါသော စားဖွယ်သည် အရသာမရှိ။
၄။ အတတ်ပညာ မရှိသောသူ၏ ပျို့ကဗျာဖွဲ့ခြင်းသည် အရသာမရှ်။

၂၁။ သုဿုသာ သုတသမ္ပန္နော၊
သုတပညာယ ဝဍ္ဎတိ။
ပညာယ အတ္ထံ ဇာနာတိ၊
ဉာတော အတ္ထော သုခါဝဟော်။

နာကြားခြင်း, မှတ်သားခြင်းကြောင့် သုတနှင့် ပြည့်စုံ၏။ သုတပညာဖြင့် ကြီးပွားတိုးဝ.က်နိုင်၏၊ သုတပညာဖြင့် အနက်အဓိပ္ပာယ်ကို သိနိုင်၏၊ သိထားသော အနက်အဓိပ္ပာယ်သည် ချမ်းသာကို ဆောင်တတ်၏။
မှတ်ချက်။ ။ကျော်ဂါထာ မဟာရဟန်တို့၌လည်း ပါရှိသည်။

၂၂။ ဘောဇနံ မေထုနံ နိဒ္ဒါ၊
ဂေါဏော ပေါသေပိ ဝိဇ္ဇတိ။
ဝိဇ္ဇာ ဝိသေသော ပေါသဿ၊
ကံ ဟီနော ဂေါသမော ဘဝေ။

www.dhammadownload.com



အစာစားခြင်း, မေထုန်မှီဝဲခြင်း, အိပ်ခြင်း ဤသုံးမျိုးသည် လူမှာလည်း ရှိ၏၊ နွားမှာလည်း ရှိ၏၊ အတတ်ပညာဆည် လူမှာသာရှိ၏၊ နွားဌာမရှိ၊ အတတ်ပညာသည် လူက နွားထက် ထူးခြားချက် ဖြစ်၏၊ အတတ်ပညာမရှိသော် လူသည် နွားနှင့်အတူပင် ဖြစ်၏။
မှတ်ချက်။ ။ဤဂါထာ မဟာရဟန်တိဋ္ဌလည်း ပါရှိသည်။

၂၃။ နတ္ထိ ဝိဇ္ဇာသမံ မိတ္တံ၊
နဓနသမော ရိပု။
နဓနသမံ ပေမံ၊
နကမ္မသမံ ဗလံ။

၁။ အတတ်ပညာနှင့် တူသော မိတ်ဆွေ မရှိ။
၂။ အနာထောဂါနှင့် တူသော ရန်သူ မရှိ။
၃။ ကိုယ်နှင့် တူသော ချစ်အပ်သူ မရှိ။
၄။ ကံနှင့် တူသော ခွန်အား မရှိ။
မှတ်ချက်။ ။ဤဂါထာ စာဏက္ကနီတိဋ္ဌလာသည်၊ မဟာရဟန်တိဋ္ဌလည်း တွေ့ရသည်။

၂၄။ ဟံသော မတ္တေ နကာကာနံ။
သီဟော ဂုန္နံ နသောဘတေ။
ဂဒြဘမတ္တေ တုရင်္ဂါ၊
ဗာလမတ္တေ စ ပဏ္ဍိတော။

၁။ ဟင်္သာသည် ကျီးငှက်တို့၏ အလယ်၌ မတင့်တယ်။
၂။ ခြင်္သေ့သည် နွားတို့၏ အလယ်၌ မတင့်တယ်။
၃။ မြင်းသည် မြည်းတို့၏ အလယ်၌ မတင့်တယ်။
၄။ ပညာရှိသည့် လူမိုက်တို့၏ အလယ်၌ မတင့်တယ်။
မှတ်ချက်။ ။ဤဂါထာ မဟာရဟန်တိဋ္ဌလည်း ပါရှိသည်။

www.dhammadownload.com



၂၅။ ယာဝဇီဝမိ စေ ဗာလော၊
ပဏ္ဍိတံ ပယိရုပါသတိ။
နော သော ဓမ္မံ ဝိဇာနာတိ၊
ဒဗ္ဗိ သူပရသံ ယထာ။

ယောက်မသည် ဟင်း၏ အရသာကို မသိသကဲ့သို့ လူမိုက်သည် အသက်ရှည်သမျှ ကာလပတ်လုံး ပညာရှိကို ဆည်းကပ်စေကာမူ (သူတော်ကောင်း) တရားကို မသိနိုင်။
မှတ်ချက်။ ။ဤဂါထာ ဓမ္မပဒဗာလဝဂ်၌ လာသည်။

၂၆။ မုဟုတ္တမပိ စေ ဝိညူ၊
ပဏ္ဍိတံ ပယိရုပါသတိ။
ခိပ္ပံ ဓမ္မံ ဝိဇာနာတိ၊
ဇိဝှါ သူပရသံ ယထာ။

လျှာသည် ဟင်း၏ အရသာကို သိသကဲ့သို့ သိကြားလိမ္မာသူသည် တဒဂ္ဂမျှ ပညာရှိကို ဆည်းကပ်ရစေကာမူ (သူတော်ကောင်း) တရားကို လျင်မြန်စွာ သိနိုင်၏။

၂၇။ ဝိနာ သတ္ထုံ နု ဂစ္ဆေယျ၊
သူရော သင်္ဂါမဘူမိယံ။
ပဏ္ဍိတဿဒဂူ ဝါဏိဇော၊
ဝိဒေသဂမနော တထာ။

၁။ ရဲရင့်သော သူသည် လက်နက်မပါဘဲ စစ်မြေပြင်သို့ မသွားရာ။
၂။ ပညာရှိသည် ကျမ်းဂန်အထောက်အထားမပါဘဲ စကားမပြောရာ။
၃။ ခရီးရှည်သွားသော ကုန်သည်သည် အဖော်မပါဘဲ ခရီးမသွားရာ။
၄။ အရပ်တစ်ပါးသို့ သွားသော သူသည် အဖော်မပါဘဲ မသွားရာ။
မှတ်ချက်။ ။ဤဂါထာ မဟာရဟနီတိ၌လည်း ပါရှိသည်။

www.dhammadownload.com



၂၈။ ဓနနာသံ မနောတာပံ၊
ဃရေ ဒုစ္စရိတာနိ စ။
ဝဉ္ဆနဉ္စ အဝမာနံ၊
ပဏ္ဍိတော နု ပကာသယေ။

၁။ ဥစ္စာပျက်စီးခြင်း၊
၂။ စိတ်နှလုံးပူပန်ခြင်း၊
၃။ အိမ်၌ မကောင်းမှုပြုခြင်း၊
၄။ အလှည့်အပတ်ခံရခြင်း၊
၅။ မထီမဲ့မြင် အပြုခံရခြင်း။

ဤငါးမျိုးကို ပညာရှိသည် ထင်ရှားမပြရာ။

မှတ်ချက်။ ။ဤဂါထာ စာဏက္ကနီတိ, ဟိတောပဒေသ, မဟာရဟနီတိ တို့၌ လာသည်။

၂၉။ ပတ္တာနုရူပကံ ဝါကျံ၊
သဘာဝရူပကံ ပိယံ။
အတ္တာနုရူပကံ ကောဓံ၊
ယော ဇာနာတိ သ ပဏ္ဍိတော။

၁။ အရေးအခွင့်ရောက်သည်နှင့် လျော်သော စကားကို ဆိုခြင်း၊
၂။ ကိုယ်နှင့်သင့်လျော်သော ချစ်အပ်သူကို ရှာခြင်း၊
၃။ ကိုယ်နှင့်တန်ရုံသာ အမျက်ထွက်ခြင်း။

ဤသုံးမျိုးကို သိသော သူသည် ပညာရှိမည်၏။

၃၀။ အဓနဿ ရသံ ခါဒါ၊
အဗလဿ ဟတာရတာ၊
အပညဿ ဝါကျကထာ၊
ဥမ္မတ္တကဿမာ ဣမေ။

www.dhammadownload.com



၁။ ဥစ္စာမရှိဘဲလျက် အရသာ အစားကြူးသောသူ၊
၂။ ခွန်အား မရှိဘဲလျက် ဒသတ်အပုတ် ကြိုက်သောသူ၊
၃။ ပညာ မရှိဘဲလျက် စကားလိုလားသောသူ။

ဤသူတို့သည် အရှုံးနှင့် တူကုန်၏။

၃၁။ အနဝဋိယံ ဂမယန္တော၊
အပုစ္ဆံ ဗဟုဘာသကော။
အတ္တဂုဏံ ပကာသေန္တော၊
တိဝိဓံ ဟီနလက္ခဏံ။

၁။ သူ မခေါ်ဘဲလျက် သူ့အိမ်သို့ သွားဖန်များသောသူ၊
၂။ သူ မမေးဘဲလျက် များစွာပြောချင်သူ၊
၃။ မိမိဂုဏ်ကို ဝါကြွားပလွှားတတ်သူ။

ဤသုံးမျိုးသည် သူယုတ်လက္ခဏာ မည်၏။

၃၂။ အပ္ပဿုပေါ ဗဟုံဘာသေ၊
အပ္ပပညော ပကာသိတော။
အပ္ပပုရော ဃဋ္ဋော ခေါဘေ၊
အပ္ပခီရာ ဂါဝီ စလေ။

၁။ အဆင်းမလှသော သူသည် စကားများတတ်၏။
၂။ ပညာနည်းသော သူသည် ထင်ရှားပြတတ်၏။
၃။ ရေမပြည့်သော အိုးသည် ဘောင်ဘင်ခတ်တတ်၏။
၄။ နို့မထွက်သော နွားမသည် ကျောက်ကန်တတ်၏။

၃၃။ မဏ္ဍူကေပိ ဥက္ကြ သီဟေ၊
ကာကဂုဟေ ပိယေ ပိယေ။
အပဏ္ဍိပိ ပဏ္ဍိ ဟုတ္ဝာ၊
ဓိဆာ ပုစ္ဆေ ငယေ ငယေ။

www.dhammadownload.com



ဖားသူငယ်သည် ဆောင့်ကြောင့်ထိုင်တတ်ရုံမျှဖြင့် ခြသေ့ဟု ထင်တတ်၏။ ကျီးငှက် အသုတ်ခံရသောအခါ ချစ်ဆွေ ချစ်ဆွေဟု ယောင်ယမ်းမြည်တတ်၏။ ပညာမရှိသော လူမိုက်သည်လည်း မိမိကိုယ်ကို ပညာရှိဟု ထင်တတ်၏။ ပညာရှိမျှားက မေးမြန်းသည့်အခါ ငါ့ရှင် ငါ့ရှင်ဟု ခုမ်ခင်ဖွယ်သော စကားကို ဆို၍ ပရိယာယ်သုံးတတ်၏။

၃၄။ မဏ္ဍူကေပိ ဥက္ကြ သီဟော၊
သူကရေပိ ဥဟေ ဒီပေ။
ဗိဠာရေ သဒိသေ ဗျဂ္ဃေ၊
သဗ္ဗဓိရေ သိပ္ပသမေ။

၁။ ဖားသူငယ်ကို ဆောင့်ကြောင့်ထိုင်တတ်ရုံမျှဖြင့် ခြသေ့ဟု မခေါ်နှိုင်။

၂။ ဝက်ကိုလည်း အုတ်အုတ်မြည်တတ်ရုံမျှဖြင့် သစ်ဟု မခေါ်နှိုင်။

၃။ ကြောင်ကိုလည်း အဆင်းသဏ္ဌာန် တူရုံမျှဖြင့် ကျားဟု မခေါ်နှိုင်။

၄။ ပညာရှိအားလုံး(တစ်ဦးနှင့်တစ်ဦး) အတတ်ပညာ တူနိုင်မည် မဟုတ်။

၃၅။ န တိတ္ထိ ဏာဇာ ဓနမ္ပိ၊
ပဏ္ဍိတောပိ သုဘာသိတေ။
စက္ခုမ္ပိ ပိယဒဿနေ၊
ဇလေ သဂဂရော န တိတ္တိ။

၁။ မင်းသည် ဥစ္စာ၌ မရောင့်ရဲ။

၂။ ပညာရှိသည် စကားကောင်း၌ မရောင့်ရဲ။

၃။ မျက်စိသည် ချစ်သောသူကို မြင်ခြင်း၌ မရောင့်ရဲ။

၄။ သမုဒ္ဒရာသည် ရေ၌ မရောင့်ရဲ။

www.dhammadownload.com



၃၆။ ရူပယောဗ္ဗနသမ္ပန္နာ၊
ဝိသာလကုလသမ္ဘဝါ။
ဝိဇ္ဇာ ဟီနာ နု သောဘန္တိ၊
နိဂန္ဓာ ဣဝ ကိံသုကာ။

အဆင်းအရှယ်နှင့် ပြည့်စုံ၍ ပြန့်ပြောကြွယ်ဝသော အမျိုးဌ် လူဖြစ်သော်လည်း အတတ်ပညာ မရှိသော် မတင့်တယ်၊ အနှံကင်းသော ပေါက်ပန်းနှင့် တူတတ်၏။
မှတ်ချက်။ ။ဤဂါထာ စာကကျန်တိုနှင့် ဟိတောပဒေသဌ် လာသည်။

၃၇။ ဟီနပုတ္တော ရာဇမစ္ဆော၊
ဗာလပုတ္တော စ ပဏ္ဍိတော။
အဓနဿ ဓနံ ဗဟု၊
ပုရိသာန နု မညထ။

အမျိုးယုတ်သော သူ၏ သားဖြစ်သော်လည်း မင်းအမတ် ဖြစ်တတ်၏။ လူမိုက်၏သား ဖြစ်သော်လည်း ပညာရှိ ဖြစ်တတ်၏။ ဥစ္စာမရှိသော သူ၏ သားဖြစ်သော်လည်း ဥစ္စာပစ္စည်း ကြွယ်ဝတတ်၏။ ထို့ကြောင့် ယောကျ်ား တို့ကို အထင်မသေးရာ။

၃၈။ ယော သိဿော သိပ္ပလာဘေန၊
ဗဟုံ ဂဏှာတိ တံ သိပ္ပံ။
မူဂေါဝ သုပိနံ ပဿံ၊
ကထေတုမ္မိ နု ဉဿဟော။

အတတ်ပညာ လိုချင်စိတ် လွန်ကဲသော တပည့်သည် (အတတ်ပညာ တမျိုးမျိုးကို လမ်းဆုံးအောင် မသင်ကြားဘဲ) ဘွဲ့ရာမြင်ရာ အတတ် ပညာများကို မန္ဒမစပ် သင်ကြားခဲ့သော် ဒိဗ်မက်ကို မြင်မက်သော သူအ ကဲ့သို့ ဘာတစ်ခုမျှ ပြန်ပြောနိုင်စွမ်း ရှိမည်မဟုတ်။

www.dhammadownload.com



၃၉။ နာ ဘိဇ္ဇေတုံ ကုမ္ဘကာရော၊
သောဘေတုံ ကုမ္ဘံ ဃန္ဒတိ။
နာ ခိပေတုံ အပါယေသု၊
သိဿနံ ဝုစ္စိကာရဏာ။

အိုးလုပ်သော သူသည် မိမိအိုးကို ကွဲစိမ့်သောငှာ ပုတ်ခတ်သည်မဟုတ်။ တင့်တယ်လှပစိမ့်သောငှာ ပုတ်ခတ်ပေးရ၏၊ ဆရာသည် တပည့်တို့ကို အပါယ်ဆင်းရဲ ကျစေခြင်းငှာ ရိုက်နှက်သည် မဟုတ်။ အတတ်ပညာ အစီးအပွား ဖြစ်ထွန်းစေလိုသောကြောင့် ရိုက်နှက်ပေးရခြင်း ဖြစ်သည်။

၄၀။ တဂရဇ္ဇု ပလာသေန၊
ယော နရော ဥပနယှတိ။
ပတ္တာပိ သုရဘိ ဝါယန္တိ၊
ဧဝံ မိဂျုပသေဝနာ။

တောင်ဇလပ်ပန်းကို ထုပ်သော ဖက်သည် ပန်း၏ ရနံ့ကြောင့် မွှေးကြိုင်၏၊ ထို့အတူ ပညာရှိကို မှီဝဲသော သူသည်လည်း လိမ္မာယဉ်ကျေးသော မာတ်သဘာဝများ ကူးစက်နိုင်၏။

**မှတ်ချက်။** ။ကျဂါထာ နာရဒဇာတ်၌ လာသည်။

ပဏ္ဍိတကဏ္ဍံ နိဋ္ဌိတံ။

**ပညာရှိကို ဆိုရာအပိုင်း ပြီး၏။**

---

## ၂–သုဇနကဏ္ဍ

### သူတော်ကောင်းကို ဆိုရာအပိုင်း

၄၁။ သဇ္ဇိရေဝ သမာသေထ၊
သဇ္ဇိ ကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဒမ္မမညာယ၊
သေယ္ယော ဟောတိ နာ ပါပိယော။

www.dhammadownload.com



၁။ သူတော်ကောင်းတို့နှင့်သာ ပေါင်းသင်းထု၏။
၂။ သူတော်ကောင်းတို့နှင့် ပေါင်းသင်းခြင်းကို ပြုထု၏။
၃။ သူတော်ကောင်းတထူးကို သိ၍ စိတ်ထား မြင့်မြတ်၏၊ မယုတ်မာချေ။

**မှတ်ချက်။** ။ကျိုက်ထာ ဒေဝတာသံယုတ်၌ လာသည်။

၄၂။ စဇ ဒုဇ္ဇန သံသဂ္ဂံ၊
ဘဇ သာဓု သမာဂမံ။
ကရ ပုညမဟောရတ္တိံ၊
သရ နိစ္စမနိစ္စတံ။

၁။ သူယုတ်မာတို့နှင့် ပေါင်းသင်းခြင်းကို စွန့်လွှတ်ပါ။
၂။ သူတော်ကောင်းကို မှီဝဲဆည်းကပ်ပါ။
၃။ နေ့ညဉ့်မပြတ် ကုသိုလ်ကောင်းမှုကို ပြုပါ။
၄။ သင်္ခါရတရားတို့၏ မမြဲပုံကို အမြဲမပြတ် အောက်မေ့ပါ။

**မှတ်ချက်။** ။ကျိုက်ထာ ဟိတောပဒေသာ၌ လာသည်။

၄၃။ ယထာ ဥဒုမ္ဗရပက္ကာ၊
ဗဟိ ရတ္တာကမေဝ စ။
အန္တော ကိမိလသမ္ပုဏ္ဏာ၊
ဧဝံ ဒုဇ္ဇနဟဒယာ။

ရေသဖန်းသီးမှည့်တို့သည် အပဒ၌ အနိရောဇအဆင်း ရှိ၍ (လှပသော်လည်း) အတွင်း၌ ပိုးရွဲအတိ ပြီးသကဲ့သို့ သူယုတ်မာတို့၏ စိတ်နှလုံးတို့သည် အတွင်းဓာတ်ညှံ၍ စက်ဆုပ်ဖွယ် ကောင်းကုန်၏။

၄၄။ ယထာပိ ပနသပက္ကာ၊
ဗဟိ ကဏ္ဏကမေဝ စ။
အန္တော အမတသမ္ပန္နာ၊
ဧဝံ သုဇနဟဒယာ။

www.dhammadownload.com



ပိန္နဲသီးမှည့်တို့သည် ပြင်ပ၌ ဆူးရှိ၍ (အမြင်ဆိုးသော်လည်း)အတွင်း၌ အမြိန်အရသာနှင့် ပြည့်စုံသကဲ့သို့ သူတော်ကောင်းတို့၏ စိတ်နှလုံးတို့သည် အတွင်းဓာတ် မြင့်မြတ်၍ နှစ်သက်ဖွယ် ကောင်းကုန်၏။

၄၅။ သုက္ခောပိ စန္ဒနတချု နု ဇဟာတိ ဂန္ဓံ၊
နာဂေါ ဂတော နရမုခေ နု ဇဟာတိ လိင်္ဂံ။
ယန္တဂတော မဓုရသံ နု ဇဟာတိ ဥစ္ဆု၊
ဒုက္ခောပိ ပဏ္ဍိတဇနော နု ဇဟာတိ ဓမ္မံ။

၁။ စန္ဒကူးပင်သည် ခြောက်သွေ့သော်လည်း၊ မွှေးရန့်ကို မစွန့်။
၂။ ဆင်ပြောင်ကြီးသည် စစ်မြေပြင်သို့ ရောက်သော်လည်း လူတို့၏ မျက်မှောက်၌ တင့်တယ်ခြင်းကို မစွန့်။
၃။ ကြံသည် ယန္တရားစက်ဖြင့် ကြိတ်သော်လည်း ချိုသော အရသာကို မစွန့်။
၄။ ပညာရှိ သူတော်ကောင်းသည် ဆင်းရဲခြင်းသို့ ရောက်သော်လည်း သူတော်ကောင်းတရားကို မစွန့်။

၄၆။ သီဟော နာမ ဇီဃစ္ဆာပိ၊
ပဏ္ဏာဒီနိ နု ခါဒတိ။
သီဟော နာမ ကိသော စာပိ၊
နာဂမံသံ နု ခါဒတိ။

၁။ ခြင်္သေ့တို့၏ သဘောမည်သည် ဆာလောင် မွတ်သိပ်သော်လည်း သစ်ရွက် စသည်ကို မစား။
၂။ ခြင်္သေ့တို့၏ သဘောမည်သည် ကြုံလို့ ပိန်ချုံးသော်လည်း ဆင်သားကို မစား။

၄၇။ ကုလဇာတော ကုလပုတ္တော၊
ကုလဝံသသုရက္ခကော။
အတ္တာနာ ဒုက္ခပတ္တောပိ၊
ဟိနကမ္မံ နု ကာရယေ။

www.dhammadownload.com



မြတ်သော အမျိုးဌ ဖြစ်သော အမျိုးအနွယ်ကို စောင့်တတ်သော အမျိုးကောင်းသား (အမျိုးကောင်းသမီး)သည် မိမိဆင်းရဲ၍ နေစေကာမူ ယုတ်ညံ့သော ဒုစရိုက်မှုမျိုးကို မပြုလုပ်ရာ။

။ ၉ ။

၄၈။ စန္ဒန သတလ လောကော၊
တတော စန္ဒံဝ သီတလံ။
စန္ဒစန္ဒနသီတမှာ၊
သာဓုဝါကံ၊ သုဘာသိတံ။

၁။ လောကဌ် စန္ဒကူးနံသာသည် ချမ်းမြေ၏။
၂။ ထိုစန္ဒကူးနံသာ ချမ်းမြေသည်ထက် လရောင်က ပို၍ ချမ်းမြေ၏။
၃။ လနှင့် စန္ဒကူးတို့ ချမ်းမြေသည်ဆက် ကောင်းစွာဆိုအပ်သော သူတော်ကောင်းတို့၏ စကားက ပို၍ ချမ်းမြေ၏။

**မှတ်ချက်။** ။ကျိုက်ထာ မဟာရဟန်တီဌ် တွေ့ရသည်။

၄၉။ ဥဒေတိ ဘာဏု ပစ္ဆိမေ၊
မေရုဆာဇာပိ နမတိ။
သီတလံ ယဒိ နရဂ္ဂိ၊
ပဗ္ဗတဂ္ဂေ စ ဥပ္ပလံ။
ဝိကသေ နု ဝိပရိတံ၊
သာဓု ဝါစာ ကုဒါစနံ။

၁။ နေသည် အနောက်မျက်နှာဌ် ထွက်သော် တွက်ရာ၏။
၂။ မြင်းမိုရ်ပေါ်ကြီးသည် ကိုင်းညွတ်သော် ကိုင်းညွတ်ရာ၏။
၃။ ငရဲမီးသည် အေးသော် အေးရာ၏။
၄။ တောင်ထိပ်ဌ် ကြာပွင့်သော် ပွင့်ရာ၏။
၅။ သူတော်ကောင်းတို့၏ စကားသည် တရံ တဆစ်မျှ ဖောက်ပြန်ခြင်း မရှိ။

www.dhammadownload.com



၅၀။ သုခါ ရုက္ခဿ ဆာယာဝ၊
တတော ဉာတီမာတာပိတု။
တဓတော အာစရိယော ဂရုဉော၊
တတော ဗုဒ္ဓဿ ဓနကဓာ။

၁။ သစ်ပင်၏ အရိပ်သည်ချမ်းသာ၏။

၂။ သစ်ပင်၏ အရိပ်ချမ်းသာသည်ထက် ဆွေမျိုး မိဘအရိပ်က ပို၍ ချမ်းသာ၏။

၃။ ဆွေမျိုး မိဘအရိပ် ချမ်းသာသည်ထက် ဆရာသမားအရိပ်က ပို၍ ချမ်းသာ၏။

၄။ ဆရာသမားအရိပ် ချမ်းသာသည်ထက် မင်းစိုးရာဇာအရိပ်က ပို၍ ချမ်းသာ၏။

၅။ မင်းစိုးရာဇာအရိပ် ချမ်းသာသည်ထက် မြတ်စွာဘုရား၏ အရိပ်ဟူ ဆိုအပ်သော တရားတော်က ပို၍ ချမ်းသာ၏။

၅၁။ ဘမရာ ပုပ္ဖမိစ္ဆန္တိ၊
ဂုဏ္ဏမိစ္ဆန္တိ သဇ္ဇနာ။
မက္ခိကာ ပုတိမိစ္ဆန္တိ၊
ဒေါသမိစ္ဆန္တိ ဒုဇ္ဇနာ။

၁။ ပိတုံးတို့သည် ပန်းရနံ့ကို အလိုရှိကုန်၏။

၂။ သူတော်ကောင်းတို့သည် ဂုဏ်ကျေးဇူးကို အလိုရှိကုန်၏။

၃။ ယင်ကောင်တို့သည် အပုပ်ကို အလိုရှိကုန်၏။

၄။ သူယုတ်မာတို့သည် အမျက်ဒေါသကို အလိုရှိကုန်၏။

၅၂။ မာတာဟီနဿ ဒုဿာသာ၊
ပိတာဟီနဿ ဒုက္ကိရိယာ။
ဥဘော မာတာပိတာ ဟီနာ၊
ဒုဿာသာ စ ဒုက္ကိရိယာ။

www.dhammadownload.com



၁။ အမိယုတ်သူအား မကောင်းသော စကားရှိ၏ (နှုတ်ထွက် မကောင်း)။
၂။ အဘယုတ်သူအား မကောင်းသော အမူအကျင့် ရှိ၏၊ (အကျင့်မကောင်း)။
၃။ မိဘနှစ်ပါးစုံ ယုတ်မှုကား စကားလည်း မကောင်း၊ အကျင့်လည်း မကောင်း။

၅၃။ မာတာသေဋ္ဌဿ သုဘာသဝ၊
ပိတာသေဋ္ဌဿ သုကိရိယာ။
ဥဘော မာတာပိတာ သေဋ္ဌာ၊
သုဘာသာ စ သုကိရိယာ။

၁။ အမိမြတ်သူအား ကောင်းသော စကား ရှိ၏ (နှုတ်ထွက် ကောင်း၏)။
၂။ အဘမြတ်သူအား ကောင်းသော အမူအကျင့် ရှိ၏၊ (အကျင့်ကောင်း၏)။
၃။ မိဘနှစ်ပါးစုံ မြတ်မှုကား စကားလည်းကောင်း၊ အကျင့်လည်း ကောင်း၏။

၅၄။ သင်္ဂါမေ သူရမိစ္ဆန္တိ၊
မန္တီသု အကုတ္တုဟလံ။
ပိယဥ္စ အန္နပါနေသု၊
အတ္ထေ စာတေ စ ပဏ္ဍိတံ။

၁။ စစ်မြေပြင်၌ ရဲရင့်သော သူကို အလိုရှိကုန်၏။
၂။ လျှို့ဝှက်တိုင်ပင်ရာတို့၌ နှုတ်လုံသူကို အလိုရှိအပ်ကုန်၏။
၃။ ထမင်းအဖျော်ကောင်း စားသောက်ရာတို့၌ အချစ်ဆုံးသော သူကို အလိုရှိအပ်ကုန်၏။
၄။ အခက်အခဲ ကြုံတွေ့ခဲ့သော် ပညာရှိကို အလိုရှိအပ်ကုန်၏။

မှတ်ချက်။ ။ဤဂါထာ ကေနိပါတ် မဟာသာရဇာတ်တွင် လာသည်၊ သင်္ဂါမေနေရာ၌ ဥက္ကဋ္ဌေဟု ရှိသည်။

www.dhammadownload.com



၅၅။ သုနခါ သုနခံ ဒိသ္ဝာ၊
ဒန္တံ ဒဿေတိ ဟိံသိတုံ။
ဒုဇ္ဇနော သုဇနံ ဒိသ္ဝာ၊
ရောသယံ ဟိံသမိစ္ဆတိ။

ခွေးတကောင်သည် ခွေးတကောင်ကို တွေ့မြင်ရ၊ အခါ ချုပ်ချယ်လျက် ညှဉ်းဆဲအံ့သောငှာ သွားကို ပြ၏၊ သူယုတ်မာသည် သူတော်ကောင်းကို တွေ့မြင်သောအခါ ချုပ်ချယ်လျက် ညှဉ်းဆဲခြင်းကို အလိုရှိ၏။

၅၆။ မာ စ ဝေဂေန ကိစ္စာနိ၊
ကရောတိ ကာရာပေတိ ဝါ။
သဟာသာ ကာရိတံ ဂမ်မံ၊
မန္ဒော ပစ္ဆာနုတပ္ပတိ။

အမှုကိစ္စဟူသမျှကို အဆောတလျင် ကိုယ်တိုင်လည်း မပြုသင့်၊ သူတပါးကိုလည်း မပြုစေသင့်၊ အမှုကိစ္စကို အဆောတလျင် ပြုခဲ့သော် ပညာ(အသိဉာဏ်)နည်းသော သူသည် နောက်မှ ပူပန်ရတတ်၏၊

**မှတ်ချက်။** ။ဤဂါထာသည် စတ္တာလီသနိပါတ်၊ တေသကုဏဇာတ်၌ လာသည်၊ ပါဠိအနေအထား အနည်းငယ်ထူး။

၅၇။ ကောဓံ ဝဓိတ္ဝာ န သောစတိ၊
မက္ခပ္ပဟာနံ ဂုဏယော ဝဏ္ဏယန္တိ။
သဗ္ဗေသံ ဖရုသဝါစံ ခမထ၊
ဧတံ ခန္တိ မုတ္တမ မာဟု သန္တော။

၁။ အမျက်ဒေါသကို ဖျောက်နိုင်မူကား တရုံတဆစ်မျှ မစိုးရိမ်ရ။
၂။ သူတပါးကျေးဇူး သိခြင်းကို ဘုရားစသော သူတော်ကောင်းတို့က ချီးမွမ်းကြကုန်၏။
၃။ သူခပ်သိမ်းတို့၏ ကြမ်းကြုတ်သော စကားကို သည်းခံရာ၏။

www.dhammadownload.com



၄။ ဤသို့ သည်းခံခြင်းကို ဘုရားစသော သူတော်ကောင်းတို့က မြတ်၏ဟူ၍ မိန့်ဆိုကုန်၏။

မှတ်ချက်။ ။ဤဂါထာသည် စတ္တာလီသနိပါတ် သရဘင်္ဂဇာတ်၌ လာသည်။

၅၈။ ဒုက္ခော နိဝါသော သမ္မာဓေ၊
ဌာနေ အသုစိသင်္ကတေ။
တတော အရိမ္ပိ အပ္ပိယေ၊
တတောပိ အကတညုနိ။

၁။ မစင်အတိပြီး၍ ကျဉ်းမြောင်းသော အရပ်၌ နေရခြင်းသည် စိတ်ဆင်းရဲ၏။

၂။ ထိုဆင်းရဲထက် မမျှစ်မနှစ်သက်သော ရန်သူ၏ အထံ၌ နေရခြင်းက ပို၍ ဆင်းရဲ၏။

၃။ ထိုဆင်းရဲထက် ကျေးဇူးတရားကို မသိတတ်သော လူ၏ အထံ၌ နေရခြင်းက ပို၍ ဆင်းရဲ၏။

မှတ်ချက်။ ။ဤဂါထာ မဟာရဟန်တိ၌လည်း ပါရှိသည်။

၅၉။ ဩဝါဒေယျာနုသာသေယျ၊
အသဗ္ဘာ စ နိဝါရယေ။
သတံ ဟိ သော ပိယော ဟောတိ၊
အသတံ နဟောတိ အပ္ပိယော။

ဆုံးမရာ၏၊ မပြတ်ဆုံးမရာ၏၊ ယုတ်မာသော အကျင့်မှလည်း တားမြစ်ရာ၏၊ ဆုံးမတတ်သူကို သူတော်ကောင်းတို့က ချစ်ခင်၏၊ မသူတော်တို့က မချစ်ခင်ကြ။

မှတ်ချက်။ ။ဤဂါထာသည် ဓမ္မပဒ ပဏ္ဍိတဝဂ်၌ လာသည်၊ ဩဝါဒနှင့် အနုသာသနီအထူးကို ဓမ္မပဒအဋ္ဌကထာ ပထမအုပ်၊ စာမျက်နှာ ၃၄၉-တွင် အကျယ်တဝင့် ဖွင့်ပြထား သည်။

www.dhammadownload.com



၆၀။ ဥတ္ထမတ္တာနိဝါတေန၊
သူရံ ဘေဒေန နိဋ္ဌယေ။
နိစံ အပ္ပကဒါနေန၊
ဝီရိယေန သမံ ဇယေ။

၁။ ကိုယ့်ထက် မြတ်သောသူကို ကိုယ့်ကို နှိပ်ချသဖြင့် အောင်ရာ၏။
၂။ ရဲရင့်သော သူကို သင်းခွဲသဖြင့် အောင်ရာ၏။
၃။ ကိုယ့်အောက်နိမ့်ကျသူကို အနည်းငယ်ပေးသဖြင့် အောင်ရာ၏။
၄။ ကိုယ်နှင့် အဆင့်တူသောသူကို လုံ့လပြူသဖြင့် အောင်ရာ၏။

**မှတ်ချက်။** ။ဤဂါထာ မဟာရဟနီတိဋ္ဌလည်း လာရှိသည်။

၆၁။ နာ ဝိသံ ဝိသမိစ္စာဟု၊
ဓန သဃသာ ဥစ္စတေ။
ဇိသံ ကေဝ ဟနတိ၊
သဗ္ဗံ သံဃသာ ဟနတိ။

ပကတိအဆိပ်ကို အဆိပ်ဟု မဆိုကြကုန်၊ သံဃာ၏ ပစ္စည်းကိုသာ အဆိပ်ဟူ၍ ပြောဆိုကြကုန်၏၊ ပကတိအဆိပ်မျိုးသည် တကြိမ်တခါ တဘဝသာလျှင် အသက်ကို သတ်တတ်၏၊ သံဃာပိုင်ပစ္စည်းသည် ဘဝ အလုံးစုံကို နစ်မွန်းအောင် သတ်တတ်၏။

၆၂။ ဇဝေန ဘဒ္ဒံ ဇာနန္တိ၊
ဗလိဗဒ္ဓဥ္စ ပဟာသာ။
ဒုဟေန ဓေနုံ ဇာနန္တိ၊
ဘာသမာနေန ပဏ္ဍိတံ။

၁။ လျှင်မြန်ခြင်းဖြင့် မြင်းကောင်း၏ ကျေးဇူးကို သိကုန်၏။
၂။ လေးလံသော ဝန်ကို သယ်ဆောင်ခြင်းဖြင့် နွားလား ဇော်
ကျေးဇူးကို သိရ၏။

www.dhammadownload.com



၃။ နို့ညှစ်ခြင်းဖြင့် နို့ထွက်သော နွားမ၏ ကျေးဇူးကို သိရ၏။

၄။ ခက်ခဲသော စကားကို ဆိုခြင်းဖြင့် ပညာရှိ၏ ကျေးဇူးကို သိရ၏။

၆၃။ ဓနမပ္ပမို့ သာဓူနံ၊
ကူပေ ဝါရိဝ နိဿယော။
ဗဟုံ အပိ အသာဓူနံ၊
နာ စ ဝါရိဝ အဏ္ဏဝေ။

၁။ သူတော်ကောင်းတို့၏ ဥစ္စာသည် နည်းသော်လည်း တွင်းမှ ထွက်သော ရေချိုကဲ့သို့ အသုံးဝင်၏။

၂။ သူယုတ်မာတို့၏ ဥစ္စာသည် များပင် များသော်လည်း သမုဒ္ဒရာမှ ဆားငံရေကဲ့သို့ အသုံးမဝင်ချေ။

**မှတ်ချက်။** ။ဤဂါထာ မဟာရဟန်းကိုဒ္ဒါလည်း ပါရှိသည်။

၆၄။ အာပံ ပိဝန္တိ နော နဒ္ဒာ၊
ရုက္ခာ ခါဒန္တိ နော ဖလံ။
ဝဿန္တိ ကွစိ နော မေဃာ၊
ပရတ္ထာယ သတံ ဓနံ။

၁။ မြစ်တို့သည် ရေကို မသောက်ကုန် (သူတပါး အကျိုးသာ ဖြစ်၏)။

၂။ သစ်ပင်တို့သည် အသီးကို မစားကုန် (သူတပါး အကျိုးသာ ဖြစ်၏)။

၃။ မိုးတို့သည် အချို့အရပ်၌ မရွာကုန်။

www.dhammadownload.com



၄။ သူတော်ကောင်းတို့၏ ဥစ္စာသည် သူတပါး အကျိုးသာ ဖြစ်၏။

မှတ်ချက်။ ။ရှင်မဟာသီလဝံသ ပဂ္ဂိုလ်ကျော် စီရင်သော မဟာရဟနီတိကျမ်းတွင် အထက်ပါ ဂါထာ၌ တတိယပါဒ အဆို မတူပုံကို အောက်ပါအတိုင်း တွေ့ရသည်-

အမ္ဗုံ ပိဝန္တိ နော နဇ္ဇော၊
ရုက္ခော ခါဒတိ နော ဖလံ။
မေဃော ကုစိပိ နော သဿံ၊
ပရတ္ထာယ သတံ ဓနံ။

၁။ မြစ်တို့သည် ရေကို မသောက်ကုန် (သူတပါး အကျိုးသာ ဖြစ်၏)။

၂။ သစ်ပင်သည် အသီးကို မစား (သူတပါး အကျိုးသာ ဖြစ်၏)။

၃။ မိုးသည် တရုံတခါမျှ ကောက်ပင်ကို မစား (သူတပါး အကျိုးသာ ဖြစ်၏)။

၄။ သူတော်ကောင်းတို့၏ ဥစ္စာသည် သူတပါး အကျိုးသာ ဖြစ်၏။

၆၅။ အပတ္ထေယျံ နု ပတ္ထေယျ၊
အစိန္တေယျံ နု စိန္တယေ။
ဓမ္မမေဝ သုစိန္တယေ၊
ကာလံ မောဃံ နု အစ္ဆယေ။

၁။ မတောင့်တအပ်သည်ကို မတောင့်တရာ။

၂။ မကြံအပ်သည်ကို မကြံရာ။

www.dhammadownload.com



၃။ တရားသဘောနှင့် စပ်ယှဉ်ညီသည်ကိုသာလျှင် **ကောင်းစွာ** ကြံရာ၏။

၄။ အချိန်ကို အချည်းနှီး မကုန်လွန်စေရာ။

၆၆။ အစိန္တိတမို ဘဝတိ၊
စိန္တိတမို ဝိနဿတိ။
နဟိ စိန္တာမယာ ဘောဂါ၊
ဣတ္ထိယာ ပုရိသဿ ဝါ။

**မ**ကြံဘဲလျက်လည်း ဖြစ်တတ်၏၊ ကြံသော်လည်း **ပျက်တတ်၏၊ မှန်၏၊** မိန်းမဖြစ်စေ, ယောကျ်ားဖြစ်စေ စည်းစိမ်ဥစ္စာတို့**သည်** ကြံစီတိုင်း **မ**ပြီးစီးကုန်။

**မှတ်ချက်**။ ။ဤဂါထာ တေရဿကနိပါတ်၊သရဘမိဂဇာတ်တွင်**လာ**သည်။

၆၇။ အသန္တဿ ပိယော ဟောတိ၊
သန္တံ နာဒိယတေ ပိယံ။
အသတံ ဓမ္မံ ရောစေတိ၊
တံ ပရာဘဝတော မုခံ။

၁။ သူတော်မဟုတ် သူယုတ်မာကို ချစ်ခင်သူ၊
၂။ သူတော်ကောင်းကို မချစ်ခင်သူ၊
၃။ သူယုတ်မာတရားကို နှစ်သက်သူသည် **ပျက်စီး**ခြင်း၏ အကြောင်းသာ ဖြစ်၏။

**မှတ်ချက်**။ ။ဤဂါထာသည် သုတ္တနိပါတ် ပရာဘဝသုတ်၌ **လာ**သည်။

သုဇနကဿ နိဋ္ဌိတံ။
သူတော်ကောင်းကို ဆိုရာအပိုင်း ပြီး၏။

www.dhammadownload.com



## ၃-ဗာလဒုဋ္ဌနကဏ္ဍ

## သူမိုက် သူယုတ်တို့ကို ဆိုသော အပိုင်း

၆၈။ အတိပိယော နာ ကာတဗ္ဗော၊
ခလော ကောတူဟလံ ကရော။
သီရသာ ဝဟာမာနောပိ၊
အဖုပ္ပရော ဃဋ္ဋော ယထာ။

သူယုတ်မာကို အလွန်အကဲ ချစ်ခင်မှု မပြုအပ်၊ သူယုတ်မာသည် ဦးခေါင်းပေါ် တင်၍ မြောက်စားသော်လည်း ရေမပြည့်သော အိုးကဲ့သို့ အုတ်အုတ်ကျက်ကျက် စကားပွက်ခြင်းကို ပြုတတ်၏။

၆၉။ သပ္ပါ ဒုဋ္ဌော ခလော ဒုဋ္ဌော၊
သပ္ပါ ဒုဋ္ဌတရော ခလော။
မန္ဒော်သဓေဟိ သော သပ္ပေါ၊
ခလော ကေနူပသမ္မတိ။

မြွေသည် ကြမ်းကြုတ်၏၊ သူယုတ်မာသည်လည်း ကြမ်းကြုတ်၏၊ မြွေထက် သူယုတ်မာက ပို၍ကြမ်းကြုတ်၏၊ မြွေကို မန္တရားဆေးဝါးတို့ဖြင့် ငြိမ်းအေးနိုင်၏၊ သူယုတ်မာကို အဘယ်မည်သော မန္တရားဆေးဝါးဖြင့် ငြိမ်းအေးနိုင်အံ့နည်း (ငြိမ်းအေးနိုင်သော ဆေးမရှိ)။

**မှတ်ချက်။** ။ကျိုဂါထာ စာဏကျနိတိ၌ လာသည်။

၇၀။ ယော ဗာလော မညတိ ဗာလျံ၊
ပဏ္ဍိတော ဝါပိ တေန သော။
ဗာလော၀ ပဏ္ဍိတမာနီ၊
သော ဝေ ဗာလောထိ ဝုစ္စတိ။

www.dhammadownload.com



၁။ သူမိုက်သည် မိမိမိုက်၍ နေသည်ကို သိလျှင် ပညာရှိမည်၏။
၂။ သူမိုက်သည် မိမိမိုက်၍ နေသည်ကို မသိဘဲ ပညာရှိအထင် ရောက်ခဲ့သော် သူမိုက်အစစ်ဟု ခေါ်ဆိုရ၏။

ပုတ်ချက်။ ။ကျိုဂါထာ ဓမ္မပဒ ဗာလဝဂ်၌ လာသည်။

၇၁။ မဓု၀ မညတိ ဗာလော၊
ယာဝ ပါပံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ပါပံ၊
အထ ဒုက္ခံ နိဂစ္ဆတိ။

သူမိုက်သည် မိမိပြုလုပ်သော မကောင်းမှုအကျိုးပေးချိန် မရောက်သေးလျှင် အကုသိုလ်ကို ပျားရည်သဖွယ် အောက်မေ့တတ်၏၊ မကောင်းမှုအကျိုးပေးချိန်ရောက်သည့်အခါ ဆင်းရဲဒုက္ခသို့ မုချမလွဲ ရောက်မြဲဖြစ်၏။

ပုတ်ချက်။ ။ကျိုဂါထာ ဓမ္မပဒ ဗာလဝဂ်၌ လာသည်။

၇၂။ န သာဓု ဗလဝါ ဗာလော၊
သဟသာ ဝိန္ဒတေ ဓနံ။
ကာယဿ ဘေဒါ ဒုပ္ပညော၊
နိရယံ သောပပဇ္ဇတိ။

သူမိုက်သည် အင်အားရှိမှု မကောင်း၊ အနိုင်အထက် သူတပါးဥစ္စာကို ယူတတ်၏၊ အသိဉာဏ်ပညာနည်းသော ထိုသူမိုက်သည်, သေပြီးနောက် ငရဲသို့ မလွဲမုချ ရောက်ရ၏။

၇၃။ ဃရေ ဒုဋ္ဌော စ မှူသိကော၊
ဝနေ ဒုဋ္ဌော စ ဝါနရော
သကုဏေ ဒုဋ္ဌော စ ကာကော၊
နရေ ဒုဋ္ဌော စ ပြာဟ္မဏော။

www.dhammadownload.com



၁။ အိမ်၌ ဖျက်ဆီးတတ်သည်ကား ကြွက်။
၂။ တောင်၌ ဖျက်ဆီးတတ်သည်ကား မျောက်။
၃။ ငှက်၌ ဖျက်ဆီးတတ်သည်ကား ကျီးကန်း။
၄။ လူ၌ ဖျက်ဆီးတတ်သည်ကား ပုဏ္ဏား။

၂၄။ ဒီဃာ ဇာဂရတော ရတ္တိ၊
ဒီဃံ သန္တသ္သ ယောဇနံ။
ဒီဃော ဗာလာန သံသာရော၊
သဒ္ဓမ္မံ အဝိဇာနတံ။

၁။ အိပ်မပျော်ငြား နိုးနေသူအား ညဉ့်သည် ရှည်လျား၏။
၂။ ခရီးပန်းသောသူအား တယူဇနာခရီးသည် ရှည်လျား၏။
၃။ သူတော်ကောင်းတရားကို မသိသော လူမိုက်တို့အား သံသရာသည် ရှည်လျား၏။

**မှတ်ချက်။** ။ကျိုဂါထာ ဓမ္မပဒ ဗုလဝဂ်၌ လာသည်။

၂၅။ တိလမတ္တံ ပရေသံဝ၊
အပ္ပဒေါသဋ္ဌ ပဿတိ။
နာဋ္ဌိကေရမ္ပိ သဒေါသံ၊
ခလဇာတော နု ပဿတိ။

**စိတ်သဘောထား** ယုတ်ညံ့လော သူသည် သူတပါး၏ နှမ်းစေ့သဖွယ် သေးငယ်သော အပြစ်ကို ရှုမြင်တတ်၏၊ အုန်း သီးအလား ကြီးမားသော မိမိ၏ အပြစ်ကိုမူ မမြင်တတ်။

၂၆။ နတ္ထဒေါသံ ပရေ ဇညာ၊
ဇညာ ဒေါသံ ပရဿ တု။
ဂုယ္ဟ ကုမ္ဘာဝ အင်္ဂါနိ၊
ပရဒေါသဉ္စ လက္ခယေ။

www.dhammadownload.com



ပညာရှိသည် မိမိ၏ အပြစ်ကို သူတပါးတို့မသိစေရာ၊ သူတပါးအပြစ်ကိုမူ သိအောင်ပြုဆ၏၊ လိပ်သည် လက်ခြေဦးခေါင်းတို့ကို လျှို့ဝှက်ထားသကဲ့သို့ မိမိ၏အပြစ်တို့ကို လျှို့ဝှက်ထားရာ၏၊ သူတပါး၏ အပြစ်ကိုကား မှတ်သားထု၏။

၂၇။ ပဏ္ဍိတဿ ပသံသာယ၊
ဒဏ္ဍော ဗာလေန ဒိယျတေ။
ပဏ္ဍိတော ပဏ္ဍိတေနေဝ၊
ဝဏ္ဏိတောဝ သုဝဏ္ဏိတော။

သူမိုက်သည် ပညာရှိအား ချီးမွမ်းခြင်းဖြင့် ဒဏ်ပေးသည် မည်၏ (ဒဏ်ပေးဆု ထောက်၏)၊ ပညာရှိကို ပညာရှိက ချီးမွမ်းမှသာလျှင် ကောင်းစွာ ချီးမွမ်းသည် မည်၏ (ချီးမွမ်းရာ ထောက်၏)။
မှတ်ချက်။ ။ဤဂါထာ မဟာရဟန်တို့ ပါရှိသည်။

၂၈။ လုဒ္ဓံ အတ္ထေန ဂဏှေယျ၊
ဃဒ္ဓံ အာဠှိကမ္မုနာ။
ဆန္ဒာနုဝတ္တိယာ မဂ္ဂံ၊
ယဃာဘူတေန ပဏ္ဍိတံ။

၁။ လိုချင် တပ်မက်သူကို တံစိုးလက်ဆောင် ပေးခြင်းဖြင့် သိမ်းပိုက်ရာ၏။
၂။ ခက်ထန်သူကို လက်အုပ်ချိုသဖြင့် သိမ်းပိုက်ရာ၏။
၃။ သူမိုက်ကို အလိုလိုက်သဖြင့် သိမ်းပိုက်ရာ၏။
၄။ ပညာရှိကို ဟုတ်မှန်တိုင်း ပြုသဖြင့် သိမ်းပိုက်ရာ၏။
မှတ်ချက်။ ။ဤဂါထာသည် စာဏက္ကနိတိ, မဟာရဟန်တိုနှင့် ဟိတောပဒေသ သန္ဓိကဏ္ဍ လာသည်။

ဗာလဒုဇ္ဇနကဏ္ဍံ နိဋ္ဌိတံ။
သူမိုက်သူယုတ်တို့ကို ဆိုသောအပိုင်း ပြီး၏။

www.dhammadownload.com



## ၄-မိတ္တကထာ
## မိတ်ဆွေကို ပြဆိုသော အပိုင်း

၂၉။ ဟိတကရော ပရော ဗန္ဓု၊
ဗန္ဓုပိ အဟိတော ပရော။
အဟိတော ဒေဟဇော ဗျာဓိ၊
ဟိတံ အရညမောသဓံ။

၁။ အကျိုးစီးပွားကို ဆောင်ရွက်ခဲ့သော် ရန်သူသာည် မိတ်ဆွေမည်၏။
၂။ အကျိုးစီးပွားကို မဆောင်ရွက်သော် မိတ်ဆွေသည်ပင် ရန်သူမည်၏။
၃။ အနာရောဂါသည် ခန္ဓာကိုယ်၌ ဖြစ်လျက် အကျိုးမဲ့ကို ပြုတတ်၏။
၄။ ဆေးသည် တော၌ ဖြစ်လျက် လူ၏ အကျိုးစီးပွားကို ဆောင်တတ်၏။

**မှတ်ချက်။** ။ဤဂါထာ ဟိတောပဒေသ ဝိဂ္ဂဟကထာ၌ လာသည်။

၈၀။ ပရောက္ခေ ဂုဏဟန္တာရံ၊
ပစ္စက္ခေ ပိယဝါဒိနံ။
ဝဇ္ဇယျ တာဒိသံ မိတ္တံ၊
ဝိသကုမ္ဘေ ယထာ မဓုံ။

မျက်ကွယ်၌ ကျေးဇူးကို ချေဖျက်တတ်သော, မျက်မှောက်၌ ချစ်ဖွယ်သော စကားကို ပြောဆိုတတ်သော မိတ်ဆွေမျိုးကို အဆိပ်အိုး၌ ကျထွေက်သော ပျားရည်ကို မသုံးဆောင်ဘဲ ရှောင်ကြဉ်ရသကဲ့သို့ ရှောင်ကြဉ်ထု၏။

**မှတ်ချက်။** ။ဤဂါထာ စာဏက္ကနီတိနှင့် ဟိတောပဒေသ၌ လာသည်။

www.dhammadownload.com



၈၁။ ဓနဟီနေ စဧ မိတ္တော၊
ပုတ္တဒါရာ သဟောဒရာ။
ဓနဝန္တံဝ သေဝန္တိ၊
ဓနံ လောကေ မဟာသခါ။

ပစ္စည်းဥစ္စာမရှိခဲ့သော် မိတ်ဆွေကလည်း စွန့်ခွာတတ်၏၊ သားမယား တို့ကလည်း စွန့်ခွာတတ်ကုန်၏၊ တမိဝမ်းဖွား ညီအစ်ကို မောင်နှမ တို့ကလည်း စွန့်ခွာတတ်ကုန်၏၊ (လူတို့၏ သဘောသည်) ဥစ္စာရှိသူကို သာလျှင် မှီဝဲပေါင်းသင်းလိုကုန်၏၊ ထို့ကြောင့် ဥစ္စာသည် လောက၌ မိတ်ဆွေမည်၏။

**မှတ်ချက်။** ။ကျွဲဂါထာ မဟာရဟန်တို့၌လည်း တွေ့ရသည်။

၈၂။ ဇာနေယျ ပေသနေ ဘစ္စံ၊
ဗန္ဓဝမ္ပိ ဘယာဂတေ။
အပ္ပကာသု တထာ မိတ္တံ၊
ဒါရဋ္ဌ ဝိဘဝက္ခယေ။

၁။ ကျွန် သူခစား (အခိုင်းအစေ)တို့၏ အကဲကို ဓိုင်းစေကြည့်သော အခါ၌ သိရ၏။
၂။ ဆွေမျိုးအကဲကို ဘေးရောက်သောအခါ၌ သိရ၏။
၃။ မိတ်ဆွေအကဲကို ဥစ္စာနည်းသောအခါတို့၌ သိရ၏။
၄။ မယားအကဲကို စည်းစိမ်ကုန်မှ သိရ၏။

**မှတ်ချက်။** ။ကျွဲဂါထာ စာဏက္ကနီတို့၌ လာသည်၊ မဟာရဟန်တို့၌လည်း တွေ့ရသည်။

၈၃။ သော ဗန္ဓု ယော ဟိတေ ယုတ္တော၊
ပိတရော ဟောတိ ပေါသကော။
တံ မိတ္တံ ယတ္ထ ဝိဿာသော၊
သာ ဘရိယာ ယတ္ထ နိမ္မုတိ။

www.dhammadownload.com



၁။ အစီးအပွားဌ် ယှဉ်သော သူသည် ဆွေမျိုးမည်၏။
၂။ ကျေးမွေးတတ်သော သူသည် မိဘမည်၏။
၃။ အကျွမ်းဝင်သော သူသည် မိတ်ဆွေမည်၏။
၄။ ယောကျ်ား၏ စိတ်နှလုံးကို ငြိမ်းအေးစေတတ်သော သူသည် မယားမည်၏။

မှတ်ချက်။ ။ကျ်ဂါထာ မဟာရဟန်တိဌ်လည်း ပါရှိသည်။

၈၄။ န ဝိဿသေ အမိတ္တာဿ၊
မိတ္တဥ္စာပိ န ဝိဿသေ။
ဘဒါစိ ကုပိတော မိတ္တော၊
သဗ္ဗဒေါသံ ပကာသတိ။

ရန်သူကို အကျွမ်းဝင်ရာ၊ မိတ်ဆွေကိုလည်း အလွန်အမင်း အကျွမ်းမဝင်ရာ၊ တခါတရံ မိတ်ဆွေသည်ပင် အမျက်ထွက်လတ်သော် အပြစ်အားလုံးကို ထုတ်ဖော်ပြတတ်၏။

၈၅။ သကိ ဒုဋ္ဌဉ္စ ယော မိတ္တံ၊
ပုန သန္ဓာတုမိစ္ဆတိ။
သော မစ္စုမုပဂဏှာတိ၊
ဂဗ္ဘမဿတရီ ယထာ။

တကြိမ် အမျက်ထွက်ဖူးသော မိတ်ဆွေကို တဖန် ပြန်လည်၍ စေ့စပ်ထိုသော်သူသည် ကိုယ်ဝန်ကို ယူသော အဿတိုရ်မြင်းမကဲ့သို့ သေမင်းကို ယူသည် မည်၏။

မှတ်ချက်။ ။ကျ်ဂါထာ စာဏက္ကနီတိနှင့် ဟိတောပဒေသဌ် လာသည်။

၈၆။ ဝဟေ အမိတ္တံ ခန္ဓေန၊
ယာဝ ကာလံ အနာဂတံ။
တမေဝ အာဂတေ ကာလေ၊
သေလေ ဘိန္နေ ဃဋ်ံ ဂ္ဂဝေ။

www.dhammadownload.com



မိမိ အကြံအစည် မအောင်သေးမီ ရန်သူကို ပုခုံးဖြင့် ရွက်ဆောင်ထားရ၏၊ မိမိ အကြံအစည်အောင်မြင်ချိန်ရောက်သော် ရွက်ထားသော ရေအိုးကို ကျောက်ခဲ၌ ရိုက်ခဲ့သကဲ့သို့ ခွဲဖျက်ရ၏။

မှတ်ချက်။ ။ဤဂါထာ မဟာရဟန်တို၌ တွေ့ရသေးသည်။

၈၇။ ဣဏသေသော အဂ္ဂိသေသော၊
သတ္တြုသေသော တထေဝ စ။
ပုနပ္ပုနံ ဝိဝဒုန္တိ၊
တသ္မာ သေသံ န ကာရယေ။

ကြွေးကြွင်း, မီးကြွင်း ရန်ကြွင်း (ဤသုံးမျိုးသည်) အဖန်တလဲလဲ တိုးပွားတတ်၏၊ ထို့ကြောင့် အကြွင်းကို မထားရာ။

မှတ်ချက်။ ။ဤဂါထာ စာဏကျန်တို၌ လာသည်။ မဟာရဟန်တို၌လည်း ဖော်ပြထားသည်။

၈၈။ ပဒုမ်ဝ မုခံ ယဿ၊
ဝါစာ စန္ဒနသီတလာ။
တာဒိသံ နောပသေဝေယျ၊
ဟဒယေ တု ဟလာဟလံ။

၁။ မျက်နှာက ပဒုမ္မာကြာကဲ့သို့ ရွှင်၏။
၂။ ပြောဆိုသော စကားက စန္ဒကူးနှံသာကဲ့သို့ ဖေားမြ၏။
၃။ စိတ်နှလုံးမွာမူ လျင်စွာ သေစေတတ်သော အဆိပ်နှင့် တူ၏။
ထိုကဲ့သို့ သဘောထားရှိသူမျိုးကို မပေါင်းသင်းရာ။

၈၉။ နာ သေဝေ ဖရုသံ သာမိ၊
နာ စ သေဝေယျ မစ္ဆရိ။
တတော အပဂ္ဂက္ခံ သာမိ၊
နေဝ နိဂ္ဂဟိတံ တတော။

www.dhammadownload.com



၁။ ရက်စက်ကြမ်းကြုတ်သော အရှင်သခင်ကို မမှီဝဲရာ။
၂။ ထို့ထက် နှမြောဝန်တိုသော အရှင်သခင်ကို မမှီဝဲရာ။
၃။ ထို့ထက် မချီးမြှောက်သော အရှင်သခင်ကို မမှီဝဲရာ။
၄။ ထို့ထက် နှိပ်စက်တတ်သော အရှင်သခင်ကို မမှီဝဲရာ။

**မှတ်ချက်။** ။ဤဂါထာ မဟာရဟန်တိဠ်လည်း တွေ့ရသည်။

၉၀။ သိဂ်ီ ပညာသဟတ္ထေန၊
သတေန ပါဇိနံ ဝဇ္ဇေ။
ဟတ္ထိ ဒန္တိ သဟာယေန၊
ဒေသစာဂေန ဒုဇ္ဇနံ။

၁။ ဦးချို့ရှိသော သတ္တဝါကို အတောင်ငါးဆယ်ဝေးသော အရပ်မှ ရှောင်ကြဉ်ရာ၏။
၂။ မြင်းကို အတောင်တစ်ရာဝေးသောအရပ်မှ ရှောင်ကြဉ်ရာ၏။
၃။ ဆင်ကို အတောင်တစ်ဆောင်ဝေးသော အရပ်မှ ရှောင်ကြဉ်ရာ၏။
၄။ မကောင်းသော သူကို အရပ်ဒေသစွန့်ခွာသဖြင့် ရှောင်ကြဉ်ရာ၏။

**မှတ်ချက်။** ။ဤဂါထာ စာဏက္ကနီတိနှင့် မဟာရဟန်တိတို့၌ ပါရှိသည်။

၉၁။ ကုဒေသဉ္ဉ ကုမိတ္တဉ္ဉ၊
ကုကုလဉ္ဉ ကုဗန္ဓဝံ။
ကုဒါရဉ္ဉ ကုဒါသဉ္ဉ၊
ဒူရတော ပရိဝဇ္ဇယေ။

၁။ မကောင်းသော အရပ်ဒေသ။
၂။ မကောင်းသော မိတ်ဆွေသင်္ဘော။
၃။ မကောင်းသော အမျိုးအနွယ်။
၄။ မကောင်းသော ဆွေမျိုးသားချင်း။

www.dhammadownload.com



၅။ မကောင်းသော မယား။
၆။ မကောင်းသော ကျွန်။
(ဤ ၆-မျိုးကို) ဝေးစွာ ရှောင်ကြဉ်ရာ၏။

**မှတ်ချက်။** ။အမျိုးအနွယ်တူလျှင် ကုလ၊သွေးသားတော်စပ်လျှင် ဗန္ဓဝ။

၉၂။ ရောဂါတုရေ စ ဒုဗ္ဘိက္ခေ၊
ဗျသနေ စ သတြုဂဟေ။
ရာဇဒ္ဒါရေ သုသာနေ စ၊
ယေ တိဋ္ဌန္တိ သုမိတ္တကာ။

၁။ ရောဂါနှိပ်စက်သောအခါ။
၂။ ငတ်မွတ်ခေါင်းပါးသောအခါ။
၃။ စည်းစိမ်ပျက်စီးသောအခါ။
၄။ ရန်သူဖမ်းမိသောအခါ။
၅။ မင်းအိမ်တံခါး (တရုးရုံး)၌ အမှုဆိုင်ရသောအခါ။
၆။ ခန္ဓာဝန်ထုပ် အကောင်ပုပ်ကို မြုပ်နှံပြာချ သုသာန်ကိစ္စ ကြုံသောအခါ။

(ဤအခါတို့၌)ရပ်တည်ကူညီသော သူသည် မိတ်ကောင်း ဆွေကောင်း မည်၏။

**မှတ်ချက်။** ။ဤဂါထာ ဟိတောပဒေသ သန္ဓိကထာနှင့် မိတ္တလာဘ-ကထာ၌ လာသည်၊ မဟာရဟနိတိ၌လည်း ပါသည်။

၉၃။ သီတဝါစော ဗဟုမိတ္တော၊
ဖရုသော အပ္ပမိတ္တကော။
ဥပမံ ဧတ္ထ ဉာတဗ္ဗံ၊
သူရိယစန္ဒရာဇုနံ။

www.dhammadownload.com



၁။ နှုတ်ခွန်း ချိုသာသော စကားရှိသူသည် မိတ်ဆွေပေါများ၏။
၂။ နှုတ်ထွက်ကြမ်းသော သူသည် မိတ်ဆွေနည်းပါး၏။
ဤအဆုဠ္ဍ နေမင်း, လမင်းတို့၏ ဥပမာကို ထောက်၍ သိအပ်၏။

မိတ္တကဏ္ဍံ နိဋ္ဌိတံ။

မိတ်ဆွေကို ပြဆိုသော အပိုင်း ပြီး၏။

---

## ၅-ဣတ္ထိကဏ္ဍ

## မိန်းမကို ဆိုသော အပိုင်း

၉၄။ ကောကိလာနံ သဒ္ဒံ ရူပံ၊
နာရိရူပံ ပတိဗ္ဗတာ။
ဝိဇ္ဇာ ရူပံ အရူပါနံ၊
ခမာ ရူပံ တပဿိနံ။

၁။ ဥဩဉ်က်တို့၏ တန်ဖိုးသဘောကား အသံ။
၂။ မိန်းမတို့၏တန်ဖိုးသဘောကား လင်ကိုမြတ်နိုးခြင်း။
၃။ ရူပ်မလှသူတို့၏ တန်ဖိုးသဘောကား အတတ်ပညာ။
၄။ ရဿေ, ရဟန်းတို့၏ တန်ဖိုးသဘောကား သည်းခံခြင်း။

**မှတ်ချက်။** ။ဤဂါထာ စာကျန်တို, ဟိတောပဒေသနှင့် မဟာရဟန်တိတို့၌ လာရှိသည်၊ ဤဂါထာ၌ ရူပ-သဒ္ဒါ သဘောဟောမတ်။

၉၅။ ဣတ္ထိနဉ္စ မနံ ရူပံ၊
ပုရိသာနံ ဝိဇ္ဇာ မနံ။
ဘိက္ခူနဉ္စ မနံ သီလံ၊
ဆဇာနဉ္စ မနံ ဗလံ။

www.dhammadownload.com



၁။ မိန်းမတို့၏ ဥစ္စာကား အဆင်း။
၂။ ယောကျ်ားတို့၏ ဥစ္စာကား အတတ်ပညာ။
၃။ ရဟန်းတို့၏ ဥစ္စာကား သီလ။
၄။ မင်းတို့၏ ဥစ္စာကား ရဲမက်ဗိုလ်ပါ။

၉၆။ ကိသာ သောဘာဝ တာပသာ၊
ထူလာ သောဘာ စတုပ္ပဒါ။
ပုဂိသာ စ ဝိဇ္ဇာ သောဘာ၊
ဣတ္ထီ သောဘာဝ သာမိကာ။

၁။ ရသေ့, ရဟန်းတို့သည် ကြုံလျှိမ့် တင့်တယ်ကုန်၏။
၂။ အခြေလေးချောင်း သတ္တဝါတို့သည် ဆူဖြိုးမှု တင့်တယ်ကုန်၏။
၃။ ယောကျ်ားတို့သည် အတတ်ပညာရှိမှု တင့်တယ်ကုန်၏။
၄။ မိန်းမတို့သည် လင်ရှိမှ တင့်တယ်ကုန်၏။

၉၇။ ပဥ္စရတျာ သုဂန္ဓဗ္ဗာ၊
သတ္တရတျာ ဓနုဂ္ဂဟာ။
ကေမာသာ သုဘရိယာ၊
အာဖုမာသာ သိဿာ မလာ။

၁။ တတ်လှစွာသောစောင်းသမားသည်ငါးရက်ကြာမျှစောင်းနှင့်
ကင်းကွာမူ ပျက်တတ်၏။
၂။ တတ်လှစွာသော လေးသမားသည် ခုနစ်ရက်ကြာမျှ လေးနှင့်
ကင်းကွာမူ ပျက်တတ်၏။
၃။ တော်မှန်ဖြောင့်သား ကောင်းသော မယားသည် တစ်လ
ကြာမျှ လင်နှင့် ကင်းကွာမူ ပျက်တတ်၏။
၄။ ပညာသင်သော တပည့်တို့သည် လခွဲမျှဆရာနှင့် ကင်းကွာမူ
ပျက်တတ်ကုန်၏။

www.dhammadownload.com



၉၈။ ဟိ ံ ရမတိ ပင်၊
ဟင် ရမတိ ပေါက်။
ထိ ရမတိ ပု၊
ခု ရမတိ ခံ။

၁။ ကျွဲသည် ညွှန်၌သာ မေ့လျော်၏။
၂။ ဟသ်ာဌက်သည် ရေကန်၌သာ မေ့လျော်၏။
၃။ မိန်းမသည် ယောကျ်ားဦးသာ မေ့လျော်၏။
၄။ ရဟန်းသည် တရားဦးသာ ဝဋ်လျော်၏။

၉၉။ ဗိဏ္ဏမန္နံ ပသံသေယျ၊
ဒါရဉ္စ ဂတယောဗ္ဗနံ။
ရဏာပုနာဂတံ သူရံ၊
သဿဉ္စ ဂေဟမာဂတံ။

၁။ ထမင်းကို အစာကြေမှ ချီးမွမ်းရာ၏။
၂။ မယားကို အရွယ်လွန်မှ ချီးမွမ်းရာ၏။
၃။ ရဲမက်စစ်သည်ကို စစ်အောင်၍ပြန်မှ ချီးမွမ်းရာ၏။
၄။ ကောက်စပါးကို အိမ်သို့ရောက်မှ ချီးမွမ်းရာ၏။

**မှတ်ချက်။** ။ဤဂါထာ စာဏကျနိတိနှင့် မဟာရဟနိတိ၌လာသည်။

၁၀၀။ ဒုတ္တိပတိကာ နာရီ စ၊
ဘိက္ခု ဒုတ္တိဝိဟာဓိကော။
ဒုတ္တိပါသ မုတ္တော ပဂ္ဂီ၊
ကတမာယာ ဗဟုကာရုံ။

၁။ နှစ်လင်, သုံးလင် ကွာပြီးခသော မိန်းမ၊
၂။ နှစ်ကျောင်း, သုံးကျောင်း ပြောင်းပြီးသော ရဟန်း၊
၃။ နှစ်ကြိမ်, သုံးကြိမ် ကျော့ကွင်းမှ လွတ်ပြီးသောငှက်။

(ဤသူတို့သည်) ပရိဟာယ်မာယာ များစွာပြုတတ်ကုန်၏။

**ဆယ်စောင်တဲ့ ဓ—ပ-မ-သ-စ**

www.dhammadownload.com



၁၀၁။ ဒုဇ္ဇနံ ပဟာရ ဒန္တီ၊
ဒုမိတ္တံ ဒန္တီ အဘဏာ။
ကုဏ္ဍတ္ထိံ ဗျသနာ ဒန္တီ၊
ရာဂိနံ အပ္ပဘောဇနာ။

၁။ မကောင်းသော သူယုတ်ကို ပုတ်ခတ်သဖြင့် ယဉ်ကျေးစေရာ၏။

၂။ မကောင်းသော မိတ်ဆွကို စကားမဆိုသဖြင့် ယဉ်ကျေးစေရာ၏။

၃။ မကောင်းသော မိန်းမကို စည်းစိမ်မအပ်သဖြင့် ယဉ်ကျေးစေရာ၏။

၄။ အစာ၌ တပ်မက်မောသော သူကို အစာ အနည်းငယ်ပေးသဖြင့် ယဉ်ကျေးစေရာ၏။

၀၀ ၀

၁၀၂။ ရတ္တဝနာ နု စန္ဒမာ၊
ဒိစိဝနာ စ အဏ္ဏဝါ။
ဟံသဝနာ ပေါက္ခရဏီ။
ပတိဝနာ ကညာ သောဘေ။

၁။ ညဉ့်သည် လဆောင်မှ ကင်းသော် မတင့်တယ်။

၂။ သမုဒ္ဒရာသည် လှိုင်းတံပိုးမှ ကင်းသော် မတင့်တယ်။

၃။ ရေကန်သည် ဟင်္သာမှ ကင်းသော် မတင့်တယ်။

၄။ သတ္တိသမီးသည် လင်မှ ကင်းသော် မတင့်တယ်။

၁၀၃။ ပတိနာ ဇနိတံ ဘောဂံ၊
ဣတ္ထိယာ ဝ သံဂုတ္တနံ။
ပုရိသောဝ ဟိ ပဓာနော၊
ဣတ္ထီ သူစိသုတ္တံ ယထာ။

www.dhammadownload.com



လင်းက စည်းစိမ်ဥစ္စာကို ဖြစ်စေအပ်၏၊ မိန်းမက (လင် ရှာဖွေပေးသော စည်းစိမ်ဥစ္စာကို) လုံခြုံအောင် စောင့်ထိန်းအပ်၏၊ လင်ယောကျ်ားသာ ပဓာနဖြစ်၏၊ မိန်းမမူကား အပ်သွားထုပါသော ချည်နှင့် ဥပမာတူလှ၏။

၁၀၄။ သမ္မာနဒီ ဝက်နဒီ၊
သဗ္ဗေ ဝနာ ကဋ္ဌမယာ။
သဗ္ဗိတ္ထိယော ဂရေ ပါပံ၊
လဘမာနေ နိဝါတဂေါ။

၁။ မြစ်ဟူသမျှ ကွေ့ကောက်သော မြစ်တို့သာတည်း။
၂။ တောဟူသမျှ ထင်းဖြင့်သာ ပြီး၏။
၃။ မိန်းမဟူသမျှ ဆိတ်ငြိမ်သောအရပ်ကို ရသည် ရှိသော်မကောင်းသောအမှုကို ပြုမြဲတည်း။

**မှတ်ချက်။** ။ကျွဲဂါထာ ကေနိပါတ် အဏ္ဏဘူတဇာတ်နှင့် အသီတိနိပါတ် မဟာကုဏာလဇာတ်တွင် လာရှိသည်။

၁၀၅။ ဝိဝါဒသီလီ ဥဿူယဘာဏီနိ၊
သမ္မဿတက္ကီ ဗဟုပါကဘုတ္တိနိ။
အဂ္ဂန္ဒဘုတ္တိ ပရဂေဟဝါသိနိ၊
နာရိ စဇေ ပုတ္တသတမ္မိ ပုမာ။

၁။ ငြင်းခုံတတ်သော အလေ့ရှိခြင်း၊
၂။ ငြူစူစောင်းမြောင်းသော စကားကို ဆိုလေ့ရှိခြင်း၊
၃။ မြင်တိုင်းသောအာရုံကို တပ်မက်လေ့ရှိခြင်း၊
၄။ မျာဘုရာ ချက်ပြုတ်၍ စားတတ်ခြင်း၊
၅။ လင်၏ အဦးကို စားတတ်ခြင်း၊
၆။ သူတပါးအိမ်သို့ သွားတတ်နေတတ်သော အလေ့ရှိခြင်း။

www.dhammadownload.com



ဤ မိန်းမမျိုးကို သားတရုပင် မြင်ငြားသော်လည်း လင်ယောကျ်ားက စွန့်ပစ်ထု၏။

၁၀၆။ ဘုတ္တေသု မတ္တေသု ဇနဒိဝ ကန္တိနီ၊
ဂုယ္ဟ စ ဌာနေ ဘဂိနိဝ ဟိဍိနီ။
ကမ္မေသု ပတ္တေသု ကရောတိ ဒါသိဝ၊
ဘယေသု မန္တီ သယနေသု ရာမယေ။
ရူပိသု သိက္ခီ ကုပနေသု ခန္တိနီ၊
သာ နာရီ သေဋ္ဌိတိ ဝဒန္တိ ပဏ္ဍိတာ။
ကာယဿ ဘေဒါ ဒိဂေ ဘဝေယျ သာ။

၁။ စားသောအခါ, အဝတ်တန်ဆာ ဆင်ယင်သော အခါတို့၌ မိခင်ကဲ့သို့ နှစ်သက်ဖွယ်ကို ပြုတတ်ခြင်း၊

၂။ လျှို့ဝှက်အပ်သော ကျစ်လျစ်သော အရာ၌ နှမကဲ့သို့ လွန်စွာ ရှက်ဟတ်ခြင်း၊

၃။ အမှုကိစ္စ ပြုလုပ်သောအခါ, လင်၏ အပါးသို့ သွားသော အခါတို့၌ ကျွန်မကဲ့သို့ ရှိသေစွာ ပြုတတ်ခြင်း၊

၄။ ဘေးရောက်သောအခါတို့၌ တိုင်ပင်ဖက်ရှခြင်း၊

၅။ အိပ်သောအခါတို့၌ ဓမ္မ လျော်စေတတ်ခြင်း၊

၆။ အရောင်အဆင်းကို ပြုပြင်ခြင်းတို့၌ တင့်တယ်စွာ ပြုပြင်တတ်ခြင်း၊

၇။ အမျက်ထွက်သောအခါတို့၌ သည်းခံတတ်ခြင်း။

တိုမိန်းမမျိုးကို မိန်းမမြတ်ဟူ၍ ပညာရှိတို့က ဆိုကုန်၏၊ တို့ လိမ္မာသော မိန်းမသည် ဒေသပြီးနောက် နတ်ပြည်၌ ဖြစ်ရ၏။

၁၀၇။ သာမာ မိဂဿ တနုံမဇ္ဈဂတ္တာ၊
သူရ သုကေသိ သမပန္တိဒန္တိ။
ဂမ္ဘီရနာဘိ ယုဝတိ သုသိလိ၊
ဟိနုကုလေသု ဇာတာပိ ဝိဝါဟေ။

www.dhammadownload.com



၁။ ဝင်းဝါစိုပြည်သော အသားအရေရှိခြင်း၊
၂။ သမင်၏ မျက်စိကဲ့သို့ ညိုနက်သော မျက်စိရှိခြင်း၊
၃။ ခါးသေး တင်ကျယ် ငယ်သောဝမ်း ရှိခြင်း၊
၄။ ဆင်နှာမောင်းကဲ့သို့ သွယ်ပျောင်းသော ပေါင်ရှိခြင်း၊
၅။ ဖြူ၍ နောက်သို့ ဖြန့်သော် ဖနောင့်တိုင်အောင် ဆွဲလွှက်
အဖျားကော့၍ တက်သော ဆံပင်ရှိခြင်း၊
၆။ ကြီးငယ်မထင် ညီညွတ်သော သွားအစဉ်ရှိခြင်း၊
၇။ နက်သောချက်ရှိခြင်း၊
၈။ ကောင်းသော အလေ့အကျင့်ရှိခြင်း။

ထိုအင်္ဂါရုပ်နှင့် ပြည့်စုံသော မိန်းမပျိုကို အမျိုးအနွယ်ညံ့သော်လည်း ဆက်ဆံထိမ်းမြားရာ၏။

၁၀၈။ သရဒ ဥတုကာလဿ၊
ဘရိယာနံ ရူပဝတီ။
ပုတ္တာနံ ဇေဋ္ဌပဓာနံ၊
ဒိသာနံ ဥတ္တရပဓာနံ။

၁။ ဥတုကာလတို့တွင် တန်ဆောင်မုန်းလသည် မြတ်၏။
၂။ မယားတို့ဘွင် အဆင်းလှသော မယားသည် မြတ်၏။
၃။ သားတို့တွင် အကြီးဆုံးသားသည် ဖြတ်၏။
၄။ အရပ်မျက်နှာတို့တွင် မြောက်အရပ်သည် မြတ်၏။

၁၀၉။ ယာ ဣတ္ထိ ပုရိသော ဟောတုံ၊
ဇာတိံ ဇာတိံ ပုနပ္ပုနံ။
သာမိကံ အပစာယေယ္ယ၊
ဣန္ဒံ ပရိစာရိကာ။

ဘဝတိုင်း ဘဝတိုင်း အကြိမ်ကြိမ် အခါခါ ယောကျ်ားဘဝကို ရလိုသော အမျိုးသမီးသည် သိကြားမင်း၏ မယားက သိကြားမင်းကို

www.dhammadownload.com

၁၃၄ ဆယ်စောင်တဲ့သင်တန်း မြန်မာပြန်ကျမ်း

ရိုရိုသေသေ လုပ်ကျွေးသကဲ့သို့ မိမိ၏ လင်ယောကျ်ားကို ရိုရိုသေသေ လုပ်ကျွေး ပြုစုထု၏။

မှတ်ချက်။ ။ကြ်ဂါထာသည် မဟာနိပါတ် နာရဒဇာတ်, ဇာတကပါဠိ၊ ဒုတိယအုပ်၊ စာမျက်နှာ ၂၆၈-တွင် ပါရှိသည်။

၁၁၀။ ယော ဣဿ ပုရိသော ဟောတု၊
ဇာတိ ဇာတိ ပုနပ္ပုနံ။
ပရဒါရံ ဝိဝဇ္ဇေယျ၊
ဓောတပါဒေါ ဂဒ္ဒမံ။

ဘဝတိုင်း ဘဝတိုင်း အကြိမ်ကြိမ်အခါခါ ယောကျ်ားဘဝကို ပြန်ရလိုသော အမျိုးကောင်းသားသည် ခြေဆေးပြီးသော သူက ခွေ့ ညွန်ကို ကြည်ရှောင်သကဲ့သို့ သူတပါးမယားကို မပြစ်မှားမူ၍ ဝေးစွာကြည်ရှောင်ရာ၏။

မှတ်ချက်။ ။ကြ်ဂါထာသည်လည်း မဟာနိပါတ် နာရဒဇာတ်, ဇာတကပါဠိ, ဒုတိယအုပ်၊ နှာ ၂၆၈-တွင် ပါရှိသည်။

၁၁၁။ အတီတယောဗ္ဗနော ပေါသော၊
အာနေတိ တိမ္ဗရုတ္ထနိ။
တဿာ ဣဿာ နု သုပတိ၊
တံ ပရဒါဝဝတော မုခံ။

အရွယ်လွန်ပြီးသော ယောကျ်ားသည် တည်သီးသဖွယ် ငယ်သော သားမြတ်ရှိသော မိန်းမငယ်ကို သိမ်းမြန်းဆောင်ယူ အိမ်သူပြုလုပ်၏၊ ထိုမိန်းမငယ်အား ယောကျ်ားတပါးနှင့် ပျော်မွေ့မည်ကို မနာလိုခြင်း

www.dhammadownload.com



ကြောင့် မအိပ်နိုင်ဖြစ်ရ၏။ ထိုငယ်သော မိန်းမကို ပေါင်းသင်းခြင်းသည် အရွယ်လွန်သော ယောကျ်ားအဖို့ ပျက်စီးခြင်း၏ အကြောင်းတည်း။

**မှတ်ချက်။** ။ဤဂါထာသည် သုတ္တနိပါတပါဠိ၊ ပရာဘဝသုတ်၊ စာမျက်နှာ ၂၉၆-တွင် ပါရှိသည်။

ဣတ္ထိကဏ္ဍံ နိဋ္ဌိတံ။

## မိန်းမကို ဆိုသောအပိုင်း ပြီး၏။

---

## ၆-ရာဇကဏ္ဍ

### မင်းကို ဆိုသောအပိုင်း

၁၁၂။ ကေယာမံ သယေ ရာဇာ၊
ဒ္ဝိယာမညော ပဏ္ဍိတော။
ဃရာဝါသော တိယာမော၀၊
စတုယာမော တု ယာစကော။

၁။ မင်းသည် တယာမ်သာ အိပ်ရာ၏။
၂။ ပညာရှိသည် နှစ်ယာမ်သာ အိပ်ရာ၏။
၃။ အိမ်ရာထောင်သော လူအပေါင်းသည် သုံးယာမ်သာ အိပ်ရာ၏။
၄။ ပုန်းတောင်းယာစကာသည်ကား လေးယာမ်လုံး အိပ်ရာ၏။

၁၁၃။ ဓနဝါ ဘုတဝါ ရာဇာ၊
နဒီ ဝေဠော စိမေ ပဇ္ဇာ။
ယတ္ထ ဒေဝေ န ဝိဇ္ဇန္တိ၊
န တတ္ထ ဒီဝသံ ဝသေ။

www.dhammadownload.com



၁။ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသောဘူး၊
၂။ အကြွားအမြင်များသော ပညာရှိ၊
၃။ မင်း (အစိုးရ)၊
၄။ ရေရှိသော မြစ်၊
၅။ ဆေးသမား (ဆရာဝန်)။

ကျွင်းဦးမရှိသော အရပ်၌ တနေ့တရက်မျှ မနေအပ်။
မှတ်ချက်။ ။ကျွဂါထာ စာဏကျနိတိနှင့် ဟိတောပဒေသ၌လာသည်။

၁၁၄။ ယသ္မိံ ပဒေသေ နာ မာနေဝ၊
နာ ပေမံ နာ စ ဗန္ဓဝါ။
နာ စဇိဇ္ဇာဂမော ကောစိ၊
နာ တတ္ထ ဒီဝသံ ဝသေ။

၁။ မြတ်နိုးသူ မရှိသောအရပ်၊
၂။ ချစ်ခင်သူမရှိသော အရပ်၊
၃။ အဆွေခင်ပွန်း မရှိသော အရပ်၊
၄။ အတတ်ပညာ သင်ပေးသူ တစုံတယောက်မျှ မရှိသောအရပ်။
ထိုဒေသမျိုးမရှိသော အရပ်၌ တနေ့တရက်မျှ မနေထိုက်။

မှတ်ချက်။ ။ကျွဂါထာ စာဏကျနိတိနှင့် ဟိတောပဒေသ, မဟာရဟနိတိ တို့တွင် လာသည်။

၁၁၅။ အပုတ္တကံ ဃရံ သုညံ၊
ရဋ္ဌံ သုညံ အရာဇကံ။
အသိပ္ပဃ မုခံ သုညံ၊
သဗ္ဗသုညံ ဒလိဒ္ဒကံ။

www.dhammadownload.com



၁။ သားသမီး မရှိသော အိမ်သည် တိတ်ဆိတ်၏။
၂။ မင်းမရှိသော တိုင်းနိုင်ငံသည် တိတ်ဆိတ်၏။
၃။ အတတ်ပညာမရှိသော သူ၏ ခံတွင်းသည် တိတ်ဆိတ်၏။
၄။ ဆင်းရဲသော သူ၏ ဘဝသည် အလုံးစုံ တိတ်ဆိတ်၏။

**မှတ်ချက်။** ။ကျိုဂါထာ စာဏကျနီတိနှင့် ဟိတောပဒေသ မိတ္တလာဘ ကထာ၌ လာသည်။

၁၁၆။ ဓနမိစ္ဆေယျ ဝါဏိဇေ၊
ဝိဇ္ဇမိစ္ဆေ ဘဇေ သုတံ။
ပုတ္တမိစ္ဆေ တရုဏိတ္ထိံ၊
ရာဇာ မစ္ဆံ ဝသံ ဂမေ။

၁။ ဥစ္စာကို အလိုရှိသော် ကုန်သွယ်ရာ၏။
၂။ အတတ်ပညာကို အလိုရှိသော် အကြားအမြင်များသော ပုဂ္ဂိုလ်ကို ဆည်းကပ်ရာ၏။
၃။ သားသမီးကို အလိုရှိသော် မိန်းမပျိုကို ပေါင်းသင်းရာ၏။
၄။ မင်းအမတ်ဖြစ်လိုသော် မင်း၏အလိုသို့ လိုက်ရာ၏။

၁၁၇။ နဒ္ဒော ယတိ အာသန္နဒ္ဒော၊
မဟိပတိ စ သန္တဒ္ဒော။
နဒ္ဒာ လဇ္ဇာ စ ဂဏိကာ၊
နိလ္လဇ္ဇာ စ ကုလဓီတာ။

၁။ ရဟန်းသည် မရောင့်ရဲမှု ပျက်စီးတတ်၏။
၂။ မြေကြီးသေဌင်္ဂနင်း ပြည့်ရှင်မင်းသည်ရောင့်ရဲမှုပျက်စီးတတ်၏။
၃။ ပြည့်တန်ဆာမသည် ရှက်တတ်မှု ပျက်စီးတတ်၏။
၄။ အမျိုးကောင်းသမီးသည် မရှက်တတ်မှု ပျက်စီးတတ်၏။

**မှတ်ချက်။** ။ကျိုဂါထာ စာဏကျနီတိနှင့် ဟိတောပဒေသတွင် လာသည်၊ မဟာရဟနီတိ၌လည်း ပါရှိသည်။

www.dhammadownload.com



၁၁၈။ ပက္ခိုနံ ဗလမာကာသော၊
မစ္ဆာနံ ဗလမုဒကံ။
ဒုဗ္ဘဂသ္သ ဗလံ ထာဇော၊
ကုမာထာနံ ရူဒံ ဗလံ။

၁။ ငှက်တို့၏ အားကား ကောင်းကင်။
၂။ ငါးတို့၏ အားကား ရေ။
၃။ အားနည်းသူ၏ အားကား မင်း(အစိုးရ)။
၄။ သူငယ်တို့၏ အားကား ငိုခြင်း။

**မှတ်ချက်။** ။ကျွဲဂါထာ စာကာကျနိတိတွင် လာသည်။

၁၁၉။ ခမာ ဇာဂရိယုဋ္ဌာနံ၊
သံဝိဘာဂေါ ဒယိက္ခကာ။
နာယကဿ ဂုဏာ ဇေတေ၊
ဣစ္ဆိတမ္ဗာ သတံ ဂုဏာ။

၁။ သည်းခံခြင်း၊
၂။ နှိုးကြားခြင်း၊
၃။ ထက်လုံ့လရှိခြင်း၊
၄။ ဝေဖန်ခွဲခြားတတ်ခြင်း၊
၅။ သနားခြင်း၊
၆။ အပြော်အမြင်ကြီးခြင်း။

ဤကျွဲဝတ် ခြောက်ပါးတို့သည် မင်းစသော လူကြီးမ်ာ၏ ဂုဏ်ကျေးဇူးတို့တည်း၊ သူတော်ကောင်းတို့ အလိုရှိအပ်သော ဂုဏ်ကျေးဇူးတို့တည်း။

**မှတ်ချက်။** ။ကျွဲဂါထာ မဟာဇနိတိ၌လည်း တွေ့ရသည်။

www.dhammadownload.com



၁၂၀။ သကိံ ဝဒန္တိ ဆုဇာနေဝ၊
သကိံ သမဏဗြာဟ္မဏာ။
သကိံ သပ္ပုရိသာ လောကေ၊
သေ ဓမ္မော သနန္တနော။

၁။ မင်း(အစိုးရ)တို့သည် တကြိမ်သာ ဆိုမြဲ၊
၂။ ရဟန်းပုဏ္ဏားတို့သည် တကြိမ်သာ ဆိုမြဲ၊
၃။ သူတော်ကောင်းတို့သည် တကြိမ်သာ ဆိုမြဲ။

လောက၌ ဤသဘောတရားသည် ရှေး သူတော်ကောင်းတို့၏ သဘောထား အကျင့်ပင် ဖြစ်၏။

၁၂၁။ အလသော ဂိဟိ ကာမဘောဂီ နာ သာဓု၊
အသညတော ပဗ္ဗဇိတော နာ သာဓု။
ဆုဇာ အနိသမ္မကာရီ နာ သာဓု၊
ပဏ္ဍိတော ကောဓနော တမွိ နာ သာဓု။

၁။ အိမ်ထောင်သော သူသည် ပျင်းရိမှု မကောင်း။
၂။ ရဟန်းသည် ကိုယ်နှုတ်နှလုံးမစောင့်မှု မကောင်း။
၃။ မင်း(အစိုးရ)သည် မဆင်မခြင်ပြုလေ့ရှိမှု မကောင်း။
၄။ ပညာရှိသည် အမျက်ထွက်မှု မကောင်း။

မှတ်ချက်။ ။ဤ"နာ သာဓု" ဂါထာသည် ရထလင်္ဂဇာတ်, မဏိကုဏ္ဍလဇာတ်, ဘူရိပညဇာတ်နှင့် သောမနဿဇာတ်တို့တွင် လာရှိသည်။

၁၂၂။ ဗဟဝေါ 'ယတ္ထ နေတ္တာရော၊
သဗ္ဗေ ပဏ္ဍိတမာနိနော။
သဗ္ဗေ မဟ္တတ္တမိစ္ဆန္တိ၊
တေသံ ကမ္မံ ဝိနဿတိ။

www.dhammadownload.com



၁။ အကြီးအကဲ လုပ်လိုသူ များနေခြင်း။
၂။ အဖွဲ့သားအားလုံး ပညာမာန်တက်နေခြင်း။
၃။ အဖွဲ့သားအားလုံး နေရာမြင့်မြင့် ရာထူးကြီးကြီးရလိုခြင်း။

ထိုသူတို့၏ အမှုလုပ်ငန်း အဖွဲ့အစည်းသည် ကြာရှည်မခံ ပျက်စီးတတ်၏။

**မှတ်ချက်။** ။ဤဂါထာ မဟာရဟန်တို့၌လည်း တွေ့ရသည်။

၁၂၃။ အာယံ ခယံ ဃယံ ဇညာ၊
ကတာ ကတံ သယံ ဇညာ။
နိဂ္ဂဟေ နိဂ္ဂဟာရဟံ၊
ပဂ္ဂဟေ ပဂ္ဂဟာရဟံ။

၁။ မင်းတို့မည်သည် အခွန်ထွက်သည်, မထွက်သည်ကို ကိုယ်တိုင် သိအောင် ပြုရာ၏။
၂။ မျိုးရိုးကွာ ကုန်သည်, မကုန်သည်ကို ကိုယ်တိုင်သိအောင် ပြုရာ၏။
၃။ အမှုထမ်းသည်, မထမ်းသည်ကို ကိုယ်တိုင်သိအောင် ပြုရာ၏။
၄။ နှိမ်ထိုက်သော သူကို နှိမ်ရာ၏။
၅။ ချီးမြှောက်ထိုက်သော သူကို ချီးမြှောက်ရာ၏။

**မှတ်ချက်။** ။ဤဂါထာ စတ္တာလီသနိပါတ် တေသကုဏဇာတ်တွင် လာသည်။

၁၂၄။ ပိဋ္ဌိတောက္ကံ နိသေဝေယ္ယ၊
ကုစ္ဆိနာဝ ဟုတာသနံ။
သာမိကံ သဗ္ဗဘာဂေန၊
ပရလောကံ အမောဟဝါ။

www.dhammadownload.com



၁။ နေပူကို ကျောဖြင့်သာလျှင် လုံမှီရာ၏။
၂။ မီးကို ဝမ်းဖြင့်သာလျှင် လုံမှီရာ၏။
၃။ အရှင်သခင်ကို ဘက်ပေါင်းစုံဖြင့် လုံမှီရာ၏။
၄။ တမလွန်လောကကို မမိုက်သဖြင့် လုံမှီရာ၏။

**မှတ်ချက်။** ။ဤဂါထာ ဟိတောပဒေသ မိတ္တဘေဒကထာ၌ လာသည်။
မဟာရဟနိတိ၌လည်း တွေ့ရသည်။

၁၂၅။ အဂ္ဂိ အာပေါ ဂ္ဂတ္ထိ မုဠ္ဟော၊
သပ္ပေါ ရာဇကုလာနိ စ။
အပယန္တေန ဂန္တဗ္ဗော၊
အစ္ဆေကပါဏဟာရကာ။

၁။ မီးကိုလည်းကောင်း၊
၂။ ရေကိုလည်းကောင်း၊
၃။ မိန်းမကိုလည်းကောင်း၊
၄။ လူမိုက်ကိုလည်းကောင်း၊
၅။ မြွေကိုလည်းကောင်း၊
၆။ မင်း(အစိုးရ)ကိုလည်းကောင်း၊
မထီပါး ရှောင်ရှားသဖြင့် သွားအပ်၏၊ လတ်တလော
အသက်ကို သေစေတတ်ကုန်၏။

**မှတ်ချက်။** ။ဤဂါထာ မဟာရဟနိတိ၌လည်း ပါရှိသည်။

၁၂၆။ ဒုဋ္ဌဘရိယသံပါသော၊
ဇဒါသောစိတ္တရဒါသကော။
သ သပ္ပေ စ ဃရေ ဝါသော၊
မစ္စု ဇဝ နု သံသယော။

၁။ မကောင်းသောမယားနှင့် ပေါင်းဖော်သူ၊
၂။ စိတ်ဓာတ်ကြမ်းသော ကျွန်ကိုစေခိုင်းသူ၊

www.dhammadownload.com



၃။ မြေရှိသော အိမ်၌ နေထိုင်သူ။

ဤသူတို့သည် မုချသေလမ်းပွင့်နေ၏၊ ယုံမှားမရှိထု။

**မှတ်ချက်။** ။ဤဂါထာ စာဏကျန်တိ၌ လာသည်။

၁၂၇။ မူဋ္ဌသိဿောပဒေသေန၊
ကုနာဂရ ဘရဏေန စ။
အသတံသမွယောဂေန၊
ပဏ္ဍိတော ပျ ဃသီဒတိ။

၁။ တပည့်မိုက်ကို ပညာသင်ပေးမိခြင်း၊

၂။ ယုတ်မာသော မိန်းမကို အိမ်ထောင်ဖက် ပြုခြင်း၊

၃။ မသူတော်နှင့် ပေါင်းဖက်ခြင်း။

(ဤအကြောင်းမျှားကြောင့်) ပညာရှိပင်ဖြစ်လင့်ကစား နစ်မွန်းတတ်ချေ၏။

**မှတ်ချက်။** ။ဤဂါထာ စာဏကျန်တိနှင့် မဟာရဟန်တိ၌ လာသည်။

၁၂၈။ မာတာ ပုတ္တကရံ ပါပံ၊
သိဿပါပံ ဂုရုကတာ။
ရာဇာ ရဋ္ဌကရံ ပါပံ၊
ရာဇပါပံ ပုရောဟိတော။

၁။ **မကောင်းမှုကို** သားသမီးပြုလျှင် မိဘပြုသည်မည်၏။

၂။ မကောင်းမှုကို တပည့်ပြုလျှင် ဆရာပြုသည်မည်၏။

၃။ မကောင်းမှုကို တိုင်းသူ ပြည်သားပြုလျှင် ရှင်ဘုရင်ပြုသည်မည်၏။

၄။ မကောင်းမှုကို ရှင်ဘုရင်ပြုလျှင် ပုရောဟိတ်ပြုသည်မည်၏။

**မှတ်ချက်။** ။ဤဂါထာ စာဏကျန်တိ၌ လာသည်။

www.dhammadownload.com


၁၂၉။ အကောဓေန ဇိနေ ကောဓံ၊
အသာဓု သာဓုနာ ဇိနေ။
ဇိနေ ကဒရိယဒါနေန၊
သစ္စေနာလိကဝါဒိနံ။

၁။ အာမျက်မာန်စောင် ကြီးသောသူကို အမျက်မထား မေတ္တာ ပွားခြင်းဖြင့် အောင်ထု၏။

၂။ မတော်မှန်သောသူကို မိမိက တော်မှန်ကောင်းမှန်ခြင်းဖြင့် အောင်ထု၏။

၃။ နှမြောငန်တိုသော သူကို ပေးကမ်းခြင်းဖြင့်အောင်ထု၏။

၄။ စကားမမှန်သော သူကို အမှန်ဆိုခြင်းဖြင့်အောင်ထု၏။

**မှတ်ချက်။** ။ ဤဂါထာ ဓမ္မပဒနှင့် ထုဇောဝါဒဇာတ်တို့တွင် လာသည်။

၁၃၀။ အဒန္တဒမနံ ဒါနံ၊
ဒါနံ သဗ္ဗတ္ထသာဓကံ။
ဒါနေန ပိယဝါစာယ၊
ဥန္နမန္တိ နမန္တိ စ။

၁။ ပေးကမ်းခြင်းသည် မယဉ်ကျေးသူကို ယဉ်ကျေးစေတတ်၏။

၂။ ပေးကမ်းခြင်းသည် အကျိုးအားလုံးကို ပြီးစေတတ်၏။

၃။ ပေးကမ်းခြင်း ချစ်ဖွယ်ဆိုခြင်းဖြင့် မိမိက သူတပါးထက် သာလွန်၏၊ သူတပါးတို့က မိမိဘက်သို့ ညွတ်လာရကုန်၏။

**မှတ်ချက်။** ။ဤဂါထာ ပါထိကဝဂ် သဂီတိသုတ် အဋ္ဌကထာ၌ ဝတ္ထုရသည်။

၁၃၁။ ဒါနံ သိနေဟဘေသဇ္ဇံ၊
မစ္ဆေရံ ဒေါသနောသမံ။
ဒါနံ ယသသိဘေသဇ္ဇံ၊
မစ္ဆေရံ ကပဏောသမံ။

www.dhammadownload.com



၁။ ပေးကမ်းခြင်းသည် လူ့ချစ်ဆေးမည်၏။
၂။ နှမြောဝန်တိုခြင်းသည် လူ့မုန်းဆေးမည်၏။
၃။ ပေးကမ်းခြင်းသည် အခြံဒုဂ္ဂံများသော ဆေးမည်၏။
၄။ နှမြောဝန်တိုခြင်းသည် အထီးကျန်သော ဆေးမည်၏။

မှတ်ချက်။ ။ဤဂါထာ မဟာရဟန်တိဋ္ဌလည်း တွေ့ရသည်။

၁၃၂။ ဗဟူနံ အပ္ပသာရာနံ၊
သာမဂ္ဂိယာ ဇယံ ဇယေ။
တိဏေန ဝဠှဟေ ယောဇ္ဈံ၊
တေန နာဂေါပိ ဗန္ဓတိ။

ပညာအနှစ်ကင်းကုန်သော လူမိုက်တို့၏ ဘေးရန်ကို ညီညွတ်ခြင်းဖြင့် အောင်နိုင်၏၊ မြက်ဖြင့် လွှန်ကြိုးကို ကျစ်အပ်၏၊ ထိုမြက်ကျစ်လွှန်ကြိုးဖြင့် ဆင်ပြောင်ကြီးကို ဖမ်းယူနိုင်၏။

မှတ်ချက်။ ။ဤဂါထာ မဟာရဟန်တိဋ္ဌ တွေ့ရှိသည်။

၁၃၃။ သဟာယော အာသမတ္ထော ဝပိ၊
တေဇသော ကိံ ကရိဿတိ။
နိဝါတေ ဇလိတော အဂ္ဂိ၊
သယမေ ဝူပသမ္မတိ။

ဗိုလ်ပါသူရဲ သဟဲအဖော် ပြည့်စုံသော်လည်း ရန်သူကို မအောင်နိုင်သောမင်းသည် တန်းခိုးဖြင့် ဘယ်သို့ပြုအံ့နည်း၊ လေငြိမ်သောအရပ်၌ ထွန်းညှိထားသောမီး အလိုလိုငြိမ်းသည်နှင့် တူ၏။

မှတ်ချက်။ ။ဤဂါထာ မဟာရဟန်တိဋ္ဌ တွေ့ရသည်။

၁၃၄။ နာ ရညော သမကံ ဘုဉ္ဇေ၊
ကာမဘောဂံ ကုဒါစနံ။

www.dhammadownload.com



အာကပ်ပံ ရသဘုတ္တိံ ဝါ၊
မာလာဂန္ဓ ဝိလေပနံ။။
ဝတ္ထုံ သဗ္ဗ မလင်္ကာရံ၊
န ရညာ သဒိသံ ကရေ။။

၁။ ကာစေညီးစိမ်ကို မင်းနှင့်အပြိုင် တရုံတဆစ်မျှ မခံစားထု။
၂။ အသွင်ဟန်ပန်ကို မင်းနှင့်အပြိုင် မပြုရ။
၃။ အရသာစားခြင်းကို မင်းနှင့်အပြိုင် မပြုရ။
၄။ ပန်းပန်ခြင်း, နံ့သာထုံခြင်းကို မင်းနှင့်အပြိုင် မပြုရ။
၅။ အဝတ်အထည်ဝတ်ခြင်းကို မင်းနှင့်အပြိုင် မပြုရ။
၆။ တန်ဆာဆင်ခြင်းကို မင်းနှင့်အပြိုင် မပြုရ။
၇။ အလုံးစုံကို မင်းနှင့်အပြိုင် မပြုရ။
**မှတ်ချက်။** ။ဤဂါထာသည် ဝိဓုရဇာတ်တော်တွင်ပါသော အကြောင်းအရာများကို ယူထားခြင်းဖြစ်သည်။

၁၃၅။ န မေ ရာဇာ သခါ ဟောတိ၊
န ရာဇာ ဟောတိ မေထုနော။
သော သာမိကော မယှန္တိ၊
စိတ္တေ နိဋ္ဌံ သုဋ္ဌာပယေ။

၁။ မင်းသည် ငါ၏ အဆွေခင်ပွန်း မဟုတ်။
၂။ မင်းသည် ငါနှင့်ကုဏ်ရည်တူ အပေါင်းအဖော် မဟုတ်။
၃။ ဤမင်းသည် ငါ၏အရှင်သခင်တည်း။
ဤသို့ လေးလေးစားစား စိတ်သဘောထားရာ၏။
**မှတ်ချက်။** ဤဂါထာ ဝိဓုရဇာတ်တွင်လာသည်။

၁၃၆။ နာတီဒူရေ ဘဇေ ရညော၊
နစ္စာသန္နော ပဝါတကေ။

www.dhammadownload.com



ဥဇုကော နာတိနိန္နေ စ၊
နဘဇေ ဥစ္ဈမာသနေ။
ဆဒေါသေ ဝဇ္ဇေ သေဝကော၊
ဒဂ္ဂိဝ သံယတော တိဋ္ဌေ။

မင်းကို ခစားသောသူသည် မင်းအား-

၁။ အလွန်ဝေးသောအရပ်၌ မခစားရာ။
၂။ အလွန်နီးသောအရပ်၌ မခစားရာ။
၃။ လေညာအရပ်၌ မခစားရာ။
၄။ ရွှေတူယူအရပ်၌ မခစားရာ။
၅။ အလွန်နိမ့်သော အရပ်၌ မခစားရာ။
၆။ အလွန်မြင့်သောအရပ်၌ မခစားရာ။

ဤအပြစ်ခြောက်ပါးကို ကြဉ်ရှောင်၍ ခစားရာ၏။
ပူလောင်တတ်သော မီးကဲ့သို့ စောင့်စည်းလျက် ခစားတည်နေရာ၏။
**မှတ်ချက်။** ။ဝိဓုရဇာတ်စသည်၌ ဤဂါထာလာသည်။

၁၃၃။ ဂုဏော သဗ္ဗညူ တုလျော ပိ၊
နသောဘတိ အနိဿယော။
အနုဋ္ဌမပိ မဏိနာ၊
ဟေမံ နိဿာယ သောဘတေ။

သဗ္ဗညူမြတ်စွာဘုရားနှင့် တူသော ကျေးဇူး ရှိသူပင် ဖြစ်လင့်ကစား အမှီကောင်းကို မရမူ မတင့်တယ်၊ ပတ္တမြားသည် အဖိုးများစွာ ထိုက်သော်လည်း ရွှေကို မှီရမှသာလျှင် တင့်တယ်၏။
**မှတ်ချက်။** ။ဤဂါထာ မဟာရဟန်တို၌လည်း ပါရှိသည်။

ရာဇကဿံ နိဋ္ဌိတံ။
မင်းကိုဆိုသော အပိုင်းပြီး၏။

www.dhammadownload.com

# လောကနီတိပါဠိနှင့် မြန်မာပြန်

## ၇-ပကိဏ္ဏကကဏ္ဍ

### အကြောင်းမျိုးစုံကို ရောနှောလျှက် ပြဆိုသောအပိုင်း

၁၃၇။ ဣဒ္ဓိ။ ဣတ္ထိမိဿော ကုတော သိလံ၊
မံသဘက္ခော ကုတော ဒယာ။
သုရာပါနော ကုတော သစ္စံ၊
မဟာလောဘော ကုတော လဇ္ဇံ။
မဟာတန္ဒော ကုတော သိပ္ပံ၊
မဟာကောဓော ကုတော ဓနံ။

၁။ မိန်းမနှင့် ရောနှောသော ရဟန်း သီလမရှိ။
၂။ အသားစားကြူးသော သူ သနားခြင်းမရှိ။
၃။ အရက်သေစာ သောက်သော သူ စကားမမှန်။
၄။ လောဘကြီးသော သူ အရှက်မရှိ။
၅။ အပျင်းကြီးသော သူ အတတ်ပညာ မရ။
၆။ အမျက်ကြီးသော သူ ဥစ္စာမရ။

၁၃၉။ သုရာယောဂေါ ဝိကာလော စ၊
သမ္ဗုစရုဏက်တော။
ဒိဋ္ဌဓုတ္တော ပါပမိတ္တော၊
ဘောဂါနံ အလာသံ မုခံ။

၁။ သေသောက်ကြူးခြင်း (ကြူးသူ)၊
၂။ အချိန်အခါမဟုတ် သွားလာခြင်း (သွားလာသူ)၊
၃။ ပဲ့လမ်းသဘင် အသွားများခြင်း (အသွားများသူ)၊
၄။ အလောင်းအစား ကျူးလွန်ခြင်း (ကျူးလွန်သူ)၊

www.dhammadownload.com



၅။ မကောင်းသော မိတ်ဆွေနှင့် ပေါင်းခြင်း (ပေါင်းဘူး)၊
၆။ ပျင်းရိဖင့်နွဲ့ခြင်း (ဖင့်နွဲ့သူ)။

ဤသည်တို့ကား စည်းစိမ်ဥစ္စာ ပျက်စီးကြောင်းတည်း။ မှတ်ချက်။ ။သုတ်ပါထွေယျ သိဂ်ါလောဝါဒသုတ်ပါဠိနှင့် အညီ ဂါထာစထား၏။

၁၄၀။ ဒိဝါ နာဒိက္ခ ဝတ္တာဗ္ဗံ၊
ရတ္တော နာဝစနေန စ။
သန္ဆရတိ ဘယာတီတော၊
ဝနေ ဝနစရီ ယထာ။

နေ့အခါ၌ ပတ်ဝန်းကျင်ကို မနှဘဲ မပြောဆိုအပ်၊ ညဉ့်အခါ၌ မမေးဦးဘဲ မပြောဆိုအံ့၊ ဘေးအန္တရာယ် ကြောက်သော တောမုဆိုးသည် တော၌ ရှေနောက်ဝဲယာ ကြည့်ရှုပြီးမှ သွားလာသကဲ့သို့ ကောင်းစွာ သတိထား၍ ပြောဆိုရာ၏။

၁၄၁။ ဇီဝန္တောပိ မတံ ပဿ၊
ဗျာဿေန ပရိကိတ္တိတာ။
ဒုက္ခီတော ဗျာဓိတော မူဠှော၊
ဂ္ဂဏာဝါ နိစ္စယောဝကော။

၁။ ပစ္စည်းဥစ္စာ ဆင်းရဲသူ၊
၂။ အနာဆောဂါ နှိပ်စက်သူ၊
၃။ မိုက်သော သူ၊
၄။ ကြွေးမြီ များသောသူ၊
၅။ မင်းဝယ် ကိုယ်ကြပ် ခစားသော သူ။

ဤငါးယောက်သော သူတို့ကို အသက်ရှင်လျက် သေသူများဟူ၍ ဗျာသဆရာက မိန့်ဆိုသား၏။

www.dhammadownload.com



၁၄၂။ အနာဂတံ ဘယံ ဒိသွာ၊
ဒုရတော ပရိဝဇ္ဇယေ။
အာဂတဉ္စ ဘယံ ဒိသွာ၊
အဘီတော ဟောတိ ပဏ္ဍိတော။

ပညာရှိသောသူသည် မရောက်သေးသော ဘေးအန္တရာယ်ကို မြင်သည်ရှိသော် အဝေးကပင် ကြိုတင်၍ ရှောင်တိမ်းရာ၏၊ ရောက်ပြီး ရောက်ဆဲ ဘေးအန္တရာယ် ကြုံတွေ့ခဲ့သော် မကြောက်မရွံ့ ပြေလည်အောင် ဖြေရှင်းတတ်၏။

၁၄၃။ နိဒ္ဒါလုကော ပမတ္တော စ၊
သုခီတော ရောဂဝါလသော။
မဟိစ္ဆော ကမ္မာရာမော စ၊
သတ္တေတေ သတ္ထဝင်္ဂိတာ။

၁။ အအိပ်ကြိုက်သောသူ၊
၂။ မေ့လျော့သောသူ၊
၃။ ချမ်းသာကိုသာ ကြိုက်သောသူ၊
၄။ အနာရောဂါ ရှိသောသူ၊
၅။ ပျင်းရိသောသူ၊
၆။ အလိုကြီးသောသူ၊
၇။ အမှုသစ်၌သာ မေ့လျော့သောသူ။

ဤခုနစ်ယောက်သော သူတို့သည် ကျမ်းဂန်မှ ကင်းကုန်၏။
မှတ်ချက်။ ။ဤဂါထာ မဟာရဟန်တိဋ္ဌလည်း ဟော်ရသည်။

၁၄၄။ ဒုဂ္ဂတံ ဂစ္ဆ မော လာဘ၊
လာဘီ လာဘေန ဝုဏ္ဏတိ။
ထလေ ဝဿယ ပဇ္ဇုန္န၊

www.dhammadownload.com



သိန္ဒ္၊ အာပေန ပူမှတိ။
နတ္ထိဒံ ကမ္မပဓာနံ။

ဒို့-လာဘ်.... ဆင်းရဲသောသူ၏ အထံသို့ သွားပါလော့၊ လာဘ်ပေါ်မျှားသောသူသည် လာဘ်ဖြင့် ပြည့်နေပါ၏၊ အို....မိုးနတ်-ကြည်းကုန်းဌိုင်းနွားပေးပါလော့၊ ဘဝဒုဿဆုသည် ရေဖြင့် ပြည့်နေပါ၏၊ ဤသဘောတရားသည် လောကဓံ ဖြစ်ပုံးမရှိ၊ သတ္တဝါ၏ကံသာလျှင် ပဓာနဖြစ်၏။

၁၄၅။ နဟိ ဧကော စိ ကတော ကိစ္စေ၊
ကတ္တာရံ သပုပေက္ခတေ။
တသ္မာ သပ္ပဉနိ ကိစ္စာနိ၊
သာဝသေသေန ကာရယေ။

ပြည်ကိစ္စ ပြုပြီးသွားလျှင် ပြုလုပ်ပေးသူကို တစုံတယောက်သောသူကမှ ပြန်၍ မကြည့်၊ သတိမရ၊ လစ်လျူ။ပြု၍ နေတတ်၏၊ ထို့ကြောင့် ပြည်ကိစ္စ အားလုံးတို့ကို အကုန်အစင် ပြုမပေးဘဲ အကြွင်းထား၍ ပြုလုပ်ပေးရာ၏။

မှတ်ချက်။ ။ဤဂါထာ မဟာရဟန်တို၌ တွေ့ရသည်။

၁၄၆။ တူလံ သလ္လဟုကံ လောကေ၊
တတော စာပလ္လ ဇာတိကော။
တတော ဝုဏ္ဏမနောဝါဒေါ၊
ပမတ္တော ဗုဒ္ဓသာသနေ။

၁။ လောကဓံ လဲဝါသည် အပေါ့ဆုံး ဖြစ်၏။
၂။ ထို့ထက် လျှပ်ပေါ်သော သူသည် ပို၍ ပေါ့၏။
၃။ ထို့ထက် လူကြိုးမိဘ ဆရာသမား၏ အဆုံးအမကို မနာခံ ဝေးသူက ပို၍ ပေါ်၏။

www.dhammadownload.com



၄။ ထို့ထက် မြတ်စွာဘုရား သာသနာတော်၌ မေ့လျော့သော သူက ပို၍ ပေါ်၏။

**မှတ်ချက်။** ။ကျိုဂါထာ မဟာရဟန်တို၌ ပါရှိသည်။

၁၄၇။ ပါသာဏ ဆတ္တံ ဂရုကံ၊
တတော ဒေဝါနာစိကဏ်ံ။
တတော ဝုဒ္ဓာနမော၀ါဒေါ၊
တတော ဗုဒ္ဓဿ သာသနံ။

၁။ လောက၌ ကျောက်ထီးသည် အလေးဆုံးဖြစ်၏။

၂။ ထို့ထက် နတ်တို့ပြောသော စကားက ပို၍လေး၏။

၃။ ထို့ထက် လူကြီးမိဘ ဆရာသမား၏ အဆုံးအမက ပို၍လေး၏။

၄။ ထို့ထက် မြတ်စွာဘုရား၏ ဆုံးမသော စကားတော်က ပို၍ လေး၏။

**မှတ်ချက်။** ။ကျိုဂါထာ မဟာရဟန်တို၌ ပါ၊ရှိသည်။

၁၄၈။ ကာယဿ ဒက္ခိဏဟတ္ထော၊
ဒါသော ဇတ္ထု ကနိဋ္ဌကော။
ကဏ္ဏဿနာနမက္ခိနံ၊
ဝါမဟတ္ထော ပါဒဒါသော။

၁။ လက်ယာလက်သည် ကိုယ်ခန္ဓာ၏ ကျွန်မည်၏။

၂။ ဤလက်ယာလက်၌ လက်သန်းသည် နားနှာခေါင်းနှင့် မျက်စိတို့၏ကျွန်မည်၏။

၃။ လက်ဝဲလက်သည် ခြေတောက်၏ ကျွန်မည်၏။

www.dhammadownload.com



၁၄၉။ တမ္မုလဿ မဇ္ဈေ ပတ္တော၊
ကုဝေရော ရက္ခတိ သဒါ။
မူလမ္မိ ရက္ခတိ ယက္ခော၊
အဂ္ဂိမ္မိ ကာဠကဏ္ဏိကာ။
တာနိ ဘုဉ္ဇေယျ ဆိန္နိတ္ထာ၊
သိရီ ဇေဝံ ပဝတ္တတိ။

၁။ ကွမ်းရွက်၏ အလယ်ပိုင်း၌ ကုဝေရနတ် အမြဲစောင့်၏။
၂။ ကွမ်းရွက်၏ အရင်းပိုင်း၌ ဘီလူး စောင့်၏။
၃။ ကွမ်းရွက်၏ အဖျားပိုင်း၌ ဒေဝမိဿာ နာဘ်ယုတ်မာ စောင့်၏။

ထို့ကြောင့် အရင်းနှင့်အဖျားကို ဖြတ်၍ စားရာ၏။ ဤသို့ စားသော် ဘုန်းကျက်သရေ တိုးပွား၏။

၁၅၀။ သမ္မုဉ္ဇရက္ခော ဇြဟ္မာဝ၊
အစ္ဆုရက္ခော စ ဗိဿကော။
တသ္မာ ဟိ တေ ပူဇယန္တိ၊
သဒါ မာနေန္တိ တံ နရံ။

၁။ ဇြဟ္မာသည် စာသင်ပုန်းကို စောင့်၏။
၂။ ဗိဿကိုးနတ်သည် ကမ္မဒလ (စာပဒလ)ကို စောင့်၏။

ထို့ကြောင့် အတတ်ပညာ သင်ကြားသော သူတို့သည် ဇြဟ္မာနှင့် ဗိဿကိုးကို ပူဇော်ကြကုန်လော့၊ ထို့သို့ ပူဇော်သူကို ဇြဟ္မာနှင့် ဗိဿကိုးနတ်တို့က အခါခပ်သိမ်း မြတ်နိုးတတ်ကုန်၏။

၁၅၁။ ဂေဟော ဟိ သဗ္ဗဂီဟီနံ၊
ပေါသကော ဘောဂဒါယကော။
တသ္မာ ဟိ မာတာပိတုဝ၊
မာနယေ သက္ကရေယျ စ။

www.dhammadownload.com



၁။ နွားတို့သည် လူသားအားလုံးတို့ကို ကုန်းရုံးကျေးမွေးတတ်ကုန်၏။
၂။ စည်းဧိမ်ကို ပေးတတ်ကုန်၏။

ထိုကျေးဇူးကြောင့် နွားများကို မိဘကဲ့သို့ မှတ်ထင်မြတ်နိုးရု၏၊ လေးလေးစားစား သဘောထားရ၏။

၁၅၃။ ယေ စ ခါဒန္တိ ဂေါမံသံ၊
မာတုမံသံဝ ခါဒယေ။
မတေသု တေသု ဂိဇ္ဈာနံ၊
ဒဒေ သောတေ စ ဝါဟယေ။

နွား၏အသားကို စားကုန်သော သူတို့သည် ကျေးဇူးရှင်မိခင်၏ အသားကို စားသည်မည်ကုန်ရာ၏၊ နွားများ သေသောအခါ လင်းတစာ ကျွေးရု၏၊ ရေအလျဉ်ဥသော်လည်း မျှောရု၏။

၁၅၄။ ဂုရု သိဒ္ဓေါ သိပ္ပါရမ္ဘော၊
ရဝိသောကြာ စ မဇ္ဈိမော။
နှ သိပ္ပေါ ဗုဒ္ဓစန္ဒရော၊
သောရိအင်္ဂါ စ မရဏံ။

၁။ ကြာသပတေးနေ့၌ အတတ်ပညာစ၍ သင်ကြားသော် အောင်မြင်ပြီးစီး၏။
၂။ တနင်္ဂနွေနှင့်သောကြာနေ့တို့၌ အတတ်ပညာစ၍ သင်ကြားသော် လစဉ်လျှုရှုတတ်၏။
၃။ ဗုဒ္ဓဟူးနှင့် တနှင်္လာနေ့တို့၌ အတတ်ပညာ စ၍ သင်ကြားသော် ဆုံးခန်းတိုင် မတတ်မြောက်ရာ။
၄။ စနေနှင့်အင်္ဂါနေ့တို့၌ အတတ်ပညာ စ၍ သင်ကြားသော် သေရု၏။

www.dhammadownload.com



၁၅၄။ အဌမိယံ ဂရုံ ဟန္တိ၊
သိဿံ ဟန္တိ စတုဒ္ဒသိ။
သိပ္ပံ ဟန္တိ ဒသသိပ္ပံ၊
မာတာပိတာ စ ပဉ္စမိံ။

၁။ လဆန်း ဂ-ရက်, လဆုတ် ဂ-ရက်နေ့၌ **အတတ်ပညာသင်မှု ဆရာကို** သတ်သည်မည်၏။

၂။ **လဆန်း** ၁၄-ရက်, လဆုတ် ၁၄-ရက်နေ့၌ **အတတ်ပညာသင်မှု** တပည့်ကို သတ်သည်မည်၏။

၃။ **လဆန်း** ၁၀-ရက် လဆုတ် ၁၀-ရက်နေ့၌ **အတတ်ပညာသင်မှု အတတ်ပညာ**ကို သတ်သည်မည်၏။

၄။ လပြည့်နေ့၌ အတတ်ပညာကိုသင်မှု **အမိအဖ**ကို သတ်သည်မည်၏။

၁၅၅။ နာဠိကံ သတ္တ နု ဘုဥ္ဇေ၊
နု လာဇံ နဝမံ တထာ။
ဒွါဒသ ပြိန္နံ တြိ မိနုံ၊
ဘုဥ္ဇေ သိပ္ပံ ဝိနာသတိ။

**အဆတ်ပညာ သင်ကြားသောသူသည်-**

၁။ **လဆန်း** ၇-ရက်, လဆုတ် ၇-ရက်နေ့၌ **အုန်းသီးကိုမစားရာ။**

၂။ ၉-ရက်မြောက်၌ **အိမ်ဗူး**ကို **မစား**ရာ။

၃။ ၁၂-ရက်မြောက်၌ **ကင်ပိမ့်(ကင်းပုံ)**ကို **မစားရာ**။

၄။ ၃-ရက်မြောက်၌ **ဟင်းမျိုး(ငါးသား)**ကို **မစားရာ**။

၁၅၆။ ကော် စဇေ ကုလအတ္ထံ၊
ဂါမအတ္ထံ ကုလံ စဇေ။
ဂါမံ စဇေ ဇနပဒတ္ထံ၊
အတ္တတ္ထံ ပဏ္ဍိတော် စဇေ။

www.dhammadownload.com



၁။ အမျိုး၏ အကျိုးဌာ တယောက်သောသူကို စွန့်ရာ၏။
၂။ ရွာ၏ အကျိုးဌာ အမျိုးကို စွန့်ရာ၏။
၃။ ဇနပုဒ်အကျိုးဌာ ရွာကို စွန့်ရာ၏။
၄။ မိမိအကျိုးဌါ မြေအလုံးကို စွန့်ရာ၏။

**မှတ်ချက်။** ။ဤဂါထာ စာဏက္ကနီတိနှင့် ဟိတောပဒေသဠာလာသည်။

၁၅၇။ ဒေသံ ဩသဇ္ဇ ဂစ္ဆန္တိ၊
သီဟော သပ္ပုရိသော ဂဇော။
တတ္ထေဝ နိဓနံ ယန္တိ၊
ကာကော ကာပုရိသော မိဂေါ။

ခြင်္သေ့ သူတော်ကောင်းဆင် ဤသတ္တဝါသုံးဦးတို့သည် အကျိုးမရှိသော အရပ်ကို စွန့်၍ သွားကုန်၏၊ ကျိုးကန်း ယုတ်မာသော ယောဂျိုး၊ သမင် ဤသတ္တဝါသုံးဦးတို့သည် မိမိကျင်လည်ရာ အရပ်၌သာလျှင် ပျက်စီးခြင်းသို့ ရောက်ကုန်၏၊

**မှတ်ချက်။** ။ဤဂါထာ မဟာရဟနီတိ၌လည်း ပါရှိသည်။

၁၅၈။ ယမ္ပိ ပဒေသေ နိ မာနေဝ၊
နိ ပေမံ နိ စ ဗန္ဓဝါ။
နိ စ ဝိဇ္ဇာဂါဟော ကောစိ၊
နိ တတ္ထ ဝသနံ ကရေ။

၁။ မြတ်နိုးသူ မရှိသောအရပ်၊
၂။ ချစ်ခင်သူ မရှိသောအရပ်၊
၃။ အဆွေခင်ပွန်း မရှိသောအရပ်၊

www.dhammadownload.com



၄။ အတတ်ပညာ သင်ပေးသူ တစုံတယောက်မျှ မရှိသော အရပ်။

ထိုလေးမျိုးမရှိသော အရပ်၌ တင်နေ့တစ်ရက်မျှ မနေထိုက်။

**မှတ်ချက်၊** ။ကါထာအမှတ် ၁၁၄ နှင့် ၁၅၀-ပါ ကျိုကါထာ ၂-ခုအကြောင်း အရာတူနေသည်၊ ၂-ခါပါနေသည်။

၁၅၉။ စရ တျောကေန ပါဒေန၊
တိဋ္ဌ တျောကေန ပဏ္ဍိတော။
အနိသမ္မ ပရံ ဌာနံ၊
န ပဋ္ဌမာလယံ ဇဟေ။

ပညာရှိဘို့၏ သဘောသည် လှမ်းသွားသော ခြေတစ်ဘက်နှင့်တူသော အရပ်သစ်ကို မျော်ကြည့်လျက်သော စိတ်ဖြင့် သွား၏။ ရပ်ထားသော ခြေတစ်ဘက်နှင့် တူသော အရပ်ဟောင်းကို မခွါသော စိတ်ဖြင့် ရပ်၏။ (ထို့ကြောင့်) အရပ်သစ်ကို မစူးစမ်း မလေ့လာဘဲ အရပ်ဟောင်းကို မစွန့်ရာ။

**မှတ်ချက်။** ။ကျိုကါထာ စာဇ ကျန်တိုနှင့် ဟိတောပဒေသ မဟာရဟန်တို တို့၌ လာသည်။

၁၆၀။ ဓနဉ္ဉပယောဂေသု၊
တထာ ဝိဇ္ဇာဂဓေသု စ။
ဒူတေသု အပစာရေသု၊
စဇ္ဇာ လဇ္ဇာ တဒါ ဘဒေ၀။

၁။ ဥစ္စာ စပါး ရောင်း၀ယ်သောအခါ၊

၂။ အတတ်ပညာ သင်ယူသောအခါ၊

www.dhammadownload.com



၃။ တမန်စေလွှတ်ခြင်းခံရသောအခါ၊
၄။ မေထုန်မှီဝဲသော အခါ-
တို့၌ အရှက်အကြောက်ကို စွန့်အပ်၏။

**မှတ်ချက်။** ။ကျိုဂါထာ စာဏကျနီတိဋ္ဌလာသည်။ မဟာရဟနီတိဋ္ဌလည်း တွေ့ရသည်။

၁၆၁။ ဒ္ဝိဂုဏော ထီနမာဟာရော၊
ဗုဒ္ဓိစာပိ စတုဂ္ဂုဏော။
ဆဂ္ဂုဏော ဟောတိ ဝါယာမော၊
ကာမော အဋ္ဌဂုဏော ဘဝေ။

၁။ မိန်းမတို့၏ အစာစားခြင်းသည် ယောကျ်ားတို့ထက် နှစ်ဆ လွန်ကဲ၏။
၂။ ပညာသည် လေးဆလွန်ကဲ၏။
၃။ လုံ့လသည် ခြောက်ဆလွန်ကဲ၏။
၄။ ကာမဂုဏ်ရမက်သည် ရှစ်ဆလွန်ကဲ၏။

**မှတ်ချက်။** ။ကျိုဂါထာ စာဏကျနီတိနှင့် ဟိတောပဒေသတို့ဋ္ဌ လာသည်။ မဟာရဟနီတိဋ္ဌလည်း လာသည်။

၁၆၂။ ပဗ္ဗေ ပဗ္ဗေ ကမေနုစ္ဆု၊
ဝိသေသရသဝါဂ္ဂတော။
တထာ သုမေတ္တာကော သာဓု၊
ဝိပရီတော ဒုဇ္ဇနော။

ကြံသည် အဆစ်တိုင်း အဆစ်တိုင်း အစဉ်သဖြင့် အဖျားမှ အရင်း အထိ တဖြည်းဖြည်း ပို၍ ချိုသော အရသာထူးရှိ၏၊ ထို့အတူ မိတ်ဆွေကောင်း ဖြစ်သော သူဘော်သူမြတ်သည် အဖျားမှ အရင်းတိုင်အောင် ချိုသော ကြံ၏ အရသာနှင့် တူ၏။

www.dhammadownload.com



သူယုတ်မာတို့၏ သဘောသည် အရင်းပိုင်းသာ ချို၍မှ အဖျားပိုင်း ထောက်သော် အချိုးပါသော ကြာ၏ အရသာနှင့် တူ၏။

**မှတ်ချက်။** ။ကျိုက်ထာ မဟာရဟန်တိဋ္ဌလည်း ပါရှိသည်။

၁၆၃။ ကဿကော ဝါကိုးဇော မစ္ဆော၊
သမဏော သုတ သီလဝါ။
တေသု ဝိပုလဇောတေသု၊
ရဋ္ဌမ္ပိ ဝိပုလံ သိယာ။

၁။ တောင်သူလယ်သမား၊
၂။ ကုန်သည်ပွဲစား၊
၃။ မင်းအမတ် (ပြည်သူ့ဝန်ထမ်း)၊
၄။ အကြားအမြင် သိတင်းသီလနှင့် ပြည့်စုံသောရဟန်း။

ထိုလေးမျိုး ပြန့်ပြောထွန်းကားသော် တိုင်းပြည်, မြို့, ရွာ ပြန့်ပြော သာယာ၏။

**မှတ်ချက်။** ။ကျိုဂါထာ မဟာရဟန်တိဋ္ဌလည်း တွေ့ရသည်။

၁၆၄။ အာသဇ္ဇာယ မလာ မန္တာ၊
အနုဋ္ဌာနမလာ ဃရာ။
မလံ ဝဏ္ဏာဿ ကောမဿ၊
ပမာဒါ ရက္ခတော မလံ။

၁။ အတတ်ပညာ စာပေကျမ်းဂန်တို့သည် ရွတ်ဆိုသရဇ္ဈာယ်ခြင်း မရှိသော် ပျောက်ပျက်ကုန်၏။
၂။ အိမ်ထောင်စီးပွားတို့သည် ဇာတ်လုံ့လ မရှိ ပျင်းရိသော် ပျက်စီးကုန်၏။
၃။ ပျင်းမိခြင်းသည် အဆင်းလှသူ၏ အညစ်အကြေး မည်၏။

www.dhammadownload.com



၄။ မေ့လျော့ခြင်းသည် ဤနေ့ကို စောင့်စည်းသော**ရဟန်း၏ အညစ်အကြေးမည်၏။**

**မှတ်ချက်။** ။ကျိုဂါထာသည် ဓမ္မပဒ လာ ဒါယိဝတ္ထုနှင့်အဋ္ဌက အဂ်ုတ္တိုရ် မလသုတ်၌ လာသည်။

၁၆၅။ ဟီနာနံ ဂစ္ဆတေ ဝိဘ္ဘံ၊
ဝီရာနံ သန္တိကတ္တနံ၊
ဝဒန္တိ စ ဟီနာ ဇနာ၊
ပုဗ္ဗကမ္မပဓာနတံ။

လုံ့လဝီရိယ ချို့တဲ့ ညံ့ဖျင်းကုန်သော သူတို့၏ ဥစ္စာသည် လုံ့လ ဝီရိယ ကြီးမားသောသူတို့၏ ဥစ္စာအဖြစ်သို့ ရောက်ကုန်၏၊ လုံ့လဝီရိယ ညံ့ဖျင်းကုန်သော သူတို့က ရှေးကံသာ ပဓာန-ဟု ဆိုလေ့ရှိကြကုန်၏။

၁၆၆။ န ဝဒန္တိ ဧဝံ ဓီရာ၊
ဝါယမိံသု သုဗ္ဗကမ္မေ။
န စေ သိဇ္ဈတ် ဝံ ကမ္မံ၊
အဖလံ ဧဝ ကိံ ဒေါသော။

ပညာရှိတို့က ကျိသို့ "ရှေးကံသာ ပဓာန" ဟု မဆိုကြကုန်၊ ခပ်သိမ်းသော အမှုကိစ္စများကို ကြိုးစား၍ ပြုလုပ်ကြကုန်၏၊ အကယ်၍ ထိုပြုလုပ်သော အမှုကိစ္စမပြီးခဲ့သော် ရည်မှန်းချက် မပြီးရုံသာရှိမည်၊ ကြိုးစားအားထုတ်ခြင်းအတွက် အပြစ်မရှိပါ။

၁၆၇။ နိစကုလံ နိပ္ပညံ ဝါ၊
နိရုပံ နိဗလံ သမံ။
ဣမံ ကာလံ ဆုတ္တကာလံ၊
ဓနမေဝ ဝိသေသကာ။

www.dhammadownload.com



**အာမျိုးလည်း** ညံ့,ပညာလည်း မတတ်, **အဆင်းလည်း မလှ, ခွန်အား** လည်းမရှိပါဘဲလျက် သူတပါးကိုနှင့် တန်းတူရည်ဘူကဲ့သို့ ဖြစ်နေသည်မှာ ဤဓတ်ကာလသည် ဆုတ်ခေတ်ကာလဘည်း၊ ဥစ္စာသည်သာလျှင် လူကို ထူးခြောင် ပြုသော ကာလတည်း။

ပကိဏ္ဏကကဏ္ဍံ နိဋ္ဌိတံ။

**အကြောင်းမျိုးစုံကို ရောနှော၍ ပြဆိုသော အပိုင်း ပြီး၏။**

---

နိဂုံးစကား

ပဏ္ဍိတော သုဇနော ကဖ္ဂော၊
ဒုဇ္ဇနော မတ္တော ဣတ္ထိ စ။
ရဇာ ပဂိဏ္ဏကော စဘကိ၊
သတ္တကဏ္ဍဝိဘူသိနော။
စက္ကိန္ဒာဘိသိမိုနာယံ၊
သောဓိတော ကာသိဂေဟ သတော။
ဆနောတံ့ ဒုတိယာသင္ဆေ၊
ကာလေ သဏ္ဍမအာဒိဟေ။

၁။ ပညာရှိကို ဆိုရာအပိုင်း၊
၂။ သူတော်ကောင်းကို ဆိုရာအပိုင်း၊
၃။ သူယုတ်မာကို ဆိုရာအပိုင်း၊
၄။ မိတ်ဆွေကို ဆိုရာအပိုင်း၊
၅။ မိန်းမကို ဆိုရာအပိုင်း၊
၆၊ မင်းကို ဆိုရာအပိုင်း၊
၇။ အကြောင်းမျိုးစုံ ရောနှောသည်ကို ဆိုရာအပိုင်း။

www.dhammadownload.com



ဤသို့ အပိုင်းကဏ္ဍ ခုနစ်မျိုးတို့ဖြင့် တန်ဆာဆင်ထားသော(ဘဂ္ဂိုန္နာဘိသိရီသဒ္ဓမ္မရာဇာဓိရာဇဂုရု အမည်ရှိတော်မူသော မဟာအောင်မြေဘုံစံအုတ်ကျောင်း ဆရာတော်သည် သုတ်သင် ပြင်ဆင်အပ်သော) ဤလောကနီတိကျမ်း၏ မှီရာနိဿယသည် (၁၁၉၆) တစ်ထောင် တစ်ရာကိုးဆယ့်ခြောက်ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ခုနစ်ရက် တနင်္ဂနွေနေ့၌ ပြီးခြင်းသို့ရောက်၏။

မှတ်ချက်။ ။ကာသိကေ သတေ ဆ နောတ္ဒ်-၌ ကာသိတိ သဟဿံ ဂုစ္ဆတိ-ဟူသော ဝိနည်းမဟာဝါ အဋ္ဌကထာ (နှာ-၄၀၁၊ ၄၀၂) ဖွင့်ဆိုချက်နှင့်အညီ ကာသိကေ-ပုဒ်တွင် ကာသိသဒ္ဒါ ၁၀၀၀-ဟောယူ၊ က-ကား သတ္တမ္မတ်၊သို့ဖြစ်၍ ကာသိ=၁၀၀၀၊ သတ=၁၀၀၊ ဆနဝုတိ=၉၆၊သုံးမျိုးပေါင်းသော် သင်္ကာဇ် ၁၁၉၆-ခုနှစ်တွင် လောကနီတိနိဿယရေးသားပြီးစီးကြောင်း မှတ်ယူရပါမည်။

သင်တန်းနည်းပြ ဆရာတော်
ဦးပညာသာမိ (မဂဓဓီ-သာစည်) သည်
အသက်အရွယ်ငယ်သူသင်တန်းသားများ အလွယ်တကူ
လေ့လာ နိုင်စေရန် ပါဠိမဖက် မြန်မာသက်သက်ဖြင့်
ပြဆိုအပ်သော လောကနီတိ မြန်မာပြန်ပြီး၏။

---

ဆယ်စောင်တွဲ ၁၁—ပ-မ-သ-စ

www.dhammadownload.com

# ပရိတ်ကြီးဆိုင်ရာ သိမှတ်ဖွယ်

ဆယ်စောင်တဲ့၌ သတ္တမမြောက် သင်ကြားရသောစာမှာ ပရိတ်ကြီး ဖြစ်သည်၊ ဘုရားဟော တရားတော်များအနက် လူထုနှင့် အနီးစပ်ဆုံး တရားမှာ ပရိတ်တရားတော်ပင် ဖြစ်သည်၊ ပရိတ်တော်၏ အနက် အဓိပ္ပာယ်ကို သေသေချာချာ လေ့လာကြည့်ပါလျှင် အမြင့်ဆုံး နိဗ္ဗာန် ရရေးမှ အနိမ့်ဆုံး အမျိုးသမီး မီးဖွားရေးကိစ္စအထိ အသုံးဝင် အကျိုး ပြုလျက် ရှိပါသည်။

ပရိတ်ဆိုသော စကားမှာ "ပရိတ္တ"ဟူသော ပါဠိကို အခြေခံ၍ ခေါ်ထားသော ဝေါဟာရဖြစ်သည်၊ မြန်မာလို "အကာအကွယ်" ဟု အဓိပ္ပာယ်ရသည်၊ တကယ်အကျိုးတရား ခံစားလိုပါက တကယ်အလုပ် လုပ်ကြည့်ပါ၊ "ရွတ်သူ အင်္ဂါ ၃-ပါး၊ နာသူ အင်္ဂါ ၃-ပါး" ဟူသော စည်း ၆-တန်ကိုလည်း လုံခြုံစွာ ကာထားရန် ဖြစ်ပါသည်။

ပရိတ်ရွတ်သူ လိုက်နာရမည့် အင်္ဂါ ၃-ပါးမှာ-

၁။ ပါဠိသဒ္ဒါ မှန်ကန်စွာ ရွတ်ဆိုတတ်ခြင်း၊
၂။ ပရိတ်တော်၏ အနက်အဓိပ္ပာယ်ကို သိခြင်း၊
၃။ လာဘ်ကို မငဲ့ဘဲ မေတ္တာဖျောထား၍ ရွတ်ဆိုခြင်းတို့ ဖြစ်ပါသည်။ (ဒီ၊ဋ္ဌ၊၃၊နှာ၊၁၄၉။)

ပရိတ်နာသူ လိုက်နာရမည့် အင်္ဂါ ၃-ပါးမှာ-

၁။ ပဉ္စာနန္တရိယကံ မထိုက်ခြင်း(ကမ္မန္တရာယ်မရှိရ)၊
၂။ နိယတမိစ္ဆာဒိဋ္ဌိ မဟုတ်ခြင်း(ကိလေသန္တရာယ်မရှိရ)၊
၃။ ပရိတ်အာနိသင်ကို ယုံကြည်ခြင်းတို့ ဖြစ်ပါသည်။ (မိလိန္ဒပဉ္ဟ၊ နှာ၊ ၁၅၅။)

* သဒ္ဒါမပျက်၊ အနက်မမှား၊ မေတ္တာထား၊ ရွတ်ငြားသူဝန်တာ။
* ကံလည်းမငြို၊ ကိလည်းမကြုံ၊ ယုံလည်းယုံ၊ နာတုံသူဝန်တာ။

www.dhammadownload.com



## ပုဂံခေတ်ထက်စော

ပရိတ်ရွတ်ဖတ်မှု, နာကြားမှု အစဉ်အလာမှာ မြန်မာနိုင်ငံနှင့်တကွ ထေရဝါဒနိုင်ငံအားလုံး လိုက်နာလျက်ရှိကြသည်၊ မြန်မာနိုင်ငံအနေဖြင့် ပုဂံခေတ်မတိုင်မီ သရေခေတ္တရာ ကောင်းစားစဉ်ကတည်းကပင် ပရိတ် ဒေသနာများကို သုံးစွဲနေပြီဖြစ်ကြောင်း ခိုင်မာသော အထောက်အထား များရှိနေသည်၊ ပုဂံ, ပင်းယ, အင်းဝ, ကုန်းဘောင် ခေတ်အဆက်ဆက် တို့၌လည်း ပရိတ်တော်များကို ယုံယုံကြည်ကြည် ရွတ်ဖတ်ခဲ့ကြသည်၊ ယနေ့ မျက်မှောက် ခေတ်တွင်လည်း ဤပရိတ်တော်၏ ကဏ္ဍသည် မှေးမှိန်၍ မသွားသည့်အပြင် ဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးနယ် ပယ်၌ ရှေတန်းမှ နေရာပေး၍ ထားဆဲဖြစ်သည်။

## လူထုနှင့် နီးစပ်ပုံ

ရှေးခေတ်ရှေးအခါက ပရိတ်ကြီးမှာ မြန်မာနိုင်ငံ ခေတ်အဆက်ဆက် ဘုန်းကြီးကျောင်း ပညာရေးတွင် မသင်မနေရ ကျမ်းစာ ဖြစ်သည်၊ ပရိတ်ကြီးပါဠိသည် သီးသန့်အနေဖြင့် လည်းကောင်း၊ ဆယ်စောင်တဲ့ စာရင်းဝင် အဖြစ်လည်းကောင်း၊ ဝတ်အဖွဲ့များ၏ လက်သုံးစာမူအဖြစ် လည်းကောင်း၊ လူထုလူတန်းစား အသီးသီး၏ လက်ဘွင်းသို့ တွင်ကျယ်စွာ ပျံ့နှံ့ခဲ့သည်၊ ဤအချက်ကို ကြည့်ခြင်းအားဖြင့် ပရိတ်တော်၏ လူထုနှင့် နီးစပ်ပုံကို သိသာနိုင်ပါသည်။

## နိဿယနှင့် အဖွင့်ကျမ်းများ

ဤမျှအသုံးဝင် အကျိုးများသော ဘုရားဟောပရိတ်တော်ပါဠိကို အဓိပ္ပာယ်နားလည်စေရန် ခေတ်အဆက်ဆက် ပညာရှင်တို့က နိဿယနှင့် အဖွင့်ကျမ်းများကို စုံလင်စွာ ရေးသားထားကြသည်၊ ဤမှတ်တမ်း ပြုစုသူ (မာဓိ) လေ့လာတွေ့ရှိသော ပရိတ်ကြီးနိဿယတို့မှာ ဦးရေ

www.dhammadownload.com



၂၀-ထက်မနည်းရှိနေပါသည်။ အချို့နိသယတို့မှာ ပုံနှိပ်မှုဘဝသို့ မရောက်သေးဘဲ လက်ရေးမူအဆင့်၌သာ ရှိနေပါသေးသည်၊ ပုံနှိပ်စာအုပ်အဖြစ်သို့ ရောက်ရှိပြီးသော နိသယများမှာ-

၁။ ဘိုးတော်လက်ထက် ၁၁၅၁-ခု၊ ပြုစုပြီးစီးသော ဝက်ခုတ်မူ၊
၂။ ဘိုးတော်လက်ထက် ၁၁၇၄-ခု၊ ပြုစုပြီးဇီးသော စလင်းမူ၊
၃။ ဘိုးတော်လက်ထက် ၁၁၈၀-ခု၊ ပြုစုပြီးစီးသော ဦးဗုဒ်မူ၊
၄။ ဗြိတိသျှလက်ထက် ၁၂၇၁ ခု၊ ပြုစုပြီးဇီးသော ဝိသုဒ္ဓါရုံမူ၊
၅။ ဗြိတိသျှလက်ထက် ၁၂၇၃-ခု၊ ပြုစုပြီးစီးသော တုံတေးမူ၊
၆။ ဗြိတိသျှလက်ထက် ၁၂၇၉-ခု၊ ပြုစုပြီးစီးသော မြင်းခြံမူ၊
၇။ ဗြိတိသျှလက်ထက် ၁၂၉၈-ခု၊ ပြုစုပြီးစီးသော အာဒိစ္စဝံသမူ၊
၈။ တော်လှန်ရေး အစိုးရလက်ထက် ၁၃၂၄-ခု ပြုစုပြီးသော သပြေကန်မူ-

စသည်တို့ ဖြစ်ပါသည်။ [တဝက်တပြက် ပုံနှိပ်ပြီးသော ပရိတ်ကြီးနိသယများလည်း ရှိနေပါသေးသည်။ **ဥပမာ**-အမရပူရ ဂန္ဓာရုံဆရာတော်၏ ပရိတ်နိသယ စာသည်တို့ဖြစ်ပါသည်။]

ပုံနှိပ်စာအုပ်အဖြစ်သို့ မရောက်သေးသော ပရိတ်ကြီးနိသယများမှာ ကျော်အောင်စံထားမူ, မြတောင်မူ, သက်ကယ်ကျင်းမူ, ဒန့်တိုင်မူ, သေကွန်တောင်မူ, နန်းကျောင်းမူ, ဦးပဓန်းမူ စသည်တို့ဖြစ်ပါသည်။

ဖော်ပြထားသော နိသယများအပြင် ပရိတ်ကြီးဂဏ္ဍီ၊ အထူးပရိတ်ကြီး၊ အလင်းပြပရိတ်ကြီး၊ မြစ်မခပရိတ်ကြီး၊ ပရိတ်ကြီးနိဒါန်း၊ ပရိတ်ကြီးဝတ္ထု၊ ပရိတ်မန္တန်း၊ ပရိတ်ကြီးပျို၊ ပရိတ်ပေါင်းစသော အဖွင့်

www.dhammadownload.com



ကျမ်းများလည်း များစွာရှိနေသေးသည်။ နိဿယ မဟုတ်သော ပရိတ်ကြီး မြန်မာပြန် သက်သက်ကို ဦးစိုးဝင်းက ၁၃၁၇-ခုနှစ်တွင်လည်းကောင်း၊ ဦးတင်မြင့်က ၁၃၂၂-ခုနှစ်တွင် လည်းကောင်း မာဂဓီ-သာစည်က ၁၃၄၆-ခုနှစ်တွင် လည်းကောင်း အသီးသီး ပြန်ဆိုထားကြသည်။

## ပရိတ်ကြီး ဋီကာနှင့် နိဿယ

ပရိတ်ကြီးဋီကာကို အင်းဝခေတ် အနောက်ဗက်လွန်မင်း လက်ထက် သက္ကရာဇ် ၉၇၁-ခုနှစ်တွင် အရှင်တေဇောဒီပ-က ရေးသားပြုစုတော်မူခဲ့သည်။ ကျမ်း၏အမည်ကို "ပရိတ္တဝဏ္ဏနာ" ဟု သုံးစွဲထားသည်။ ရဟန်းရှင်လူတို့က ပရိတ်ကြီးဋီကာဟု အခေါ်များကြသည်။ ပရိတ်ကြီးဋီကာ၌ မင်္ဂလပရိတ်နှင့် ပုဗ္ဗဏှပရိတ် ဖွင့်ဆိုချက် မတွေ့ရ၊ ကျန်ပရိတ် ၉-မျိုး ဖွင့်ပြထားသည်။

## ပရိတ်ကြီး ဋီကာ နိဿယကို တမ္ဗဒီပတိုင်း အဝမြို့ အနောက်ဖက် ဆင်တောရွာနေ ဥဂ္ဂါစာရမထေရ်က သက္ကရာဇ် ၁၀၆၆-ခုနှစ် စနေမင်းလက်ထက် ရေးသားပြုစုကြောင်း သိရသည်။

## ပရိတ်ကြီး, ပရိတ်ငယ်

ပရိတ်ကြီးဆိုသဖြင့် ပရိတ်ငယ်လည်း ရှိရဦးမည်ဟု အဓိပ္ပာယ်သက်ရောက်လျက်ရှိနေပါသည်။ သို့ရှိသည့်အတိုင်း ဘိုးတော်မင်းတရားလက်ထက်က ပရိတ်ကြီး,ပရိတ်ငယ် ခွဲခြားသတ်မှတ်ပုံကို စလင်းပရိတ်ကြီး နိဿယ ဗောဇ္ဈင်္ဂသုတ်အဆုံးတွင် မှတ်ချက်ချထားသည်ကို တွေ့ရသည်၊ အမှန်းဂါထာတို့၌ "ပရိတ္တံ တံ ဘဏာမ ဟော' ဟု ပရိတ္တသဒ္ဒါ တိုက်ရိုက်ပါသော-

(၁) ရတနပရိတ်၊ (၂) မေတ္တာပရိတ်၊ (၃) ခန္ဓပရိတ်၊
(၄) မောရပရိတ်၊ (၅) ဝဋ္ဋပရိတ်၊ (၆) ဓဇဂ္ဂပရိတ်၊
(၇) အာဋာနာဋိယပရိတ်၊ (၈) အင်္ဂုလိမာလပရိတ်-

www.dhammadownload.com



ဤပရိတ်တော် ဂ-သုဇ်ကို ပရိတ်ကြီးဟု သတ်မှတ်သည်။ "မင်္ဂလံ တံ ဘဏာမ ဟေ"၊ "ဗောဇ္ဈင်္ဂံ တံ ဘဏာမ ဟေ" ဟူသော ပါဠိ "ပရိတ္တဲ့" တိုက်ရိုက်မပါသော မင်္ဂလသုတ်နှင့် ဗောဇ္ဈင်္ဂသုတ်တို့ကို ပရိတ်ငယ်ဟု သတ်မှတ်ကြောင်း ပြဆိုထားသည်၊

ဤမှတ်တမ်းပြုစုသူ မာဂဓိ၏ အလိုအားဖြင့် ပရိတ်ကြီးဟု ခေါ်ဆိုခြင်းမှာ ပရိတ်တော်၏ ကြီးမားသော တန်ခိုးအာနိသင်ရှိပုံကို အမှန်းတင်ကုဏ်ပြုသောအားဖြင့် ခေါ်ဆိုထားခြင်း ဖြစ်သည်ဟု ယူဆပါသည်။

## ပရိတ်တော်၏ တန်ခိုးအာနိသင်များ

ပရိတ်တော်၏ တန်ခိုးအာနိသင်များ အကြောင်းကို မိလိန္ဒပဉှာကျမ်းတွင် အောက်ပါအတိုင်း ပြဆိုထားပါသည်-

၁။ ပရိတ်အရုံအတား ပြုထားသော ယောကျ်ားကို ကိုက်လိုသော မြေသည် မကိုက်ဝံ့၊ ဟင်းလင်းပင့်သော မြွေ၏ ခံတွင်းသည် ပိတ်၏။

၂။ ခိုးသူတို့၏ မြောက်ချီရွယ်မိုးထားသော တင်းပုတ်သည်လည်း ရိုက်ပုတ်ရန် မဖြစ်မြောက်နိုင်၊ ထိုတင်းပုတ်ကိုင်သူတို့သည် တင်းပုတ်ကို လွှတ်ချကုန်ပြီးလျှင် ချစ်ခင်ကြကုန်၏။

၃။ အမျက်ထွက်သော ဆင်ပြောင်ကြီးသည်လည်း ထိုးအံ့သောငှာ လာပြီး၍ ကြည့်ဖဲလေ၏။

၄။ ပြောင်ပြောင်တောက်သော မီးပုံကြီးသည်လည်း အနှီးသို့ ရောက်၍ ငြိမ်း၏။

၅။ ခဲစားဒဏ်သော လတ်တလော သေဓေတ်သော အဆိပ် အတောက်သည်လည်း ဓဆေးဖြစ်၍ အာဟာရ အကျိုးငှာ ပျံ့နှံ့၏။

၆။ သူသတ်တို့သည် သတ်လိုကုန်သည် ဖြစ်၍ အနှီးသို့ ရောက်လတ်သော် ကျွန်အဖြစ်သို့ ကပ်ရောက်ကုန်၏။

၇။ နင်းမိသော ကျောက်ဆင်းသည်လည်း မဖွဲ့မိ။

www.dhammadownload.com

# ပရိတ်ကြီး (၁၁) သုတ်

## အကျိုးအာနိသင်များ

၁။ မင်္ဂလသုတ် ပရိတ်တော်အတိုင်း လိုက်နာပြုကျင့်ပါလျှင် ရန်သူအားလုံးအပေါ် မိမိက အောင်နိုင်ခြင်း၊ ဒုရုပ်ဒေသ ခပ်သိမ်းတို့၌ ချမ်းသာစွာ နေရခြင်း အကျိုးများကို ရနိုင်ပါသည်။

၂။ ရတနသုတ် ပရိတ်တော်ကို ပွဲများသရဇ္ဈာယ်ခြင်းကြောင့် ရောဂါဘေး၊ ဘီလူးဘေး၊ ငတ်မွတ်ခေါင်းပါး ဘေး တို့မှ ကင်းလွတ်နိုင်သည်။

၃။ မေတ္တာသုတ် ပရိတ်တော်ကို ပွဲများသရဇ္ဈာယ်ခြင်းကြောင့် ဘီလူးစသော မကောင်းခဲ့ဝါးတို့က ကြောက်မက်ဖွယ်အာဇ်ကို မပြနိုင်၊ ချမ်းသာစွာ အိပ်ခြင်း နိုးခြင်းစသော မေတ္တာအကျိုးဘဝ-ပါးကို ရနိုင်သည်။

၄။ ခန္ဓသုတ် ပရိတ်တော်ကို ပွဲများ သရဇ္ဈာယ်ခြင်းကြောင့် သတ္တဝါ အားလုံးတို့၏ ပြင်းထန်သော အဆိပ်နှင့် အဆိပ်မှ ကြင်းသော ဘေးရန် အမျိုးမျိုးကို ပပျောက်စေနိုင်ပါသည်။

၅။ မောရပရိတ် အကာအကွယ်ကြောင့် ဘုရားအလောင်း ဥဒေါင်းမင်းကို မုဆိုးတို့က အနှစ် (၇၀၀) ဖမ်းသော်လည်း မဖမ်းနိုင်ကြ။

၆။ ဝဋ္ဋပရိတ် သစ္စာတန်ခိုးကြောင့် ဘုရားအလောင်း ငုံးမင်းကို တောမီးက မလောင်မြိုက်ဘဲ ကွင်းချ သွားသည်။

၇။ ဓဇဂ္ဂသုတ်ကို စိတ်ထဲမှ ဆင်ခြင်အောက်မေ့ရုံမျှဖြင့် အာကာသဌ်ခြေပြင်အလား ရပ်တည်နေနိုင်ခြင်း၊ ဘီလူး, သူခိုးစသော ဘေးရန်တို့မှ လွတ်မြောက်နိုင်သူ အရေအတွက်မနည်းခြင်း အကျိုးများစွာကို ရရှိနိုင်ပါသည်။

www.dhammadownload.com



၈။ အာဠာနာဋိယသုတ် ပရိတ်တော်ကို ပဌမ်းမျှားသရဇ္ဈာယ် ခြင်းကြောင့် နတ်ကြမ်း, ဘီလူးကြမ်းတို့က မညှဉ်းဆဲ မနှိပ် စက်နိုင်။

၉။ အင်္ဂုလိမာလ ပရိတ်တော်ကို ပဌမ်းမျှားသရဇ္ဈာယ်ခြင်းကြောင့် ကိုယ်ဝန်ဆောင်မိခင်မျှား လွယ်ကူစွာ သားဖွားနိုင်ပါသည်။

၁၀။ ဗောဇ္ဈင်္သုတ် ပရိတ်တော်ကို ပဌမ်းမျှားသရဇ္ဈာယ်ခြင်းကြောင့် ဆင်းရဲဒုက္ခကို ဖျောက်နိုင်ခြင်း၊ မာရ်စစ်သည်ကို နှိမ်နင်းချေဖျက် နိုင်ခြင်း၊ ဘဝသုံးပါးမှ လွတ်မြောက်နိုင်ခြင်း၊ ပဋိသန္ဓေ,အို,နာ သေ လွတ်ရာနိဗ္ဗာန်သို့ ရောက်နိုင်ခြင်း အကျိုးမျှားကို ရနိုင် ပါသည်။

၁၁။ ပုဗ္ဗဏှသုတ် ပရိတ်တော်ကို ပဌမ်းမျှားသမဇ္ဈာယ်ခြင်းကြောင့် မကောင်းသော အတိတ်,နိမိတ်မျှား၊မကောင်းသော အမင်္ဂလာ ဟူသမျှ ငှက်ဆိုးသံ၊ပါပဂြိုဟ်၊ မကောင်းသော အိပ်မက်ဆိုးမျှား ပျောက်ကင်းနိုင်ပါသည်။

**မှတ်ချက်။** ။ပရိတ်အကျိုး အာနိသင်မျှားကို ပရိတ်ပါဠိဆိုင်ရာ သုတ် မျှား၏ အမှန်းဂါထာနှင့် နိဂုံးမျှားမှ ဖော်ပြပါသည်။

## ပရိတ်(၁၁)သုတ် အခါအလိုက် ရွတ်ဖတ်ရန်

၁။ မင်္ဂလာကျွက်သရော်၊ တိုးပါစေ၊ ရွတ်လေမင်္ဂလသုတ်၊
၂။ ကပ်ကြိုးသုံးဝ၊ လွတ်လိုက၊ ရွတ်ကြရတနသုတ်။
၃။ နတ်မျှားလှည့်စား၊ ပျောက်လိုငြား၊ ရွတ်ပဌမေတ္တသုတ်၊
၄။ အဆိပ်သတ္တဝါ၊ ကင်းစေရာ၊ ရွတ်ပါဒန္ဓသုတ်၊
၅။ ရာဇဝတ်ဘေး၊ ကင်းလွတ်ရေး၊ ရွတ်ပေးမောရသုတ်၊
၆။ မီးဘေးမှန်သမျှ၊ လွတ်လိုက၊ ရွတ်ကြဝဋ္ဋသုတ်၊
၇။ စစ်မက်ဘေးရှောင်၊ လွတ်လိုပြန်၊ ရွတ်အင်္ဂုလိမာလသုတ်၊
၈။ သဘက်ဘီလူး၊ အမှောင့်ပူး၊ ရွတ်ဥဿာဠနာဋိယသုတ်၊

www.dhammadownload.com



၉။ မီးဖွားလိုဘီ၊ အင်္ဂုလိ၊ ရွတ်ဘိပရိတ်သုတ်၊
၁၀။ ကိုးဆယ့်ခြောက်ဝ၊ လွတ်လိုက၊ ရွတ်ကြဗောဇ္ဈင်သုတ်၊
၁၁။ ကြွိဟ်စီးကြွိဟ်နင်း၊ လွတ်တုံလျင်း၊ ရွတ်ချင်းပုဗ္ဗဏှသုတ်၊

* ပရိတ်တော်ကြီး၊ သိဒ္ဓိပြီး၊ ရွတ်နည်းမှန်မှန်လုပ်၊
* ရွတ်နည်းမှန်လျင်၊ တန်ခိုးထင်၊ ကျိုးလျင်အမြဲဟုတ်။

## ပရိတ်တော် နေ့အလိုက် ရွတ်ဖတ်ရန်

၁။ တနင်္နေနေ့၌ သမန္တာမှစ၍ မင်္ဂလသုတ်ကို ရွတ်ဖတ်ပူဇော်ရန်၊
၂။ တနလ်ာနေ့၌ ရတနသုတ်ကို ရွတ်ဖတ်ပူဇော်ရန်၊
၃။ အင်္ဂါနေ့၌ မေတ္တာသုတ်နှင့် ခန္ဓသုတ်ကို ရွတ်ဖတ်ပူဇော်ရန်၊
၄။ ဗုဒ္ဓဟူးနေ့၌ မောရသုတ်နှင့် ဝဋ္ဋသုတ်ကို ရွတ်ဖတ်ပူဇော်ရန်၊
၅။ ကြာသပတေးနေ့၌ ဓဇဂ္ဂသုတ်ကို ရွတ်ဖတ်ပူဇော်ရန်၊
၆။ သောကြာနေ့၌ အာဋာနာဋိယသုတ်ကို ရွတ်ဖတ်ပူဇော်ရန်၊
၇။ စနေနေ့၌ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်နှင့် ပုဗ္ဗဏှသုတ်ကို ရွတ်ဖတ်ပူဇော်ရန်။

## ပရိတ်ကြီး (၁၁) သုတ်

### သမိုင်းအကျဉ်း

**မင်္ဂလသုတ်သမိုင်း**

ဂေါတမမြတ်စွာဘုရား မပွင့်သေးမီ အချိန်က ထိုခေတ် လူသားများအဖို့ အနှစ်သာရရှိသော အဖိုတန်တရားစကားမျိုးကို မကြားဖူးချေ၊ မင်္ဂလာဆိုတာ ဘာလဲဟူသော ပြဿနာတစ်ရပ် ပေါ်ပေါက်ခဲ့ဖူးသည်၊ အမြင်ကောင်းကို မင်္ဂလာ၊ အကြားကောင်းကို မင်္ဂလာ၊အတွေ့ကောင်းကို မင်္ဂလာဟူ၍ မိမိတို့ ထင်ရာမြင်ရာပြောဆို၍ ငြင်းခုံလာသည်မှာ ၁၂-နှစ်မျှ

www.dhammadownload.com



ကြာသွားလေသည်၊ အဖြေမှန်ကိုကား မသိရ၊ လူနတ်ဗြဟ္မာ မည်သူ တဦးတယောက်မျှ မင်္ဂလာ၏ အဓိပ္ပာယ်ကို ဖြတ်ဆိုနိုင်ကြ၊ ဂေါတမ မြတ်စွာဘုရား ပင့်ပေါ်လာမှ ဤပြဿနာ ငြိမ်းသွားတော့သည်။ မင်္ဂလာ၏ အဓိပ္ပာယ်ကို သိခွင့်ရကြတော့သည်။ မင်္ဂလာတရားကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကြီး၌ အညတရနတ်သားတစ်ဦး လျှောက်ထား၍ မြတ်စွာဘုရားက ဖြေရှင်း ဟောကြားတော် မူခဲ့ပါသည်။ (ခုဒ္ဒကပါဋ္ဌ ပါဠိနှင့် သုတ္တနိပါတပါဠိတွင် လာရှိသည်။)

## ရတနသုတ်သမိုင်း

ဂေါတမမြတ်စွာဘုရား လက်ထက်တော်အခါက ဝေသာလီပြည်တွင် ငတ်မွတ်ခေါင်းပါးခြင်း၊ အနာရောဂါနှိပ်စက်ခြင်း၊ ဘီလူးဖမ်းစားခြင်း ဘေးကြီးသုံးပါး (ကပ်ကြီးသုံ ပါး) ဆိုက်ရောက်၍ လူပေါင်းများစွာ သေကျေပျက်စီး ကြရသည်။ ထိုဘေးကြီးသုံးပါးမှ လွတ်ကင်းရန် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားကို ပင့်၍ ဤရတနသုတ်ပရိတ်ကို မြတ်စွာဘုရားက အရှင်အာနန္ဒာအား သင်ကြား ရွတ်ဖတ်စေသောအခါ ထိုဘေးဆိုးကြီး သုံးပါးမှ လွတ်ကင်း ငြိမ်းအေးသွားလေသည်။ (ခုဒ္ဒကပါဋ္ဌနှင့် သုတ္တနိပါတ်တွင် လာသည်။)

## မေတ္တာသုတ်သမိုင်း

ရဟန်းတော်ငါးရာတို့သည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းတရားကို ယူ၍ တောအုပ်တစ်ခုတွင် နေထိုင်လျက် ရှိ၏၊ နေ့ရက် ကြာသောအခါ ရှာဖွေ တော်များကြောင့် နေရာဖယ်ပေးကြရသော နတ်အချို့က အမျိုးမျိုး ခြောက်လှန့်သောကြောင့် တရားဖြောင့်ဖြောင့် နှလုံးမသွင်းနိုင်ဘဲ စိတ်ခတ်ချောက်ချားပြီး ဘုရားထံ ပြန်သွားကြလေသည်။ မြတ်စွာဘုရားက မေတ္တာလက်နက်ကိုယူပြီး ထိုနေရာသို့ ပြန်သွားကြဟု တိုက်တွန်းသောကြောင့် ပြန်သွားကြသည်၊ ရဟန်းတို့၏ မေတ္တာဓာတ်

www.dhammadownload.com



ကြောင့် နတ်များက ချစ်ခင်မြတ်နိုးကြပြီး အန္တရာယ်မပြုမူ၍ ငြိမ်းအေးစွာ နေသွားကြရလေသည်။(ခုဒ္ဒကပါဋ္ဌ၊သုတ္တနိပါတ်နှင့်ဓမ္မပဒတွင် လာသည်။)

**ခန္ဓသုတ်သမိုင်း**

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်အခါက ဇရုံးအိမ် (မီးတင်းကုတ်) တံခါး၌ ထင်းခဲ့နေသော ရဟန်းတစ်ပါးကို ထင်းပုံဒေကြားမှ မြွေထွက်၍ကိုက်ရာ တိုဝေဒနာဖြင့် သေဆုံးရလေသည်၊ ထိုအကြောင်းကိုသိ၍ မြတ်စွာဘုရားက အဆိပ်ရှိသတ္တဝါများ ဘေးရန်မှ ကင်းစေရန် ဒုကနိပါတ် ခန္ဓဇာတ်ကို အတိတ်ဆောင်၍ ဟောတော်မူလေသည်။ (ခန္ဓဇာတ်၊ ဋ္ဌဝါနှင့်အဂုံတို့ရိတ္တင် လာသည်။)

**မောရသုတ်သမိုင်း**

ဂေါတမမြတ်စွာဘုရားအလောင်း နုစဉ်အခါက ဥဒေါင်းငှက်မျိုး၌ ဖြစ်၍ ဟိမဝန္တာဝဲ၌ နေထိုင်ကျက်စားလေသည်၊ အိပ်တန်းဆင်းချိန်တွင် ဥဒေတယံဂါထာကို ရွတ်၍ အိပ်တန်းတက်ချိန်တွင် အပေတယံဂါထာကို ရွတ်အံသောကြောင့် မုဆိုး ဂို-ဆက်(အနှစ်-၇၀၀)တိုင် ဖမ်းယူသေသွားလည်း မောရပရိတ်အာနိသင်ကြောင့် ဖမ်း၍ မရဘဲ ရှိလေသည်။ ဘုရားဖြစ်သောအခါ ထိုမောရသုတ် ပရိတ်တော်ကို တပည့်သာဝကတို့အား ပြန်လည် ဟောကြားတော်မူလေသည်။ (ဒုကနိပါတ် မောရဇာတ်တွင် လာသည်။)

**ဝဋ္ဋသုတ်သမိုင်း**

အခါတပါး မြတ်စွာဘုရားသည် မဂဓတိုင်း ရွာငယ်တစ်ခုမှ နောက်ပါသံဃာများနှင့်အတူ ဆွမ်းခံပြန်လာရာ တောမီးလောင်မှိုက်ခြင်းနှင့် ကြုံတွေ့ရလေသည်၊ မြတ်စွာဘုရား၏ သစ္စာအာနုဘော်ကြောင့် တောမီးသည် ငြိမ်းစဲ၍ သွားလေရာ ရဟန်းတို့က တအံ့တသြ ချီးကျူးမဆုံး ရှိကြ

www.dhammadownload.com



လေသည်။ ထိုအခါ မြတ်စွာဘုရားက ငုံးမင်း၏ သစ္စာကြောင့် မီးကွင်းရပုံအကြောင်း ငုံးမင်းဇာတ်ကို ဟောကြားတော်မူလေသည်။ (ဒုကနိပါတ်၊ ဝဋ္ဋဇာတ်နှင့် စရိယာပိဋကတ္တင် လာသည်။)

**ဓဇဂ္ဂသုတ် သမိုင်း**

ဓဇဂ္ဂဆိုသောအမည်မှာ တံခွန်ဖျားဟု အဓိပ္ပာယ်ရသည်၊ ရှေးအခါက သီကြားမင်း၏ နတ်စစ်သည်များနှင့် အသုရာစစ်သည်တို့ စစ်ပွဲကြီးဆင်နွဲကြရာ....သီကြားမင်းက သူ၏ စစ်သည်များ ကြောက်စိတ်ပြေစေရန် "ငါ၏ တံမွှန်ဖျားကို ကြည့်ကြ" ဟု အားပေးစကား ပြောကြားခဲ့လေသည်။ သီကြားမင်းနည်းတူ မြတ်စွာဘုရားကလည်း "ရဟန်းတို့ သင်တို့ ကြောက်စိတ်ဖြစ်ပေါ်လာသောအခါ ငါဘုရား၏ ဂုဏ်ကို အောက်မေ့ကြ၊ တရားတော်၏ ဂုဏ်ကို အောက်မေ့ကြ၊သံဃာတော်၏ဂုဏ်ကို အောက်မေ့ကြ" ဟု တိုက်တွန်းစကား ပြောကြားတော်မူလေသည်။ ဓဇဂ္ဂသုတ်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဟောကြားတော်မူသည်။ (သက္ကသံယုတ်၌ လာသည်။)

**အာဠာနာဋိယသုတ် သမိုင်း**

အာဠာနာဋိယဆိုသောအမည်မှာ စတုမဟာရာဇ်နတ်ပြည်ရှိ အာဠာနာဠခေါ်သော နတ်မြို့တစ်မြို့၏ အမည်ဖြစ်သည်၊ အာဠာနာဠမြို့၌ စတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့ စည်းဝေးရှိ ဝိပဿီစသော ဘုရား(၇)ဆူကို အကြောင်းပြုပြီး 'အာဠာနာဋိယပရိတ်' ကို စီကုံးဖွဲ့ဆိုကြသည်၊ ရှည်လျားချက်မှာ "မြတ်စွာဘုရား၏ ဓမ္မစက်နှင့် ငါတို့၏ ဓမ္မစက်ကို မလိုက်နာသော နတ်ကြမ်း,ဘီးလူးကြမ်းတို့အား ကျိမည်သော ဒဏ်ကို ခတ်မည်" ဟု အသိပေးကြေညာပြီး အာဠာနာဋိယပရိတ်ကို ဖွဲ့ဆိုသည်။ ဝေဿဝဏ်နတ်မင်းကြီးက ကျိအကြောင်းကို လျှောက်ထားရာ မြတ်စွာဘုရားက သဘောတူလက်ခံပြီး ရဟန်းတို့အား အာဠာနာဋိယပရိတ်ကို သင်ကြားရန် တိုက်တွန်းတော်မူခဲ့သည်။ (ပါထိကဝဂ်၌ လာသည်။)

www.dhammadownload.com



**အင်္ဂုလိမာလသုတ် သမိုင်း**

အင်္ဂုလိမာလ လူဆိုးကြီးသည် ရဟန်းအဖြစ်သို့ ရောက်ရှိပြီးနောက် နေ့စဉ် မြို့တွင်းသို့ ဆွမ်းခံထွက်သောအခါ လုံခြုံလောက်မှုတစ်သော ဆွမ်းကို မရရှာခဲ့၊ ရှေးယခင် လူ့ဘဝတုန်းက လူသတ်ခဲ့သော အရှိန်ကြောင့် ဆွမ်းလောင်းဖို့ မဆိုထားဘိ အနားသို့ ချဉ်းကပ်လိုသူပင် မရှိဘဲ ဟိုက ခဲနှင့်ပစ် ဒီက ခဲနှင့်ပစ် ခံရ၍ ဆင်းရဲဒုက္ခရောက်ရှာလေသည်၊ တစ်နေ့ သဋ္ဌိ ဆွမ်းခံကြွရင်း မီးမဖွားနိုင်၍ တအော်အော် တအင်အင် ငြိုးတွား နေရသော ကိုယ်ဝန်သည်မတစ်ဦးကို တွေ့ရ၍ သနားကရုဏာစိတ်ဖြစ်မိလေ၏၊ လူ ၉၉၉-ဦးကို သတ်ခဲ့စဉ်အခါက သနားကြင်စိတ် တစ်ချက်မျှ မဖြစ်ဖူးသော အင်္ဂုလိမာလသည် ယခု ကိုယ်ဝန်သည်မ၏ ဒုက္ခကို တွေ့ရသော အခါ ကရုဏာစိတ် အကြိမ်ကြိမ် ဖြစ်မိလေ၏၊ ထိုအကြောင်းကို မြတ်စွာ-ဘုရားအား ပြန်၍ လျှောက်ထားရာ မြတ်ဘုရား ညွှန်ကြားသည့်အတိုင်း အမျိုးသမီးရှိရာသို့ သွားပြီး "အင်္ဂုလိမာလပရိတ်" တည်းဟူသော သစ္စာစကားကို ဆိုလေရာ ထိုအမျိုးသမီးသည် ကိုယ်ဝန်ကို လွယ်ကူချောမောစွာ ဖွားမြင်လေ၏။ (မဇ္ဈိမပဏ္ဏာသဋ္ဌိ လာသည်။)

**ဗောဇ္ဈင်္သုတ် သမိုင်း**

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်[illegible]ကျောင်း၌ နေတော်မူစဉ်က ပိပ္ပလိလိုဏ်ဂူ၌နေသော ရှင်မဟာကဿပမထေရ်ကြီး မကျန်းမမာဖြစ်နာ၍ ဗောဇ္ဈင်္ဂတရားကို ဟောတော်မူသည်၊ ကဿပဗောဇ္ဈင်ဟု ထင်ရှားသည်၊ မဟာဝဂ္ဂသံယုတ်၌ ပထမဂိလာနသုတ် အမည်တပ်၍ ဟောထားသည်။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်အခါက ဂိဒ္ဓကူဋ်တောင်၌ နေသော ရှင်မဟာမောဂ္ဂလ္လာန်မထေရ် မကျန်းမာ၍ ထိုနေရာသို့ကြွပြီး ဗောဇ္ဈင်္ဂတရားကို ဟောတော်မူရာ ဝေဒနာ ပျောက်ကင်းသွားလေသည်။ မဟာဝဂ္ဂသံယုတ်၌ ဒုတိယဂိလာနသုတ် အမည်တပ်၍ ဟောထားသည်။

www.dhammadownload.com



မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ် မမာမကျန်းဖြစ်၍ စုန္ဒမထေရ် ဟောကြားသော ဗောဇ္ဈင်တရားကို ကိုယ်တော်တိုင် နာယူတော်မူရာ ဝေဒနာမှ ပျောက်ကင်းသွားလေသည်၊ မဟာဝဂ္ဂသံယုတ်၌ တတိယ ဂိလာနသုတ် အမြည်တပ်၍ ဟောထားသည်၊ မူရင်းပါဠိတော်၌ စုဏ္ဏိယ အဖြစ် ဟောထားသည်ကို ရှေးပညာရှိဘိုက ဂါထာဗန္ဓစီကုံး၍ ဗောဇ္ဈင် သုတ်အဖြစ် ပရိဂ်ါဠိ၌ ထည့်သွင်းထားကြသည်။

## ပုဗ္ဗဏှသုတ် သမိုင်း

ပုဗ္ဗဏှသဒ္ဒါသည် နံနက်ချိန်ခါဟူသော ကာလကို ဟောသည်၊ မြတ်စွာဘုရားက အဂ်ုတ္တိရ်ပါဠိ ပုဗ္ဗဏှသုတ်၌ ကောင်းသော နံနက်ခင်းအဖြစ် "ကာယ, ဝစီ, မနော သုစရိုက်သုံးပါးနှင့်အညီ ကျင့်ကြံနေထိုင်သူအဖို့ ကောင်းသောနံနက်ခင်းမည်၏" ဟု ဟောကြားတော်မူခဲ့သည်၊ ယင်းပုဗ္ဗဏှသုတ်၌ နကွတ်ကောင်း၊ မဂ်လာကောင်း၊ မိုးသောက်ကောင်း၊ ထခြင်းကောင်း၊ ခဏကောင်း၊ မုဟုတ်ဇကောင်းဖြစ်လုံးပါက သုစရိုက်နှင့် ပြည့်စုံအောင် နေပါဟု တိုက်တွန်းထားပါသည်၊ သုနက္ခတ္တံစသော ဂါထာပါသော မူလ အဂ်ုတ္တိရ်သုတ်ရင်း၏ အမည်ကိုယူ၍ ပရိတ်အမည်ကိုလည်း "ပုဗ္ဗဏှသုတ်" ဟု ရှေးဆရာတို့က အမည်ပေးထားကြသည်။

## ပရိတ်မြန်မာပြန် သင်ကြား

ကမ္ဘာအေး သာသနာရေးဦးစီးဌာန ယဉ်ကျေးမှုသင်တန်းတွင် ပရိတ်ကြီးဘာသာရပ်ကို သင်ကြားရာ၌ ပါဠိတကျေ့ အနက်တကျေ့ ရောနှော၍ ရေးထားသော ရှေးနိဿယနည်းကို အသုံးမပြုဘဲ ရှေးဦးစွာ ပါဠိကို ဖတ်ခိုင်းပြီး မြန်မာပြန်သက်သက်ကို သင်ကြားပေးရာ သဘောပေါက်မြန်ဆန်ပြီး လွယ်ကူထိရောက်သည်ကို တွေ့ရပါသည်၊ သို့ဖြစ်၍ မူရင်း ပရိတ်ပါဠိ၏ အောက်မှ မြန်မာပြန်သက်သက်ကို ဖော်ပြပေးထားပါသည်။

www.dhammadownload.com

# ဆဋ္ဌသင်္ဂါယနာမူ

# ၇-ပရိတ်ကြီးပါဠိတော်နှင့်

# မြန်မာပြန်

## ပရိတ်နိဒါန်း မြန်မာပြန်

### နတ်ဗြဟ္မာများကို ဖိတ်ကြားရန်

၁။ သမန္တာ စက္ကဝါဠေသု၊ အတြာ'ဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ။

ဤစကြဝဠာ၏ ထက်ဝန်းကျင်မှ တစ်သောင်းသော စကြဝဠာတို့၌ နေထိုင်ကြကုန်သော နတ်ဗြဟ္မာတို့သည် ဤပရိတ်တရားတော် ရွတ်ဖတ်ရာ ဌာနသို့ လာရောက်ကြပါကုန်လော့၊ မုနိတို့၏ ဘုရင် ဖြစ်တော်မူသော မြတ်စွာဘုရား၏ နတ်ရွာအကျိုး နိဗ္ဗာန်အကျိုးကို ပေးတတ်သော သူတော်ကောင်းတရားတည်းဟူသော ပရိတ်တော်ကို နာယူလှည့်ကြပါကုန်လော့။

### အခါတော်ကြား

၂။ ဓမ္မဿဝနကာလော အယံ ဘဒန္တာ။

အို-နတ်ဗြဟ္မာအများတို့....ဤအချိန် ဤအခါသည်ကား ပရိတ်တရားတော်ကို နာကြားဖို့ရန် အချိန်အခါပါပေတည်း။

### ဘုရားရှိခိုး

၃။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်အား ရှိခိုးပါ၏။

www.dhammadownload.com



**ဗုဒ္ဓဘာသာနတ်များကို ဖိတ်ကြားရန်**

၄။ ယေ သန္တာ သန္တစိတ္တာ, တိသရဏသရဏာ,
ဇေတ္ထ လောကန္တရေ ဝါ၊
ဘုမ္မာဘုမ္မာ စ ဒေဝါ, ဂုဏ ဂဏ ဂဟဏ,
ဗျာဝဋာ သဗ္ဗကာလံ။
ဧတေ အာယန္တု ဒေဝါ, ဝရကနကမယေ,
မေဂုရာဇေ ဝသန္တော၊
သန္တော သန္တောသဟေတုံ, မုနိဝရဝစနံ,
သောတုမဂ္ဂံ သမဂ္ဂါ။

ဤစကြဝဠာ၌လည်းကောင်း၊ တပါးသော စကြဝဠာ၌လည်းကောင်း နေထိုင်ကြကုန်သော သူတော်ကောင်းဖြစ်ကုန်သော ငြိမ်သက်သော စိတ်ရှိကုန်သော ရတနာသုံးပါးလျှင် ကိုးကွယ်ရာရှိကုန်သော အခါခပ်သိမ်းသိလစသော ဂုဏ်အပေါင်းကို ယူခြင်း၌ အားထုတ်ကုန်သော မြေ၌တည်သော ဘုမ္မစိုးနတ်များ, ကောင်းကင်၌တည်သော အာကာသစိုးနတ်များ မြတ်သော ရွှေစင်အတိပြိုးသော မြင်းမိုရ်တောင်မင်း၌ နေသော သိကြားမင်း (ဤနတ်အားလုံးတို့သည်) ရောင့်ရဲခြင်း၏ အကြောင်းဖြစ်သော မြတ်စွာဘုရား၏ ပရိတ်တရားတော်ကို နာကြားရန် အကျိုးငှာ အညီအညွတ် လာဆောက်ကြပါကုန်လော့။

**နတ်များကို တိုက်တွန်း**

၅။ သဗ္ဗေသု စက္ကဝါဠေသု, ယက္ခာ ဒေဝါ စ ဗြဟ္မုနော။
ယံ ဣမေဟိ ကတံ ပုညံ, သဗ္ဗသမ္ပတ္တိသာဓကံ။

၆။ သဗ္ဗေ တံ အနုမောဒိတ္ဝာ, သမဂ္ဂါ သာသနေ ရတာ။
ပမာဒရဟိတာ ဟောန္တု, အာရက္ခာသု ဝိသေသတော။

အလုံးစုံသော လောကီ, လောကုတ္တရာ စည်းစိမ်ချမ်းသာကို ပြီးစေတတ်သော ငါကို ပြုစုထားသော ကုသိုလ်ကောင်းမှုကို စကြဝဠာကုဋေ

www.dhammadownload.com



တစ်သိန်းခွဲ နေထိုင်ကုန်သော ဘီလူးအပေါင်း, နတ်အပေါင်း, ငြဟ္မာအပေါင်းတို့သည် ဝမ်းမြောက်ဝမ်းသာ ညီညာဖြဖြ ဘုရားအဆုံးအမတော်ခွဲ နှစ်ခြိုက်မွေ့လျော်ကြပ်၊ကုန်လေ၊ အထူးသဖြင့်(ပရိတ်ရွတ်သူတို့အား) ကာကွယ်စောင့်ရှောက်ရန် မမေ့မလျော့ကြပါကုန်လင့်။

**ပဌာန (တောင့်တချက်)**

၇။ သာသနဿ စ လောကဿ၊ ဝုဏ္ဍိ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိ စ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

သာသနာတော်သည် လည်းကောင်း၊ သတ္တဝါအားလုံးသည်လည်းကောင်း၊ အမြဲတစေ တိုးတက်ကြီးပွားပါစေ၊ သာသနာကိုလည်းကောင်း၊ သတ္တဝါအားလုံးကိုလည်းကောင်း၊ နှတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့က အမြဲမပြတ် စောင့်ရှောက်ကြပါစေ။

**မေတ္တာအာသီသ**

၈။ သဒ္ဓိ ဟောန္တု သုခီ သဗ္ဗေ၊ ပရိဝါရေဟိ အတ္တနော။
အနီဃာ သုမနာ ဟောန္တု၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

သတ္တဝါအားလုံးတို့သည် မိမိတို့၏ အခြွေအရံများနှင့်တကွ ချမ်းသာပါစေ၊ ဆွေမျိုးများနှင့် အတူတကွ ဆင်းရဲကင်းကြပါစေ၊ ဝမ်းမြောက်ကြပါစေ။

**ပရိဘ်နာရကျိုး**

၉။ ရာဇတော ဝါ စောရတော ဝါ
မနုဿတော ဝါ အမနုဿတော ဝါ
အဂ်္ဂိတော ဝါ ဥဒကတော ဝါ
ပီသာစတော ဝါ ခါဏုကတော ဝါ

www.dhammadownload.com



ကဏ္ဍကတော ဝါ နက္ခတ္တတော ဝါ
ဇနပဒရောဂတော ဝါ အသဒ္ဓမ္မတော ဝါ
အသန္နိဋ္ဌိတော ဝါ အသပ္ပုရိသတော ဝါ
စက္ခ ဟတ္ထိ အာသ မိဂ ဂေါဏ ကုက္ကုရ အဟိ ဝိစ္ဆိက မဏိသပ္ပ-
ဒီပိ အစ္ဆ တရစ္ဆ သူကရ မဟိံသ ယက္ခ ရက္ခသာဒိဟိ
နာနာဘယတော ဝါ နာနာရောဂတော ဝါ
နာနာဥပဒ္ဒဝတော ဝါ အာရက္ခံ ဂဏှန္တု။

မင်းဆိုးမင်းညစ်ဘေး, ခိုးသူဘေး, လူရိုင်းလူပျ်က်ဘေး, ဘီလူးဘေး, မီးဘေး, ရေဘေး, မြေဘုတ်ဘီလူးဘေး, သစ်ငုတ် ခလုတ်ဘေး, ဆူးငြောင့်ဘေး, မကောင်းသောနက္ခတ်ဘေး, ဇနပုဒ်ဘွဲ့ဖြစ်သော အဖျားအနာဘေး, သူတော်မဟုတ်သူယုတ်မာတို့၏အကျင့်ဘေး မှားသော အယူမိစ္ဆာဒိဋ္ဌိဘေး, သူယုတ်မာဘေး, ကြမ်းတမ်းသော ဆင်,မြင်း, သား,ရဲ, ဆွာ, ခွေး, မြွေ, ကင်းမြီးကောက်, မြွေစိမ်း သစ်, ဝံ,အောင်း, ဝက်, ကွဲ, ဘီလူး, ရက္ခိုသ် စသည်တို့ကြောင့် ဖြစ်သော ဘေးဒုက္ခမျိုးမျိုး, ရောဂါအမျိုးမျိုး, ဥပဒ်အမျိုးမျိုးတို့မှ ကင်းဝေးအောင် နတ်များက ကာကွယ်စောင့်ရှောက်ကြစေကုန်သတည်း[စောင့်ရှောက်ကြပါစေကုန်လော့]။

ပရိတ်ကြီးနိဒါန်းပါဠိနှင့် မြန်မာပြန်ပြီး၏။

---

## ၁-မင်္ဂလသုတ်ပါဠိနှင့် မြန်မာပြန်

၁၀။ ယံ မင်္ဂလံ ဒ္ဝါဒသ ဟိ၊ စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတ္တိံသ သဗ္ဗေ မင်္ဂလံ။

နတ်နှင့် တကွသော လူတို့သည် ဆယ့်နှစ်နှစ်တိုင်အောင် ကြံစည်တွေးတောပါသော်လည်း မင်္ဂလာတရား၏ အဓိပ္ပာယ်ကို မသိနိုင်ကြကုန်၊ မင်္ဂလာတရားသည် အရေအတွက်အားဖြင့် ၃၈-ပါးရှိ၏၊ မင်္ဂလာတရားသည် ကြီးပွားခြင်း၏ အကြောင်းဖြစ်၏။

www.dhammadownload.com



၂။ ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပဝိနာသနံ။
သဗ္ဗလောကဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။

နတ်တကာတို့ထက်မြတ်သော ဝိသုဒ္ဓိနတ်ဘုရားမြတ်သည် သတ္တဝါအားလုံးတို့၏ အကျိုးစီးပွားအလို့ငှာ မင်္ဂလာတရားကို ဟောတော်မူခဲ့ပါသည်၊ အလုံးစုံသော မကောင်းမှုကို ပယ်ဖျောက်တတ်သောကြောင့် မင်္ဂလာ ဟု ခေါ်ပါသည်။ အို....သူတော်ကောင်းတို့....ထိုမင်္ဂလာ တရားကို ကျွန်ုပ်တို့ ရွတ်ဖတ်ကြပါကုန်စို့။

၁၂။ ဧဝံ မေ သုတံ—

ကေ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ၊
အထ ခေါ အညတရာ ဒေဝတာ
အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ
ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ
ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ
ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊
ဧကမန္တံဌိတာ ခေါ သာ ဒေဝတာ
ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

အကျွန်ုပ်အာနန္ဒာဿည် မင်္ဂလာတရားတော်ကို မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ကြားနာခဲ့ရပါသည်၊ အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သေဋ္ဌီး ဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်းတော်ကြီး၌ သီတင်းသုံးနေတော်မူပါသည်။ ထိုစဉ်အခါက မထင်ရှားသော နတ်သားတယောက်သည် သန်းခေါင်ယံအချိန်၌ မြတ်စွာဘုရားရှိရာသို့ ချဉ်းကပ်လာပါသည်။ ဇေတဝန်တကျောင်းလုံး နတ်သား၏ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းတောက်ပနေပါသည်။ မြတ်စွာဘုရားရှိရာသို့ ချဉ်းကပ်လာသော နတ်သားသည် သင့်လျော်ရာအရပ်၌ မဟ်ဘပ်ရပ်လျက် မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးပြီးလျှင် ဂါထာဖြင့် ဤသို့ မေးလျှောက်လေသည်။

www.dhammadownload.com



၁၃။ ဗဟူ ဒေဝါ မနုဿာစ၊ မင်္ဂလာနိ အစိန္တယုံ။
အာဂမ်မာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလ မုတ္တမံ။

မြတ်စွာဘုရား များစွာကုန်သော နတ်နှင့်လူတို့သည် စင်ကြယ်သော နိဗ္ဗာန်ချမ်းသာကို လိုချင်တောင့်တကုန်၍ မင်္ဂလာတရားတော်တို့ကို တစ်ဆယ့်နှစ်နှစ်တို့ကာလပတ်လုံး ကြံစည်တွေးတောပါသော်လည်း မသိနိုင်ကြပါကုန်၊ ထိုမင်္ဂလာတရားတော်ကို ရှင်းလင်းဟောကြား ပေးသနားတော် မူပါဘုရား။

၁၄။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယ္ယာနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁။ လူမိုက်ကို မမှီဝဲ မပေါင်းသင်းခြင်း၊
၂။ ပညာရှိကို မှီဝဲဆည်းကပ်ပေါင်းသင်းခြင်း၊
၃။ ပူဇော်ထိုက်သူကို ပူဇော်ခြင်း။
ဤသုံးပါးသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

၁၅။ ပတိရူပဒေသဝါသော စ ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလ မုတ္တမံ။

၄။ သင့်လျော်လျောက်ပတ်သော အရပ်၌ နေရခြင်း၊
၅။ ရှေး၌ ပြုဖူး ကောင်းမှုအထူး ရှိခြင်း၊
၆။ မိမိ၏ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာထိန်းသိမ်းခြင်း။
ဤသုံးပါးသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

၁၆။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော၊
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလ မုတ္တမံ။

၇။ အမြင်အကြား ဗဟုသုတများခြင်း၊
၈။ စက်မှုလက်မှုအတတ်ကို တတ်ခြင်း၊

www.dhammadownload.com



၉။ လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို ကောင်းစွာသင်ကြားခြင်း၊
၁၀။ အပြောအဆို ချိုသာယဉ်ကျေးခြင်း။

ဤလေးပါးသည် မြတ်သော မင်္ဂလာမည်၏။

၁၇။ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၁။ မိဘ ၂-ပါးကို လုပ်ကျွေးခြင်း၊
၁၂။ သားမယားကို တရားနှင့်အညီ လုပ်ကျွေးခြင်း၊
၁၃။ အနှောင့်အယှက်ကင်းသော အမှုတို့ကိုပြုခြင်း။

ဤသုံးပါးသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

၁၈။ ဒါနဉ္စ မမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၄။ ပေးကမ်းလှူဒါန်းခြင်း၊
၁၅။ သုစရိုက်တရားကို ကျင့်ခြင်း၊
၁၆။ ဆွေမျိုးတို့အား ထောက်ပံ့ကူညီခြင်း။
၁၇။ အပြစ်မရှိသော အမှုတို့ကို ပြုခြင်း၊

ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

၁၉။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလ မုတ္တမံ။

၂၀။ မကောင်းမှုမဖြစ်အောင် စိတ်ဖြင့် ရှောင်ကြဉ်ခြင်း၊
၂၁။ မကောင်းမှုမဖြစ်အောင်ကိုယ်နှုတ်နှစ်ပါးဖြင့်ရှောင်ကြဉ်ခြင်း၊
၂၀။ မူးယစ်သေစာ မသောက်စားခြင်း၊
၂၁။ ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်း။

ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

www.dhammadownload.com



၂၀။ ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌိ စ ကတညုတာ။
ကာလေန ဓမ္မသဝနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

၂၂။ ရှိသေထိုက်သော သူတို့ကို ရှိသေခြင်း၊
၂၃။ မိမိကိုယ်ကို နှိမ့်ချခြင်း၊
၂၄။ ရောင့်ရဲလွယ်ခြင်း (လောဘအပို အလိုမလိုက်ခြင်း)၊
၂၅။ သူတစ်ပါးကျေးဇူးကို သိခြင်း၊
၂၆။ သင့်လျော်သောအခါ တရားနာခြင်း။

ဤငါးပါးသည် ကောင်းမြတ်သော မင်္ဂလာ မည်၏။

၁၂။ ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလ မုတ္တမံ။

၂၇။ သည်းခံခြင်း၊
၂၈။ ဆုံးမစကားကို နာလွယ်ခြင်း၊
၂၉။ ရဟန်းသံဃာတို့အား ဖူးမြော်ခြင်း၊
၃၀။ တရားစကား ဆွေးနွေးခြင်း။

ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

၂၂။ တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာနသစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလ မုတ္တမံ။

၃၁။ ခြိုးခြံစွာ ကျင့်ခြင်း၊ (အကုသိုလ်တရားတို့ကို ပယ်ပန်
စေတတ်သော အကျင့်ကိုကျင့်ခြင်း)၊
၃၂။ မြတ်သောအကျင့်ကို ကျင့်ခြင်း၊
၃၃။ သစ္စာလေးပါးကို သိမြင်ခြင်း၊
၃၄။ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း။

ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

www.dhammadownload.com



၂၃။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္မတိ။
အသောကံ ဝိရဇံ ခေမံ၊ တေတံ မင်္ဂလ မုတ္တမံ။

၃၅။ လောကဓံတရားနှင့် တွေ့ကြုံသောအခါ စိတ်မတုန်လှုပ်ခြင်း၊
၃၆။ မစိုးရိမ် မပူဆွေးခြင်း၊
၃၇။ ရာဂစသော မြူ မရှိခြင်း၊
၃၈။ ဘေးမရှိခြင်း။

ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

၂၄။ တောဒိဿာနိ ကတ္ဘာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထသောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလ မုတ္တမံ။

ဤသုံးဆယ့်ရှစ်ပါးသော မင်္ဂလာတရားတို့ကို လိုက်နာ ပြုကျင့်သော ကြောင့် ရန်သူမှန်သမျှ အနိုင်မခံရဘဲ ဘယ်အရပ်မှာမဆို ချမ်းသာခြင်းသို့ ရောက်ရာ၏။ ၃၈-ဖြာ မင်္ဂလာတရားသည် နတ်လူတို့အဘွက် အမြတ် ဆုံးသော မင်္ဂလာမည်၏။

မင်္ဂလသုတ်ံ နိဋ္ဌိတံ။

မင်္ဂလသုတ်ပါဠိနှင့် မြန်မာပြန် ပြီး၏။

---

၂.ရတနသုတ်ပါဠိနှင့် မြန်မာပြန်

၂၅။ ပဏိဓာနတော ပဋ္ဌာယ တထာဂတဿ ဒသ ပါရမိယော ဒသ ဥပပါရမိယော, ဒသ ပရမတ္ထပါရမိယောတိ သမတိံသပါရမိယော, ပဥ္စမဟာပရိစ္စာဂေ, လောကတ္ထစရိယံ ဉာတတ္ထစရိယံ ဗုဒ္ဓတ္ထစရိယန္တိတိယော စရိယာယော, ပစ္ဆိမဘဝေ ဂဗ္ဘဝေါက္ကန္တိံ ဇာတိံ, အဘိနိက္ခမနံ, ပဓာနစရိယံ, ဗောဓိပလ္လင်္ကေ မာရဝိဇယံ, သဗ္ဗညုတညာဏပဋိဝေဓံ, ဓမ္မစက္ကပ္ပဝတ္တနံ, နဝ လောကုတ္တရဓမ္မေဘိ

www.dhammadownload.com



သဗ္ဗေပိမေ ဗုဒ္ဓဂုဏော **အာဝဇ္ဇေတ္ဝာ** ဝေသာလိယာ တီသု ပါကာရန္တရေသု တိယာမရတ္တိံ ပရိတ္တံ ကထေန္တော အာယသ္မာ အာနန္ဒတ္ထေရော၀ိယ ကာရုညစိတ္တံ ဥပဋ္ဌပေတ္ဝာ–

ဘုရားဆုကို တောင်းချိန်မှ စ၍ မြတ်စွာဘုရား၏–

၁။ ပါရမီဆယ်ပါး, ဥပပါရမီဆယ်ပါး, ပရမတ္ထပါရမီဆယ်ပါး တည်းဟူသော အမျှသုံးဆယ်သော ပါရမီ၊
၂။ စွန့်ခြင်းကြီးငါးပါး၊
၃။ လောကအကျိုး ကျင့်တော်မူခြင်း၊ ဆွေမျိုးတို့၏ အကျိုး ကျင့်တော်မူခြင်း၊ ဘုရားဖြစ်ရန် ကျင့်တော်မူခြင်း တည်းဟူသော အကျင့်သုံးပါး၊
၄။ နောက်ဆုံးဘ၀, မယ်တော် မာယာ ဝမ်းဌ် ပဋိသန္ဓေနေတော်မူခြင်း၊
၅။ ဖွားတော်မူခြင်း၊
၆။ တောထွက်တော်မူခြင်း၊
၇။ ဒုက္ကရစရိယာကျင့်တော်မူခြင်း၊
၈။ ဗောဓိပင်၌ မာရ်ငါးပါးကို အောင်တော်မူခြင်း၊
၉။ သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍ သိတော်မူခြင်း၊
၁၀။ ဓမ္မစက္ကဝတ်ရား ဟောတော်မူခြင်း၊
၁၁။ ကိုးပါးသော လောကုတ္တရာတရားဟူသော–

မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူး အားလုံးတို့ကို ဆင်ခြင်အောက်မေ့၍ ဝေသာလီပြည် တံတိုင်းသုံးထပ်အကြား ညဉ့်သုံးယံပတ်လုံး ရတနသုတ် ပရိတ်တော်ကို ရွတ်ဖတ်တော်မူသော အရှင်အာနန္ဒာမထေရ်ကဲ့သို့ သနား ကရုဏာစိတ်ကို ဖြစ်စေ၍–

(၂၇-နံပါတ် "ရတနသုတ်ပရိတ်ကို ရွတ်ဖတ်ကြပါကုန်စို့" စကားနှင့် ဆက်စပ်ပါ။)

www.dhammadownload.com



၂၆။ ကောဠိသတသဟဿေသု၊ စက္ကဝါဠေသု ဒေဝတာ။
ယဿာဏံ ပဋိဂ္ဂဏှန္တိ၊ ယဉ္စ ဝေသာလိယာ ပုရေ။

၂၇။ ဆောဂါမနုဿဒုဗ္ဘိက္ခ-သမ္ဘူတံ တိဝိဓံ ဘယံ။
ခိပ္ပမန္တရဓာပေသိ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

ကုဋေတစ်သိန်းသောစကြဝဠာတို့၌ နေကုန်သော နတ်ဗြဟ္မာတို့သည် ရတနသုတ်ပရိတ်တော်၏ အာဏာစက်ကို ခံယူကြကုန်၏၊ ရတနသုတ်ပရိတ်တော်သည် ဝေသာလီပြည်၌ ဖြစ်သော အနာနှိပ်စက်ခြင်း၊ ဘီလူးဖမ်းစားခြင်း၊ ငတ်မွတ်ခြင်းဘေးသုံးပါးကို လျင်စွာကွယ်ပျောက်ငြိမ်းအေးစေနိုင်၏၊ အို သူတော်ကောင်းတို့ ....ရတနသုတ်ပရိတ်ထောက်ကို ကျွန်ုပ်တို့ ရွတ်ဖတ်ကြပါကုန်စို့။

၂၈။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘူမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊
အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။

မြေ၌ တည်ကုန်သော နတ်တို့သည်လည်းကောင်း၊ ကောင်းကင်၌ တည်ကုန်သော နတ်တို့သည်လည်းကောင်း၊ ဤအရပ်သို့ အညီအညွတ် လာကြကုန်၏၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော နတ်တို့သည် နှစ်သက်ရွှင်ပြ ဝမ်းမြောက်ကြစေကုန်သတည်း၊ ထို့မှတပါးလည်း (ငါဘုရား) ဟောအပ်သော ပရိတ်တရားတော်ကို ရှိသေစွာ နာကြစေကုန်သတည်း။

၂၉။ တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ ပဇာယ။
ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ၊
တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ။

www.dhammadownload.com



နတ်များတို့....တို့ကြောင့်သာလျှင် အသင် နတ်အားလုံးတို့သည် ဟောတော်မူအပ်သော ပရိတ်တရားတော်ကို စိတ်၌ သိုမှီးသိမ်းဆည်းကြကုန်လော့၊ လူသတ္တဝါအပေါင်း၌ မေတ္တာကို ပြုကြကုန်လော့၊ အကြင် သူဘုသည် နေ့၌လည်းကောင်း၊ ည၌လည်းကောင်း သင်တို့အား ပူဇော ပသခြင်းကို ပြုကြကုန်၏၊ ထို့ကြောင့်သာလျှင် ထိုပူဇော်ပသသော လူတို့ကို မမေ့မလျော့ စောင့်ရှောက်ကြကုန်လော့။

၃၀။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဤလူ့ပြည်၌လည်းကောင်း၊ နဂါး၊ ဂဠုန်ပြည်တို့၌လည်းကောင်း၊ နတ်ပြည်တို့၌လည်းကောင်း နှစ်သက်ခြင်းကို ဖြစ်စေတတ်သော မွန်မြတ်သော အလုံးစုံသော အကြင်ရတနာမျိုးသည် ရှိ၏၊ မြတ်စွာဘုရားနှင့်တူသော ထိုရတနာမျိုးသည် မရှိ၊ ဘုရားဟူသော ဤရတနာသည်လည်း အမြတ်ဆုံး ဖြစ်၏၊ ဤသစ္စာစကားကြောင့် (သင်္ဃဝါတို့) ချမ်းသာကြပါစေသတည်း။

၃၁။ ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သက္ယမုနီ သမာဟိတော။
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ကိလေသာ ကုန်ရာဖြစ်သော ရာဂ၏ကင်းရာဖြစ်သော သေခြင်း ကင်းသော မြတ်သော အကြင်နိဗ္ဗာန်ကို တည်ကြည်သော စိတ်ရှိသော သာကီနွယ်ဖွား မြတ်ဘုရားသည် ရတော်မူ၏၊ ထို (နိဗ္ဗာန်)တရားနှင့်

www.dhammadownload.com



တူသော တစုံတခုသော ရတနာမျိုးသည် မရှိ၊ နိဗ္ဗာန်တရားဟူသော ဤရတနာသည်လည်း အမြတ်ဆုံးဖြစ်၏၊ ဤ သစ္စာစကားကြောင့် (သတ္တဝါတို့) ချမ်းသာကြပါစေသတည်း။

၀ ၀ ၀

၃၂။ ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယိ သုစိ၊
သမာဓိ' မာနန္တရိကညံ' မာဟု။
သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဘုရားမြတ်သည် အကြင် (အရဟာတ္တမဂ်နှင့် ယှဉ်သော) သမာဓိကို စင်ကြယ်၏ဟု ချီးမွမ်းတော်မူ၏၊ အကြင် (အရဟာတ္တမဂ်နှင့်ယှဉ်သော) သမာဓိကို မိမိအခြားမဲ့၌ အကျိုးပေး၏ဟု (ဘုရားရှင်တို့) ဟောဆိုကုန်၏၊ ထိုအရဟာတ္တမဂ်နှင့်ယှဉ်သော သမာဓိနှင့်တူသောတရားမျိုးသည် မရှိ၊ တရားတော်ဟူသော ဤရတနာသည်လည်း အမြတ်ဆုံးဖြစ်၏၊ ဤသစ္စာစကားကြောင့် (သတ္တဝါတို့) ချမ်းသာကြပါစေသတည်း။

၃၃။ ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊
စတ္တာရိ တောနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

လေးယောက် အစုံ ဖြစ်ကုန်သော အကြင်ပုဂ္ဂိုလ် ရှစ်ယောက်တို့ကို သူတော်ကောင်းတို့သည် ချီးမွမ်းအပ်ကုန်ပြီ၊ မြတ်စွာဘုရား၏ တပည့်ဖြစ်ကုန်သော ထိုပုဂ္ဂိုလ်တို့သည် မြတ်သောအလှူကို ခံထိုက်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့၌ လှူအပ်သော အလှူတို့သည် အကျိုးကြီးကုန်၏၊ သံဃာဟူသော ဤရတနာသည်လည်း အမြတ်ဆုံးဖြစ်၏၊ ဤသစ္စာစကားကြောင့် (သတ္တဝါတို့) ချမ်းသာကြပါစေသတည်း။

www.dhammadownload.com



၃၄။ ယေ သုပ္ပယုတ္တာ မနသာ ဒဠ္ဎေန၊
နိက္ကာမိနော ဂေါတမသာသနမ္ဗိ။
တေ ပတ္တိပတ္တာ အမတံ ဝိဂယ္ဟ၊
လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဂေါတမမြတ်စွာဘုရား သာသနာ၌ အကြင် (ရဟန္တာ) ပုဂ္ဂိုလ်တို့သည် ခိုင်မြဲစွာသောစိတ်ဖြင့် ကောင်းစွာ အားထုတ်ကြကုန်၏၊ (ကိလေသာတို့မှ) တွန်မြောက် ကြကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် ရဂျောက်ထိုက်သော အရဟတ္တဖိုလ်ကို ရရောက်ကုန်သည်ဖြစ်၍ သေခြင်းကင်းသောနိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် ရကုန်လျက် မပျက်မစီး အရဟတ္တဖလသမာပတ်ကို ခံစားကုန်၏၊ သံဃာဟူသော ဤရတနာသည်လည်း အမြတ်ဆုံးဖြစ်၏၊ ဤသစ္စာ စကားကြောင့် (သတ္တဝါတို့) ချမ်းသာကြပါစေသတည်း။

၃၅။ ယထိန္ဒခီလော ပထဝိဿိတော သိယာ၊
စတုဗ္ဘိ ဝါတေဟိ အသမ္ပကမ္ပိယော။
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

မြေ၌ စိုက်ထူအပ်သော တံခါးတိုင်သည် အရပ်လေးမျက်နှာတို့မှ လာသောလေတို့ကြောင့် မတုန်လှုပ်သကဲ့သို့ အရိယသစ္စာတို့ကို ပညာဖြင့် သက်ဝင်၍ မြင်သော သောတာပန် ပုဂ္ဂိုလ်ကို ထိုတံခါးတိုင်နှင့် တူကြောင်း ငါဆိုအံ့၊ သံဃာဟူသော ဤရတနာသည်လည်း အမြတ်ဆုံးဖြစ်၏၊ ဤသစ္စာ စကားကြောင့် (သတ္တဝါတို့) ချမ်းသာကြပါစေသတည်း။

www.dhammadownload.com



၃၆။ ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရပညေန သုဒေသိတာနိ။
ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ၊
န တေ ဘဝံ အဋ္ဌမ မာဒိယန္တိ။
ကြာဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
တေန သစ္စေန သုဝတ္ထိ ဟောတု။

အကြင် (သောတာပန်) ပုဂ္ဂိုလ်တို့သည် နက်နဲသော ဉာဏ်ပညာရှိသော မြတ်စွာဘုရား ကောင်းစွာ ဟောကြားအပ်သော အရိယသစ္စာတို့ကို ထင်ရှားအောင် ပြုကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် ပြင်းထန်စွာ မေ့လျော့ကြစေကာမူ ရှစ်ကြိမ်မြောက် ဘဝကို မယူကုန်၊ သံဃာဟူသော ဣဋ္ဌရတနာသည်လည်း အမြတ်ဆုံးဖြစ်၏။ ဤသစ္စာစကားကြောင့် (သတ္တဝါတို့၌) ချမ်းသာကြပါစေသတည်း။

၃၇။ သဟာဝဿ ဒဿနသမ္ပဒါယ၊
တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။

ထိုပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ဉာဏ်ကို ရသည်နှင့် တပြိုင်နက်သာလျှင် သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ဤတရားသုံးပါးတို့ကို ပယ်စွန့်အပ်ကုန်၏၊ ကိလေသာ စိုးစဉ်းမျှ ရှိစေကာမူ–

၃၈။ စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆစ္စာဘိဌာနာနိ အဘိဗ္ဘကာတုံ။
ကြာဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
တေန သစ္စေန သုဝတ္ထိ ဟောတု။

အပါယ်လေးပါးတို့မှ လွတ်၏၊ (အာနန္တရိကကံငါးပါးနှင့် နိယတမိစ္ဆာဒိဋ္ဌိဟူသော) ခြောက်ပါးသော တရားတို့ကို မပြုတော့ပြီ၊ သံဃာဟူသော

www.dhammadownload.com



ဤရတနာသည်လည်း အမြတ်ဆုံးဖြစ်၏၊ ဤသစ္စာစကားကြောင့်(သတ္တ-ဝါတို့) ချမ်းသာကြပါစေသတည်း။

၃၉။ ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတသာ ဝါ။
အာဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊
အာဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ထို (သောတာပန်) ပုဂ္ဂိုလ်သည် ကိုယ်ဖြင့် လည်းကောင်း၊ နှုတ်ဖြင့် လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း မကောင်းမှုကံကို ပြုစေကာမူ ထိုမိမိပြုသော မကောင်းမှုကို မဖုံးလွှမ်းတတ်ပြီ၊ နိဗ္ဗာန်ကို မြင်ပြီးသော (သောတာပန်) ပုဂ္ဂိုလ်၏ ဖုံးလွှမ်းခြင်း မပြုတတ်သည့်အဖြစ်ကို (မြတ်စွာဘုရား) ဟောဇာပ်၏။ သံဃာဟူသော ဤရတနာသည်လည်း အမြတ်ဆုံးဖြစ်၏။ ဤသစ္စာစကားကြောင့် (သတ္တဝါကို့) ချမ်းသာကြပါစေသတည်း။

၄၀။ ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊
ဂိမ္ဟာန မာသေ ပဌမသ္မိံ ဂိမှေ။
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

နွေဥတု၏ အစဖြစ်သော ကန်ခွေးလဋ္ဌ ပင်လုံးကျွတ်ပွင့်သော အဖျားရှိသော တောအုပ်သည် ကျက်သရေရှိ၍ တင့်တယ်သကဲ့သို့ ထိုတောအုပ်လျှင် ဥပမာရှိသော နိဗ္ဗာန်သို့ ရောက်စေတတ်သော (ပရိယတ္တိ) တရား

www.dhammadownload.com



တော်မြတ်ကို မြတ်သော(နိဗ္ဗာန်) အကျိုးငှာ ဟောတော်မူ၏။ ဘုံများဟူသော ဤရတနာသည်လည်း အမြတ်ဆုံး ဖြစ်၏၊ ဤသစ္စာစကားကြောင့် (သတ္တဝါတို့) ချမ်းသာကြပါစေသတည်း။

၄၁။ ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊
အနုတ္တရော ဓမ္မဝရံ အဒေသယိ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

မြင့်မြတ်သည်ဖြစ်၍ မြင့်မြတ်သော နိဗ္ဗာန်ကို သိတော်မူတတ်သော မြင့်မြတ်သောတရားကို ပေးတတ်သော မြင့်မြတ်သောမဂ်ကို ဆောင်တတ်သော မိမိထက် သာသူမရှိသော မြတ်စွာဘုရားသည် မြင့်မြတ်သောတရားတော်ကို ဟောကြားတော်မူပြီ၊ ဘုရားဟူသော ဤရတနာသည်လည်း အမြတ်ဆုံးဖြစ်၏၊ ဤသစ္စာစကားကြောင့် (သတ္တဝါတို့) ချမ်းသာကြပါစေသတည်း။

၄၂။ ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊
ဝိရတ္တာစိတ္တာ ဘဝသ္မိံ။
တေ ခီဏဗီဇာ အဝိရူဠှိဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(အကြင် ရဟန္တာဥက္ကဋ္ဌလတို့အား) ကံဟောင်းကုန်ပြီ၊ ကံသစ်မရှိတော့ပြီ၊ လံ့လတ္တံ့သောဘဝ၌ တပ်ခြင်းကင်းသော စိတ်ရှိကုန်သည်၊ ပဋိသန္ဓေမျိုးစေ့ ကုန်ပြီးသည်ဖြစ်၍ စည်ပင်ပြန့်ပွားသော ဆန္ဒမရှိကုန်၊ ဆီမီးသည် ငြိမ်းသကဲ့သို့ပညာရှိသော ထိုရဟန္တာတို့သည် အစငြိမ်းကုန်ပြီ၊ သံဃာဟူသော ဤရတနာသည်လည်း အမြတ်ဆုံးဖြစ်၏၊ ဤသစ္စာစကားကြောင့်(သတ္တဝါတို့)ချမ်းသာကြပါစေသတည်း။

(အကြင် ရဟန္တာဥက္ကဋ္ဌလတို့အား) ကံဟောင်းကုန်ပြီ၊ ကံသစ်မရှိတော့ပြီ၊ လံ့လတ္တံ့သောဘဝ၌ တပ်ခြင်းကင်းသော စိတ်ရှိကုန်သည်၊ ပဋိသန္ဓေမျိုးစေ့ ကုန်ပြီးသည်ဖြစ်၍ စည်ပင်ပြန့်ပွားသော ဆန္ဒမရှိကုန်၊ ဆီမီးသည် ငြိမ်းသကဲ့သို့ပညာရှိသော ထိုရဟန္တာတို့သည် အစငြိမ်းကုန်ပြီ၊ သံဃာဟူသော ဤရတနာသည်လည်း အမြတ်ဆုံးဖြစ်၏၊ ဤသစ္စာစကားကြောင့်(သတ္တဝါတို့)ချမ်းသာကြပါစေသတည်း။

www.dhammadownload.com



၄၃။ ယာနိဓ ဘူတာနိ သမာဂတာနိ၊
ဘူမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။

မြေ၌တည်ကုန်သော နတ်တို့သည်လည်းကောင်း၊ ကောင်းကင်၌ တည်ကုန်သော နတ်တို့သည်လည်းကောင်း ကျွန်အရှင်သို့ အညီအညွတ် လာကုန်၏၊ ထိုငါတို့သည် လာခြင်းကောင်းတော်မူသော နတ်လူတို့သည် ပူဇော်အပ်သော မြတ်စွာဘုရားကို ရှိခိုးပါကုန်၏၊ (သတ္တဝါတို့) ချမ်းသာကြပါစေသတည်း။

၄၄။ ယာနိဓ ဘူတာနိ သမာဂတာနိ၊
ဘူမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။

မြေ၌တည်ကုန်သော နတ်တို့သည်လည်းကောင်း၊ ကောင်းကင်၌ တည်ကုန်သော နတ်တို့သည်လည်းကောင်း ကျွန်အရှင်သို့ အညီအညွတ် လာကုန်၏၊ ထိုငါတို့သည် ကိလေသာတို့ကို ဖျက်ဆီးတတ်သော အားဖြင့် ဖြစ်သော နတ်လူတို့သည် ပူဇော်အပ်သော တရားတော်ကို ရှိခိုးပါကုန်၏၊ (သတ္တဝါတို့) ချမ်းသာကြပါစေသတည်း။

၄၅။ ယာနိဓ ဘူတာနိ သမာဂတာနိ၊
ဘူမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
သံဃံ နမဿာမ သုဝတ္ထိ ဟောတု။

www.dhammadownload.com



မြဋ္ဌ် တည်ကုန်သော နတ်တို့သည်လည်းကောင်း၊ ကောင်းကင်ဋ္ဌ် တည်ကုန်သော နတ်တို့သည်လည်းကောင်း ဤအရပ်သို့ အညီအညွတ် လာကုန်၏။ ထိုငါတို့သည် မဇ္ဈတ်မယွင်း ကျင့်ခြင်းရှိတော်မူသော နတ်လူတို့သည် ပူဇော်အပ်သော သံဃာတော်ကို ရှိခိုးပါကုန်၏၊ (သတ္တဝါတို့) ချမ်းသာကြပါစေသတည်း။

ရတနသုတ္တံ နိဋ္ဌိတံ။

ရတနသုတ် ပါဠိနှင့် မြန်မာပြန်ပြီး၏။

---

## ၃. မေတ္တာသုတ်ပါဠိနှင့် မြန်မာပြန်

၄၆။ ယာဿာနုဘာဝတော ယက္ခာ၊ နေဝ ဒဿန္တိ ဘီသနံ။
ယာဉ္စိ စေဝါနုယုဉ္ဇန္တော၊ ရတ္တိန္ဒိဝံ' မတန္ဒိတော။

၄၇။ သုခံ သုပတိ သုတ္တော စ၊ ပါပံ ကိဉ္စိ န ပဿတိ၊
ဧဝမာဒိဂုဏူပေတံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

မေတ္တာသုတ်ပရိတ်တော်၏ အာနုဘော်ကြောင့် နတ်ကြမ်း, ဘီလူးကြမ်းတို့သည် ကြောက်မက်ဖွယ် အာရုံအမျိုးမျိုးကို မပြုံကြကုန်၊ မေတ္တာသုတ်ပရိတ်တော်ကို နေ့၌ဖြစ်စေ၊ ည၌ဖြစ်စေ မပျင်းမရိ အာဆပ်ထပ် ရွတ်ဖတ်သရဇ္ဈာယ်သော သူသည် ချမ်းသာစွာ အိပ်စက်ရခြင်း၊ အိပ်မက်ဆိုး မမြင်မက်ခြင်း စသော အကျိုးများကို ရရှိနိုင်၏။ အို–သူတော်ကောင်းတို့ ထိုကဲ့သို့ အာနိသင်နှင့်ပြည့်စုံသော ပရိတ်တော်ကို ကျွန်ုပ်တို့ ရွတ်ဖတ်ကြပါကုန်ဦး။

၄၈။ ကရဏီယ' မတ္ထကုသလေန၊
ယန္တ သန္တံ ပဒံ အဘိသမေစ္စ။
သက္ကော ဥဇူ စ သုဟုဇူ စ၊
သုဝစော စဿ မုဒု အနတိမာနီ။

www.dhammadownload.com



ငြိမ်းအေးသော နိဗ္ဗာန်သို့ ဉာဏ်ဖြင့်သက်ဝင်၍ နေလိုသော အကျိုး စီးပွားနှင့် လိမ္မာသော သူသည် ဤဆိုလတ္တံ့သော စည်းကမ်း နည်းလမ်းကို ပြုကျင့်အပ်၏-

၁။ ကျင့်စဉ်မနုံရမည်၊
၂။ ကိုယ်နှုတ် ဖြောင့်မတ်ရမည်၊
၃။ စိတ်နေစိတ်ထား ကောင်းစွာ ဖြောင့်မတ်ရမည်၊
၄။ ဆိုဆုံးမ လွယ်ရမည်၊
၅။ စိတ်ထား နှုးညံ့ သိမ်မွေ့ ရမည်၊
၆။ လွန်ကဲမြင့်မောက်သော မာန မရှိရာ၊

၇။ သန္တုဿကော စ သုဘရော စ၊
အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။
သန္တိန္ဒြိယော စ နိပကော စ၊
အပ္ပဂဗ္ဘော ကုလေသ္ဝ နနုဂိဒ္ဓါ။

၈။ ပစ္စည်းလေးပါးနှင့် ရောင့်ရဲလွယ်ရမည်၊
၉။ မွေးမြူလွယ်ရမည်၊
၁၀။ အမှုကိစ္စနည်းပါးရမည်၊
၁၁။ ဝန်ကျင်းပေါ့ပါးသော အသက်မွေးမှုရှိရမည်၊
၁၂။ ငြိမ်သက်သော ဣန္ဒြေရှိရမည်၊
၁၃။ ရင့်ကျက်သော ပညာရှိရမည်၊
၁၄။ ကိုယ်နှုတ်နှလုံး ကြမ်းတမ်းခြင်းမရှိရာ၊
၁၅။ ဒါယကာတို့၌ တပ်မက်မှုကင်းရမည်။

၁၆။ န စ ခုဒ္ဓ' မာစရေ ကိဉ္စိ၊
ယေန ဝိညူ ပရေ ဥပဝဒေယျုံ။
သုခိနော ဝ ခေမိနော ဟောန္တု၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၁၇။ **ပညာရှိတို့ ကဲ့ရဲ့စဉ်စွဲနိုင်မည့် ဒုစရိုက်ကို စိုးစဉ်းအနည်းငယ် မျှလည်း မပြုကျင့်နှင့်၊**

www.dhammadownload.com



(ဤစည်းကမ်းနည်းလမ်းကို လိုက်နာရမည်။) ခပ်သိမ်းသော သတ္တဝါတို့သည် ချမ်းသာခြင်းနှင့် ပြည့်စုံကုန်သည် ဘေးကင်းကုန်သည် ဖြစ်၍ ချမ်းသာသော ကိုယ်စိတ် ရှိကြပါစေကုန်သတည်း။

၅၁။ ယေ ကေစိ ပါဏဘူတတ္ထိ၊
တသာ ဝါ ထာဝရာ ဝ' နဝသေသာ။
ဒီဃာ ဝါ ယေ ဝ မဟန္တာ၊
မဇ္ဈိမာ ရဿကာ အဏုကထူလာ။

ကြွင်းမဲ့ညဿုံ အလုံးစုံကုန်သော(ထုတ်သက် ဝင်သက်ရှိ)သတ္တဝါတို့သည်လည်းကောင်း၊ (ထုတ်သက် ဝင်သက်မဲ့) သတ္တဝါတို့သည်လည်းကောင်း၊ ထိတ်လန့်တတ်သော (ပုထုဇဉ်) ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ စိတ်ခတ်ခိုင်ခံသော (ရဟန္တာ) ပုဂ္ဂိုလ်တို့သည် လည်းကောင်း၊ ရှည်သော ကိုယ်ရှိသော သတ္တဝါတို့သည် လည်းကောင်း၊ ကြီးသော ကိုယ်ရှိသော သတ္တဝါတို့သည်လည်းကောင်း၊ အလတ်စား ကိုယ်ရှိသော သတ္တဝါတို့သည် လည်းကောင်း၊ ပုတ်သော ကိုယ်ရှိသော သတ္တဝါတို့သည်လည်းကောင်း၊ သေးဖွဲသိမ်မွေ့သော ကိုယ်ရှိသော သတ္တဝါတို့သည် လည်းကောင်း၊ နုပျိုသောကိုယ်ရှိသော သတ္တဝါတို့သည်လည်းကောင်း။

၅၂။ ဒိဋ္ဌာ ဝါ ယေ ဝ အဒိဋ္ဌာ၊
ယေ ဝ ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာ ဝ သမ္ဘဝေသီ ဝ၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

မြင်ဖူးသော သတ္တဝါတို့သည်လည်းကောင်း၊ မမြင်ဖူးသော သတ္တဝါတို့သည်လည်းကောင်း၊ အဝေးဌာန နေသောသတ္တဝါတို့သည်လည်းကောင်း၊ အနီးဌာန နေသော သတ္တဝါတို့သည်လည်းကောင်း၊ (ရဟန္တာ) ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ (ပုထုဇဉ်သေက္ခ) ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ခပ်သိမ်းသော သတ္တဝါတို့သည် ချမ်းသာသော ကိုယ်စိတ် ရှိကြပါစေကုန်သတည်း။

www.dhammadownload.com



၅၃။ နု ပဏော ပရံ နိကုဗ္ဗေထ၊
နာတိမညေယ ကတ္ထစိ နု ကဉ္ဇိ။
ဗျာရောသနာ ပဋိဃသည၊
နာညမညဿ ဒုက္ခမိစ္ဆယျ။

တယောက်က တယောက်ကို အမျက်မထွက်ပါစေလင့်၊ တစုံတခုသော အရာ၌ တစုံတယောက်ကိုမျှ ချုပ်ချယ်ခြင်းဖြင့်လည်းကောင်း၊ ရန်လိုသော စိတ်ဖြင့်လည်းကောင်း မထီမဲ့မြင် မပြုပါစေလင့်၊ အချင်းချင်း ဆင်းရဲမှုကို အလိုမရှိပါစေလင့်။

၅၄။ မာတာ ယထာ နိယံပုတ္တ၊
မာယုသာ ကေပုတ္တ'မနုရက္ခေ။
ဧဝမိ သဗ္ဗဘူတေသု၊
မာနသ ဘာဝယေ အပရိမာဏ။

မိခင်သည် ရင်၌ ဖြစ်သော တစ်ဦးတည်းသော သားကို အသက်ရှင်စေရန် အစဉ်စောင့်ရှောက်ဘိသကဲ့သို့ ဤအတူပင် သတ္တဝါခပ်သိမ်းတို့၌ အတိုင်းအရှည်မရှိသော မေတ္တာစိတ်ကို ပွားများထားရာ၏။

၅၅။ မေတ္တဉ္စ သဗ္ဗလောကသ္မိ၊
မာနသံ ဘာဝယေ အပရိမာဏံ။
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊
အသမ္ဗာဓံ အဝေရံ မသပတ္တံ။

အထက်အောက် (အဝီစိ)ဖီလာ အလုံးစုံသော လောက၌ ကျဉ်းမြောင်းခြင်းမရှိသော အဘွင်းရန်, အပြင်ရန် ကင်းသော အတိုင်းအရှည် မရှိသော မေတ္တာစိတ်ကို ပွားများရာ၏။

၅၆။ တိဋ္ဌံ စရံ နိသိန္နော ဝ၊
သယာနော ယာဝတာ'သ ဝိတမိဒ္ဓေါ။

www.dhammadownload.com



ဇေတံ သတိံ အဓိဋ္ဌေယျ၊
ဗြဟ္မမေဟံ ဝိဟာရ'မိဒမဝေါ။

ငိုက်မျဉ်းခြင်းကင်း၍ ရပ်နေသမျှ သွားနေသမျှ ထိုင်နေသမျှ လျောင်းနေသမျှ ကာလပတ်လုံး ဤ(မေတ္တာနှင့် ယှဉ်သော) သတိကို ပွားများအံ့ဟု ဆောက်တည်ရာ၏၊ ဤသာသနာတော်၌ မေတ္တာနှင့် ယှဉ်သော သတိဖြင့် နေခြင်းကို မြတ်သောနေခြင်း "ဗြဟ္မဝိဟာရ" ဟူ၍ မြတ်စွာဘုရားတို့ ဟောတော်မူကုန်၏။

၅၇။ ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊
သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနယ ဂေဓံ၊
န ဟိ ဇာတု'ဂဗ္ဘသေယျ ပုန ရေတိ။

(ထိုမေတ္တာ ကမ္မဋ္ဌာန်း စီးဖြန်းသောသူသည်) သက္ကာယဒိဋ္ဌိသို့လည်း မကပ်မူ၍ (လောကုတ္တရာ)သီလရှိသည်ဖြစ်လျက် သောတာပတ္တိမဂ်ဉာဏ်အမြင်နှင့် ပြည့်စုံသည်ဖြစ်၍ ဝတ္ထုကာမတို့၌ တပ်မက်တွယ်တာမှုကို ပယ်ဖျောက်သည်ရှိသော် အမိဝမ်း၌ တစ်ဖန် (ပဋိသန္ဓေ) နေခြင်းသို့ မရောက်တော့ပေ။

မေတ္တာသုတ်ံ နိဋ္ဌိတံ။

မေတ္တာသုတ်ပါဠိနှင့် မြန်မာပြန် ပြီး၏။

မှတ်ချက်။ ။ရတနာသုတ်နှင့် မေတ္တာသုတ်တို့ကို သုတ္တနိပါတပါဠိနှင့် ခုဒ္ဒကပါဌပါဠိ ဆဋ္ဌသင်္ဂါယနာမှု မြန်မာပြန်အတိုင်း ဖော်ပြလိုက်ပါသည်။

www.dhammadownload.com



## ၄-ခန္ဓသုတ် ပါဠိနှင့် မြန်မာပြန်

၅၈။ သဗ္ဗာသီဝိသဇာတီနံ၊ ဒိဗ္ဗမန္တောဂဒံ ဝိယ။
ယံ နာသေတိ ဝိသံ ဃောရံ၊ သေသဉ္စာပိ ပရိဿယံ။

၅၉။ အာဏာခေတ္တမ္ပိ သဗ္ဗတ္ထ၊ သဗ္ဗဒါ သဗ္ဗပါဏိနံ။
သဗ္ဗသောပိ နိဝါရေတိ၊ ပရိတ္တံ တံ ဘဏာမ ဟော။

နတ်မန္တန်ရွား နတ်ဆေးဝါးသည် အဆိပ်ပြင်းသော မြွေအားလုံးတို့၏ အဆိပ်မှန်သမျှကို နှိုင်နှိုင်နင်းနင်း ပယ်ဖျောက်နိုင်းစွမ်း ရှိသကဲ့သို့ ဤခန္ဓသုတ် ပရိတ်တော်သည် ဘုရားအာဏာခေတ်ဟု ဆိုအပ်သော စကြဝဠာ ကုဋေဘစ်သိန်းအတွင်း၌ သတ္တဝါအားလုံးတို့၏ ပြင်းထန်သော အဆိပ်ကိုလည်း ပယ်ရှားတားမြစ်နိုင်၏၊ အဆိပ်မှကြွင်းသော ဘေးဥပဒ်ကိုလည်း ပယ်ရှားတားမြစ်နိုင်၏၊ အို-သူတော်ကောင်းတို့....ထိုခန္ဓသုတ် ပရိတ်တော်ကို ကျွန်ုပ်တို့ ရွတ်ဖတ်ကြပါကုန်စို့။

၆၀။ ဝိရူပက္ခေဟိ မေ မေတ္တံ၊
မေတ္တံ ဧရာပထေဟိ မေ။

ဆဗျာပုတ္တေဟိ မေ မေတ္တံ၊
မေတ္တံ ကဏှာဂေါတမကေဟိ စ။

ငါ၏ မေတ္တာသည် ဝိရူပက္ခနဂါးမင်းမျိုးတို့နှင့် အတူဖြစ်စေသတည်း၊ ငါ၏ မေတ္တာသည် ဧရာပထနဂါးမင်းမျိုးတို့နှင့် အတူဖြစ်စေသတည်း၊ ငါ၏ မေတ္တာသည် ဆဗျာပုတ္တာ နဂါးမင်းမျိုးတို့နှင့် အတူဖြစ်စေသတည်း၊ ငါ၏ မေတ္တာသည် ကဏှာဂေါတမ နဂါးမင်းမျိုးတို့နှင့် အတူဖြစ်ပါစေသတည်း။

၆၁။ အပါဒကေဟိ မေ မေတ္တံ၊ မေတ္တံ ဒ္ဝိပါဒကေဟိ မေ။
စတုပ္ပဒေဟိ မေ မေတ္တံ၊ မေတ္တံ ဗဟုပ္ပဒေဟိ မေ။

www.dhammadownload.com



ငါ၏ မေတ္တာသည် အခြေမရှိသော သတ္တဝါတို့နှင့် အတူဖြစ်စေသတည်း၊ ငါ၏ မေတ္တာသည် အခြေနှစ်ချောင်းရှိသော သတ္တဝါတို့နှင့် အတူဖြစ်စေသတည်း၊ ငါ၏ မေတ္တာသည် အခြေလေးချောင်းရှိသော သတ္တဝါတို့နှင့် အတူဖြစ်စေသတည်း၊ ငါ၏ မေတ္တာသည် များသော အခြေရှိသော သတ္တဝါတို့နှင့် အတူဖြစ်စေသတည်း။

၆၂။ မာ မံ အပါဒကော ဟိ ံသိ၊
မာ မံ ဟိ ံသိ ဒုိပါဒကော။
မာ မံ စတုပ္ပဒေါ ဟိ ံသိ၊
မာ မံ ဟိ ံသိ ဗဟုပ္ပဒေါ။

အခြေမရှိသော သတ္တဝါသည် ငါ့ကို မညှင်းဆဲစေသတည်း၊ အခြေနှစ်ချောင်းရှိသော သတ္တဝါသည် ငါ့ကို မညှင်းဆဲစေသတည်း၊ အခြေလေးချောင်းရှိသော သတ္တဝါသည် ငါ့ကို မညှင်းဆဲစေသတည်း၊ အခြေများစွာရှိသော သတ္တဝါသည် ငါ့ကို မညှင်းဆဲစေသတည်း။

၆၃။ သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ၊
သဗ္ဗေ ဘူတာ စ ကေဝလာ။
သဗ္ဗေ ဘဒြာနိ ပဿန္တု၊
မာ ကိဉ္စိ ပါပ'မာဂမာ။

အကြွင်းမရှိ အလုံးစုံကုန်သော သတ္တဝါတို့သည်လည်းကောင်း၊ အလုံးစုံသော ထွက်သက်ဝင်သက် ရှိကုန်သော သတ္တဝါတို့သည်လည်းကောင်း၊ ခပ်သိမ်းကုန်သော အတ္တဘောဝ ထင်ရှားရှိသော သတ္တဝါတို့သည်လည်းကောင်း၊ ခပ်သိမ်းကုန်သော ကောင်းသောအာရုံတို့ကို တွေ့မြင်ကြစေကုန်သတည်း၊ ယုတ်ညံ့သော မကောင်းကျိုးသည် တစုံတယောက်သော သတ္တဝါတို့သို့ မရောက်ပါစေသတည်း။

www.dhammadownload.com



၆၄။ အပွမာဏော ဗုဒ္ဓေါ၊ အပွမာဏော ဓမ္မော။
အပွမာဏော သံဃော၊ ပမာဏဝန္တာနိ သရီသပါနိ။
အဟိ ဇိစ္ဆိကာ သတပဒီ၊ ဥဏ္ဏနာဘီ သရဗူ မူသိကာ။

၆၅။ ကတာ မေ ရက္ခာ, ကတံ မေ ပရိတ္တံ၊
ပဋိက္ကမန္တု ဘူတာနိ။
သောဟံ နမော ဘဂဝတော၊
နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

မြတ်စွာဘုရားဂုဏ်တော်သည် အတိုင်းအရှည်မရှိ၊ တရားဂုဏ်တော်သည် အတိုင်းအရှည်မရှိ၊ သံဃာဂုဏ်တော်သည် အတိုင်းအရှည်မရှိ၊ မြွေမျိုးတို့သည် (ဂုဏ်အားဖြင့်) အတိုင်းအရှည်ရှိကုန်၏၊ မြွေ ကင်းမြီးကောက်တို့သည်လည်းကောင်း၊ ကင်းခြေမျှားတို့သည်လည်းကောင်း၊ ပင့်ကူတို့သည်လည်းကောင်း၊ တက်တူတို့သည်လည်းကောင်း၊ ကြွက်တို့သည်လည်းကောင်း (ဂုဏ်အားဖြင့်) အတိုင်းအရှည်ရှိကြကုန်၏၊ ငါသည် အစောင့်အရှောက်ကို ပြုအပ်ပြီ၊ ငါသည် အရံအတားကို ပြုအပ်ပြီ၊ သင်တို့ဝါတို့သည် ဖဲသွားစေကုန်သတည်း၊ ထို့ငါသည် မြတ်စွာဘုရားအား ရှိခိုးပါ၏၊ ခုနှစ်ဆူကုန်သော မြတ်စွာဘုရားတို့အားလည်း ရှိခိုးပါ၏။

ခန္ဓသုတ္တံ နိဋ္ဌိတံ။

ခန္ဓသုတ် ပါဠိနှင့် မြန်မာပြန် ပြီး၏။

မှတ်ချက်။ ။ခန္ဓသုတ် ပါဠိနှင့်မြန်မာပြန်ကို အင်္ဂုတ္တိရ် စတုက္ကနိပါတ် အဟိရာဇသုတ် ဆဋ္ဌမ မြန်မာပြန်အတိုင်း ဖော်ပြပါသည်။

---

## ၅.မောရသုတ် ပါဠိနှင့် မြန်မာပြန်

၆၆။ ပူရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ မောရယောနိယံ။
ယေန သံဝိဟိတာ ရက္ခံ၊ ဟောသတ္တံ ဝနေစရာ။

www.dhammadownload.com



၆၇။ စိရဿံ ဝါယမန္တောပိ၊နေဝ သက္ခိ သု ဂဏှိတုံ၊
"ဗြဟ္မမန္တိ" န္တိ အက္ခာတံ၊ ပရိတ္တံ တံ ဘဏာမ ဟော။

သမ္ဗညုတညာဏ်၏ အဆောက်အဦဖြစ်သော ပါရမီတို့ကို ဖြည့်ကျင့်လျက် ဥဒေါင်းငှက်မျိုးဌာ ဖြစ်ရစဉ် မောရပရိတ်မန္တန်ဖြင့် အစောင့်အရှောက် အကာအကွယ်ကို စီမံထားသော ဘုရားအလောင်း ဥဒေါင်းမင်းကို ဘောမုဆိုးတို့သည် အနှစ်ခုနစ်ရာကြာမြင့်အောင် ဖမ်းယူရန် လုံ့လပြုပါသော်လည်း မဖမ်းနိုင်ကြကုန်၊ အို–သူတော်ကောင်းတို့....မြတ်သောမန္တန်ဟူ၍ မြတ်စွာဘုရား ချီးကျူးတော်မူအပ်သော မောရသုတ် ပရိတ်တော်ကို ကျွန်ုပ်တို့ ရွတ်ဖတ်ကြပါကုန်စို့။

၆၈။ ဥဒေတယံ စက္ခုမာ ကေရုဏာ၊
ဟရိဿဝဏ္ဏော ပထဝိပဘာသော။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပွဘာသံ၊
တယာ'ဇ္ဇ ဂုတ္တာ ဝိဟရေမု ဒိဝသံ။

ကမ္ဘာသူ ကမ္ဘာသားတို့အား အလင်းရောင်ကို ပေးတတ်သော မျက်စိရှိ၍ အရောင်များစွာတွင် တစ်ဦးတည်းဘုရင်ဖြစ်သော ရွှေအဆင်းနှင့်တူသော အဆင်းရှိသော မြေအပြင်၌ တွန်းလင်းသော အရောင်ရှိသော ဤနေမင်းသည် အရွှေလောကဓာတ်မှ ထွက်ပေါ်လာ၏၊ ထို့ကြောင့် ရွှေအဆင်းနှင့် တူသောအဆင်းရှိသော မြေအပြင်၌ ထွန်းလင်းသော အရောင်ရှိသော အရှင်နေမင်းကို အကျွန်ုပ်ရှိခိုးပါ၏၊ ယနေ့အဖို့ အရှင်နေမင်း၏ အစောင့်အရှောက်ကို ခံယူ၍ အကျွန်ုပ်တို့သည် ဤတစ်နေတာပတ်လုံး ချမ်းချမ်းသာသာ နေကြရပါကုန်အံ့။

၆၉။ ယေ ဗြဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော, တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ, နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ။

www.dhammadownload.com



ဣမံ သော ပရိတ္တံ ကတ္ဝာ၊
မောရော စရတိ သေနာ။

ဝိသုဒ္ဓိဗြဟ္မဏဟု ခေါ်ဝေါ်အပ်သော ဘုရားရှင်တို့သည် **တရားဥဿုံ** အလုံးစုံကို သိတော်မူကြကုန်၏၊ ထိုဘုရားရှင်တို့သည် အကျွန်ုပ်(ဥဒေါင်းမင်း)၏ ရှိခိုးခြင်းကို ခံယူတော်မူကြပါကုန်၊ ထိုဘုရားရှင်တို့သည် အကျွန်ုပ်ကိုလည်း စောင့်ရှောက်တော်မူကြပါကုန်၊ ပရိနိဗ္ဗာန်ဝင်စံပြောင်းကြွဘုရားဟူသမျှတို့ဏှား အကျွန်ုပ်ရှိခိုးပါ၏၊ ထိုဘုရားရှင်တို့၏ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကိုလည်း ရှိခိုးပါ၏၊ ကိလေသာတို့မှ လွတ်မြောက်တော်မူကြကုန်သော ဘုရားရှင်ကိုအားလည်း ရှိခိုးပါ၏၊ ထိုဘုရားရှင်တို့၏ ဝိမုတ္တိ-ငါးပါးကိုလည်း ရှိခိုးပါ၏၊

(ထိုဥဒေါင်းမင်းသည် ဤမောရပရိတ်အရံအတားကို ပြုပြီးမှ အစာရှာထွက်လေ့ရှိ၏။)

၇၀။ အပေတယံ စက္ခုမာ ကေရုဇော၊
ဟရိဿဝဏ္ဏော ပဏဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပဏဝိပ္ပဘာသံ၊
တယာ' ဇ္ဈံဂုတ္တာ ဝိဟရေမု ရတ္တိံ။

ကမ္ဘာသူ ကမ္ဘာသားတို့အား အလင်းရောင်ကို ပေးတတ်သော မျက်စိရှိ၍ အလင်းရောင်များစွာတို့၌ တစ်ဦးတည်းသော ဘုရင်ဖြစ်သော ရွှေအဆင်းနှင့်တူသော အဆင်းရှိသော မြေအပြင်၌ ထွန်းလင်းသော အရောင်ရှိသော ဤနေမင်းသည် အနောက်လေးဓာတ်သို့ ဝင်ပေပြီ။ ထို့ကြောင့် ရွှေအဆင်းနှင့်တူသော အဆင်းရှိသော မြေအပြင်၌ ထွန်းလင်းသော အရောင်ရှိသော အနှင်နေမင်းကို အကျွန်ုပ်ရှိခိုးပါ၏၊ ယနေ့အဖို့ အရှင်နေမင်း၏ အစောင့်အရှောက်ကို ခံယူ၍ အကျွန်ုပ်တို့သည် တစ်ညဘာ ကာလပတ်လုံး ချမ်းချမ်းသာသာ နေကြရပါကုန်အံ့။

www.dhammadownload.com



၇၁။ ယေ ဇြဟ္မဏာ ဝေဒဂူ သဗ္ဗမမ္မေ၊
တေ မေ နမော, တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ, နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတ္ဝာ၊
မောရော ဝါသ' မကပ္ပယိ။

ဝိသုဒ္ဓိဇြဟ္မဏဟု ခေါ် ဝေါ် အပ်သော ဘုရားရှင်တို့သည် တရားဥဿုံ အလုံးစုံကို သိတော်မူကြကုန်၏၊ ထိုဘုရားရှင်တို့သည် အကျွန်ုပ် (ဥဒေါင်းမင်း)၏ ရှိခိုးခြင်းကို ခံယူတော်မူကြပါကုန်၊ ထိုဘုရားရှင်တို့သည် အကျွန်ုပ်ကိုလည်း စောင့်ရှောက်တော်မူကြပါကုန်၊ ပရိနိဗ္ဗာန်ဝင်စံပြောင်းကြွ ဘုရားဟူသမျှတို့အား အကျွန်ုပ်ရှိခိုးပါ၏ ထိုဘုရားရှင်တို့၏ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကိုလည်း ရှိခိုးပါ၏၊ ကိလေသာတို့မှ လွတ်မြောက်တော် မူကြကုန်သော ဘုရားရှင်တို့အားလည်း ရှိခိုးပါ၏၊ ဘုရားရှင်တို့၏ ဝိမုတ္တိငါးပါးအားလည်း ရှိခိုးပါ၏။

(ထိုဥဒေါင်းမင်းသည် မောရပရိတ် အရံအတားကို ပြုပြီးမှ အိပ်တန်းတက်လေ့ရှိ၏။)

မောရသုတ်တံ နိဋ္ဌိတံ။

မောရသုတ်ပါဠိနှင့် မြန်မာပြန် ပြီး၏။

---

## ၆-ဝဇ္ဈသုတ် ပါဠိနှင့် မြန်မာပြန်

၇၂။ ပူရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗုတ္တံ ဝဇ္ဈဇာတိယံ။
ယဿ တေဇေန ဒါဝဂ္ဂိ၊ မဟာသတ္တံ ဝိတဇ္ဇယိ။

သဗ္ဗညုတဉာဏ်၏ အဆောက်အဦဖြစ်သော ပါရမီတို့ကို ဖြည့်ကျင့်လျက် ငုံးငှက်မျိုးဌာ ဖြစ်သော ဘုရားလောင်းကို ဝဇ္ဈပရိဟ်တော်၏ အစွမ်းတန်ခိုးကြောင့် တောမီးသည် ရှောင်ကွင်းသွားလေပြီ။

www.dhammadownload.com



၂၃။ ထေရဿ သာရိပုတ္တဿ၊
လောကနာထေန ဘာသိတံ။
ကပ္ပဋ္ဌာယိ မဟာတေဇံ၊
ပရိတ္တံ တံ ဘဏာမ ဟေ။

လောကဋ္ဌ ဘုရားရှင်က သာရိပုတ္တရာမထေရ်အား ဟောကြားတော်မူအပ်သော တစ်ကမ္ဘာလုံး တည်တံ့သော တန်ခိုးကြီးမားသော ဝဋ္ဋသုတ်ပရိတ်တော်ကို အို–သူတော်ကောင်းတို့ .. ကျွန်ုပ်တို့ ရွတ်ဖတ်ကြပါကုန်စို့။

၂၄။ အတ္ထိ လောကေ သီလဂုဏော၊
သစ္စံ သောစေယျ, နုဒ္ဒယာ။
တေန သစ္စေန ကာဟာမ၊
သစ္စကိရိယ' မုတ္တမံ။

၂၅။ အာဝဇ္ဇေတ္ဝာ ဓမ္မဗလံ၊ သရိတ္ဝာ, ပုဗ္ဗကေ ဇိနေ။
သစ္စဗလ မဝဿာယ၊ သစ္စကိရိယ' မကာသဟံ။

**လောကဋ္ဌ** သီလတရား, **သစ္စာ**တရား, စင်ကြယ်သည်၏ အဖြစ်, **မေတ္တာ**တရား, **ကရုဏာ**တရားသည် ထင်ရှားကေန်အမှန်ရှိ၏၊ ထိုသစ္စာ**စကား**ဖြင့် အတုမရှိ ထူးမြတ်သော သစ္စာဆိုမှုကို ငါပြုပေတော့အံ့၊ တရားတော်၏ အစွမ်းကို ဆင်ခြင်အောက်မေ့၍ **ရှေး**အတိတ်က ပွင့်တော်မူပြီးသော ဘုရားရှင်တို့ကို အောက်မေ့လျက် သစ္စာစွမ်းအားကို အာမိုပြု၍ သစ္စာဆိုမှုကို ငါပြုခဲ့ပေပြီ။

၂၆။ သန္တိ ပက္ခာ အပတနာ၊
သန္တိ ပါဒါ အဝဉ္စနာ။
မာတာ ပိတာ စ နိက္ခန္တာ၊
ဧာတဝေဒ ပဋိက္ကမ။

www.dhammadownload.com



ငါ့မှာ အတောင်ရှိသော်လည်း မပျံနိုင်ပါ၊ ငါ့မှာခြေထောက်ရှိသော်လည်း မသွားနိုင်ပါ၊ ငါမိ ငါဖတို့ကလည်း မီးအန္တရာယ်ကြောင့် ငါ့ကို စွန့်၍သွားလေပြီ၊ အို-တောမီး....ဖဲခွာဆုတ်ရှား ပြန်လှည့်၍ သွားပါလေ။

၂၇။ သဟ သစ္စေ ကတေ မယှ၊
မဟာပဇ္ဇလိတော သိခီ။
ဝဇ္ဇေသိ သောဋ္ဌသ ကရီသာနိ၊
ဥဒကံ ပတ္တာ ယထာ သိခီ။
သစ္စေန မေ သမော နတ္ထိ၊
ဧသော မေ သစ္စပါရမီ။

ငါဘုရား သစ္စာပြုအပ်သည်ရှိသော် ပြုသည်နှင့် တပြိုင်နက် အလျှံကြီးမားသော တောမီးသည် တစ်ဆယ့်ခြောက်မင်း ပယ်စာ အကွာအဝေးတိုင်အောင် ရှောင်ကွင်း၍ ငြိမ်းအေးသွားလေပြီ၊ မီးသည်ရေသို့ ထောက်၍ ငြိမ်းအေးသကဲ့သို့ လောင်နေသောတောမီးသည်လည်း(ငုံးမင်းသစ္စာကြောင့်) ငြိမ်းလေပြီ၊ ငါ၏ သစ္စာနှင့်တူသော တရားကားမရှိ၊ ဤကား ငါဘုရား၏သစ္စာပါရမီ ဖြစ်ပေသတည်း။

ဝဋ္ဋသုတ်ံ နိဋ္ဌိတံ။

ဝဋ္ဋသုတ် ပါဠိနှင့် မြန်မာပြန် ပြီး၏။

---

## ၇-ဓဇဂ္ဂသုတ်ပါဠိနှင့် မြန်မာပြန်

၂၈။ ယဿာ' နုဿရကေနာပိ၊
အန္ဓလိက္ခေပိ ပါဏိနော။
ပတိဋ္ဌ' မဓိဂစ္ဆန္တိ၊
ဘူမိယံ ဝိယ သဗ္ဗထာ။

www.dhammadownload.com



၇၃။ သဗ္ဗုပဒ္ဒဝေဒလမှာ၊ ယက္ခစောရုဒိသမ္ဘဝါ။
ဂဏာနာ နု စ မုတ္တာနံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

ဓမ္မဂုသုတ်ပရိတ်တော်ကို အောက်မေ့ကာမျှဖြင့် အောက်မေ့ထော သတ္တဝါတို့သည် မြေမြှုပ်၌တည်သကဲ့သို့ ကောင်းကင်၌ အချင်းခပ်သိမ်း တည်ရာကို ရကုန်၏၊ ဘိုလူး, ခိုးသူ စသည်တို့ကြောင့်ဖြစ်သော အလုံးစုံသော ဥပဒ်ကွန်ရက်မှ လွတ်ကုန်သော သတ္တဝါတို့၏ အရေအတွက်ကား မရှိ၊ အို-သူတော်ကောင်းတို့... ထို ဓမ္မဂုသုတ် ပရိတ်တော်ကို အကျွန်ုပ်တို့ ရွတ်ဖတ်ကြပါကုန်စို့။

၇၀။ ဧဝံ မေ သုတံ-
ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

ဤ ဓမ္မဂုသုတ်ပရိတ်တော်ကို အကျွန်ုပ် အာနန္ဒာသည် မြတ်စွာဘုရား အထံတော်မှ ကျိသို့ကြားနာမှတ်သားခဲ့ရပါသည်၊ အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ အနာထပိဏ်သေဋ္ဌေး၏ ဇေတဝန် ကျောင်းတော်၌ နေတော်မူ၏။

၇၁။ တတြ ခေါ ဘဂဝါ ဘိက္ခူ။ အာမန္တေသိ "ဘိက္ခဝေါ"
တိ။ "ဘဒန္တေ" တိ တေ ဘိက္ခူ။ ဘဂဝတော
ပစ္စဿောသုံ ဘဂဝါ ဧတဒဝေါစ-
ဘူတပုဗ္ဗံ ဘိက္ခဝေ
ဒေဝါသုရသင်္ဂါမော သမုပဗ္ဗူဠှော အဟောသိ၊
အထ ခေါ ဘိက္ခဝေ သက္ကော ဒေဝါနမိန္ဒော
ဒေဝေ တာဝတိံသေ အာမန္တေသိ-
"သစေ မာဂိသာ ဒေဝါနံ သင်္ဂါမဂတာနံ ဥပ္ပဇ္ဇေယ္ယ
ဘယံ ဝါ ဆမ္ဘိတ္တံ ဝါ လောမဟံသော ဝါ မမေဝ

www.dhammadownload.com



ကသ္မိ သမယေ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊ မမံ ဟိ ဝေါ ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ရဟန်းတို့ဟူ၍ ခေါ်တော်မူ၏၊ အရှင်ဘုရားဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏–

ရဟန်းတို့ ရှေးကပြစ်ဖူးသည်ကား နတ်နှင့် အသုရာတို့၏ စစ်ပွဲသည် ရင်ဆိုင်မိဖူးပြီ၊ ရဟန်းတို့ .....ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် တစ်ဝတီသာ နတ်တို့ကို ခေါ်၍ မိန့်ဆို၏။ အချင်းဝယ် ..... စစ်မြေပြင်သို့ သွားကြကုန်သော နတ်တို့အား ကြောက်ခြင်း, တုန်လှုပ်ခြင်း, ကြက်သီးမွေးညင်းထခြင်းဖြစ်ခဲ့မူ ထိုအခါ၌ ငါ၏ အလံတော်ကိုသာလျှင် ကြည့်ကြကုန်လော့။ အကြောင်းမူကား ငါ၏အလံတော်ကို ကြည့်ကြကုန်သော သင်တို့အား ကြောက်ခြင်း, တုန်လှုပ်ခြင်း, ကြက်သီးမွေးညင်း ထခြင်းသည် ပျောက်ကင်းလိမ့်မည်။

၈၂။ နော စေ မေ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊ အထ ပဇာပတိဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊ ပဇာပတိဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

ငါ၏အလံတော်ကို အကယ်၍ မကြည့်မိခဲ့ကြမူ ပဇာပတိနတ်မင်း၏ အလံတော်ကို ကြည့်ကြကုန်လော့၊ အကြောင်းမူကား–ပဇာပတိနတ်မင်း၏ အလံတော်ကို ကြည့်ကြကုန်သော သင်တို့အား ကြောက်ခြင်း, တုန်လှုပ်ခြင်း, ကြက်သီးမွေးညင်းထခြင်းသည် ပျောက်ကင်းပေလိမ့်မည်။

www.dhammadownload.com



၈၃။ နော် စေ ပဇာပတိသဒ္ဒေဝရာဇသ္သ ဓဇဂ္ဂံ ဥလ္လော-
ကေယျာထ၊ အထ ဝရုဏသ္သ ဒေဝရာဇာသ္သ ဓဇဂ္ဂံ
ဥလ္လောကေယျာထ၊ ဝရုဏသ္သ ဟိ ဝေါ ဒေဝရာဇသ္သ
ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘယံ ဝါ ဆမ္ဘိတ္တံ ဝါ
တတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

ပဇာပတိနတ်မင်း၏ အလံတော်ကို အကယ်၍ မကြည့်မိခဲ့ကြမူ ဝရုဏ နတ်မင်း၏ အလံတော်ကို ကြည့်ကြကုန်လော့၊ အကြောင်းမူကား ဝရုဏ နတ်မင်း၏ အလံတော်ကို ကြည့်ကြကုန်သောသင်တို့အား ကြောက်ခြင်း, တုန်လှုပ်ခြင်း, ကြက်သီးမွေးညင်းထခြင်းသည် ပျောက်ကင်းလိမ့်မည်။

၈၄။ နော် စေ ဝရုဏသ္သ ဒေဝရာဇသ္သ ဓဇဂ္ဂံ ဥလ္လောကေ-
ယျာထ၊ အထ ဣသာနဿ ဒေဝရာဇသ္သ ဓဇဂ္ဂံ-
ဥလ္လောကေယျာထ၊ဣသာနသ္သ ဟိ ဝေါ ဒေဝရာဇသ္သ
ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘယံ ဝါ၊
ဆမ္ဘိတ္တံ ဝါ လောမဟံသော ဝါ၊ သော
ပဟီယိဿတိ" တိ။

ဝရုဏ နတ်မင်း၏အလံတော်ကို အကယ်၍ မကြည့်မိခဲ့ကြမူ ဣသာန နတ်မင်း၏ အလံတော်ကို ကြည့်ကြကုန်လော့၊ အကြောင်းမူကား-ဣသာန နတ်မင်း၏ အလံတော်ကို ကြည့်ကြကုန်သော သင်တို့အား ကြောက်ခြင်း,တုန်လှုပ်ခြင်း, ကြက်သီးမွေးညင်းထခြင်းသည် ပျောက်ကင်းလိမ့်မည်ဟု(မိန့်ဆိုတော်မူ)။

၈၅။ တံ ခေါ် ပန ဘိက္ခဝေ သက္ကဿ ဝါ ဒေဝါနမိန္ဒဿ
ဓဇဂ္ဂံ ဥလ္လောကယတံ, ပဇာပတိဿ ဝါ ဒေဝ-
ရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ,ဝရုဏဿ ဝါ ဒေဝ-
ရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ, ဣသာနဿ ဝါ

www.dhammadownload.com



ဒေဝရာဇာသေ မင်္ဂဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယေထာပိ နောပိ ပဟီယေထ။

၈၆။ တံ ကိဿ ဟေတု?
သင်္ကော ဟိ ဘိက္ခဝေ ဒေဝါနမိန္ဒော အဝီတရာဂေါ၊
အဝီတဒေါသော အဝီတမောဟော ဘီရု ဆမ္ဘီ
ဥတြာသီ ပလာယီတိ။

ရဟန်းတို့....နတ်တို့အရှင် သိကြားမင်း၏ အလံတော်ကို ကြည့်ကုန်သော နတ်တို့အားလည်းကောင်း၊ ပဇာပတိနတ်မင်း၏ အလံတော်ကို ကြည့်ကုန်သော နတ်တို့အားလည်းကောင်း၊ ဝရုဏနတ်မင်း၏ အလံတော်ကို ကြည့်ကုန်သော နတ်တို့အားလည်းကောင်း၊ ကျိသာနနတ်မင်း၏ အလံတော်ကို ကြည့်ကုန်သော နတ်တို့အားလည်းကောင်း ကြောက်ခြင်း, တုန်လှုပ်ခြင်း, ကြက်သီးမွေးညင်းထခြင်းသည် ပျောက်ကင်းသည်မူလည်း ရှိရာ၏၊ မပျောက်ကင်းသည်မူလည်း ရှိရာ၏၊ ယင်းသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့....နတ်တို့အရှင် သိကြားမင်းသည် တပ်မက်မှုရာဂ မကင်းသေး၊ အမျက်ထွက်မှု ဒေါသမကင်းသေး၊ တွေဝေမှုမောဟ မကင်းသေးရကား ကြောက်တတ်သူ ကိုယ်ခက်တရော်ရှိတတ်သူ ထိတ်လန့်တတ်သူ ပြေးတတ်သူ ဖြစ်တတ်သောကြောင့်တည်း။

၈၇။ အဟဉ္စ ခေါ ဘိက္ခဝေ ဧဝံ ဝဒါမိ-
သစေ တုမှာကံ ဘိက္ခဝေ အရညဂတာနံ ဝါ ရုက္ခ-
မူလဂတာနံ ဝါ သုညာဂါရဂတာနံ ဝါ ဥပ္ပဇ္ဇေယျ
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
မမေဝ တဿိ သမယေ အနုဿရေယျာထ-

ရဟန်းတို့....ငါသည်လည်း ဤသို့ဆိုအံ့၊ ရဟန်းတို့....တောခိုဖြစ်စေ၊ သစ်ပင်ရင်းခိုဖြစ်စေ၊ ဆိတ်ငြိမ်ရာခိုဖြစ်စေ နေကြကုန်သော သင်တို့အား

www.dhammadownload.com



ကြောက်ခြင်း, တုန်လှုပ်ခြင်း, ကြက်သီးမွေးညင်းထခြင်းသည် အကယ်၍ ဖြစ်ခဲ့မူ ထိုအခါ ငါဘုရား၏ ဂုဏ်ကိုသာလျှင် အဖန်တလဲလဲ အောက်မေ့ကြကုန်ယော့။

၈၈။ ဣတိပိ သော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရော ပုရိသဒမ္မသာရထိ, သတ္ထာ ဒေဝ-မနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါတိ။

ထိုမြတ်စွာဘုရားသည်-

၁။ ဤသို့ ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်း ကြောင့်လည်း အရဟံ မည်တော်မူ၏။
၂။ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။
၃။ အသိဉာဏ် ဝိဇ္ဇာ, အကျင့်စရဏနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။
၄။ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်း ကြောင့်လည်း သုဂတ မည်တော်မူ၏။
၅။ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောက-ဝိဒူ မည်တော်မူ၏။
၆။ ဆုံးမထိုက်သော သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော် မူသော အကြောင်းကြောင့်လည်း အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏။
၇။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာ ဒေဝမနုဿာနံ မည်တော်မူ၏။
၈။ သစ္စာလေးပါး တရားတို့ကို သိတော်မူသော အကြောင်း ကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏။

www.dhammadownload.com



၉။ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏–

ဟု အောက်မေ့ကြကုန်လော့။

၁၉။ မမံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ ယံ ဘဝိဿတိ
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သေဒ ပဟိယိဿတိ။

အကြောင်းမူကား–ရဟန်းတို့....ငါ့ကို အောက်မေ့ကုန်သော သင်တို့အား ကြောက်ခြင်း, တုန်လှုပ်ခြင်း, ကြက်သီးမွေးညင်း ထခြင်းသည် ပျောက်ကင်းလိမ့်မည်။

၉၀။ နော စေ မံ အနုဿရေယျာထ၊
အထ ဓမ္မံ အနုဿရေယျာထ–

ငါ့ကို အကယ်၍ မအောက်မေ့မိကုန်မူ တရားတော်ကို အောက်မေ့ကြကုန်လော့။

၉၁။ "သွာက္ခာတော ဘဂဝတာ ဓမ္မော, သန္ဒိဋ္ဌိကော, အကာလိကော, ဧဟိပဿိကော, ဩပနေယျိကော, ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီ"တိ။

ကရားတော်သည်–

၁။ မြတ်စွာဘုရား ကောင်းစွာ ဟောကြားထားသော တရားတော် ပါပေတည်း။
၂။ ကိုယ်တိုင် သိမြင်နိုင်သော တရားတော်ပါပေတည်း။
၃။ အခါမလင့် အကျိုးပေးသော တရားတော်ပါပေတည်း။
၄။ လာလှည့်, ရှုလှည့်ဟု ပြထိုက်သော တရားတော်ပါပေတည်း။
၅။ မိမိ၏ ကိုယ်ထဲ, စိတ်ထဲ၌ ဆောင်ယူထားထိုက်သော တရားတော် ပါပေတည်း။

www.dhammadownload.com



၆။ (အရိယာ) ပညာရှိတို့သာ ကိုယ်စိကိုယ်ငါ သိနိုင် ခံစားနိုင်သော တရားတော်ပါပေတည်း–

ဟု အောက်မေ့ကြကုန်လော့။

၉၂။ ဓမ္မံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

**အကြောင်းမူကား–** ရဟန်းတို့....တရားတော်၏ဂုဏ်ကို အောက်မေ့ကုန်သော သင်တို့အား ကြောက်ခြင်း, တုန်လှုပ်ခြင်း, ကြက်သီးမွေးညင်းထခြင်းသည် ပျောက်ကင်းလိမ့်မည်။

၉၃။ နော စေ ဓမ္မံ အနုဿရေယျာထ၊
အထ သံဃံ အနုဿရေယျာထ—

တရားတော်ကို အကယ်၍ မအောက်မေ့မိကုန်မူ သံဃာတော်ကို အောက်မေ့ကြကုန်လော့။

၉၄။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊
ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယျော, ပါဟုနေယျော, ဒက္ခိဏေယျော, အဉ္ဇလိကရဏီယော, အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ။

၁။ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းသောအကျင့် ရှိတော်မူပါပေ၏။
၂။ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ဖြောင့်မတ်သောအကျင့် ရှိတော်မူပါပေ၏။

www.dhammadownload.com



၃။ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် မှန်သော အကျင့် ရှိတော်မူပါပေ၏။

၄။ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် လျော်ကန်သော အကျင့်ရှိတော်မူပါပေ၏။

**အစုံအားဖြင့်** လေးစုံ၊ ပုဂ္ဂိုလ်အားဖြင့် ရှစ်ပါးအရေအတွက်ရှိသော **မြတ်စွာဘုရား၏** တပည့်သား သံဃာတော်သည်-

၅။ (**အရပ်ဝေးမှ**) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် **ထိုက်တန်**ဟော်မူပါပေ၏။

၆။ ည့ဉ်သည်အလို၌ပင် စိမံထားသော ဝတ္ထုကိုသော်လည်း ခံတော်မူထိုက်ပါပေ၏။

၇။ တမလွန်အတွက် ရည်မျှော်သော အလှူကို ခံတော်မူထိုက်ပါပေ၏။

၈။ လက်အုပ်ချီခြင်းကို ခံတော်မူထိုက်ပါပေ၏။

၉။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် **အ**မြတ်ဆုံးလယ်မြေ ဖြစ်ပါပေ၏-

**ဟု အောက်မေ့ကြကုန်လော့။**

၉၅။ သံဃံ ဟိ ဝေါ-ဘိက္ခဝေ အနုဿရတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

**အကြောင်း**မူကား—ရဟန်းတို့....သံဃာတော်တို့၏ဂုဏ်ကို **အောက်မေ့ကုန်**သော သင်တို့အား ကြောက်ခြင်း, တုန်လှုပ်ခြင်း, ကြက်သီးမွေးညင်းထခြင်း ပျောက်ကင်းလိမ့်မည်။

၉၆။ တံ ကိဿ ဟေတု?
တထာဂတော ဟိ ဘိက္ခဝေ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိတရာဂေါ ဝိတဒေါသော ဝိတမောဟော အာဘိဂု အဆမ္ဘီ အနုတ္တာသီ အပလာယိတိ။

www.dhammadownload.com



ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်း၊ ရဟန်းတို့.... ပုဏ္ဍော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို ကိုယ်တိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် တပ်မက်မှု ရာဂ အမျက် ထွက်မှု ဒေါသ တွေဝေမှု မောဟ ကင်းရှင်းမကြဲသူ, မတုန် လှုပ်သူ, မထိတ်လန့်သူ, မပြေးတတ်သူ ဖြစ်သောကြောင့်တည်း(ဟု) (မိန့်တော်မူ၏)။

၉၇။ ဣဒ'မဝေါစ ဘဂဝါ၊ ဣဒံ ဝတ္ဝာန သုဂတော
အထာပရံ တေ'ဒဝေါစ သတ္ထာ။

မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤစကားကို မိန့်တော် မူပြီး၍ ထို့နောက်ပါး ဤစကားကို မိန့်တော်မူပြန်၏။

၉၈။ အရဏေ ရုက္ခမူလေ ဝါ၊
သုညာဂါရေ ဝ ဘိက္ခဝေါ။
အနုဿရေထ သမ္မုဒ္ဒံ၊
ဘယံ ဟုမ္မာက နော သိယာ။

ရဟန်းတို့....တော၌ဖြစ်စေ၊ သစ်ပင်ရင်း၌ဖြစ်စေ၊ ဆိတ်ငြိမ်ရာအရပ်၌ ဖြစ်စေ သင်တို့သည် မြတ်စွာဘုရားကို အောက်မေ့ကြကုန်လော့၊ ထို့သို့ အောက်မေ့နိုင်ခဲ့မူ သင်တို့အား ကြောက်ခြင်းသည် မဖြစ်ရာ။

၉၉။ နော စေ ဟုဒံ သရေယျာထ၊ လောကဇ္ဇေဋ္ဌ နရာသဘံ။
ဒါထ စမ္မံ သရေယျာထ၊ နိယျာနိကံ သုဒေသိတံ။

လောကဓံ၏ အကြီးဖြစ်သော လူတို့ထက် မြတ်သော မြတ်စွာဘုရားကို အကယ်၍ အောက်မေ့မိကုန်မူ ထွက်မြောက်ကြောင်း ဖြစ်သော ကောင်းစွာ ဟောတော်မူသော တရားတော်ကို အောက်မေ့ကြကုန်လော့။

www.dhammadownload.com



၁၀၀။ နော စေ ဓမ္မံ သရေယျာထ၊
နိယျာနိကံ သုဒေသိတံ။
အထ သံဃံ သရေယျာထ၊
ပုညက္ခေတ္တံ အနုတ္တရံ။

ထွက်မြောက်ကြောင်းဖြစ်သော ကောင်းစွာ ဟောတော်မူသော တရားတော်ကို အကယ်၍ မအောက်မေ့မိကုန်မူ ကောင်းမှုစိုက်ပျိုးထိုက်အပ်တဲ့လယ်မြေဖြစ်သော သံဃာတော်ကို အောက်မေ့ကြကုန်လော့။

၁၀၁။ ဧဝံ ဗုဒ္ဓံ သရန္တာနံ၊
ဓမ္မံ သံဃဉ္စ ဘိက္ခဝေါ။
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ၊
လောမဟံသော နဟေဿတိ။

ရဟန်းတို့....ဤသို့ဘုရား, တရား, သံဃာတော်ကို အောက်မေ့ကုန်သော သင်တို့အား ကြောက်ခြင်း, တုန်လှုပ်ခြင်း, ကြက်သီးမွေးညင်းထခြင်း မဖြစ်လတ္တံ့ဟု (မိန့်တော်မူ၏)။

ဓဇဂ္ဂသုတ္တံ နိဋ္ဌိတံ။

ဓဇဂ္ဂသုတ် ပါဠိနှင့် မြန်မာပြန် ပြီး၏။

**မှတ်ချက်။** ။သက္ကသံယုတ် ဓဇဂ္ဂသုတ် ဆဋ္ဌမူ မြန်မာပြန်အတိုင်းဖော်ပြပါသည်။

---

## ဂ-အာဋာနာဋိယသုတ် ပါဠိနှင့် မြန်မာပြန်

၁၀၂။ အပ္ပသန္နေဟိ နာထသ၊ သာသနေ သာဓုသမ္မတေ။
အမနုဿေဟိ စဏ္ဍေဟိ၊ သဒါ ကိဗ္ဗိသကာရိဘိ။

www.dhammadownload.com



၁၀၃။ ပရိသာနံ စတသန္နံ၊
အဟိံ သာယ စ ဂုတ္တိယာ။
ယံ ဒေသေသိ မဟာဝီရော၊
ပရိတ္တံ တံ ဘဏာမ ဟော။

သူတော်ကောင်းတို့က အကောင်းဆုံးဟု သမုတ်အပ်သော မြတ်စွာဘုရားသာသနာတော်၌ မကြည်ညိုကုန်သော၊ ကြမ်းကြုတ်ကုန်သော၊ အခါခပ်သိမ်း မကောင်းမှုကို ပြုလေ့ရှိကုန်သော မိစ္ဆာဝင်ပူး နတ်ဘီလူးတို့က ပရိသတ်လေးပါးတို့ကို မညှဉ်းဆဲခြင်းငှာ လည်းကောင်း၊ စောင့်ရှောက်ခြင်းငှာ လည်းကောင်း မြတ်စွာဘုရားသည် အကြင် အာဠာနာဋိယ ပရိတ်တော်ကို ဟောတော်မူပြီ။ အို– သူတော်ကောင်းတို့.... ထို အာဠာနာဋိယပရိတ်တော်ကို ကျွန်ုပ်တို့ ရွတ်ဖတ်ကြပါကုန်စို့။

၁၀၄။ ပိပဿိဿ စ နမတ္ထု၊ စက္ခုမန္တာဿ သိရိမတော။
သိခိဿပိ စ နမတ္ထု၊ သဗ္ဗဘူတာနုကမ္ပိနော။

စက္ခုငါးပါးရှိတော်မူသော ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူသော ဝိပဿီမြတ်စွာဘုရားအား အကျွန်ုပ်ရှိခိုးပါ၏။ သတ္တဝါအားလုံးကို သနားတော်မူတတ်သော သိခီမြတ်စွာဘုရားအားလည်း အကျွန်ုပ်ရှိခိုးပါ၏။

၁၀၅။ ဝေဿဘုဿ စ နမတ္ထု၊ နှာတကဿ တပဿိနော။
နမတ္ထု ကကုသန္ဓဿ၊ မာရသေနာပမဒ္ဒိနော။

ကိလေသာကို စင်ကြယ်စေပြီးသော ခြုံးခြုံသော အကျင့် ရှိတော်မူသော ဝေဿဘူမြတ်စွာဘုရားအား အကျွန်ုပ်ရှိခိုးပါ၏၊ မာရ်စစ်သည်ကို ဖျက်ဆီးတတ်သော ကကုသန် မြတ်စွာဘုရားအားလည်း အကျွန်ုပ် ရှိခိုးပါ၏။

၁၀၆။ ကောဏာဂမနဿ နမတ္ထု၊
ဗြာဟ္မဏဿ ဝုသိမတော။
ကဿပဿ စ နမတ္ထု၊
ဝိပ္ပမုတ္တဿ သဗ္ဗဓိ။

www.dhammadownload.com



မကောင်းမှုကို ပယ်တော်မူပြီးသော မဂ္ဂင်ဖြာဇ္ဈစရိယကို ကျင့်သုံးပြီးသော ကောဏ္ဍဉကို မြတ်ခွာဘုရားအား အကျွန်ုပ် ရှိခိုးပါ၏၊ အခါခပ်သိမ်း ဝိမုတ္တိငါးပါး၏ အစွမ်းဖြင့် ကိလေသာတို့မှ လွတ်တော်မူပြီးသော ကဿပ မြတ်စွာဘုရားအားလည်း အကျွန်ုပ် ရှိခိုးပါ၏။

၁၀၇။ အင်္ဂီရသဿ နမတ္ထု၊ သက္ယပုတ္တဿ သိရိမတော။
ယော ဣမံ ဓမ္မံ ဒေသေသိ၊ သဗ္ဗဒုက္ခာပနူဒနံ။

အကြင် သာကီဝင်မင်းသား ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဆင်းရဲအားလုံးကို ပယ်ဖျောက်တော်မူတတ်သော ဤ အာဠာနဒွိယ ပရိဇ်တော်ကို ဟောတော်မူပြီး၊ ကိုယ်တော်မှ ထွက်သော ရောင်ခြည်တော် ရှိတော်မူသော ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူသော သာကီဝင်မင်းသား ဖြစ်တော်မူသော ထို (ဂေါတမ) မြတ်စွာဘုရားအား အကျွန်ုပ် ရှိခိုးပါ၏။

၁၀၈။ ယေ စာပိ နိဗ္ဗုတာ လောကေ၊
ယထာဘူတံ ဝိပဿိသုံ။
တေ ဇနာ အပိသုဏာထ၊
မဟန္တာ ဝီတသာရဒါ။

လောကဌ် ကိလေသာ ငြိမ်းထော်မူကုန်ပြီးသော အကြင် (ဝိပဿီစသော) ဘုရားတို့သည် (အလုံးစုံသော တရားတို့ကို) ဟုတ်တိုင်းမှန်စွာ သိတော်မူကုန်၏၊ ထိုမြတ်စွာဘုရားတို့သည် ကုန်းစကားကို မဆိုကုန်၊ ကြီးမြတ်တော်မူကုန်၏။ ကြောက်ရွံ့ခြင်း ကင်းဝေတော်မူကုန်၏။

၁၀၉။ ဟိတံ ဒေဝမနုဿာနံ၊ ယံ နမဿန္တိ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ မဟန္တံ ဝီတသာရဒံ။

နတ်လူတို့၏ အကျိုးစီးပွားကို ဆောင်တော်မူတတ်သော အသိဉာဏ် ဝိဇ္ဇာ, အကျင့်စရဏနှင့် ပြည့်စုံတော်မူသော ကြီးမြတ်တော်မူသော

www.dhammadownload.com



ကြောက်ရွံ့ခြင်း ကင်းတော်မူသော အာကြင် ဂေါတမမြတ်စွာဘုရားကို (နတ်လူတို့သည်) ရှိခိုးကြကုန်၏၊ (ထို့ဂေါတမ မြတ်စွာဘုရားအား လည်းကောင်း၊ ထိုဝိပဿီ စသော မြတ်စွာဘုရားတို့အား လည်းကောင်း အကျွန်ုပ် ရှိခိုးပါ၏။)

၁၁၀။ တေ စညေ စ သမ္မုဒ္ဓါ၊
အနေကသတကောဋိယော။
သတ္ထေ ဗုဒ္ဓါ သမသမာ၊
သတ္ထေ ဗုဒ္ဓါ မဟီဒ္ဓိကာ။

ထိုသို့ ဆိုအပ်ပြီးသော ဘုရား(၇)ဆူတို့သည် လည်းကောင်း၊ ဘုရား(၇)ဆူမှ တပါးကုန်သော ကုဋေအရောမက များလှကုန်သော ဘုရားရှင်တို့သည် လည်းကောင်း ဘုရားရှင်အားလုံးတို့သည် အတုမရှိသော ဘုရားနှင့်သာ တူတော်မူကုန်၏၊ တန်ခိုးကြီးတော်မူကုန်၏။

၁၁၁။ သတ္ထေ ဒသဗလူပေတာ၊ဝေသာရဇ္ဇေဟု ပါဂတာ။
သတ္ထေ တေ ပဋိဇာနန္တိ၊ အာသဘံ ဌာန'မုတ္တမံ။

ဘုရားရှင် အားလုံးတို့သည် ၊ ကိုယ်တော်အား ဆယ်ပါး, ဉာဏ်တော်အား ဆယ်ပါးနှင့် ပြည့်စုံတော် မူကုန်၏၊ ဝေသာရဇ္ဇဉာဏ်တော် လေးပါးနှင့် ပြည့်စုံတော်မူကုန်၏၊ ယောကျ်ားမြတ်ဖြစ်ကြောင်း သဘဉ္ဉတဉာဏ်ကို ဝန်ခံတော်မူကုန်၏။

၁၁၂။ သီဟနာဒံ နဒန္တေ'တေ၊ ပရိသာသု ဝိသာရဒါ။
ဗြဟ္မစက္ကံ ပဝတ္တေန္တိ၊ လောကေ အပ္ပဋိဝတ္တိယံ။

ပရိသတ်လေးပါး, ပရိသတ်ရှစ်ပါးတို့၌ ရဲရဲရဲဝံ့ခြင်းကင်း ရဲတင်းတော်မူကုန်သည်ဖြစ်၍ ထိုမြတ်စွာဘုရားတို့သည် ခြင်္သေ့မင်းကဲ့သို့ ရဲတင်းသော စကားတော်ကို ဟောကြားတော်မူကုန်၏၊ လောက၌ ဟစုံတယောက်သော သူသည် ဟောခြင်းငှာ မစွမ်းနိုင်သော ဓမ္မစကြာတရားတော်မြတ်ကို ဟောတော်မူကုန်၏။

www.dhammadownload.com



၁၁၃။ ဥပေတာ ဗုဒ္ဓစေမွဟိ၊ အဋ္ဌာရသဟိ နာယကာ။
ဗာတ္တိံသ လက္ခဏူပေတာ၊ သိတာနုဗျဉ္ဇနဓရာ။

(ထိုမြတ်စွာဘုရားတို့သည်) ဘုရားတို့သော ရဏဘိုင်ရာ အာဝေဏိကဂုဏ်တစ်ဆယ့်ရှစ်ပါးဝယ်နှင့် ပြည့်စုံတော်မူကြကုန်၏။ ၃၂-ပါးသော ယောကျ်ားမြတ်တို့၏လက္ခဏာတော်နှင့် ပြည့်စုံတော်မူကြပါပေကုန်၏။ ရှစ်ဆယ်သော လက္ခဏာငယ်တို့ကို ဆောင်တော်မူကြပါပေကုန်၏။

၁၁၄။ ဗျာမပဘာယ သုပ္ပဘာ၊ သဗ္ဗေ တေ မုနိကုဉ္ဇရာ။
ဗုဒ္ဓါ သဗ္ဗညုနော ဧတေ၊ သဗ္ဗေ ခီဏာသဝါ ဇိနာ။

ခပ်သိမ်းသော ထိုမြတ်စွာဘုရားတို့သည် တစ်လံမျှလောက်သော ရောင်ခြည်တော်ဖြင့် ကောင်းစွာထွန်းလင်း တောက်ပတော် မူကုန်၏၊ မုနိတကာတို့ထက် မြတ်တော်မူကုန်၏၊ ခပ်သိမ်းသော ဥယျံခံတရားငါးပါးတို့ကို သိတော်မူကုန်၏။ အာသဝ ကင်းတော်မူကုန်၏။ မာရ်ငါးပါးကို အောင်တော်မူကုန်၏။

၁၁၅။ မဟာပဘာ မဟာတေဇာ၊ မဟာပညာ မဟာဗလာ။
မဟာကာရုဏိကာ ဓီရာ၊ သဗ္ဗေသာနံ သုခါဝဟာ။

(ထိုဘုရားရှင်တို့သည်) ကြီးမြတ်သော ကိုယ်တော်ရောင်, ဉာဏ်တော်ရောင် ရှိတော်မူကုန်၏၊ ကြီးမြတ်သော တန်ခိုး ရှိတော်မူကုန်၏။ ကြီးမြတ်သော ပညာရှိတော်မူကုန်၏၊ ကြီးမြတ်သော ကိုယ်တော်အားဆယ်ပါး, ဉာဏ်တော်အား ဆယ်ပါး ရှိတော်မူကုန်၏။ ကြီးမြတ်သော ကရုဏာ ရှိတော်မူကုန်၏၊ ကြီးမြတ်သော သမာဓိ ရှိတော်မူကုန်၏၊ သတ္တဝါအားလုံးတို့၏ မျက်မှောက်, တမလွန် နှစ်တန်သောအကျိုးကို ဆောင်တော်မူတတ်ကုန်၏။

www.dhammadownload.com



၁၁၆။ ဒီပါ နာထာ ပတိဋ္ဌာ စ၊
ကာဏာ လေဏာ စ ပါဏိနံ။
ဂတီ ဗန္ဓူ၊ မဟာဿာသာ၊
သရဏာ စ ဟိတေသိနော။

ထိုဘုရားရှင်တို့သည် သတ္တဝါတို့ အားထားမှီခိုရာ ကျွန်းသဖွယ်လည်း ဖြစ်တော်မူကုန်၏၊ ကိုးကွယ်ရာလည်း ဖြစ်တော်မူကုန်၏၊ တည်ရာလည်း ဖြစ်တော်မူကုန်၏၊ သံသရာဝဋ်ဆင်းရဲမှလည်း စောင့်ရှောက်တော်မူတတ်ကုန်၏၊ ပုန်းအောင်းရာလည်း ဖြစ်တော်မူကုန်၏၊ ဆည်းကပ်ရာလည်း ဖြစ်တော်မူကုန်၏၊ အဆွေအမျိုးလည်း ဖြစ်တော်မူကုန်၏၊ လေးသမား ကြီးတို့နှင့်လည်း တူတော်မူကုန်၏၊ သတ္တဝါတို့၏ ဆင်းရဲကိုလည်း ဖျက်ဆီးတော်မူတတ်ကုန်၏။ သတ္တဝါတို့၏ အကျိုးစီးပွားကိုလည်း ရှာမှီးတော်မူတတ်ကုန်၏။

၁၁၇။ သဒေဝကဿ လောကဿ၊
သဗ္ဗေ တေ ပရာယဏာ။
တေသာ' ဟံ သီရသာ ပါဒေ၊
ဝန္ဒာမိ ပုရိသုတ္တမေ။

ခပ်သိမ်းကုန်သော ထိုမြတ်စွာဘုရားတို့သည် နတ်နှင့်တကွသော လူအပေါင်းတို့၏ မှီခိုလဲလျောင်းရာလည်းဖြစ်တော်မူကုန်၏၊ ယောကျ်ားမြတ်ဖြစ်တော်မူကုန်သော ထိုမြတ်စွာဘုရားတို့၏ ခြေတော်အစုံတို့ကို ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့် အကျွန်ုပ် ရှိခိုးပါ၏။

၁၁၈။ ဝစသာ မနသာ စေဝ၊ ပန္ဒာမေ' တေ တထာဂတေ။
သယနေ အာသနေ ဌာနေ၊ ဂမနေ စာပိ သဗ္ဗဒါ။

အကျွန်ုပ်သည် ထိုမြတ်စွာဘုရားတို့ကို နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း အိပ်သောအခါ၌ဖြစ်စေ၊ ထိုင်သောအခါ၌ဖြစ်စေ၊ ရပ်သောအခါ၌ဖြစ်စေ၊ သွားသောအခါ၌ဖြစ်စေ၊ အဲခါခပ်သိမ်း ရှိခိုးပါ၏။

www.dhammadownload.com



၁၁၉။ သဒါ သုခေန ရက္ခန္တု၊
ဗုဒ္ဓါ သန္တိကာ တုရံ။
တေဟိ တံ ရက္ခိတော သန္တော၊
မုတ္တော သဗ္ဗဘယေဟိ စ။

ကိုယ်စိတ်နှစ်ဖြာ ငြိမ်းချမ်းအောင် ပြုနိုင်သော ဘုရားရှင်တို့က သင့်ကို ချမ်းသာသဖြင့် အမြဲ စောင်မပါစေ၊ ထိုဘုရားရှင်တို့ စောင့်ရှောက်ခြင်း ခံရသော သင်သည်လည်း ငြိမ်းချမ်းပါစေ၊ ဘေးရန်အားလုံးတို့မှ ကင်းလွတ်ပါစေ။

၁၂၀။ သဗ္ဗရောဂါ ဝိနိမုတ္တော၊ သဗ္ဗသန္တာပဝဇ္ဇိတော။
သဗ္ဗဝေရ' မတိက္ကန္တော၊ နိဗ္ဗုတော စ တုဝံ ဘဝ။

သင်သည် အနာရောဂါအားလုံးတို့မှ ကင်းလွတ်ပါစေ၊ အတွင်းရန်, အပြင်ရန်, အားလုံးကို လွတ်မြောက်ပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ငြိမ်းချမ်းပါစေ။

၁၂၁။။ တေသံ သစ္စေန သီလေန၊ ခန္တီမေတ္တာဗလေန စ။
တေပိ အမှေ' နုရက္ခန္တု၊ အရောဂေန သုခေန စ။

ထိုမြတ်စွာဘုရားတို့၏ သစ္စာ, သီလ, ခန္တီမေတ္တာ အာနုဘော်ကြောင့် ထိုမြတ်စွာဘုရားတို့က အကျွန်ုပ်တို့ကို ရောဂါကင်းအောင်, ချမ်းသာအောင်, အစဉ်စောင့်ရှောက်ကြပါစေ၊

**မှတ်ချက်။** ။သူတပါးအတွက်ဖြစ်လျှင် "အဓမ္မ" နေရာ၌ "တုမှေ" ပြောင်းရွတ်ပါ။

၁၂၂။ ပုရတ္ထိမသ္မိ ' ဒိသာဘာဂေ၊ သန္တိ ဘူတာ မဟိဒ္ဓိကာ။
တေပိ 'အမှေ' နုရက္ခန္တု၊ အရောဂေန သုခေန စ။

အရှေ့မျက်နှာအရပ်၌ တန်ခိုးကြီးသော ဂန္ဓဗ္ဗနတ်တို့သည် ရှိကုန်၏၊ ထိုဂန္ဓဗ္ဗနတ်တို့က အကျွန်ုပ်တို့ကို ရောဂါကင်းအောင်, ချမ်းသာအောင် အစဉ်စောင့်ရှောက်ကြပါစေ။

www.dhammadownload.com



၁၂၃။ ဒက္ခိဏာသွိ ဒိသာဘာဂေ၊ သန္တိ ဒေဝါ မဟိဒ္ဓိကာ။
တေပိ အမ္ဟေ နုရက္ခန္တု၊ အရောဂေန သုခေန စ။

တောင်မျက်နှာအရပ်၌ တန်ခိုးကြီးသော ဂုဏ်ကျေးဇူးရှိကုန်၏၊ ထိုကုဏ်ကျေးဇူးရှိတို့က အကျွန်ုပ်တို့ကို ရောဂါကင်းဒုက္ခအောင်, ချမ်းသာအောင် အစဉ်စောင့်ရှောက်ကြပါစေ။

၁၂၄။ ပစ္ဆိမသွိ ဒိသာဘာဂေ၊ သန္တိ နာဂါ မဟိဒ္ဓိကာ။
တေပိ အမ္ဟေ နုရက္ခန္တု၊ အရောဂေန သုခေန စ။

အနောက်မျက်နှာအရပ်၌ တန်ခိုးကြီးသော နတ်နဂါးတို့သည် ရှိကုန်၏၊ ထိုနတ်နဂါးတို့က အကျွန်ုပ်တို့ကို ရောဂါကင်းအောင်, ချမ်းသာအောင် အစဉ်စောင့်ရှောက်ကြပါစေ။

၁၂၅။ ဥတ္တရသွိ ဒိသာဘာဂေ၊ သန္တိ ယက္ခာ မဟိဒ္ဓိကာ။
တေပိ အမ္ဟေ နုရက္ခန္တု၊ အရောဂေန သုခေန စ။

မြောက်မျက်နှာအရပ်၌ တန်ခိုးကြီးသော နတ်ဘီလူးတို့သည် ရှိကုန်၏၊ ထိုနတ်ဘီလူးတို့က အကျွန်ုပ်တို့ကို ဆောဂါကင်းအောင်, ချမ်းသာအောင် အစဉ် စောင့်ရှောက်ကြပါစေ။

၁၂၆။ ပုရတ္ထိမေန ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရူဠ္ဟကော။
ပစ္ဆိမေန ဝိရူပက္ခော၊ ကုဝေရော ဥတ္တရံ ဒိသံ။

၁၂၇။ စတ္တာရော တေ မဟာရာဇာ၊ လောကပါလာ ယသဿိနော။
တေပိ အမ္ဟေ နုရက္ခန္တု၊ အရောဂေန သုခေန စ။

မြင်းမိုရ်တောင်မှ အရှေ့မျက်နှာအရပ်၌ ဓတရဋ္ဌနတ်မင်းသည် နေ၏၊ တောင်မျက်နှာအရပ်၌ ဝိရူဠ္ဟက နတ်မင်းသည် နေ၏၊ အနောက်မျက်နှာအရပ်၌ ဝိရူပက္ခ နတ်မင်းသည် နေ၏၊ မြောက်မျက်နှာအရပ်၌ ကုဝေရ နတ်မင်းသည် နေ၏။

www.dhammadownload.com



ထို့စကားမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့သည် လူတို့ကို စောင့်ရှောက် တတ်ကုန်၏။ အခြေအရံများကုန်၏။ ထိုနတ်မင်းကြီး လေးယောက်တို့က အကျွန်ုပ်တို့ကို ရောဂါကင်းအောင်, ချမ်းသာအောင် အစဉ်စောင့်ရှောက်ကြပါစေ။

၁၂၈။ အာကာသဋ္ဌာ စ ဘူမဋ္ဌာ၊ ဒေဝါ ဘဂါ မဟိဒ္ဓိကာ။
တေပိ အမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။

ကောင်းကင်၌ တည်သောနတ်, မြေ၌ တည်သောနတ်နှင့် နဂါးတို့သည် တန်ခိုးကြီးကုန်၏၊ ထိုနတ်နှင့် နဂါးတို့က အကျွန်ုပ်တို့ကို ရောဂါကင်းအောင်, ချမ်းသာအောင် အစဉ်စောင့်ရှောက်ကြပါစေ။

၁၂၉။ ဣဒ္ဓိမန္တော စ ယေ ဒေဝါ၊ ဝသန္တော ဣဓ သာသနေ။
တေပိ အမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။

ဤ ဂေါတမမြတ်စွာဘုရား သာသနာတော်(ဩဝါဒ)ဘောင်အတွင်း၌ ကျင့်ကြံနေထိုင်ကြကုန်သော တန်ခိုးကြီးသော နတ်တို့သည် ရှိကုန်၏၊ ထိုတန်ခိုးကြီးသော နတ်တို့က အကျွန်ုပ်တို့ကို ရောဂါကင်းအောင် ချမ်းသာအောင် အစဉ်စောင့်ရှောက်ကြပါစေ။

၁၃၀။ သဒ္ဓိ'တိယော ဝိဝဇ္ဇန္တု၊ သောကော ရောဂေါ ဝိနဿတု။
မာ တေ ဘဝန္တ္ဝေ'န္တရာယာ၊ သုခီ ဒီဃာယုကော ဘဝ။

သင့်အား ဘေးရန်ဥပဒ်တို့ ကင်းဝေးပါစေ၊ စိုးရိမ်သောက ပျောက်ကင်းပါစေ၊ အနာရောဂါ ဒုက္ခပျောက်ကင်းပါစေ၊ ကိုယ်တွင်းကိုယ်ပ အန္တရာယ်ကင်းပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ၊ အသက်ရှည်ပါစေ။

**မှတ်ချက်။** ။ဤမေတ္တာပို့မှာ တစ်ယောက်အတွက် ရည်ညွှန်းပို့သခြင်း ဖြစ်ပါသည်။ အများအတွက် မေတ္တာပို့လိုသော် "မာ တေ ဘဝန္တ္ဝန္တရာယာ" နေရာ၌ "မာ ဝေါ ဘဝန္တ္ဝန္တရာယာ"ဟု ပြောင်းရွဲ့ဆိုပါ။

www.dhammadownload.com



သမ္မိ' တိယော ဝိဝဒန္တော၊ သောကော ဇာတော ဝိနဿတု။
မာ ဧဝါ ဘဝန္တေ' နုရာယာ၊ သုခီ ဒီဃာယုကော ဘဝ-
ဟု ပြောင်းလဲရွတ်ဆိုပါ။

မိမိအတွက် မေတ္တာပို့လိုသော် "မာ တေ ဘဝန္တေနုရာယာ"
နေရာ၌ "မာ မေ ဘဝန္တေနုရာယာ" ဟု ပြောင်း၍ဆိုပါ။
သမ္မိ' တိယော ဝိဝဒန္တော၊ သောကော ဇာတော ဝိနဿတု။
မာ မေ ဘဝန္တေ' နုရာယာ၊ သုခီ ဒီဃာယုကော ဘဝ-
ဟု ပြောင်းလဲ ရွတ်ဆိုပါ။

မိသားစုအတွက် မေတ္တာပို့လိုသော် "မာ တေ ဘဝန္တေနုရာယာ'
နေရာ၌ "မာ နော ဘဝန္တေနုရာယာ" ဟု ပြောင်း၍ဆိုပါ။
သမ္မိ' တိယော ဝိဝဒန္တော၊ သောကော ဇာတော ဝိနဿတု။
မာ နော ဘဝန္တေ နုရာယာ၊ သုခ ဒီဃာယုကော ဘဝ-
ဟု ပြောင်း၍ဆိုပါ။

၁၃၁။ အဘိဝါဒနသီလိဿ၊
နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊
အာယု ဝဏ္ဏော သုခံ ဗလံ။

အသက်ကြီးသောသူ, ဂုဏ်ကြီးသောသူတို့ကို အမြဲမပြတ် အရိုအသေ ပြုလေ့ရှိသော ရိုသေးလေ့ရှိသော သူအား အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, ကိုယ်အား ဉာဏ်အားကြီးမားခြင်း ဤအကျိုးတရားလေးပါးတို့ကို တစ်နေ့တခြား တိုးပွားကုန်၏။

အာဠာနာဠိယသုတ္တံ နိဋ္ဌိတံ။

အာဠာနာဠိယသုတ် ပါဠိမြန်မာပြန် ပြီး၏

www.dhammadownload.com



## ၉-အင်္ဂုလိမာလသုတ်ပါဠိနှင့် မြန်မာပြန်

၁၃၂။ ပရိတ္တံ ယံ ဘဏန္တိဿ၊ နိသိန္နဋ္ဌာနဓောဝနံ။
ဥဒကမ္ပိ ဝိနာသေတိ၊ သဗ္ဗမေဝ ပရိဿယံ။
၁၃၃။ သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ၊
ယဉ္စ သာဓေတိ တခ်ဏေ။
ထေရဿ'င်္ဂုလိမာလဿ၊
လောကနာထေန ဘာသိတံ။
ကပ္ပဋ္ဌာယိ မဟာတေဇံ၊
ပရိတ္တံ တံ ဘဏာမ ဟေ။

အကြောင် အင်္ဂုလိမာလ ပရိတ်တော်ကို ရွတ်ဆိုသော သူ၏ ထိုင်နေထူ အင်းပျဉ်ကို ဆေးသော ရေသည်လည်း ဘေးရန်အားလုံးကို ပျောက်စေနိုင်၏၊ အကြောင်ပရိတ်တော်သည် ထိုဓာတ်၌ ချမ်းသာစွာ ကိုယ်ဝန်မှ ထခြင်းကိုလည်း ပြီးစေနိုင်၏၊ အိုသူတော်ကောင်းတို့.. အင်္ဂုလိမာလမထေရ်အား မြတ်စွာဘုရား ဟောတော်မူအပ်သော တကမ္ဘာလုံးတည်သော တန်ခိုးအာနုဘော်ကြီးသော ထိုအင်္ဂုလိမာလ ပရိတ်တော်ကို အကျန်ပုဏ်တို့ ရွတ်ဖတ်ကြပါကုန်စို့။

၁၃၄။ ယတော'ဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော၊
နာဘိဇာနာမိ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ၊
တေန သစ္စေန သောတ္ထိ တေ ဟောတု သောတ္ထိ ဂဗ္ဘဿ။

နှမ ငါသည် အရိယဇာတ်ဝင် ဖြစ်ချိန်မှ စ၍ သတ္တဝါကို သေစေလိုသော စေတနာဖြင့် - သတ်ဖူး၍ဟူ၍ ငါမသိစဖူး၊ ထိုမှုန်သော သစ္စာစကားကြောင့် သင်အားလည်းကောင်း၊ ကိုယ်ဝန်၌ တည်သော သူငယ်အားလည်းကောင်း ချမ်းသာသည် ဖြစ်ပါစေ။

အင်္ဂုလိမာလသုတ္တံ နိဋ္ဌိတံ။

အင်္ဂုလိမာလသုတ်ပါဠိနှင့် မြန်မာပြန် ပြီး၏။

---

www.dhammadownload.com



## ၁၀-ဓမ္မာဇ္ဝက်သုတ်ပါဠိနှင့် မြန်မာပြန်

၁၃၅။ သံသာရေ သံသရန္တောနုံ၊ သဗ္ဗဒုက္ခဝိနာသနေ။
သတ္တာဓမ္မေ စ ဗောဇ္ဈင်္ဂေ၊ မာရသေနာ ပမဒ္ဒနေ။

၁၃၆။ ဗုဇ္ဈိတ္ဘာ ယေ စိမေသတ္တာ၊
တီဘဝါ မုတ္တကုတ်တမာ။
အဇာတိ' မဇာရာ' ဗျာဓိ'၊
အမတံ နိဗ္ဘယံ ဂတာ။

၁၃၇။ ဧဝ မာဒိဂုဏ္ဍူပေတံ၊ အနေကဂုဏာသင်္ဂဟံ။
သြသဓ္ဓေ ဣမံ မန္တံ၊ ဗောဇ္ဈင်္ဂေ ဘဏာမ ဟော။

သံသရာဝဋ်ဆင်းရဲဒုက္ခ အားလုံးကို ပယ်ဖျောက်နိုင်ကုန်သော မာရ်စစ်သည်ကို နှိမ်နင်း ဖျက်ဆီးတတ်ကုန်သော ဗောဇ္ဈင်ခုနစ်ပါး တရားတော်ကို သိမြင်ခြင်းကြောင့် မြင့်မြတ်ကုန်သော သတ္တဝါတို့သည် ဘဝသုံးပါးမှ လွတ်မြောက်ကုန်၏။ ပဋိသန္ဓေအို့နာ့သေ ကင်းသော ဘေးမဲ့ရာမှန်မြတ်နိဗ္ဗာန်သို့ ကောန်မုချ ရောက်ကြရကုန်၏။

ဤသို့ စသည့်ဂုဏ်တို့နှင့် ပြည့်စုံသော များစွာသော ဂုဏ်အပေါင်းတို့ဖြင့် ရောတ္ဂက်အပ်သော ဆေးစွမ်းကောင်းသဖွယ် မန္တန်ကောင်းသဖွယ်ဖြစ်သော ဤဗောဇ္ဈင်ပရိတ်တော်ကို· အို သူတော်ကောင်းတို့.....
အာကျွန်ုပ်တို့ ရွတ်ဖတ်ကြပါကုန်စို့။

၁၃၈။ ဗောဇ္ဈင်္ဂေါ သတိသင်္ခါတော၊
ဓမ္မာနံ ဝိစယော တထာ။
ဝီရိယံ ပီတိ ပဿဒ္ဓိ၊
ဗောဇ္ဈင်္ဂါ စ တထာ'ပရေ။

www.dhammadownload.com



၁၃၉။ သမာဓိ ပေက္ခာ ဗောဇ္ဈင်္ဂါ၊
သတ္တေ တေ သဗ္ဗဒဿိနာ။
မုနိနာ သမ္မဒက္ခာတာ၊
ဘာဝိတာ ဗဟုလီကတာ။

၁၄၀။ သံဝတ္တန္တိ အဘိညာယ၊
နိဗ္ဗာနာယ စ ဗောဓိယာ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

သတိသမ္မောဇ္ဈင်, ဓမ္မဝိစယသမ္မောဇ္ဈင်, (ထို့မှတပါး)ဝီရိယသမ္မောဇ္ဈင် ပီတိသမ္မောဇ္ဈင်, ပဿဒ္ဓိသမ္မောဇ္ဈင်, (ထို့မှတပါး) သမာဓိသမ္မောဇ္ဈင်, ဥပေက္ခာသမ္မောဇ္ဈင် ဤစုနှစ်ပါးသော ဗောဇ္ဈင်တို့ကို တရားသိမြင်ဘုရားရှင်သည် ကောင်းစွာ ဟောတော်မူအပ်ကုန်၏၊ ပွားများအပ်ကုန်၏၊ အလေ့အလာ ပြုအပ်ကုန်၏။

ဤ ဗောဇ္ဈင်ခုနှစ်ပါးကို ပွားများအပ် အကြိမ်များစွာ အလေ့အလာ ပြုအပ်သည်ရှိသော် ထူးသောဉာဏ်ဖြင့် သိခြင်းငှာ, နိဗ္ဗာန်အကျိုးငှာ, မဂ်ဉာဏ်ဖိုလ်ဉာဏ်အကျိုးငှာ ဖြစ်၏။ ဤမှုန်သော သစ္စာစကားကြောင့် သင့်အား အခါခပ်သိမ်း ချမ်းသာပါစေ။

၁၄၁။ ဧကသ္မိံ သမယေ နာထော၊
မေဃဂ္ဃလာနဋ္ဌေ ကဿပံ။
ဂိလာနေ ဒုက္ခိတေ ဒိသ္ဝာ၊
ဗောဇ္ဈင်္ဂေ သတ္တ ဒေသယိ။

၁၄၂။ တေ စ တံ အဘိနန္ဒိတ္ဝာ၊
ဆောဂါ မုစ္စိံသု တခ်ဏေ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

www.dhammadownload.com



အခါတပါးဦး မြတ်စွာဘုရားသည် အရှင်မောဂ္ဂလ္လာန်နှင့် အရှင်မဟာ-
ကဿပ မထေရ်တို့ မကျွန်းမမာဖျားနာ၍ ကာယိကဒုက္ခ ဖြစ်ပွား
သည်ကို မြင်သောကြောင့် ဗောဇ္ဈင်ခုနစ်ပါး တရားတို့ကို ဟောတော်မူပြီး
ထိုမထေရ်နှစ်ပါးတို့သည်လည်း ထိုဗောဇ္ဈင်တရားတော်ကို အလွန်နှစ်သက်
ဝမ်းမြောက်စွာ နာယူသော ခဏမှာပင် ရောဂါမှ လွတ်မြောက်ကုန်၏၊
ကျိမ့်နန်သော သစ္စာစကားကြောင့် သင့်အား အခါခပ်သိမ်း ချမ်းသာ
ပါစေ။

၁၄၃။ ကေဒါ ဓမ္မထုဇာပိ၊ ဂေလညေနာဘိ ပီဠိတော။
စုန္ဒတ္ထေရေန တံယေဝ၊ ဘဏာပေတွာန သာဒရံ။

၁၄၄။ သမ္မောဒိတွာန အာဇဘဝေါ၊
တမှာ ဝုဋ္ဌာသိ ဌာနသော။
ဇတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

အခါတပါး မြတ်စွာဘုရားကိုယ်တိုင် မကျန်းမမာ ဖျားနာထောဂါ
နှိပ်စက်ခံရ၍ စုန္ဒမထေရ်ကို ဓမ္မဂါရဝနှင့်တကွ ထိုဗောဇ္ဈင်တရားတော်ကို
ဟောစေပြီး၊ နှစ်လိုဝမ်းသာ နာယူသောကြောင့် တခဏချင်း ထိုအနာ
ရောဂါမှ ထတော်မူပြီး၊ ကျိမ့်နန်သော သစ္စာစကားကြောင့် သင့်အား
အခါခပ်သိမ်း ချမ်းသာပါစေ။

၁၄၅။ ပဟီနာ တေ စ အာဗာဓာ၊
တိဏ္ဏန္နမ္ပိ မဟေသိနံ။
မဂ္ဂဟတာ ကိလေသာဝ၊
ပတ္တာ'နုပ္ပတ္တိ ဓမ္မတံ။
ဇတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

www.dhammadownload.com



သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးဖူးမျှော်မှီး လေ့ကျက်ပြီးသော (မြတ်စွာဘုရား, မောဂ္ဂလ္လာန်, ကဿပ) အရှင်မြတ်ဆုံးပါးတို့အား ဗောဇ္ဈင်ခုနစ်ပါး၏ အာနုဘော်ဖြင့် ပယ်ထားသော ထိုအနာထောဂါသည်လည်း မဂ်ဖြင့်ပယ်သတ်ထားသော ကိလေသာတို့ကဲ့သို့ နောက်ထပ်တဖန် မဖြစ်ပေါ်တော့ပြီ၊ ဤမှုန်သော သစ္စာစကားကြောင့် သင့်အား အခါခပ်သိမ်း ချမ်းသာပါစေ။

ဗောဇ္ဈင်္ဂသုတ္တံ နိဋ္ဌိတံ။

ဗောဇ္ဈင်္ဂသုတ်ပါဠိနှင့် မြန်မာပြန် ပြီး၏။

---

## ၁၁-ပုဗ္ဗဏှသုတ်ပါဠိနှင့် မြန်မာပြန်

၁၄၆။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာ' မနာပေါ သကုဏာဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဗုဒ္ဓါနုဘာဝေန ဝိနာသ' မေန္တု။။

၁၄၇။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာ' မနာပေါ သကုဏာနဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဓမ္မာနုဘာဝေန ဝိနာသ' မေန္တု။။

၁၄၈။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာ' မနာပေါ သကုဏာဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
သံဃာနုဘာဝေန ဝိနာသ' မေန္တု။။

www.dhammadownload.com



မကောင်းသော နိမိတ်, အမင်္ဂလာ, နှစ်သက်ဖွယ်မရှိသော ဌာဏ်သံ, ပါပကြိုဟ်, နှစ်သက်ဖွယ်မကောင်းသော အိပ်မက်ဆိုးတို့သည်-

* ဘုရားရှင်တို့၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့် ကင်းပျောက်ကြပါစေ။

* တရားတော်တို့၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့် ကင်းပျောက်ကြပါစေ။

* သံဃာတော်တို့၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့် ကင်းပျောက်ကြပါစေ။

၁၄၉။ ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊
ဘယပ္ပတ္တာ စ နိဗ္ဘယာ။
သောကပ္ပတ္တာ စ နိသ္သောကာ၊
ဟောန္တု သဗ္ဗေပိ ပါဏိနော။

ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်းသို့ ရောက်နေကြကုန်သော သတ္တဝါအားလုံးတို့ ဆင်းရဲကင်းကြပါစေ၊ ဘေးဥပဒ်အန္တရာယ် ဆိုက်ရောက်နေသော သတ္တဝါအားလုံး ဘေးဥပဒ် အန္တရာယ် ကင်းဝေးကြပါစေ၊ ဆွေမျိုးပျက်စီးခြင်း စသည်တို့ကြောင့် သောကရောက်နေကြရသော သတ္တဝါအားလုံးတို့ သောက ကင်းဝေးကြပါစေ။

၁၅၀။ တ္ထောဝတာ စ အမ္ဖေဟိ၊ သမ္ဖတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါ'နုမောဒန္တု၊ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ။

ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် အကျွန်ုပ်တို့ ဆည်းပူးထားအပ်သော ကုသိုလ်ကောင်းမှု၏ ပြည့်စုံခြင်းကို နတ်ပြဟ္မာအားလုံးတို့က စည်းစိမ်ချမ်းသာအားလုံး ပြည့်စုံခြင်းအကျိုးငှာ ဝမ်းမြောက်ခမ်း သာခုခေါ်ကြပါစေကုန်သတည်း(သာဓု ခေါ်ကြပါကုန်လော့)။

www.dhammadownload.com



၁၅၁။ ဒါနံ ဒဒန္တူ သဒ္ဓါ၊
သီလံ ရက္ခန္တူ သပ္ပဒါ။
ဘာဝနာဘိရတာ ဟောန္တူ၊
ဂစ္ဆန္တူဒေဝတာ' ဂတာ။

**ကံ့ကဲ၏အကျိုးကို ယုံကြည်သဖြင့် ပေးကြပါကုန်လေ၊ အခါမလပ် ကိုယ်ကျင့်သီလကို စောင့်ကြပါကုန်လော့၊ သမထ ဘာဝနာ, ဝိပဿနာ ဘာဝနာ၌ မွေ့လျော်ကြပါကုန်လော့၊ ပရိတ်တရားတော်နာ လာထောက် ကြကုန်သော နတ်ပြဟ္မာတို့သည် နေရင်းဌာနသို့ ပြန်ကြပါကုန်လော့။**

၁၅၂။ သပ္ပေ ပုဒ္ဓါ ဗလပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သပ္ပဟေ။

**အားတော် ဆယ်တန် ဉာဏ်တော် ဆယ်ပါးသို့ ရောက်တော်မူကုန်ပြီး သော ဘုရားရှင်တို့နှင့် ပစ္စေကဗုဒ္ဓါတို့၏ အာနုဘော်အစွမ်းကြောင့် လည်းကောင်း၊ ရဟန္တာ အရှင်မြတ်တို့၏ တန်ခိုးတော်ကြောင့် လည်းကောင်း အခါခပ်သိမ်း အစောင့်အရှောက် အကာအကွယ်ကို အကျွန်ုပ် ဖွဲ့ပါ၏။**

၁၅၃။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊ သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊ ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

**လူ့ပြည်, နဂါးပြည်, ဂဠုန်ပြည်, နတ်ပြည်နှင့် ပြဟ္မာ့ပြည်တို့တွင် ရတနာအမျိုးမျိုး ရှိကြသော်လည်း ဘုရားဟူသော ရတနာနှင့်တူသော ရတနာမျိုးကား မရှိနိုင်၊ ရတနာအားလုံးတွင် ဘုရားဟူသော ဤရတနာ သာ ဏာမွန်မြတ်ဆုံး ဖြစ်၏၊ ဤမှန်သော သစ္စာစကားကြောင့် သုတ္ထိဝါတို့ ချမ်းသာကြပါစေ။**

www.dhammadownload.com



ဘာဝနာ။ ယဲ့ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊ သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊ ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

လူ့ပြည်, နဂါးပြည်, ဂန္ဓုန်ပြည်, နတ်ပြည်နှင့် ဗြဟ္မာ့ပြည်တို့တွင် ရတနာအမျိုးမျိုး ရှိကြသော်လည်း တထာဂတဟူသောရတနာနှင့် တူသော ရတနာမျိုးကား မရှိနိုင်၊ ရတနာအားလုံးတွင် တထာဂတဟူသော ဤရတနာသာ အမှန်မြတ်ဆုံးဖြစ်၏။ ဤမှုန်သော သစ္စာစကားကြောင့် ဆတ္တဝါတို့ ချမ်းသာကြပါစေ။

၁၅၅။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊ သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊ ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောကု။

လူ့ပြည်, နဂါးပြည်, ဂန္ဓုန်ပြည်, နတ်ပြည်နှင့် ဗြဟ္မာ့ပြည်တို့တွင် ရတနာဒးမျိုးမျိုး ရှိကြသော်လည်း သံဃာဟူသော ရတနာနှင့် တူသော ရတနာမျိုးကား မရှိနိုင်၊ ရတနာအားလုံးတွင် သံဃာဟူသော ဤရတနာသာ အမှန်မြတ်ဆုံး ဖြစ်၏၊ ဤမှုန်သော သစ္စာစကားကြောင့် သတ္တဝါတို့ ချမ်းသာကြပါစေ။

၁၅၆။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဗုဒ္ဓါနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

မင်္ဂလာအားလုံး ဖြစ်ပါစေ၊ ခပ်သိမ်းမျှားစွာ နတ်ဒေဝါတို့က သတ္တလောကကို စောင့်ရှောက်ကြပါစေ၊ (အလုံးစုံသော ဘုရားရှင်တို့၏တန်ခိုးတေဇော် အာနုဘော်ကြောင့်) ထိုသတ္တဝါတို့သည် အခါခပ်သိမ်း ကိုယ်စိတ် နှစ်ဖြာ ချမ်းသာကြပါစေ။

၁၅၇။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဓမ္မာနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

www.dhammadownload.com



မင်္ဂလာအာဒီးလုံး ဖြစ်ပါစေ၊ ခပ်သိမ်းမျှားစွာ နတ်ဒေဝါတို့က သတ္တ-လောကကို စောင့်ရှောက်ကြပါစေ၊ (အာဒီးလုံးသော တရားတော်တို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့်) ထိုသတ္တဝါတို့သည် အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

၁၅၈။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗသံဃာနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

မင်္ဂလာအာဒီးလုံး ဖြစ်ပါစေ၊ ခပ်သိမ်းမျှားစွာ နတ်ဒေဝါတို့က သတ္တ-လောကကို စောင့်ရှောက်ကြပါစေ၊ (အလုံးစုံသော သံဃာတော်တို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့်) ထိုသတ္တဝါတို့သည် အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

၁၅၉။ မဟာကာရုဏိကော နာထော၊ ဟိတာယ သဗ္ဗပါဏိနံ။
ပူရေတ္ဝာ ပါရမီ သဗ္ဗာ၊ ပတ္တော သမ္ဗောဓိ' မုတ္တမံ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

မဟာကရုဏာ ရှိတော်မူသော မြတ်စွာဘုရားသည် ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွားအကျိုးငှာ ပါရမီအာဒီးလုံးတို့ကို ဖြည့်ကျင့်တော်မူ၍ မြတ်သော အရဟတ္တမဂ်ဉာဏ်, သမ္မာသမ္ဗောဓိဉာဏ်သို့ ရောက်တော်မူပြီ၊ ဤမှုန်သော သစ္စာစကားကြောင့် ပရိတ်တရားနာကြားသူ သင့်အား အခါခပ်သိမ်း ချမ်းသာပါစေ။

၁၆၀။ ဇယန္တော ဗောဓိယာ မူလေ၊ သက္ယာနံ နန္ဒိဝဍ္ဎနော။
ဧဝမေဝ ဇယော ဟောတု၊ ဇယဿု ဇယမင်္ဂလေ။

သာကီဝင်မင်းတို့၏ နှစ်သက်ခြင်းကို တိုးပွားစေတတ်သော မြတ်စွာဘုရားသည် ဗောဓိပင်၏အနီး အပရာဇိတပလ္လင်တော်၌ မာရ်ငါးပါးကို အောင်မြင်တော်မူသကဲ့သို့ ဤအတူ ပရိတ်တရားနာကြားသူ သင်သည် ဘေးရန်ခပ်သိမ်း အောင်မြင်ပါစေ၊ အောင်ကြောင်းမင်္ဂလာ အဖြာဖြာတို့ကို ပြီးမြောက် အောင်မြင်ပါစေ။

www.dhammadownload.com



၁၆၁။ အပရာဇိတပလ္လင်္ကော်၊
သီသေ ပုထုဝိပုက္ခလေ။
အဘိသေကေ သမ္ဗုဒ္ဓါနံ၊
အဂ္ဂပ္ပတ္တော ပဓမော၁ဒတိ။

ဘုရားရှင်မှန်သမျှတို့၏ ဗုဒ္ဓါဘိသေကကို စံတော်မူရာ ဖြစ်သော မြေအပြင်၌ သန့်ရှင်းစင်ကြယ် တင့်တယ်သော မြေတို့၏ အထွတ်အထိပ် ဖြစ်သော အပရာဇိတ ပလ္လင်တော်၌ ဘုရားမြတ်အဖြစ်သို့ ရောက်တော်မူသော မြတ်စွာဘုရားသည် ဝမ်းမြောက်တော်မူသကဲ့သို့ ပရိတ်တရား နာကြားသော သင်သည်လည်း အထက်တန်း ရောက်၍ ရှင်လန်း ဝမ်းမြောက်ပါစေ။

၁၆၂။ သုနက္ခတ္တံ သုမင်္ဂလံ၊
သုပ္ပဘာတာ သုဟုဋ္ဌိတာ။
သုခဏော သုမုဟုတ္တော စ၊
သုယိဋ္ဌံ ဗြဟ္မစာရိသု။

နက္ခတ်ကောင်း, မင်္ဂလာကောင်း, မိုးသောက်ကောင်း, ထခြင်းကောင်း, ခဏကောင်း, မုဟုတ်ကောင်း ဖြစ်ပါစေ၊ မြတ်သောအကျင့်ကို ကျင့်လေ့ရှိသော သူတော်ကောင်းတို့၌ ကောင်းသော ပူဇော်ခြင်း ဖြစ်ပါစေ။

၁၆၃။ ပဒက္ခိဏံ ကာယကမ္မံ၊
ဝါစာကမ္မံ ပဒက္ခိဏံ။
ပဒက္ခိဏ မနောကမ္မံ၊
ပဏိဓိ တေ ပဒက္ခိဏေ။

ပရိတ်တရား နာကြားသူ သင့်အဖို့ မြတ်သော ကာယကံဖြစ်ပါစေ၊ မြတ်သော ဝစီကံ ဖြစ်ပါစေ၊ မြတ်သော မနောကံဖြစ်ပါစေ၊ ပရိတ်တရား နာကြားသူ သင်သည် မြတ်သော ကံသုံးပါး၌ ဆောက်တည်နိုင်ပါစေ။

www.dhammadownload.com



၁၆၄။ ပဒက္ခိဏာနိ ကတ္တာန၊
လဘန္တ'တ္ထေ ပဒက္ခိဏေ။
တေ အတ္ထလဒ္ဓါ သုခိတာ၊
ဝိရူဠှာ ဗုဒ္ဓသာသနေ။
အရောဂါ သုခိတာ ဟောထ၊
သဟ သဗ္ဗေဟိ ဉာတိဘိ။

အကြင်သူတို့သည် ကောင်းမြတ်သော ကံတို့ကို ပြုလုပ်ခြင်းကြောင့် ကောင်းမြတ်သော အကျိုးကို ရရှိကြကုန်၏၊ ထိုသူတို့သည် ကောင်းမြတ်သော အကျိုးဒီးပွားကို ရရှိကြပါစေကုန်သတည်း၊ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာခြင်းသို့ ရောက်ကြပါစေကုန်သတည်း၊ မြတ်စွာဘုရား သာသနာတော်၌ တိုးတက်စည်ကား ကြီးပွားကြပါစေကုန်သတည်း၊ ဆွေမျိုးအပေါင်းတို့နှင့် အတူတကွ အနာရောဂါ ကင်း၍ ချမ်းသာခြင်းသို့ ရောက်ကြပါစေကုန်သတည်း။

ပုဗ္ဗကာသုတ်ံ နိဋ္ဌိတံ။
ပုဗ္ဗကာသုတ်ပါဠိနှင့် မြန်မာပြန် ပြီး၏။
ပရိတ်ကြီး မြန်မာပြန် ပြီး၏။

www.dhammadownload.com

# ပရိတ်အဓွန်း ဂါထာများ

---

## ၁-မင်္ဂလသုတ် အမှန်းဂါထာ

ယံ မင်္ဂလံ ဒ္ဝါဒသဟိ၊
စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊
အဋ္ဌတ္တိံသ မင်္ဂလံ။
ဒေသိတံ ဒေဝဒေဝေန၊
သဗ္ဗပါပဝိနာသနံ။
သဗ္ဗလောကဟိတတ္ထာယ၊
မင်္ဂလံ တံ ဘဏာမ ဟော။

သောတ္ထာနံ =ကံစိတ်ဥတု အာဟာရဟု ကြောင်းလေးခုတို့ မပြုမပြင်
တုမယှဉ်ရာသော အသခ်ံတဓာတ် နိဗ္ဗာန်မြတ်ကို။

အာကခ်ံမာနာ=မရ ရကြောင်း တောင်းတောင်းတတ လိုချင်ကြ
ကုန်သော။

သဒေဝကာ =တကွအာတူ နတ်နှင့်လူတို့သည်။

ယံ မင်္ဂလံ =အကြောင်လောကီ လောကုတ္တရာ ဥစ္စာအမျိုးမျိုး
တိုးပွားရာ တိုးပွားကြောင်း ကောင်းမြတ်သော
မင်္ဂလာတရားတော်ကို။

ဒ္ဝါဒသဟိ =လူတို့ဝေါဟာ ကောင်ပြုပြု ရေတွက်ဖွဲ့အပ်သော
တစ်ဆယ့်နှစ်နှစ်တို့ ကာလပတ်လုံး။

စိန္တယိံသု = ဗိဒ္ဓကိုသာ မင်္ဂလာဟု ထင်ရှုယူမှု သုတစုနှင့် သုတ တဝ
မုတ တချို့ ကိုယ်နှစ်မြို့ရာ၌ သို့မဟုတ်လော သို့ဟုတ်
လောဟု တွေးတောအဖုံဖုံ ကြံစည်ကြပါကုန်၏။

www.dhammadownload.com



**စိန္တယန္တာပိ=** သို့မဟုတ်လော သို့ဟုတ်လောဟု တွေးတောအဖုံဖုံ ကြံစည်ကြပါကုန်သော်လည်း။

**အဇ္ဇတ္တိ သဠာ=** ဗာလာသေဝန စသည်ဆုံးမဲ့ တွက်ကျုံးဖွဲ့သောအားဖြင့် သုံးဆယ့်ရှစ်ပါး အပြားရှိသည်လည်း ဖြစ်သော။

**ယံ မင်္ဂလံ =** အကြင် မင်္ဂလာတရားတော်ကို။

**နာဓိဂစ္ဆန္တိ =** ဤကားမဟုတ် ဤကားဟုတ်ဟု မုချပိုင်ပိုင် မသိနိုင် ကြကုန်။

**သဗ္ဗလောကဟိတတ္ထာယ=**အလုံးစုံသော သုံးဘုံရပ်သား သတ္တဝါအများ တို့၏ စီးပွားချမ်းသာ အလို့ငှာ။

**ဒေဝဒေဝေန=** သမ္မုတိ-ဥပပတ် နတ်မြတ်အပေါင်း ငပ်ညောင်းဖူးထိုက် ရှိဦးခိုက်၍ မကိုင်္ဂအသွင် ဆင်အပ်သော ခြေတော်အစုံ ရှိသော ဝိသုဒ္ဓိနတ် ဘုရားမြတ်သည်။

**ဒေသိတံ =** ကရုဏာတော်ဉာဏ် ဆော်ဖန်ရှေးရှု ဟောကြားတော် မူအပ်သော။

**သမ္မပါပဝိနာသနံ=**မပြုစတောင်း မှုမကောင်းကို စုပေါင်းလှိုးဖြတ် ဖျက်ဆီးတတ်သော။

**တံ မင်္ဂလံ=** ထိုလောကီ လောကုတ္တရာ ဥစ္စာအမျိုးမျိုး တိုးပွားရာ တိုးပွားကြောင်း ကောင်းမြတ်သော မင်္ဂလာတရား တော်ကို။

**ဟော =**သိတင်းသုံးဖက် သမဂ္ဂပေါင်း သူတော်ကောင်းတို့။

**မယံ =**ငါတို့သည်။

**ဘဏာမ =**သဒ္ဒါမပျက် အနက်မမှား မြတ်တရားကို ထပ်ပွားအာရုံ ရွတ်ဖတ်သရဇ္ဈာယ်ကြပါကုန်စို့။

(မြင်းခြံမှူး)

www.dhammadownload.com



## ၂-ရတနသုတ် အမ္ဘန်းဂါထာ

ကောဋီသတသဟဿေသု၊ စက္ကဝါဠေသု ဒေဝတာ။
ယဿာ' ဏ်း ပဋိဂ္ဂဏှန္တိ၊ ယဉ္စ ဝေသာလိယာ ပုရေ။
ရောဂါ မနုဿ ဒုဗ္ဘိက္ခ- သမ္ဘူတံ တိဝိဓံ ဘယံ။
ခိပ္ပမန္တရဓာပေသိ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

**ကောဋီသတသဟဿေသု**=ထောင် သောင်း သိန်း သန်း ဂဏန်းခြေပေါင်း မရေကောင်းမျှ ကုဋေပေါင်း တစ်သိန်းကုန်သော။

**စက္ကဝါဠေသု**= ယူဇနာပေါင်း ရှစ်သောင်းနှစ်ထောင် အမြင့်ဆောင်သား တောင်စကြဝဠာ ကာရံကျောက်စိုက် ဝန်းရံဝိုက်သော တိုက်ဝေါကမာတ်တို့၌။

**ဝသန္တာ** =ဘုံအသီးသီး ကြီးကြီးငယ်ငယ် သွယ်သွယ်ဝဝ နေထိုင် ကြကုန်သော။

**ဒေဝတာ** =အာဏာလွှမ်းမိုး ဟန်ခိုးကြီးမြတ် အနတ်နတ်တို့သည်။

**ယဿ** =အကြင်ရတနသုတ် ဧရှန်းတ်မြွက်ဖော် ပရိတ်တော်၏။

**အာဏံ** =သိန်းကုဋေကုန် ဘုံစကြဝဠာ ဝုန်သက်ခါမျှသော အာဏာ တော်စက်ရိပ်ကို။

**ပဋိဂ္ဂဏှန္တိ** =ဝမ်းသာရွှင်မြူး လွန်ကြည်နူးလျှံ ဦးဖြင့်ခံယူ ကြကုန်၏။

**ယဉ္စ ယဇေ ပရိတ္တံ**=အကြင်ရတနသုတ် ဧရှန်းတ်မြွက်ဖော် ပရိတ်တော် သည်သာလျှင်။

**ဝေသာလိယာ**=ဝေသာလီအမည်ရှိသော။

**ပုရေ** =ရာဇဂြာနီ ကျူးသည်အောင်စည် မင်းနေပြည်၌။

**ရောဂါမနုဿ ဒုဗ္ဘိက္ခသမ္ဘူတံ**= ရောဂါသောင်းကျန်း ဘိလူးဖမ်းနှင့် ကုန်ခန်းခေါင်းပါးသော ထမင်းကြောင့်ဖြစ်သော။

www.dhammadownload.com



တိဝိဓံ ဘယံ= ကပ်ကြီးသုံးကပ် မရပ်တည်နိုင် အပြိုင်တိုက်ရေး သုံးပါး အပြားရှိသော ဘေးကို။

ခိပ္ပံ =အလျင်အမြန်။

အန္တရဓာပေသိ=ကွယ်စေ ပျောက်စေ ငြိမ်းချမ်းစေ၏။

တံ ပရိတ္တံ=ထိုမဟပ္ပလမျိုး အကျိုးအာနိသံသ ကြီးမားလှသော ရတန သုတ် ရွှေနှုတ်မြွက်ဖော် ပရိတ်တော်ကို။

ဧဟ =သီတင်းသုံးဖက် သမဂ္ဂပေါင်း သူတော်ကောင်းတို့။

မယံ =ငါတို့သည်။

ဘဏာမ =သဒ္ဓါမပျက် အနက်မမှား မြတ်တရားကို ထပ်ပွားအာရုံ ရွတ်ဖတ်သရဇ္ဈာယ်ကြပါကုန်စို့။

(မြင်းခြံမူ)

---

## ၃-မေတ္တာသုတ် အမှုန်းဂါထာ

ယဿာနုဘာဝတော ယက္ခာ၊ နေဝ ဒဿေန္တိ ဘီသနံ။
ယဉ္စိ စေဝါနုယုဉ္ဇန္တော၊ ရတ္တိန္ဒိဝံ'မတန္ဒိတော။
သုခံ သုပတိ သုတ္တော စ၊ ပါပံ ကိဉ္စိ န ပဿတိ။
ဧဝမာဒိဂုဏူပေတံ ပရိတ္တံ၊ တံ ဘဏာမ ဟော။

ယဿ =အကြင်လူနတ်အမျိုး တရားကျင့်ထုံး နှလုံးထဲသို့ ချစ်ကြည်ညိုစိမ့် သို့ဂါထာအစစ် ရွှေနှုတ်တော် လှစ်အပ်သော မေတ္တာသုတ် ပရိတ်တော်၏။

အာနုဘာဝတော=တန်ခိုးရှိန်စော် အာနုဘော်ကြောင့်။

ယက္ခာ =မြေဠ်လှမ်းမိုး ဘုမ္မစိုးဟု ဂုဏ်တန်ခိုးထူး နတ်ဘီလူးတို့သည်။

www.dhammadownload.com



ဘီဿနံ =ရူပသဒ္ဒ စသည်အဖုံဖုံ ကြောက်မက်ဖွယ်သော အာရုံကို။

နေဝ ဒဿေန္တိ =မပြဝံ့ကြကုန်။

ယဥ္စိစေဝ=အကြင်မေတ္တာသုတ် ရွတ်ဖွဲ့တ်မြွက်ဖော် ပရိတ်တော်ကိုလျှင်။

အတန္ဒိတော=မပျင်းမရိ လုံ့လရှိသည် ဖြစ်၍။

ရတ္တိံ စ=ညဉ့်၌ လည်းကောင်း။

ဒိဝါစ =နေ့၌ လည်းကောင်း။

အနုယုဉ္ဇန္တော=အကြိမ်ကြိမ် အဖန်ဖန် ရွတ်အံသရဇ္ဈာယ်လျက်။

သုတ္တော=အိပ်သော သူသည်။

သုခံ =မပင်မပန်း ချမ်းချမ်းသာသာ။

သုပတိ =အိပ်ရ၏။

ကိဉ္စိ =တစုံတခုသော။

ပါပံ =ယုတ်မာဆိုးတောင်း မကောင်းသော အိပ်မက်ကိုလည်း။

န ပဿတိ =မမြင်မက်။

ဧဝံ မာဒိဂုဏ္ဍုပေတံ=ဤသို့စသော ဝိသေသဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော။

တံ ပရိတ္တံ =ထိုမေတ္တာသုတ် ရွတ်ဖွဲ့တ်မြွက်ဖော် ပရိတ်တော်ကို။

ဟေ =သီတင်းသုံးဖက် သမဂ္ဂပေါင်း သူတော်ကောင်းတို့။

မယံ =ငါတို့သည်။

ဘဏာမ =သဒ္ဒါမပျက် အနက်မမှား မြွတ်တရားကို ထပ်ဖွားအာရုံ ရွတ်ဖတ်သရဇ္ဈာယ်ကြပါကုန်စို့။

(မြင်းခြံမှူး)

www.dhammadownload.com



## ၄-ခန္ဓသုတ် အမွှန်းဂါထာ

သဗ္ဗာသီဝိသဇာတီနံ၊ ဒိဗ္ဗမန္တောဂဒံ ဝိယ။
ယံ နာသေတိ ဝိသံ ဃောရံ၊ သေသဉ္စာပိ ပရိဿယံ။
အာဏာကွေတ္တမို့ သဗ္ဗတ္ထ၊ သဗ္ဗဒါ သဗ္ဗပါဏိနံ။
သဗ္ဗသောပိ နိဝါရေတိ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

ဒိဗ္ဗမန္တောဂဒံ=နတ်မန္တရား နတ်ဆေးဝါးသည်။

သဗ္ဗာသီဝိသဇာတီနံ=အဆိပ်လျှင်မြန် စိတ်မာန်ချောင်းချောင်း လေနှာခေါင်းနှင့် မျက်စောင်းလည်းထိုး ခပ်သိမ်းသော မြွေမျိုးတို့၏။

ဃောရံ=လွန်စွာပြင်းပြ ကြမ်းတမ်းလှသော။

ဝိသံ=ကြောက်မက်ဖွယ်ရေး အဆိပ်ဘေးကို။

နာသေတိ ဝိယ=လျောကျလျင်ထွေ ပျောက်ပျက်စေသကဲ့သို့။

ဧဝံ တထာ=ထို့အတူ။

ယံ ပရိတ္တံ=အကြင်ခန္ဓသုတ် ရွတ်နူတ်မြွက်ဖော် ပရိတ်တော်သည်။

သဗ္ဗတ္ထ =အလုံးစုံသော။

အာဏာကွေတ္တမို့ = အာဏာတော်စက် အောက်ထက်မြေမိုး တန်ခိုးရောင်ဟန့် ပို့ရာန္ခံရာ ကုဋေတစ်သိန်းသော စကြဝဠာ၌။

ဋ္ဌိတာနံ =တည်နေကြကုန်သော။

သဗ္ဗပါဏိနံ=ခပ်သိမ်းများစုံ သတ္တဝါတို့၏။

ဃောရံ=လွန်စွာပြင်းပြ ကြမ်းတမ်းလှသော။

ဝိသဉ္စ=အဆိပ်ကိုလည်းကောင်း။

www.dhammadownload.com



သေသံ=ထိုမှ တဖန် ကြွင်းကျန်များပြားသော။

ပရိသဃဉ္စာပိ=သစ်ကျားကစ များလှသောင်းသောင်း ဘေးအပေါင်းကို လည်းကောင်း။

သဗ္ဗဒါ=နေ့နေ့ညည ခပ်သိမ်းသော ကာလ၌။

သဗ္ဗသောပိ=မလျှဉ်းမစပ် အလျှင်းပြတ်စိမ်း ခပ်သိမ်းသော အခြင်း အရာအားဖြင့်လည်း။

နိဝါရေတိ=တားမြစ်ပျောက်ပြေ ငြိမ်းချမ်းစေ၏။

တံ ပရိတ္တံ =နတ်မင်္ဂလာ နတ်ဆေးဝါးကဲ့သို့ များစွာသောင်းသောင်း ဘေးအပေါင်းကို ထောင်းထောင်းလှဉ့်ရန် အမိန့်တော် ပြန်အပ်သော ထိုခန္ဓသုတ် ပရိတ်တော်ကို။

ဟော=သိတင်းသုံးဖက် သမဂ္ဂပေါင်း သူတော်ကောင်းတို့။

မယံ=ငါတို့သည်။

ဘဏာမ =သဒ္ဒါမပျက် အနက်မမှား မြတ်တရားကို ထပ်ဝဲအာရုံ ရွတ်ဖတ်သရဇ္ဈာယ်ကြပါကုန်စို့။

(မြင်းခြံမူ)

---

## ၅-မောရသုတ် အမှတ်းဂါထာ

ပူရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ မောရယောနိယံ။
ယေန သံဝိဟိတာရက္ခံ၊ မဟာသတ္တံ ဝနေစရာ။

စိရဿံ ဝါယမန္တောပိ၊ နေဝ သက္ခိံသု ဂဏှိတုံ။
"ဗြဟ္မမန္တ"န္တိ အက္ခာတံ၊ ပရိတ္တံ တံ ဘဏာမ ဟော။

ဗောဓိသမ္ဘာရေ=စရိယစာဂီ ပါရမီတော်မြတ် ဆည်းပူးတော်မူအပ်သော သဗ္ဗညုတဉာဏ်တော်၏ အဆောက်အဦတို့ကို။

www.dhammadownload.com



ပူရေန္တံ =တစ်ဘဝမျှ ဘုရားရှေ့တော် နေရဗာန်ကို မပန်မီလေ
မရှိစေဘဲ သေရှင်ရဲရင့် ကဲ့ဆင့်အားယူ ဖြည့်ကျင့်တော်
မူထသော။

မောရယောနိယံ = မုတ်ပတ္တမြားနှင့် ဥဿဖရားနီလာ ဂိဝါဝန်းယုက်
ဖွန်းအကွက်သို့ ရှန်းစက်လင်းပြောင် ဆင်းဆောင်တန်ခိုး
တင့်တယ်လှပသော ဥဒေါင်းမျိုးခြိ။

နိဗ္ဗတ္တံ=သန္ဓေစဲယူ ဖြစ်တော်မူသော။

သံဝိဟိတာရက္ခံ=နေ့နေ့ညည မမေ့ရဘဲ လေ့ထာဝနာ အကြောင်း
ရှာ၍ ကောင်းစွာ စီရင်အပ်သော အစောင့်အရှောက်ရှိသော။

မဟာသတ္တံ=မြင့်သမ္ဘာရ ရင့်မာလှသောဘုရားအလောင်း ရှေဥဒေါင်းကို။

ဝနေစရာ=မင်းအဆက်ဆက် ဆင်းသက်ညွှန်လျက် လွန်မပျက်အောင်
ခုနစ်ဆက်သော မုဆိုးတို့သည်။

စိရဿံ=မဖြစ်ဖြစ်ကြောင်း သစ်သစ်လောင်းလျက် နှစ်ပေါင်းခုနစ်ရာ
အရှည်အကြာ။

ဝါယမန္တောပိ = ဖမ်းယူခြင်းငှာ နည်းနာအဖုံဖုံ အားထုတ်ကြလုန်
သော်လည်း။

ယေန=အကြင်ညပြန်နံနက် မပျက်တွတ်တွတ် ဥဒေါင်းမင်းရွတ်အပ်သော
ထွတ်မြတ်အာနုဘော်ဝဲ မောရသုတ်ပရိတ်တော်ကြောင့်။

ဂဏှိတုံ=ဖမ်းယူခြင်းငှါ။

နေဝ သက္ခိ သု=မတတ်နိုင်ကြကုန်။

ယံ ပရိတ္တံ=အကြင်တန်ခိုးရှိန်စော် အာနုဘော်ထက်မြက် မောရသုံတ်
ပရိတ်တော် ဓမ္မစက်ကို။

www.dhammadownload.com



ဗြဟ္မမန္တန္တိ = တမလွန်မျက်မှောက် လက်ရောက်စီးပွား ကြီးမားဖြစ်ထွန်း
ကြောင်း ကောင်းမြတ်သော ဗြဟ္မမန္တန်ကြီးဟူ၍။

အဂ္ဂဘတံ = ဘုရားမြတ်စွာ ထောမနာလျက် သြဘာရိုက်ညောင်း
ဇာတ်တော်ဟောင်းကို ထပ်လောင်းရင့်ယူ ဟောကြား
တော်မူအပ်ပြီ။

တံ ပရိတ္တံ = ထိုတန်ခိုးရှိန်စော် အာနုဘော်ထက်မြက် မောရသုတ်
ပရိတ်တော် ဓမ္မစက်ကို။

ဟေ = သီတင်းသုံးဖက် သမဂ္ဂပေါင်း သူတော်ကောင်းတို့။

မယံ = ငါတို့သည်။

ဘဏာမ = သဒ္ဒါမပျက် အနက်မမှား မြတ်တရားကို ထပ်ပွားအာရုံ
ရွတ်ဖတ်သရဇ္ဈာယ်ကြပါကုန်စို့။

(မြင်းခြံမူ)

---

## ၆-ဝဋ္ဋသုတ် အမှတ်းဂါထာ

ပူရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ ဝဋ္ဋဇာတိယံ။
ယဿ တေဇေန ဒါဝဂ္ဂိ၊ မဟာသတ္တံ ဝိဝဇ္ဇယိ။
ထေရဿ သာရိပုတ္တဿ၊ လောကနာထေန ဘာသိတံ။
ကပ္ပဋ္ဌာယိ ံ မဟာတေဇံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

ဗောဓိသမ္ဘာရေ = သမ္မာသမ္ဗုဒ္ဓဉာဏ်တော်၏ အဆောက်အဦ ထောက်ကူ
ပွားများ ငါးပါးသော မဟာပရိစာဂ စရိယသုံးသွယ်
သုံးဆယ်အပြားရှိသော ပါရမီတော်တို့ကို။

ပူရေန္တံ = မနစ်မဆုတ် ဗုဒ္ဓကိုထိုး နှလုံးစွဲယူ ဖြည့်ကျင့်တော်မူစေသော။

www.dhammadownload.com



ဝဋ္ဋဇာတိယံ=သိဂ်ာလိမိလ္လာ ရှိန်ဝါဝါနှင့် မှိန်ပြာရောင်စုံ တောင်ဟုန် ကြီးဝှန့် မြီးမည့်ဘဲ ထီးဝန့်သဏ္ဌာန် လုံးဖန်ညီညွတ်သော ငုံးမျိုးဌ်။

နိဗ္ဗတ္တံ=သန္ဓေစွဲယူ ဖြစ်တော်မူထသော။

မဟာသတ္တံ = ပါရမီရင့်ညောင်း ပုဋ်ဆုတောင်းသော လောင်းတော် ဘုန်းကြွယ် ငုံးသူငယ်ကို။

ယဿ=အကြင်သစ္စာအတုက် လှစ်ကာမြှက်အပ်သော ဝဋ္ဋသုတ်ပရိတ် တော်၏။

တေဇေန=တန်ခိုးရှိန်စော် အာနုဘော်ကြောင့်။

ဒါဝဂ္ဂိ = တောလုံးတောင်လုံး ဟုန်းဟုန်းမြည်ဟီး လောင်လာသော မီးကြီးသည်။

ပဝဇ္ဇယိ=ဂဠုန်တန်ခိုး နဂါးလျှိုးသို့ မတိုးနိုင်ခြင်း ဝေးရာက ကွင်းလေ၏။

ထေရဿ သာရိပုတ္တဿ = သာရိပုတ္တရာ မည်တော်သာသော မဟာ ပညာဝန် မထေရ်မှန်အား။

လောကနာထေန=လူသုံးပါးတို့၏ ကိုးစားမှီခိုရာ အစိန္တေယျ ဘုရား မြတ်စွာသည်။

ဘာသိတံ=ဧရှုတ်လှစ်ကြ။ ဟောကြားတော်မူအပ်သော။

ကပ္ပဋ္ဌာယိ=အန္တရကပ် ထပ်လျက်ထပ်လျက် ကြိမ်ကြိမ်ဆက်၍ ပျက်ပ စေခါ တက်နေဝါကဲ့သို့ တကမ္ဘာလုံး အမြဲတည်သော။

မဟာတေဇံ=တလောကလုံး ဟုန်းဟုန်းလောင်မြိုက် မီးဖြင့်တိုက်အံ့ဟု မျက်အိုက်မာန်မူ အကြံယူလည်း ဆံမြူခြမ်းရွေ့ လောင်းတော် မေ့သည့် မြွေအနီးပါး မီးမပွားနိုင်သဖြင့် ကြီးမားသော တန်ခိုးရှိသော။

www.dhammadownload.com



တံ ပရိတ္တံ=ထိုသစ္စာအတွက် လှုစ်ကင်္ဂြတ်အပ်သော ဝန္ဒသုတ် ပရိတ်တော်ကို။

ဟေ=သီတင်းသုံးဖက် သမဂ္ဂပေါင်း သူတော်ကောင်းတို့။

မယံ=ငါတို့သည်။

ဘဏာမ=သဒ္ဒါမပျက် အနက်မမှား မြတ်တရားကို ထပ်ဝှားအာရုံ ရွတ်ဖတ်သရဇ္ဈာယ်ကြပါကုန်စို့။

(မြင်းခြံမူ)

---

## ၇-ဓဇဂ္ဂသုတ် အမှန်းဂါထာ

ယဿာ' နုဿရဏေနာပိ၊ အန္တလိက္ခေပိ ပါဏိနော။
ပတိဋ္ဌ' မဓိဂစ္ဆန္တိ၊ ဘူမိယံ ဝိယ သဗ္ဗထာ။

သဗ္ဗုပဒ္ဒဝဇာလမှာ၊ ယက္ခစောရာဒိသမ္ဘဝါ။
ဂဏနာ နုစ မုတ္တာနံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

ယဿ=အကြင်ဇော်သုတ် ရွှေနှုတ်မြွက်ဖော် ပရိတ်တော်ကို။

အနုဿရဏေနာ=ဆင်ခြင်မိရုံ အောက်မေ့ရုံမျှဖြင့်။

အန္တလိက္ခေပိ=ကောင်းကင်ပြင်ထက် တည်ကုန်လျက်လည်း။

ပါဏိနော=ပရိတ်တော်ဂုဏ် အံ့မကုန်ကို ယုံကြည်လေးမြတ် အောက်မေ့ကတ်သော သတ္တဝါအပေါင်းတို့ဝာည်။

ဘူမိယံ ဝိယ=သိန်းနှစ်သောင်းစီ သခ်ျာညီသား သိလာပံသု အထုကြီး ခံသော မြေကဲ့သို့။

သဗ္ဗ=တည်ရာ မှိရာကို။

ထာ=ခပ်သိမ်းမျှားပြား ခြင်းရာအားဖြင့်။

www.dhammadownload.com



အဓိဂစ္ဆန္တိ=ရကြကုန်၏။

ယဿ=အကြင်ဓဇဂ်သုတ် ရွတ်ဖြူတ်မြွက်ဖော် ပရိတ်တော်၏။

အာနုဘာဝတော=တန်ခိုးရှိန်စော် အာနုဘော်ကြောင့်။

ယက္ခစောရာဒိသမ္ဘဝါ=ဘီလူးတမျိုး သူခိုးတမည် စသည်တို့ကြောင့်
ဖြစ်သော။

သမ္ဗုပဒ္ဒဝေဘာလမ္မာ=ကိုယ်၏ဆင်းရဲ စိတ်ဆင်းရဲအောင် ညှဉ်းဆဲနှိပ်စက်
အလုံးစုံ ဥပဒ္ဒဝါ တည်းဟူသော ကွန်ရက်မှ။

မုတ္တာနံ=လွတ်ကုန်သော။

သတ္တာနံ=သတ္တဝါတို့၏။

ဂဏနာ စ=အစဉ်အဆက် အရေအတွက်သည်လည်း။

န စ အတ္ထိ=မရှိ။

တံ ပရီတ္တံ=ထိုမဟပ္ပလမျိုး အကျိုးအာနိသံသ ကြီးမာလှသော ဓဇဂ္ဂသုတ်
ရွတ်ဖြူတ်မြွက်ဖော် ပရိတ်တော်ကို။

ဟေ=သီတင်းသုံးဖက် သမဂ္ဂပေါင်း သူကော်ကောင်းတို့။

မယံ=ငါတို့သည်။

ဘဏာမ=သဒ္ဒါမပျက် အနက်မမှား မြတ်တရားကို ထပ်ပွားအာရုံ ရွတ်ဖတ်
သရဇ္ဈာယ်ကြပါကုန်စို့။

(မြင်းခြံမူ)

www.dhammadownload.com



## ဂ-အာဠဝနာဋိယသုတ် အမ္ဘန်းဂါထာ

အပ္ပသဒ္ဓေဟိ နာထဿ၊ သာသနေ သာဓုသမ္မတေ။
အမနုဿေဟိ စဏ္ဍေဟိ၊ သဒါ ကိဗ္ဗိသကာရိဘိ။
ပရိသာနံ စတဿန္နံ၊ အဟိံသာယ စ ဂုတ္တိယာ။
ယံ ဒေသေသိ မဟာဝီရော၊ ပရိတ္တံ တံ ဘဏာမ ဟော။

နာထဿ=လူသုံးဦးတို့၏ ကိုးကွယ်ရာ အစိန္တေယျ ဘုရားမြတ်စွာ၏။

သာဓုသမ္မတေ= သူတော်ကောင်းတို့ နှစ်ထောင်းအင်ချိုက် ကောင်းသည်
ဟုသမုတ်ထိုက်သော။

သာသနေ=အုံဖွယ်ရှစ်ဖြာ ပြည့်စုံစွာသော သာသနာတော်မြတ်၌။

အပ္ပသဒ္ဓေဟိ=သဒ္ဓါသုဉ်းဖျင်း မုန်းတင်းမြည်ဆို မကြည်ညိုကုန်သော။

စဏ္ဍေဟိ=ဒေါသမျက်မာန် ခက်ထန်ကြမ်းကြုတ်ကုန်သော။

သဒါ=အခါခပ်သိမ်း။

ကိဗ္ဗိသကာရိဘိ=ဘူတပါးကို မသနားမှု မကောင်းပြုတတ်ကုန်သော။

အမနုဿေဟိ=တရားမနှူး အစားကြူးတတ်ကုန်သောဘီလူးမိစ္ဆာတို့သည်။

စတဿန္နံ=ရှင်စုံလူစုံ လေးပါးကုန်သော။

ပရိသာနံ=ထံတော်မှောက်သို့ လာရောက်ဆည်းကပ် ပရိသတ်တို့အား။

အဟိံသာယ စ=တရားနာခြင်း သွားလာကင်းအောင် ညှဉ်းဆဲနှိပ်စက်
မရှိစိမ့်သောငှာ လည်းကောင်း။

ဂုတ္တိယာ စ=ကရုဏာထုံ မေတ္တာခြုံ၍ လုံအောင်စောင့်ရှောက်စိမ့်သော
ငှာလည်းကောင်း။

www.dhammadownload.com



မဟာဝိရော=ယာမည့် ဘေးကို အဝေးကလျှင် မြင်ကောင်းမူပြီး ကြီးတင်ဆီးအုံ့ဟု ကြီးမြတ်သော လုံ့လရှိဖော်မူသော မြတ်စွာဘုရားသည်။

ယံ ပရိတ္တံ=အကြင်ဝေးနီး ဘေးဆီးရန်ကာ ပြုတတ်စွာသော အာဋာနာဋိယ ပရိတ်တော်ကို။

ဒေသေသိ=ကရုဏာရှေးရှု ဟောကြားတော်မူအပ်ပြီ။

တံ ပရိတ္တံ=ထိုအနန္တရာယ်ကင်း ထင်လင်းအာနုဘော် ပရိတ်တော်ကို။

ဟေ=သီတင်းသုံးဖက် သမဂ္ဂပေါင်း သူတော်ကောင်းတို့။

မယံ=ငါတို့သည်။

ဘဏာမ=သဒ္ဒါမပျက် အနက်မမှား မြတ်တရားကို ထပ်ပွားအာရုံ၌တ်ဖတ်သရဇ္ဈာယ်ကြပါကုန်စို့။

(မြင်းခြံမူ)

---

## ၉- အင်္ဂုလိမာလသုတ် အမှုန်းဂါထာ

ပရိတ္တံ ယံ ဘဏန္တာသာ၊ နိသိန္နဋ္ဌာနဓောဝနံ။
ဥဒကမ္ပိ ဝိနာသေတိ၊ သဗ္ဗမေဝ ပရိဿယံ။

သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ၊ ယဉ္စ သာဓေတိ တခ်ဏေ။
ထေရဿင်္ဂုလိမာလဿ၊ လောကနာထေန ဘာသိတံ။
ကပ္ပဋ္ဌာယိ မဟာတေဇံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

ယံ ပရိတ္တံ=အကြင်အင်္ဂုလိမာလသုတ် ဧရှိန္တိမ်မြို့ကဖော် ပရိတ်တော်ကို။

ဘဏန္တာသာ=သဒ္ဒါချောညက် အနက်ချောမှတ် ကရုဏာဇောဉာဏ်လျက် ဟောရွတ်တော်မူသော အရှင်အင်္ဂုလိမာလ၏။

နိသိန္နဋ္ဌာနဓောဝနံ=ဓမ္မာသနေ ပလ္လင်ပေါ်ဟူသော နေရာတော်အင်းပျဉ်ကို သုတ်သင် ဆေးကြောအပ်သော။

ဥ ဒကမ္ပိ=ရေမျှသည်လည်း။

www.dhammadownload.com



သဗ္ဗံ ပရိဿယံ = ဗာဟိရဇျွတ် နှိပ်စက်တတ်သော ခပ်သိမ်းသော ဘေးရန်ကို။

ဝိနာသေတိ ဝေ=ရောက်ရက်မမေ့ ပျောက်ပျက်စေသည်သာလျှင်တည်း။

ယံ ပရိတ္တံ=အကြင်အင်္ဂုလိမာလသုတ် ရွတ်မြွက်ဖော် ပရိတ်တော်သည်။

တဒ်ဇော=ထိုအရှင်အင်္ဂုလိမာလ ရွတ်တော်မူသော ဓမ္မဟု။

သောတ္ထိနာ=မပင်မပန်း ချမ်းချမ်းမြမြ သက်သာရာ ရသဖြင့်။

ဝုဋ္ဌာနဉ္စ=သားသန္ဓေဝန် ကရားရေသွန်သကဲ့သို့ လွန်စွာသန့်ရှင်း ဖွားမြင်မှု ထမြောက်ခြင်းကိုလည်း။

သာဓေတိ=ပြီးစေတတ်၏။

အင်္ဂုလိမာလဿ = အဟိ ံသက ငယ်နာမကို ရပြီးလျက်ပင် လက်ညှိုး ပန်ဆင်သည်ဟု အင်္ဂုလိမာလ ဘွဲ့မည်တော်သအပ်သော။

ထေရဿ=မထေရ်မြတ်အား။

လောကနာထေန = လူသုံးပါးတို့၏ ကိုးကွယ်ရာ အစိုန္တေယျ ဘုရား မြတ်စွာသည်။

ဘာသိတံ=ကရုဏာရှေး၍ ဟောကြားတော်မူအပ်သော။

ကပ္ပဋ္ဌာယိ ံ=နေ့ရက်လနှစ် သက္ကရာဇ်တင်ကာ သခ်္ဂါပေါင်းရုံး တွက်ရေ၍ မဆုံးနိုင်အောင် တကဲ့မ္ဘာလုံးတည်သော။

မဟာတေဇံ=ထင်ထင်ရှားရှား ကြီးမားသော တန်ခိုးအာနုဘော်ရှိသော။

တံ ပရိတ္တံ=ထိုအင်္ဂုလိမာလသုတ် ရွတ်မြွက်ဖော် ပရိတ်တော်ကို။

ဟေ=သီတင်းသုံးဖက် သမဂ္ဂပေါင်း သူတော်ကောင်းတို့။

မယံ=ငါတို့သည်။

ဘဏာမ=သဒ္ဒါမပျက် အနက်မမှား မြတ်တရားကို ထပ်ပွားအာရုံ ရွတ်ဖတ် သရဇ္ဈာယ်ကြပါကုန်စို့။

(မြင်းခြံမူ)

www.dhammadownload.com



## ၁၀-ဗောဇ္ဈင်္သုတ် အမ္ဌန်းဂါထာ

သံသာရေ သံသရန္တောနံ၊ သဗ္ဗဒုက္ခဝိနာသနေ။
သတ္တ ဓမ္မေ စ ဗောဇ္ဈင်္ဂေ၊ မာရသေနာပမဒ္ဒနေ။
ဗုဇ္ဈိတ္ဝာ ယေ စိမေ သတ္တာ၊ တိဘဝါ မုတ္တကဉ္စနာ။
အဇာတိ'မဇရာ'ဗျာဓိံ၊ အမတံ နိဗ္ဗယံ ဂတာ။

ဧဝမာဒိဂုဏူပေတံ၊ အနေကဂုဏသင်္ဂဟံ။
သြသဓဉ္စ ဣမံ မန္တံ၊ ဗောဇ္ဈင်္ဂဉ္စ ဘဏာမ ဟော။

သံသာရေ=ခန္ဓာ အာယတန ဓာတ်တို့၏ မပြတ်သစ်လင်းလျှက် ဖြစ်ခြင်းဟု ဆိုအပ်သော သံသရာဌ်။

သံသရန္တောနံ=အစမထင် ဆုံးမမြင်အောင် အစဉ်သဖြင့် ချမ်းသာခဉ်ကို မသင့်စေဘဲ တည့်ဉီးတည်းညဉ်းဆဲ၍ ဆင်းရဲမျိုးစုံ အဖုံဖုံနှင့် ကြုံရတွေ့ရကုန်သော သတ္တဝါတို့၏။

သဗ္ဗဒုက္ခဝိနာသနေ=ဇာတိဇရာ ဗျာဓိမရဏ စသည်အလုံးစုံ ဘေးဆင်းရဲ အပေါင်းတို့ကို ပျောက်စေတတ်ကုန်သော။

မာရသေနာပမဒ္ဒနေ = မာရ်စစ်သည်ကို တမည်မကျန် တရုံလျှဉ်းစပ် မချဉ်းကပ်ရအောင် နှင်းသတ်ဖျက်ဆီးတော်မူတတ်ကုန်သော။

သတ္တ=ခုနစ်ပါးကုန်သော။

ဓမ္မေ ယေ စိမေ ဗောဇ္ဈင်္ဂေ ဓမ္မေ = အကြင်အရိယမဂ်င် ရှင်ကြောင်းအင် ဟူသော သံဗောဇ္ဈင်စာရုံးတို့ကို။

ဗုဇ္ဈိတ္ဝာ=ပြည့်စုံလောက်ငဏ သိကြကုန်သောကြောင့်။

ဥဇ္ဇာမာ=မြတ်ကုန်သော။

သတ္တာ=သတ္တဝါတို့သည်။

တိဘဝါ=ကာမရူပ အရူပဟူသော ဘဝသုံးပါးမှ။

www.dhammadownload.com



မုတ္တကာ=စင်းလုံးကျွတ်အောင် ကင်းလွှတ်တော်မူကြကုန်ရကား။

အဇာတိ = ဘဝသုံးရပ် အဆုံးသတ်၍ ထပ်မျှတဖန် စပ်ရပြန်သော သန္ဓေ ကင်းကုန် ဇာတိလည်းမြဲ့ထသော့။

အဇရံ=ရုပ်နာမ်ဟောင်းကို ပြောင်ခဲ့ပြီးလျှင် နာမ်သစ်ထွင်သ အသန်တ ဓမ္မအလို မယိုမယွင်း နဂိုရင်းပင် အိုခြင်းလည်း မရှိထသော။

အဗျာဓိ = ကိုးဆယ်နှင့်ခြောက် မရောက်ဘယ်ခါ သာယာစွာဘိ နာခြင်းလည်း မရှိထသော။

နိဿယံ=အနည်းငယ်မျှ အန္တရာယ်မြေးငြိ ဘေးဥပဒ်လည်း မရှိထသော။

အမတံ = အသန်တခဝတ် ပရမတ်နုထွတ် တုလွတ်ပရမေ တည်စံနေ သောကြောင့် စုတေခြင်းမရှိသော ဝိသေသခေမံ တိရောက နေရဗာန်သို့။

ဂတာ=ရောက်တော်မူကြလေကုန်၏။

ဝေမာဒိဂုဏ္ဂုပေတံ= ကျိသို့စသော အနန္တဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော။

အနေကဂုဏသင်္ဃံ = များလှစွာတောင်း ဂုဏ်တော်ပေါင်းတို့ဖြင့် ကောင်းစွာယူအပ် ရေတွက်အပ်သော။

သြသဓ္ဓ. = နုတ်တို့ဖော်သား မဟော်သဓ သြဇဆီနှစ် နတ်ဆေး သဖွယ်လည်း ဖြစ်ထသော။

မန္တဓ္ဓ= ပုဒ်အက္ခရာ ဂါထာစစ်မြစ် ကျစ်လျစ်ဓိပ္ပါယ် နတ်မန္တန်ကြီး သဖွယ်လည်း ဖြစ်ထသော။

ဣမံ ဗောဇ္ဈင်္ဂံ = ဗောဇ္ဈင်သုတ် ဧရှန္တတ်မြက်ဖော် ကျိပရိတ်တော်ကို။

ဟေ= သီတင်းသုံးဖက် သမဂ္ဂပေါင်း သူတော်ကောင်းတို့။

မယံ= ငါတို့သည်။

ဘဏာမ= သဒ္ဒါမပျက် အနက်မမှား မြတ်တရားကို ထပ်ပွားအာရုံ ရွတ်ဖတ်သရဇ္ဈာယ်ကြပါကုန်စို့။

(မြင်းခြံမူ)

www.dhammadownload.com



## ၁၁-ပုပ္ဖကျသုတ် အမ္ဌန်းဂါထာ

ပုပ္ဖကျံ ယံ ဘဏံ သန္တေ၁၊ ပလ္လင်္ကေ် ဝိယ သုဂ္ဂတော။
ဧတိ ဝိဒေဟသကေ ဝေရေ၊ ခိပ်ံဝ တံ ဘဏာမ ဟော။

ယံ ပုပ္ဖကျံ= အကြင်ပုပ္ဖကျ-ဟု နာမည်ခေါ်ဝေါ် ပရိတ်တော်ကို။

ဘဏံ-ဘဏန္တေ၁=မမေ့မလပ် နေ့မပြတ်အောင် ရွတ်ဖတ်လုံ့လ သရဇ္ဈာယ် ရသော။

သန္တေ၁= ဒေါသမာန်ငြိမ်း တရားကိန်းသည့် မတိမ်းမစောင်း သူတော် ကောင်းသည်။

ပလ္လင်္ကေ်= သန္တာခက်နေ မြရွက်ဝေသည့် ဗုဒ္ဓဟောရုက္ခ ပလ္လင်မ၌။

သုဂ္ဂတော= မိစ္ဆာဇီဝနေးထောင့် မလှမ်းမျောင့်ဘဲ လမ်းဖြောင့်လိုက်စား ရှင်တော်ဘုရားသည်။

ဝိဟေသကေ= ဘဝဘုံတွင်း ကျစုန်ဆင်းဖောင် နှိမ်နင်းဆဲစပ် ညှဉ်းဆဲ တတ်ကုန်သော။

ဝေရေ= ဒေဝပုတ္တ ကိလေသနှင့် ခန္ဓမစ္စု ခုခံမှုဖြင့် ညစ်ကျုံမာန်ဆိုး ရန်သူမျိုးတို့ကို။

ဧတိ ဝိယ= အဖော်မမှီး ကိုယ်တော်တည်းဖြင့် ဖျက်ဆီးသုတ်သင် အငုတ်စင်အောင် နုတ်ထုတ်ခုတ်တိ အောင်မြင်တော်မူနိုင်ဘိ သကဲ့သို့။

ဧဝံ တထာ= ဤနည်းထားယူ အလားတူသာလျှင်။

ဝိဟေသကေ ဝေရေ = ရန်သူငါးမျိုး နိမိတ်ဆိုးနှင့် ကြိုဟ်ဆိုးစန်းလက် ကြမ်းသဘက်ယုတ် စုန်းဘုတ်ကဝေ တစ္ဆေမှင်စာ မာတရာ အချုပ် ရုပ်မြုပ်နှံထား ချိုးငှက်နားနှင့် ဖုတ်ပျားတောင်ပို စုန်းညှို့နတ်ဖျက် အိပ်မက်အသံ မကောင်းသမျှ ဘေးဒဏ် ရန်မာန်တို့ကို။

www.dhammadownload.com



ခိပ္ပံ ဇေ= ရှည်ကြာမလင့် မဖင့်မနှေးဘဲသာလျှင်။

ဇေတိ=အဖေဘ်မမှီး တကိုယ်တည်းဖြင့် အပြီးသိမ်းကိုင် အောင်မြင်နိုင်၏။

ဇေမာဒိဂုဏ္ဏပေတံ= သို့လောက်ပြီးစီး အကျိုးကြီး၍ အံ့ချီးမကုန်
ကျေးဇူးဂုဏ်နှင့် လောက်လုံကြွယ်ဝ ပြည့်စုံလှသော။

တံ ပရိတ္တံ=ပုဗ္ဗဏှ-ဟု နာမန္ခံကျေဉ် ထိုပရိတ်တော်ကို။

ဟေ သပ္ပုရိသာ= မြတ်ရာရှာညောင်း အို-သူတော်ကောင်းတို့။

မယံ=ငါတို့သည်။

ဘဏာမ= ဓမ္မဂုဏ်စုမ်း အားရုံတမ်း၍ ရွှင်လန်းကြည်သာ ရွတ်ဖတ်ကြ
ပါကုန်စို့။

(နှံကြိုးမူ)

ပရိတ်ကြီးအမှုန်းဂါထာမျှား ပြီး၏။

---

## နတ်မျှားကို ဖိတ်ကြွးရန်

သမန္တာ စက္ကဝါဠေသု၊ အတြာ' ဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ။

သမန္တာ= မြေမဟီချာ ရေသီတာနှင့် ဒီပါလေးကျွန်း မြင်းမိုရ်ယုန်းသား
စက်ဝန်းအသွင် ဤစကြဝဠာ၏ ထက်ဝန်းကျင်မှ။

စက္ကဝါဠေသု= ယူဇနာပေါင်း ရှစ်သောင်းနှစ်ထောင် အမြင့်ဆောင်သော
တောင်စကြဝဠာ ကာရံကျောက်စိုက် ဝန်းရံပိုက်သော
တိုက်ဇာတိပေါင်း တစ်သောင်းသော လောကဓာတ်တို့၌။

ဝသန္တာ= ဒေဝဒိဂုဏ် ဒေါင်စုံညီမျှ နေထိုင်ကြကုန်သော။

ဒေဝတာ= အာဏာလွှမ်းမိုး တန်ခိုးကြီးမြတ် အနတ်နတ်တို့သည်။

www.dhammadownload.com



**အတြ**=ပရိတ်တော်မြတ် ရွတ်ဖတ်သရဇ္ဈာယ်ရာ ဤနေရာသို့။

**အာဂစ္ဆန္တု**=အားလုံးအားလုံး ပေါင်းရုံးအများ သဒ္ဓါပွားလျက် တရား တော်နာ လာရောက်ကြပါကုန်လော့။

**မုနိရာဇဿ**= အရဟန္တာ သာဝကနှင့် ပစ္စေကမုနိ အစရှိသော မုနိတကာ တို့၏ ထိပ်ပန်း, ရဟန်းတကာတို့၏ သရဖူ, လူတကာတို့၏ သင်းကျစ်, နတ်တကာတို့၏ အဆင်တန်ဆာ, ဗြဟ္မာတကာ တို့၏ ဦးသျှောင် ငါးမာရ်အောင်သော မင်းခေါင်မင်းဖျား မင်းတရားကြီးဘုရား၏။

**သဂ္ဂမောက္ခဒံ**=နတ်ဝေဇယန် ဥကဒက်နှင့် နေရဗာန်ရွှေဘုံ ဇေယျခုံသို့ လှုံစေလသော အကျိုးကို ပေးကတ်သော။

**သဒ္ဓမ္မံ** = သံဝိဇ္ဇမာန သဒ္ဓမ္မနှင့် ပသဒ္ဓဂုဏ် အင်စုံညီညွတ် တုလွတ် အကျော် ပရိတ်ဟုဆိုအပ်သော တရားတော်ကို။

**သုဏန္တု** =မိစ္ဆာဝိတက် မငြိယှက်ဘဲ ပြည့်နှက်အာရုံ မှတ်သားနာခံ ကြပါကုန်လော့။

(မြင်းခြံ ၉-ဆောင်မူ၊ မဟာပရိတ်ကြီး နိဿယသင်္ခမ္မ)

---

## နတ်များကို ပြန်ပို့ရန်

ဇေတ္တာဝတာ စ အမ္မေတိ၊ သမ္ဘဲတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါ'နုမောဒန္တု၊ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ။

**ဇေတ္တာဝတာ** = ဤမျှအတိုင်းအရှည်ရှိသော ပါဠိမပျက် အနက်မချွတ် နှုတ်သံလွှတ်၍ ရွတ်ဖတ်အပ်သော အစဉ်ဖြင့်။

**အမ္မေဟိ** = ပရိတ်တရား ရွတ်ပွားအားထုတ် အကျွန်ုပ်တို့သည်။

**သမ္ဘဲတံ** = ပါရမီပြည့်ကြွင်း သဒ္ဓါလောင်း၍ ကောင်းစွာဖြည့်ကျင့် ဆည်းပူးအပ်သော။

www.dhammadownload.com



ပုညသမ္ပဒံ=ကိလေသာကြေးညှော်ကို ဆေးလျှော်သန့်ရှင်း ဖြူစင်သော ကောင်းမှု၏ ပြည့်စုံခြင်းကို။

သဗ္ဗေ ဒေဝါ=ခပ်သိမ်းကုန်သော နတ်တို့သည်။

သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ=လောကုတ် လောကီ နှစ်လိမ့်ဆုံးကုန် အလုံးစုံသော ဂုဏ်သိန်တန်ခိုး စည်းစိမ်ချမ်းသာ၏ ပြီးစီးခြင်း အကျိုးငှါ။

အနုမောဒန္တု=ပါရမီပြည့်ကြောင်း သူတော်ကောင်းတို့ နှစ်ထောင်း အားရမ်း ပြုနိုင်စွမ်းကြသည်ဟု ဝမ်းမြောက် နှစ်သက်ကြပါစေကုန်သတည်း။

ဒါနံ ဒဒန္တု သဒ္ဓါယ၊ သိလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာ'ဂတာ။

သဒ္ဓါယ = ရတနာသုံးတန် ကံ, ကံ၏ အကျိုးကို မြတ်နိုးယုံကြည် တတ်သော သဒ္ဓါတရားဖြင့်။

ဒါနံ = မိမိနှင့်ထိုက်တန်သော လှူဒါန်းရန်အစုစု ဆွမ်းစသော ဒါနဝတ္ထုကို။

ဒဒန္တု = နှစ်သက်ရှင်ပျ လှူဒါန်းကြစေကုန်သတည်း။

သဗ္ဗဒါ = နေ့ည၌မခြွာ အခါခပ်သိမ်း။

သီလံ = ကောင်းကျင့် ကောင်းကြံ မြဲမြံစွာ ကျင့်သုံးအပ်သော သီလကို။

ရက္ခန္တု = သီလကျေးဇူး ဂုဏ်အထူး၌ နူးညံ့တ်အာရုံ စောင့်ရှောက် ကြစေကုန်သတည်း။

ဘာဝနာဘိရတာ=သမထ ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်း၌ ရွှင်လန်း မွေ့လျော်ကြကုန်သည်။

www.dhammadownload.com



ဟောန္တု =ဖြစ်စေကုန်သတည်း။

အာဂတာ =ပရိတ်တော်ကို နာခံလို၍ ထိုထိုရပ်မှ လာရောက်ကြကုန်သော။

ဒေဝတာ=သမ္မာဝါဒီ ပါရမီမဲ့လျော် နတ်သူတော်တို့သည်။

ဂစ္ဆန္တု =ကိုယ်စီကိုယ်စီ ထိုက္ခဏရပ်ဘောင် ခေတ်တန်ဆောင်နှင့် လျှပ်ရောင်လှုံသန်း ဗိမာန်နန်းသို့ စံမြန်းပြန်သွားကြပါကုန်လော့။

(မြင်းခြံမူ)

---

www.dhammadownload.com

# ဂ-ရှင်မဟာသီလဝံသ ဆုံးမစာ

၁။ တိုလောကဟု၊ မရန္ဒိုင်းတူ၊ ဘက်မပြူသည်၊ သုံးဆူရုကာနာ၊ မာတာပိတ၊ ဆရာစသား၊ အရှင်များကို၊ ပြစ်မှားမဆို၊ ရိုသေကြစေ၊ သာမဏေက၊ သူငယ်စသား၊ တပည့်များတို့၊ မှတ်သားကြပ်ကြပ်၊ မပြတ်သို့ပင်၊ ဆုံးမသင်သည်၊ ဝမ်းတွင်ကြပ်ကြပ် စဲ၍မှတ်။

၂။ ကယောက်ကယက်၊ ကျက်ကျက်ပျောက်ပျောက်၊စားသောက်အိပ်နေ၊ မရှိစေနှင့်၊ သေသေသပ်သပ်၊ စိတ်ယူစဲ၍ အမြဲမှတ်။

၃။ ဆရာသမား၊ မိဘအားကို၊ နှိုးကြားမပြတ်၊ မျက်သစ်ဒန်ပူ၊ လုံ့လထူသည်၊ ယူ၍မပြတ် နေ့ဝိုင်းကပ်။

၄။ ဘုရားခြေရင်း၊ ကျောင်းတလင်းတွင်၊ မြက်သစ်ပင်ကို၊ မြင်လျှင်မဖယ်၊ မတင့်တယ်သော်၊ လှည်းဖယ်မပြတ် တံမြက်စတ်။

၅။ သုံးဆောင်ရေနှင့်၊ သောက်ရေဒုံးတွင်၊ ရေနည်းမြင်သော်၊ ခေါ်ငင်ညီညွတ် သွားချခပ်။

[illegible]းလည်း၊ ကစားရှိသာ မနေနှင့်၊ က[illegible]ရှိသာ၊ [illegible]၊ သဲဒဏ် ရေဒဏ်၊ ပေးရမှန်သည်၊ ခံမည်သာကြိုး[illegible]သာ မင်းတို့ကျော်။

၇။ နေ့ညှနံနက်၊ ကျိန်းစက်မေ့ထု၊ သင်ဖြူးဖျာကို၊ ခင်းလာယူငြား ခေါက်သင့်းထား။

၈။ သင်္ကန်းသပိတ်၊ ပရိက္ခရာ၊ ကြွသွားခါသော်၊ ယူဆောသည်များ ပြင်ချိထား။

၉။ ခရီးပန်းပင်၊ လာသည်မြင်သော်၊ အလျင်ယူလှမ်း၊ ၁တ်သင်္ကန်းကို၊ ချွေးစွန်းမူကား၊ နေပူဖြန်းလှား သွင်းခေါက်ထား။

www.dhammadownload.com



၁၀။ ရေချမ်းကပ်လျက်၊ ခြေလက်ဆုပ်နယ်၊ မှုကြီးငယ်ကို၊ လွဲဖယ်မသွား၊ ယပ်လေခတ်၍ နေထိုင်း။

၁၁။ ကိုယ်လက်ဖိန်း၍၊ ကျိန်းစက်ယောခါ၊ တစာစာနှင့်၊ ပြာပြာလောင်လောင်၊ တဟောင်ဟောင်သည်၊ ခေါင်ခေါင်ကြမ်းကို မနှင်းနှင့်။

၁၂။ ရိုင်းစိုင်းနိုးကပ်၊ မကိုင်းညွတ်ဘဲ၊ မတ်တတ်တိုး၍ မသွားနှင့်။

၁၃။ ဧးဖွယ်သောက်ရာ၊ ကပ်သောခါလည်း၊ ချဉ်းလာနိုးစေ၊ ခြေစုံနေ၍၊ ရှိသေကိုင်းညွတ် ချဉ်း၍ကပ်။

၁၄။ ဘုဉ်းပေး[illegible]း၊ ရဟန်းတို့အား၊ စားမည်လားဟု၊ စကားသည်နှယ် မမေးနှင့်။

၁၅။ မိဉီးဘဉီး၊ ဆရာဉီးကို၊ ခူး၍အလျင် မစားနှင့်။

၁၆။ မိဘဆရာ၊ ထားသည့်ဟာကို၊ မျက်နှာကွယ်လျင်၊ မယူငင်နှင့်၊ လိုချင်သောအား၊စားချင်ငြားက၊ဝပ်တွားခပာ တောင်းပါကြ။

၁၇။ သပိတ်ဆွမ်းခွက်၊ ဆောင်ရွက်မပြတ်၊ ဆွမ်းဟင်းဗျပ်ကို၊ ပွတ်တုံညစ်ကြေး၊ မြူမွေးမတင် စင်အောင်ဆေး။

၁၈။ ကျောင်းတွင်အိမ်တွင်၊ မသန့်စင်၍၊ မြင်သည်ရှိသော်၊ ယူငင်သိမ်းဆည်း၊ အထည်းသိုငြား ကောင်းကောင်းထား။

၁၉။ အမှုနည်းမျှား၊ ခန့်ထားရှိသော်၊ တခွန်းခေါ်က၊ ကြွားသော် ခဏ ချဉ်းကပ်ကြ။

၂၀။ ကိစ္စရှိငြား၊ သွားသည်မျှား၌၊ လျင်လျှားခဏ လာပါကြ။

၂၁။ ဖျားနာကျောင်းတွင်၊ ရှိခဲ့လျှင်သော်၊ ကြင်ကြင်နာနာ၊ ညီညာဖြဖြ၊ ဆေးဝါးပေး၍ လုပ်ကျွေးကြ။

www.dhammadownload.com



၂၂။ သီတင်းသုံးချင်း၊ ချစ်ဟုန်ပြင်းသည်၊ ပဉ္စင်းနှင့်ရှင်၊ ညီတွင်အစ်ကို၊ လွန်ကြည်ညိုသည်၊ ငါ့ကိုအဘ မှတ်ပါကြ။

၂၃။ အသက်ကြီးငယ်၊ ဝါကြီးငယ်ကို၊ လွဲဖယ်မသွေ နှိမ်ချလေ။

၂၄။ ရိုင်သတုပ်ကွဲ၊ ဆည်းကပ်ကြလျက်၊ နေ့ညကြည်ဖြူ၊ နည်းခံယူ၍၊ ကြီးသူခေါ်ဂ၊ ကြွကြွလည်းလာ၊ ဗျာဗျာကျွန်ုပ်၊ ပုဆစ်တုပ်လျက်၊ ဖုံးအုပ်ခြေလက်၊ လွန်ငြိမ်သက်သည်၊ ကျောင်းထွက်လူပေ ဆိုရစေ။

၂၅။ တရားပေစာ၊ ဟောသောခါလည်း၊ နှုတ်မှာမစောင့်၊ တထောင့်ဝကား၊ တဟားဟားသည်၊ ရိုင်းကားမိုက်မဲ မပြောနှင့်။

၂၆။ လှူဖွယ်ဒါန်းဖွယ်၊ ကြီးငယ်ကည်တည်၊ ရောက်လာသည်ကို၊ လှယ်ကာခဏ၊ သူ့ဝက်ယောက်ကို၊ မပျောက်နေ့ည ပေးလိုက်ကြ။

၂၇။ ကွမ်း, ဆေး, မီး, လျှင်၊ ဧည့်သည်မြင်သော်၊ အလျင်ခဏတည်ပါကြ။ (ဘုန်းကြီးရဟန်းပယောဂ မပါစေရ။)

၂၈။ မင်းသွားငါသွား၊ ငြင်းခုံပွားအောင်၊ စကားဘောက်ဆတ်မဆိုအပ်။

၂၉။ မပြတ်မခြာ၊ လူလည်းလာ၍၊ ငါ၏ထံပါး၊ စေစားရ၍ နေပါကြ။

၃၀။ ရဟန်းသံဃာ၊ တည်းခိုလာသော်၊ သင့်ရာအထူး၊ ဖျာသင်ဖြူးနှင့်၊ လာ၍ဖြဖြ ခင်းကုန်ကြ။

၃၁။ ပရိသတ်လည်း၊ မပြတ်ကျောင်းတွင်၊ ရှိလျှင်တထွေ၊ တပည့်တော့ကို၊ တပြည်တရွာ၊ သွားသောခါလည်း၊ ညီညာလျောက်ပတ်၊ လက်ကတော့ကို၊ ကောင်းကောင်းထိုးကုန်လတ်။

www.dhammadownload.com



၂၂။ မလျှပ်မပေါ်၊ ခေါ်လျှင်လည်းရ၊ ထက်ကြွေမွေ့သိမ်၊ ဣန္ဒြေနှင့်၊ ငြိမ်ငြိမ်နေဘိ၊ မျက်စိမငြိမ်း၊ နားမငြိမ်းသည့်၊ ဟိန်းဟဲ့ မဆိုရ စေနှင့်။

၂၃။ မျက်မှောက်ကောင်းငြား၊ ပြင်တပါးမှာ တခြားမဂ် ကြွလေနှင့်။

၂၄။ မတင့်တယ်ငြား၊ ရန်စကားဖြင့်၊ ထွေပြားမပြော၊ တစ်စိစိနှင့်၊ တဟီဟီသည်၊ ကျီစား၍လည်း မနေနှင့်။

၂၅။ ဟီနာနတ္ထ၊ မဆဲကြနှင့်၊ ကြီးကဲယဉ်သည်၊ နင်ဟယ်ကိုမျှ၊ မဆိုကြနှင့်၊ ရန်စချုတ်ချည်၊ ရှောင်လွဲဖည်၍၊ သတ်မည်ကိုထား၊ လက်ဖျားနှင့်မျှ၊ မထိကြနှင့်၊ ချစ်ခင်ခိုသော၊ အချင်းချင်းကို၊ သင့်တင့်စေဟု၊ မအော်ဖရင်း၊ တဝမ်းတွင်းသို့၊ သားရင်းတူကွ မှတ်ကုန်ကြ။

၂၆။ ယဇ်ကံန်းအဝတ်၊ ချွတ်ထားပစ်လေ၊ မရှိသေ၍၊ ကလေကဝ၊ စုတ်ရှလတ်လည်း၊ သူ့အဝတ်ကို မဝတ်နှင့်။

၂၇။ တစ်ယောက်ကိစ္စ၊ ကိုင်တွယ်ကြသော်၊ ခြေကြွေလက်သာ၊ မနေရာသည်၊ တတ်ပါသမျှ ညီညာကြ။

၂၈။ ဆရာ့နေ့ခင်း၊ အင်းပျဉ်ညောင်စောင်း၊ လည်းလျောင်းဘုံလျှို၊ ထိုထိုထက်မှာ၊ မနေရာသည်၊ မြင့်ရာမသင့် မထိုင်နှင့်။

၂၉။ ရွှေကစူးစူး၊ ဒူးလက်ကိုထောင်၊ ထိုင်ဆောင့်ကြောင်နှင့်၊ ပေါင်ထောင်လက်ကား၊ အပါးကြပ်ကြပ် မနေအပ်။

၃၀။ ရှင်နှင့်သူငယ်၊ သောက်ရေအိုးကို တခြားတယ်၊ သုံးဖွယ်မသင့်၊ ကျောင်းဦးရေကို မသောက်နှင့်။

၃၁။ ကြီးယားငယ်သူ၊ ရှင်လူကစ၊ ဟူသမျှလည်း၊ မိဘ, ဆရာ၊ ဘယ်မှာမဟုတ်၊ ယုတ်မြတ်မသိ၊ ကျိုးမရှိဘူး၊ မိမိကိုသာ၊

www.dhammadownload.com



ဇာတာမနာလျက်၊ ဆထက်လွန်စွာ၊ တို့သူငါကို၊ မဟိမည်လား၊ ဘယ်ခန့်ငြားဟု၊ တုတုပပ၊ ပြစ်မှားကြလျှင်၊ မိဒဏ်, ဖဒဏ်, ဆရာ့ဒဏ်ကို၊ ခံရလိမ့်မည် မယွင်းခွ။

၄၂။ ရဟန်းသံဃာ၊ အရိယာကို၊ လူသာမဏေတို့၊ ခွါခွါငဲ့ငဲ့၊ ကဲ့ရဲ့ကျီစား၊ လှည့်စားမပူ၊ တုဖက်မဆို၊ ရိုသေကြစေ၊ မြွေပွေးမြွေဟောက်၊ မထိစောက်သို့ ရှံကြောက်စေ။

၄၃။ မွေတောင်ခတ်တော်၊ ရုပ်တုတော်ကို၊ ဖူးမြော်မပြတ်၊ ရွှေကျောင်းဦးမှာ၊ ဖြည့်ကြဝတ်တက်၊ နံနက်မိုးသောက်၊ ချိန်ခါရောက်သော်၊ ဝတ်လျောက်မပြက်၊ လက်အုပ်တင်ထား၊ ဘုရား, ကရား, သံဃာ၊ ရတနာသုံးပါး၊ ဂုဏ်တော်များကို၊ ကြိုးစားလုံ့လဲ ဆောက်တည်ကြ။

၄၄။ ငါကားသည်စာ၊ သည်ဂါထာကို၊ မြဲစွာကြပ်မတ်၊ ဆရာအပ်သော်၊ တတ်လှစေချင်၊ ငါ့ကိုသင်ဟု၊ ထိပ်ဘင်တည်ရွက်၊ လျင်လျင်ရအောင် ကြိုးစားကျက်။

၄၅။ အချိန်တန်၍၊ စာအံဆိုလျှင်၊ မရွှင်မျက်နှာ၊မသာမချို၊ ထိုထို အကြံ၊ကြိုးစွဖန်၍၊ မအံတခါ၊ အံတခါနှင့်၊ မျက်နှာတပါး၊ စာတခြားလည်း၊ စကားပြောပေး၊ တဇသာသောသည်၊ ရယ်မောချလည်း မနေနှင့်။

၄၆။ မပြတ်အသံ၊ တည်ညံသည်၊ စာအံစဖတ်၊ ကြပ်ကြပ်မြဲမြဲ၊ သည်လည်းညသတ်၊ ပြတ်ပြတ်သားသား၊စကားဆိုထွေ ပီလှစေ။

၄၇။ သင်ပုန်းထန်းရွက်၊ ပေထက်စီကား၊ ရေးသောခါလည်း၊ အက္ခရာကို၊ယေချာလှစေ၊ စာလုံးကိုလည်း လှတတ်စေ။

၄၈။ မပျင်းမရိ၊ လုံ့လရှိ၍၊ သတိအထဲ၊ အရိုးစွဲအောင်၊ တဖောင်ဖောင်လျှင်၊ သန်းခေါင်ညဉ့်နက်၊ သင်ကျက်သမျှ၊စစကုန်ပေ၊ နွေကိုအလွတ် ရွတ်နိုင်စေ။

www.dhammadownload.com



၄၉။ ရဟန်းမောင်ရှင်၊ သူငယ်သွင်တို့၊ မသင်မရွတ်၊ မဖတ်စာပေ၊ မရေမရာ၊ နေ့သာကုန်ငြား၊ ရက်သာမျှားအောင်၊ စကားဖောင်ဖွဲ့၊ တုံ့လှုံ့ကျယ်ပွား၊ စကားပြောဟော၊ တသောသော သည်း၊ ရင်္ကာမောရှိလည်း မနေနှင့်။

၅၀။ ဇယောက်တခြား၊ စကားမဆို၊ ကိုယ်စီကိုယ်ငြ၊သင်ပုန်းပေမှာ၊ လက်မကွာအောင် စာရေးကြ။

၅၁။ နား ပန်း ဆံနှင့်၊ နောက်ဆံလည်းထား၊ဖြူထွားခေါင်းပေါင်း၊ နားဆွောင်းဝတ်ကာ၊ ပန်းပန်ကာနှင့်၊ သိကာမြူးရှင်၊ ရှေ့ဆွေ့ဆင်ရှေ့၊ သင်တို့သည့်နှယ် မကျင့်နှင့်။

၅၂။ သက်နံမှာလဲ၊ ပိန္နဲအပြင်၊ လှုစေခုငှ်၍၊ လွှင့်လွှင့်ပပ၊ပြုကြမသင့်၊ နန္ဒင်းခိုးနှင့်၊ တိန်းညက်ဆိုးကို မဝတ်နှင့်။

၅၃။ ဒသသီဆယ်ပါး၊ ဘုရားမုခပါဠ်၊ ရှင့်ကျင့်ဝတ်ကို၊ စောင့်ကြပ်မြဲထွ ညီလှုစေ။

၅၄။ ရွေးဆရာမှန်၊ ရှင်သီလဝံသ၊ ထေရ်ဂုဏာ၏၊ နှုံမျှအကျော်၊ မိန့်တော်နှုတ်ထွက်၊ ဆုံးမချက်ကို၊ သက်သက်သာသာ၊ ပါဠိဂါထာနှင့်၊ လက်ဝမယုတ်၊ ကျမ်းရိုးထုတ်ကို၊ စိတ်ဖြင့်မှတ်မည်၊ ခက်လှသည်ကြောင့်၊ရမည်မှန်စွာ၊ လွယ်ပါစေကြောင်း၊စိတ်ဖြင့်ကြံ၍၊ ဉာဏ်ဖြင့်လောင်းသည်၊ ကောင်းကောင်းကျက်မှတ်ကြလေကုန်။

၅၅။ ဗဟုသုတ၊ တတ်ပချင်လျှင်၊ သင်သာခိုက်ကို သင်လိုက်ကြ။

၅၆။ သို့စင်တစေး၊ မနေရသာ၊ ကျောင်းကခွာသော်၊ နောင်ခါနောင်တ ရှိတတ်စွ။

၅၇။ အတတ်ပညာ၊ တတ်မှသာလျှင်၊ ကျောင်းမှာ နေကျိုးနပ်မည်ပ။

www.dhammadownload.com



၅၈။ ဆုံးမစကား၊ ဆိုသည်မျှားကို၊ မှတ်သားဝမ်းထဲ၊ စိတ်မစွဲလျှင်၊ သဲဒဏ်ရေဒဏ်၊ ပေးရမှန်သည်၊ ခံမည်သာကြံလော မင်းတို့ ကျော။

၅၉။ ယခုအခါ၊ သာသနာတွင်၊ လူဖြစ်မည်မျှ၊ ရခဲလှ၏၊ လူထက် သာမကော၊ဖြစ်ပေမြတ်ခြင်း၊ ပဉ္စင်းသံဃာ၊ ဖြစ်ပြန်ပါမူ၊ ဆိုရာ မရှိ၊မြေဝယ်ခေါင်ထိပဲ၊ သီကြပါစေ၊သည့်ထက်သည်သာ၊ မြတ်ရာ ကိုသာ လှမ်းပါလေ။

၆၀။ ဌင်သိလံဝံသ၊ ထေရ်ဂုဏ်၏၊ ဆုံးမစကား၊ မနာကြားက၊ လားလိမ့် ပါယ်ရပ်ရှာ။

၆၁။ ပစ္စုပ္ပန်၊ ခုဘဝ၊ နေရကိုယ်ထီးသာ။

၆၂။ ပညာမရှ၊ လျှပ်ပေါလှ၊ သူမျှဉ့်နောက်လိုက်သာ။

၆၃။ နှဉ့်လိုက်ဝန်ထမ်း၊ လူညှစ်နှမ်း၊ ပမ်းမြေပါ။

၆၄။ မျက်နှာညှိုးပါး၊ လှုံ့ဆွဲသား၊ အများစေစားရာ။

၆၅။ စေစားလေလေ၊ ပိုးမသေ၊ ခြေနှင့်ကျောက်စရာ။

၆၆။ ခြေကျောက်ပါးတီး၊ လူမိုက်ကြီး၊ နှုတ်သီးတစာစာ။

၆၇။ ဘယ်ဌာကိုမြှ၊ စွဲမရ၊ တလွှဲရှုံဖွယ်သာ။

၆၈။ ဝက်ရောတောင့်တ၊ ဝမ်းမဝ၊ ချေးရသူဥစ္စာ။

၆၉။ ရလာသော်ကား၊ ငတောင်းစား၊ ရှောင်ရှားနေလေပါ။

၇၀။ ဘောမှာပုန်းအောင်း၊ မိုးလေခါင်း၊ ပြောင်းရှေ့ရပ်ဝေးစွာ၊

၇၁။ ရပ်ရွာတပါး၊ ရောက်တုံငြား၊ လားလားမလုပ်ဂျ။

၇၂။ ပမာသွင်သွင်၊ ဝေ့ဝဲလေမြင်၊ ကိုင်ငင်ထိုးတွန်းကာ။

၇၃။ ကြင်နာရှိပုတ်၊ ကလျှပ်လျှပ်၊ ရက်ပြတ်တော်တို့ပါ!။

www.dhammadownload.com



၂၄။ ရွာဖွေချေးငှား၊ မရငြားး၊ သွားရှိခိုးလေပါ။

၂၅။ ခိုးကာမိလေ၊ ထိုးခုက်သေ၊ ကျလေပါယ်ရပ်ရှာ။

၂၆။ ဤစာရှေကျမ်း၊ ဆုံးမခန်း၊ ရဟန်းလူရှင်၊ လွန်ကြည်ဖြောင့်
ထင်လိမ့် ယခုပါ။

၂၇။ ဝါယာလုံ့လ၊ ကြိုးပမ်းက၊ ရလိမ့်ဉာဏ်ပညာ။

၇၈။ လိမ္မာသိတတ်၊ လောကဝတ်၊ တတ်လိမ့်မျှားဂုဏ်အင်၊

၂၉။ သိမြင်ကျမ်းဂန်၊ သူထက်လွန်၊ ဂုဏ်မွန်အမျှားထင်။

၈၀။ ရှင်လူအမျှား၊ လွန်ခန့်ညား၊ သိကြားနတ်အသွင်။

၈၁။ ရှင်ရှင်လန်းလန်း၊ ပွင့်သစ်ပန်း၊ မနှမ်းမျက်နှာမြင်။

၈၂။ မြင်မြင်သမျှ၊ ကြည်ညိုကြ၊ သိပွဂုဏ်မြတ်ရှင်။

၈၃။ လိုအင်ပြည့်စုံ၊ ရောက်လာပုံ၊ ဂုဏ်ကြောင့်လွန်ပေါ်ထင်။

၈၄။ ရပ်ခွင်တပါး၊ ပြောင်းလဲသွား၊ ဖိုးမျှားကျောက်အသွင်။

၈၅။ ကောင်းကင်မိုး၀၊ ရောင်ထွန်းပ၊ လပြည့်ဝန်းအသွင်။

၈၆။ သံသရာဘ၀၊ ပြောင်းလှည့်ကြွ၊ ဒေ၀နတ်ဘုံတွင်။

၈၇။ မျှားဖျင်နတ်ပေါင်း၊ ရံသိန်းသောင်း၊ လော်တောနတ်
အသွင်။

၈၈။ ပဥ္စင်းငါးမည်၊ နတ်တို့စည်၊ မည်သည်မဆုံးအင်။

၈၉။ ဒေ၀ကညာ၊ ဆင်းကလျာ၊ ရပ်လာပတ်ကုံးအင်။

၉၀။ ပျော်ရွှင်စံစား၊ လွန်ရှည်လျား၊ ဘုရားမိတေးတွင်။

၉၁။ အလျင်လက်ဦး၊ သူထက်ထူး၊ ဖူးရမခွတ်ပင်။

၉၂။ ပဥ္စင်းညီနောင်၊ လူနဟ်မြောင်၊ အောင်လိမ့်နိဗ္ဗာန်ခွင်။

www.dhammadownload.com



၉၃။ ပြိုးပေကမွတ်၊ ဆုံးမအပ်သည်၊ ကျမ်းမြတ်လက်ဝ၊ ထေရ်မဟာလျှင်း၊ မိန့်မှာသည့်တိုင်း၊ အားသန်လှိုင်း၍၊ နေ့တိုင်းလုံ့လ၊ ထုတ်ကောင်းကြသည်၊ မျှားလှဖြာဖြာ၊ သီးသာတပည့်၊ မမေ့စေရ၊ နှုတ်ထဲကလျှင်၊ ထုတ်ပြသေမျှ၊ အရာရာကို၊ စိတ်မှာမှတ်သား၊ ယူထုံးငြားမှ၊ မခြားနိုင်ဖူး။ မှာကမ်းငူသို့၊ လွယ်ကူရောက်ကြောင်း၊ မြတ်ရေလောင်းသည်၊ အပေါင်းသိဿမှတ်ကုန်ကြ။

ရှင်မဟာသီလဝံသဆုံးမစာ ပြီး၏။

www.dhammadownload.com

# ဒု-ရှင်မဟာရဋ္ဌသာရ ဆုံးမစာ

၁။ လက်သစ်တောင်တာ၊ ယူဇနာဧပါင်း၊ တာပြန်လောင်းသော်၊ ရှစ်သောင်း လေးထောင်၊ အမြင့်ဆောင်သား၊ တောင်မြင်းမိုရ်ရှိ၊ ဂုဏ်ကြီးဘိသည်၊ မွေးမိ, ဖခင်၊ ကျေးဇူးရှင်နှင့်၊ ထို့ပြင်တခြား၊ ဘိုးနှင့်ဘွားကို၊ ဘုရားဘဆူ၊ ဂူတလုံးသွင်၊ စိတ်ကထင်လျက်၊ ဦးတင်သက်ထား၊ အစားအဝတ်၊ မလွတ်ရှစေ၊ ရေပူ, ရေအေး၊ လိုရာပေးရွှေ၊ မွေးကျေးကြပေ၊ တဇွတ်မှတ်သား၊ အခါး, အချို၊ သူတို့ဆိုလည်း၊ ဘိုး, ဘွား, မိဘ၊ ဆရာစသည်၊ ပြဿဆိုထွေ မျိုတတ်စေ။

၂။ အစ်ကိုကြီးအား၊ ညီငယ်များလည်း၊ စကားနှုတ်ဆက်၊ ဖက်ရှေမဆို၊ ရှိသေကြစေ၊ ကိုကြီး, အစ်မ၊ သည်နှစ်ဝကို၊ မိဘကဲ့သို့ မှတ်ပါလေ။

၃။ ဆွေကြီး, မျိုးကြီး၊ အဘကြီးနှင့်၊ ဦးရီးသားချင်း၊ ဘထွေးရင်းက၊ ဟူသမျှကို၊ ဂုဏဝုဒ္ဓ၊ ပစာယန၊ စိတ်ကသိစေ၊ ပြစ်မှားမိက မသင့်ချေ။

၄။ ပေါက်ဖော်, သားချင်း၊ တဝမ်းတွင်းမှ၊ အရင်းအနှစ်၊ ဖွေစိစစ်၍၊ အဖြစ်စုပုံ၊ မခြားတုံသည်၊ အူတုံဖြစ်က ချစ်ကြလေ။

၅။ သေတူရွှင်ဖက်၊ ဆောင်ရွက်မကင်း၊ အချင်းချင်းတွင်၊ အခင်းကြီးငယ်၊ ရှိခါဝယ်လည်း၊ မဖယ်မသွေ၊ ညီညာကုန်း၍ ရှုန်းကြလေ။

၆။ ရှေးကစွန့်ကြဲ၊ ကံရင်းနဲ၍၊ ဆင်းရဲခဲ့တုံ၊ ကိုယ်မလုံ၍၊ သူဂုဏ်ပိုင်ပိုင်၊ မဆပ်နိုင်သော်၊ ကိုယ်တိုင်သူအိမ်၊ ရောက်ခိုက်ကြိမ်က၊ မထိမ်မမြှုံး၊ ဘုရားဖူးသို့၊ ကျေးဇူးရှိသွေ့ သိတတ်စေ။

www.dhammadownload.com



၇။ တစ်ယောက်စကား၊ တစ်ယောက်နားမှာ၊ မခါးရအောင်၊ သတိ ဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာသို့ ချိုလှစေ။

၈။ မတွေ့ခိုက်ရန်၊ မကျူးလွန်နှင့်၊ မျက်မာန်ဒေါသ၊ မထွက်ရအောင်၊ မာန်မာနကို ချုပ်ကြလေ။

၉။ သေနှင့်အရက်၊ စီးပွားပျက်ကို၊ တစက်ကယ်မျှ၊ မသောက်ကြနှင့်၊ ရှောင်ကြပါလေ၊ ရှင်တော်ဟောသည့် အဆိပ်ရေ။

၁၀။ ကိုယ်နှင့်လည်းစာ၊ သတ္တဝါကို၊ ကြင်နာလှစေ၊ သူ့အသက်ကို ချစ်ပါလေ။

၁၁။ သူ့ဥစ္စာ၊ သူ့ဘဏ္ဍာကို၊ မေတ္တာမရှေး၊ သူ့မပေးက၊ ဆေးတစ် အိုးမျှ၊ မယူကြနှင့်၊ ရှောင်ကြပါလေ၊ ကာမေမိစ္ဆာ၊ သူ့အိမ်ရာကို၊ မြင်ခါခဏ၊ သူ့သတ်ကြူးသည့်၊ ဘီလူးမသို့၊ စိတ်ကမသွေ ထင်မိ စေ။

၁၂။ သူ့ကိုမမှား၊ မလှည့်စားနှင့်၊ စကားစမြည်၊ မြှက်သည်စစ၊ ပြောသမျှကို မှန်လှစေ။

၁၃။ အပါယ်လေးပါး၊လားမည့်အကြောင်း၊မကောင်းမှုမှ၊ စပ်သမျှကို၊ ရှောင်ကြပါလေ၊ သေကာ ထုတ်ချောက်၊ ငရဲရောက်မည် ကြောက်ရွံ့စေ။

၁၄။ ဘုရား, တရား၊ မြတ်ဖျားသံဃာ၊ အရိယာကို၊ မကွာနေ့ည၊ ဟတ္ထအဠလီ၊ မြောက်ပင့်ချီသည်၊ ကိုယ်စိနေ့ည ကိုးကွယ်ကြ။

၁၅။ အနစ္စန္ဒုံ၊ ဒုက္ခ, အနတ္တာ၊ လက္ခဏာသုံးပါး၊ ဤတရားကို၊ ဖွား ဖွားနှုတ်ဝယ်၊ သရဏ်ချယ်၍၊ ကိုးကွယ်စောင့်ရှောက်၊ ဆောက် တည်ကြလေ၊ လည်တွင်တပ်ဆွဲ၊ ကျောက်ပုလဲသို့ မြဲလှစေ။

www.dhammadownload.com



၁၆။ စာတက်, စာသင်၊ ရှင်သာမဏေ၊ ထွေထွေကောင်းမှု၊ စုံတခုကို၊ ပြုစုကြပေ၊ မသွေမဖောက်၊ ကြီးရာရောက်သော်၊ လျောက်လျောက်ပတ်ပတ်၊ သူတော်မြတ်၏၊ ကျင့်ဝတ်ပီထွေ၊ ကိုယ်ကို ထိန်း၍ သိမ်းဆည်းလေ။

၁၇။ ဖုန်းတောင်းယာစကာ၊ ခံရောက်လာသော်၊ သဒ္ဓါသုံးဝ၊ ထက်သန်လှစေ၊ ပေးစွန့်ကြဲသည် လှူရဲစေ။

၁၈။ နောင်သံသရာ၊ ရိက္ခာအတူ၊ ကံကျေးဟူသည်၊ အလှူဆိုက၊ မဆုတ်ကြွန့်၊ ရဲလှပါစေ၊ တံစက်အောက်တွင်၊ ခံသောက်ရေအိုး၊ ကျကြိမ်တိုးက၊ ပြည့်ရသည်သာ၊ ထုံဟောင်းစာကို ထောက်ပါလေ။

၁၉။ သူတော်ကောင်းနှင့်၊ ပေါင်းဖော်ယှဉ်တွဲ၊ သူမိုက်မဲကို၊ ရှောင်လွဲပါလေ၊ ဤသူအမြတ်၊ ဤသူလတ်ဟု၊ ညစ်ထပ်ကြမ်းကြုတ်၊ ဤသူယုတ်ဟု၊ အဟုတ်အမှန်၊ မသွေလှန်သည်၊ ကေန်ဆတ်ဆတ်၊ လူသုံးရပ်ကို သိတတ်စေ။

၂၀။ ကဲ့ရဲ့သင့်ဂိုဟ်၊ ဆိုလည်းမထီ၊ မသတီအောင်၊ ဟိရိသြတ္တပ်၊ စောင့်ကြပ်မဆို၊ မိမ်ကိုယ်ကို၊ ပစ္စဒ္ဓိရ်လျှင်၊ ဖြစ်လိုဖြစ်စေ၊ ငါမထေရ်ဟု၊ သရေမဆောင်၊ လူမုန်းအောင်လျှင်၊ မောင်တို့ မကျင့်ကြလေနှင့်။

၂၁။ ငြိမ်သက်ကွန်ဒြေ၊ တည်ကြည်ထွေဖြင့်၊ သန္ဓေကောင်းမှန်၊ တော်လှန်မှန်လျက်၊ စိတ်မာန်မနှောင့်၊ နှုတ်လက်ဖောင့်သည်၊ သူကောင့်သွေးရည် ပြီလှစေ။

၂၂။ ရပ်သူရွာသား၊ သူကောင်းမျှားအား၊ နားမှာမဆံ့၊ မခန့်မလေး၊ သူမုန်းဆေးလျှင်၊ ဆဲရေးညစ်ညမ်း၊ ကိုယ်လက်နှမ်းအောင်၊ အသွမ်းမကျင့်ကြလေနှင့်။

www.dhammadownload.com



၂၃။ မုန်းဖွယ်လည်းတတ်၊ မျောက်မျက်စိကို၊ မျက်စဉ်းခတ်သို့၊ လျှပ်လျှပ်ပေါ်ပေါ်၊ လော်လော်လည်လည်၊ မဟာည်မျောက်နှယ်၊ စက်ဆုတ်ဖွယ်ဟု၊ သည်နှယ်မဆိုရစေနှင့်။

၂၄။ ကွယ်ရာမရွေး၊ မျက်နှာဝေးက၊ တွေးလေကြံဘိ၊ မိမိသဘော၊ သို့ကျင့်သောဟု၊ ပြောရလူချင်း၊ ဖမတ္တာကင်းဖောင်၊ သဟဉ်းမပုပ်ပါလေနှင့်။

၂၅။ အရောင်းအဝယ်၊ အသွယ်သွယ်တွင်၊ လိုဖွယ်ရရန်၊ ဖိုးထိုက်တန်လျှင်၊ မှန်သည်ကိုလိုက်၊ လောဘတိုက်၍၊ လူမိုက်မဆိုရစေနှင့်။

၂၆။ နှလုံးသည်ခြေ၊ သန္ဓေလည်းတန်၊ မမှန်စကား၊ လူပြစ်မှားဟု၊ အများမဆိုရဖေ့နှင့်။

၂၇။ မဖြောင့်မသား၊ မတရားကို၊ လားလားကျိသူ၊ မပြုဟူ၍၊ ဗိုလ်လူခပ်သိမ်း၊ မေတ္တာလိမ်းသည်၊ ချီးမွမ်းဆိုထွ ရတတ်စေ။

၂၈။ အတည်အကျေး၊ အပေးအကမ်း၊ သေခမ်း ရှင်ခမ်း၊ သူတို့တမ်းက၊ အော်အမ်းနိုင်ထွ၊ လောကဝတ်ကို သိတတ်စေ။

၂၉။ ရဟန်းသံဃာ၊ အရိယာသူတော်ကောင်း၊ အပေါင်းစည်းဝေး၊ ပြောရေးဆိုတမ်း၊ ပဲ့လမ်းကြုံငြား၊ အသွားအလာ၊ လှူဒါန်းခါလည်း၊ လက်ယာလက်က၊ အင်္ဂါလက်ကို၊ တဘက်ချလျက်၊ ကပ်ထအပါး၊ ဝပ်လျှိုးသွး၍၊ ကျောင်းသားပီထွ ယဉ်ကျေးစေ။

၃၀။ ကြီးသူတဖြာ၊ ပညာရှိအား၊ သူကောင်းမျှားနှင့်၊ စကားထွလာ၊ ပြောသောခါလည်း၊ ဗျာဗျာကျွန်ုပ်၊ ပုဆစ်ဝုပ်လျက်၊ ဖုံးအုပ်ခြေလက်၊ လွှဲငြိမ်သက်သည်၊ ကျောင်းထွက်လူပေ ဆိုရစေ။

၃၁။ အဋ္ဌာရသ၊ သိပ္ပမကြွင်း၊ နှလုံးသွင်း၍၊ အခင်းအရာ၊ ရှိသောခါလည်း၊ နှုတ်ပါလက်ရေး၊ ဇယ်ထောင်ယောင်းကို၊ ဒိုးကောင်းပြေးသို့၊ လူရေးလူရာ ပီလှစေ။

www.dhammadownload.com



၃၂။ အပေါ်အလွှင်၊ ပျော်ရွှင်မပါး၊ လောင်းစားကြက်ငှက်၊မလွှတ်ကျက်နှင့်၊ အသက်မွေးမှု၊ တစ်ခုခုကို၊ လုပ်မှုဆောင်ခင်း၊ မပျင်းမရိ၊ မိုးမိတို့တွင်၊ အကြင်လက္ခဏာ၊ ပြည့်စုံစွာလျက်၊ ဥစ္စာရကြောင်း၊ အရောင်းအဝယ်၊ ကုန်စလှယ်သွား၊ မနေနားဘဲ၊ ပျားပိတုန်းကဲ့၊ ဝတ်ရက်ယူသို့၊ လူစဉ်မှီအောင် ကြိုးစားလေ။

၃၃။ အသုံးအဆောင်၊ အိမ်ထောင်ခမ်းနား၊ အပါးပါးကို၊ ပြန့်ပွားလေအောင်၊ ကြောင်ပုစွန်စား၊ ကျတ်ကျတ်ဝါးသို့၊ ယောကျ်ားပီထွေ၊ ဝီရိယနှင့်၊ လုံ့လကိုလည်း ရှိလှစေ။

၃၄။ သူ၏စီးပွား၊ ငါ့စီးပွားကို၊ ထောက်ထားမီစေ၊ ကြီးလောဘကို မျှတစေ။

၃၅။ မမေ့မနှောက်၊ မကောက်မကျစ်၊ မလိမ်လစ်ဘဲ၊ စိတ်ထဲဖြောင့်စေ၊ သူ့အကျင့်ကိုလည်း သိတတ်စေ။

၃၆။ ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံး၊ သူတော်ထုံးကို၊ စွဲသုံးသောထွေ မှန်လှစေ။

၃၇။ ကျိုးကြောင်းစကား၊ ပြောဆိုငြားသော်၊ လျင်လျားဆွေးနွေး၊ ဆိုရေးလိမ္မာ၊ ပညာရှိအား၊ ကိုယ်ကိုင်သွေး၍၊ စကားလှုံက်လျော၊ စစပြော၍ နှီးနှောလေ။

၃၈။ ငါ၏စိတ်တွင်၊ ထင်ခဲ့မလဲ့၊ လိပ်ခဲတန်းလန်း၊ မှန်းဆမယုတ်၊ ဟုတ်၏ကောန်၊ မှန်သည်တစေ၊ မရှိချေက၊ မှတ်ပွယ်မှတ်ရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ် အိမ်တွင်ဖတ်။

၃၉။ ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက၊ သားမယားပင်၊ မိုက်မှားခဲ့စွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားဖူး

www.dhammadownload.com



လိမ္မာ၊ ရှိသည်သာတည့်၊ နားမှာမဝင်၊ မသိမြင်က၊ သမင်ကျွန်း၊ သူမိုက်လားသို့၊ မပွားပညာ၊ မလိမ္မာဘဲ၊ မိစ္ဆာစိတ်ခိုင်း၊ လူထိုင်းမှိုင်းသည်၊ ရိုင်းစိုင်းမိုက်သူ၊ မိလက္ခဏာနှင့် တူလိမ့်မည်။

၄၀။ ရင်ဝယ်ဖြစ်ငြား၊ မွေးသည့်သားကို၊ မယ်ဘုံးမိခင်၊ ဆုံးမ၊ သင်သို့၊ အကြင်ဆရာ၊ တို့သူငါကို၊ လိမ္မာစေကြောင်း၊ ကောင်းပါစေလို့၊ ဆိုမှာသမျှ၊ ဩဝါဒကို နားမျှမထောင်၊ မကြားယောင်သို့၊ မောင်တို့ပြုက၊ ယခုပစ္စုပ္ပန်၊ နောင်သံသရာ၊ ဆက်မျှားစွာ၌၊ ချမ်းသာမည့်ရေး၊ အလွန်ဝေးသည်၊ သေဘေးမလွဲ၊ ဝဋ်ဆင်းရဲမှု၊ ရှေခဲဘယ့်နှယ်၊ အသွယ်သွယ်ကို၊ လွဲဖယ်ကြံစည်၊ လွတ်ပါမည်။

၄၁။ နားလည်စေကြောင်း၊ သို့ကျင့်ကောင်းစွဲ၊ သောင်းပြောင်းနှံ့စပ်၊ သည်တိုင်းမှတ်ဟု၊ ထေရ်မြတ်ဆရာ၊ ရဋ္ဌသာလျှင်၊ ပညာရကြောင်း၊ ဉာဏ်နှင့်လောင်း၍၊ ရုံးပေါင်းဆင်ခြင်၊ ဆုံးမသင်သည်၊ ဤတွင်တခန်း ပြီး၏သော်။

ရှင်မဟာရဋ္ဌသာရဆုံးမစာ ပြီး၏။

---

www.dhammadownload.com

# ၁၀-စကားကြီးဆယ်မျိုး

စကားပြောဆိုရာ၌ ကျွမ်းကျင်လိမ္မာစေရန် စကားပြောနည်း၁၀-မျိုးကို ခွဲခြားသတ်မှတ်ထားသည့် မြန်မာလူမျိုးတို့က စကားကြီး ၁၀-မျိုးဟု ခေါ်ဆိုကြသည်၊ ယင်းစကားကြီး ၁၀-မျိုး၏ အမည်ကို မုန်တိုင်ပင်ဆရာတော်က မှတ်သားရလွယ်ကူစေရန် သုံးပုံတံချူကျမ်း၌ အောက်ပါအတိုင်း လက်ံစီထားပါသည်—

၁။ ရေကူးညာတင်၊
၂။ ကောက်ပင်ရိတ်လှီး၊
၃။ ရေစီးဖောင်ဆန်၊
၄။ အိုးတန်ဆန်ခပ်၊
၅။ ဆီပုတ်ကျည်ပွေ့ ၊
၆။ ဆင်ဝှေ့ရန်ရှောင်၊
၇။ တောင်သူ ယာခုတ်၊
၈။ ကြက်ဆုတ်ခွပ်ပြစ်၊
၉။ ရေစစ်သည်အင်၊
၁၀။ ခက်တင်မောင်းနှင်း၊
အခြင်းဆယ်ပါး၊ ဤစကားကို၊
မှတ်သားဝမ်းတွင်း လေ့စေမင်း။

## ၁။ ရေကူးညာတင်ပြောနည်း

မြစ်တစ်ဘက်မှ လိုရာဆိပ်ကမ်းသို့ ကူးလိုလျှင် မြစ်ညာက တင်၍ကူးမှ လိုရာသို့ ရောက်သကဲ့သို့ မိမိအလိုရှိရာသို့ ရောက်အောင် အထက်က တင်ကူး၍ ပြောခြင်းသည် "ရေကူးညာတင်ပြောနည်း" မည်၏။ အူထုံးရောဂါသည်ကိုကုရာ၌ ဇီဝက ပြောသောစကားကို သာဓကထုတ်အပ်၏။

www.dhammadownload.com



### ၂။ ကောက်ပင်ရိပ်လှိုးပြောနည်း

စပါးရိတ်လျှင် ကောက်ပင်ကို လက်တစ်ဖက်ဖြင့် ဆုပ်သိမ်းကာ တံစဉ်ဖြင့်အရင်းမှ ဖြတ်၍ ရိတ်ယူသကဲ့သို့ တဘက်လူ၏ စကားကို သိမ်းကျုံးဖမ်းယူပြီးမှ အရင်းက ဖြတ်၍ ပိုင်လောက်အောင် ပြောဆိုခြင်းသည် "ကောက်ပင်ရိတ်လှိုး ပြောနည်း"မည်၏။ သူဌေးသား ၂-ယောက်နှင့် ဗျိုင်းပုံဝတ္ထုကို သာဓက ထုတ်အပ်၏။

### ၃။ ရေစီးဖောင်ဆန်ပြောနည်း

ဖောင်ကြီးသည် အညာသို့ ဆန်သောကာလ လိုရာဆန္ဒရှိသမျှကို တင်ယူ၍ ဖြည်းညင်းသာယာစွာ ဆန်လျှင် လိုရာအရပ်သို့ ရောက်နိုင်သကဲ့သို့ စကားအရာတွင်လည်း ဉာဏ၊ ဥပမေယျတို့ဖြင့် ဖြည်းညင်း သာယာစွာ လိုရာရောက်အောင် ပြောဆိုခြင်းသည် "ရေစီးဖောင်ဆန်ပြောနည်း" မည်၏။ ဟံသာဝတီဘုရင် ရာဇာဓိရာဇ်က "အဆွေတော်" ဟု ရေးသားသည်ကို ဒဂုရင်တီမင်းက မကျေနပ်၍ ဟံသာဝတီသားတို့က ပြေလည်အောင်ဖြေရှင်းပုံကို သာဓက ထုတ်အပ်၏။

### ၄။ အိုးတန်ဆန်ခပ်ပြောနည်း

အိုးနှင့်ဆန်သည် တန်အောင်ချက်လျှင် နှူးနပ်စွာ သုံးဆောင်ရသကဲ့သို့ စကားအရာတွင်လည်း မယုတ်မလွန်နှင့် လိုရင်းရောက်အောင် ပြောဆိုခြင်းသည် "အိုးဟန်ဆန်ခပ်" ပြောနည်းမည်၏။ သားရှေ့အိုးထမ်းလာသည်ကို မြင်လိုပါသည်ဟု ပြောဆိုသော သုဝဏ္ဏသာမ၏ မိဘ ၂-ပါး ပြောဆိုပုံကို သာဓက ထုတ်အပ်၏။

### ၅။ ဆီပုတ်ကျည်ပွေ့ပြောနည်း

ဆီကို ရအောင် ပုတ်သည့်အခါတွင် အထပ်ထပ်အခါခါပုတ်ရသကဲ့သို့ အလိုရှိသော စကားကို အတပ်ထပ် ပြောဆိုခြင်းသည် "ဆံပုတ်ကျည်ပွေ့ပြောနည်း" မည်၏။ ဘုရားပိန္ဒဲတိုင်ကိစ္စ ဆွေးနွေးရာ၌ မကျည်းနှစ်

www.dhammadownload.com



လည်းကောင်း၊ ကျွန်းလည်းကောင်း၊ ရွားနှစ်လည်းကောင်း ကျွန်းလည်းကောင်းဟု ပြောဆိုပုံကို သာဓကထုတ်အပ်၏။

## ၆။ ဆင်ဝှေ့ရန်ရှောင်ပြောနည်း

ဆင်ဝှေ့မည်ဟု လိုက်လျှင် လွှတ်ရာလွှတ်ကြောင်း တိမ်းရှောင်ကချမ်းသာသကဲ့သို့ စကားအရာတွင်လည်း မိမိအဖို့ဘေးရောက်မည့် စကားကို ရှောင်လွှဲ၍ ပြောဆိုခြင်းသည် "ဆင်ဝှေ့ရန်ရှောင်ပြောနည်း" မည်၏။ ရက်မအောက် မြေကြီးအထိ ရွှေချထားသော အိမ်ရှေမင်း၏ ကျောင်းမှ ရွှေမျှားကို မြို့ဝန်က အဖျက်ခိုင်းရာ အိမ်ရှေမင်းစိတ်ဆိုးသည်ကို ပြေလည်အောင် လျှောက်ဖြားသော မြို့ဝန်၏ စကားကို သာဓက ထုတ်အပ်၏။

## ၇။ တောင်သူယာခုတ်ပြောနည်း

တောင်သူတို့သည် ယာခုတ်လျှင် ခြုံငယ် သစ်ပင်ငယ်တို့ကို ဦးစွာ ရှင်းလင်းခုတ်ထွင်ပြီးမှ သစ်ပင်ကြီးများကို လှဲသကဲ့သို့ စကားအရာတွင်လည်း ဦးစွာစကာ၊ငယ်ကိုပြောခြ၍ နောက်မှ စကားကြီးများကို ပြောခြင်းဖြင့် အနိုင်ယူခြင်းသည် "တောင်သူယာခုတ်ပြောနည်း" မည်၏။ အမတ်ကြီးလေးဦးနှင့် မဟောသဓသုခမိန်တို့ ဥစ္စာနှင့်ပညာ ဘယ်ဟာကမြတ်သည်ဟူသော အငြင်းပွားပုံကို သာဓကထုတ်အပ်၏။

## ၈။ ကြက်ဆုတ်ခွပ်ပစ်ပြောနည်း

ကြက်တို့၏ သဘောသည် ခွပ်မည်ပြုသောအခါ နောက်သို့ဆုတ်ဟန်ပြု၍ တကယ်ခွပ်သောအခါမှသာ စီးချဲခွပ်သကဲ့သို့ စကားအရာတွင်လည်း သူအလိုကို လိုက်တန်သရွေ့ လိုက်ပြီးလျှင် စီးသာသောအခါမှ စီးလျက် ပြောသောစကားမျိုးသည် "ကြက်ဆုတ်ခွပ်ပစ်ပြောနည်း" မည်၏။ ကဝိသေတ္တု မဋ္ဌသာကျမ်းဌ ဖော်ပြပါရှိသော တရုတ်ငရွှေကြည်၏ မီးလောင်ကိစ္စအတွက် တရုတ်သံမျှားနှင့် အမတ်ကြီးဦးပေါ်ဦးတို့ အပြန်အလှန်ပြောဆိုပုံကို သာဓကထုတ်အပ်၏

www.dhammadownload.com



## ၉။ ရေစစ်ပမာ စကားပြောနည်း

ဓမ္မကရိုက်ခေါ်သော ရေစစ်ကို ရေတွင် နှစ်၍ ရေပြည့်လျှင် အပေါက်ကို လက်ဖြင့် ပိတ်ယူပါက ရေမထွက်နိုင်သကဲ့သို့ တဘက်လူ၏ စကားကို ပိဘ်မိအောင် ပြောဆိုခြင်းသည် "ရေစစ်ပမာစကားပြောနည်း" မည်၏။ သူငယ်လေးယောက်နှင့် သူအိုကြီးတို့ ယုံတမ်းစကား ပြောကြားပုံကို သာဓကထုတ်အပ်ပါ၏။

## ၁၀။ ခက်တင်မောင်းနင်း ပြောနည်း

သူစကားကို ဟုတ်၏လည်း မဆို၊ မဟုတ်ဟုလည်း မဆိုဘဲ မတင်မကျ ပြောဆိုခြင်းသည် "ခက်တင်မောင်းနင်းပြောနည်း" မည်၏၊ "ဤသူငါတို့ မဟုတ်ဟု မည်သူပြောသနည်း" ဟု တောင်ဖီလာဆရာတော် ပြောကြားပုံကို သာဓကထုတ်အပ်၏။

မှတ်ချက်။ ။စကားကြီး ၁၀-မျိုးအကြောင်းကို ပြဆိုသော ပုံဆင်သော သာဓကဝတ္ထုများကို မြန်မာ့စွယ်စုံကျမ်း အတွဲ( ၃ )တွင် အကျယ်တဝင့် ဖော်ပြပါရှိသည်။ ထိုကျမ်းဌာန် လေ့လာကြည့်ရှုကြပါ။ အောက်ပါအောင်ပွဲရ ကဗျာကို ကျက်မှတ်ထားပေ။

### အောင်ပွဲရကဗျာ

၁။ ရေကူးညာတင်၊ ပြောရိုးတွင်၊ ဉာဏ်ယှဉ်ပါက အောင်ပွဲရ။
၂။ ကောက်ပင်ရိတ်လှီး၊ ပြောဆိုနည်း၊ ဉာဏ်မှီးပါက အောင်ပွဲရ။
၃။ ရေစီးဖောင်ဆန်၊ ပြောဆိုဟန်၊ ဝေဖန်နှိုင်းဆ အောင်ပွဲရ။
၄။ အိုးတန်ဆန်ခပ်၊ ပမာဟပ်၊ ပြောတတ်ပါက အောင်ပွဲရ။
၅။ ဆီပွတ်ကျည်ပွေ့၊ ပြောဆိုလေ့၊ လက်တွေ့မှန်လှ အောင်ပွဲရ။

www.dhammadownload.com



၆။ ဆင်ဈေး၊ ရန်ရွှေဘင်၊ ပမာဆောင်၊ လူ့ဘောင်လောကဆောင်ပွဲရ။
၇။ ဆောင်သူယာခုတ်၊ ညွှန်းဖော်ထုတ်၊ မယုတ်မှန်လှ ဆောင်ပွဲရ။
၈။ ကြက်ဆုတ်ဒုပ်ပစ်၊ ထုံးစနစ်၊ စင်စစ်မှန်လှ ဖေါင်ပွဲရ။
၉။ ရေစစ်သောလား၊ ပမာထား၊ စကားဆိုက အောင်ပွဲရ။
၁၀။ ခက်တင်မောင်းနင်း၊ ပြောဆိုခြင်း၊ မယွင်းမှန်လှ ဖောင်ပွဲရ။

ရှေးခေတ်မြန်မာနိုင်ငံ၏ သင်ရိုးကျမ်းစာပြစ်သော ဆယ်စောင်တဲ့ ဘာသာရပ်ကို ယခုခေတ်လူငယ်များ အလွယ်တကူ လေ့လာနိုင်ရန် ဆင်တန်းနည်းပြဆရာတော် ဦးပညာသာမိ(မာဂဓိသာစည်)စီစဉ်အပ်သော ဆယ်စောင်တဲ့သင်တန်း မြန်မာပြန်ကျမ်းစာသည် ၁၃၅၀ (၁၉၈၈) ခုနှစ်၊ နိုဝင်ဘာလစီ အရေးအခင်းကာလတွင် ရေးသားပြုစု ဖောင်မြင်ပြီးစီးခဲ့ပါသတည်း။

www.dhammadownload.com

နောက်ဆက်တွဲ

# လူငယ်များကို ယဉ်ကျေးမှု

## အနန္တငါးပါး ပူဇော်ကန်တော့ရန်

၁။ ဗုဒ္ဓံ = မြတ်စွာဘုရားကို။ ပူဇေမိ = ပူဇော်ပါ၏ဘုရား။

၂။ ဓမ္မံ = တရားတော်မြတ်ကို။ ပူဇေမိ = ပူဇော်ပါ၏ဘုရား။

၃။ သံဃံ = သံဃာတော်မြတ်ကို။ ပူဇေမိ = ပူဇော်ပါ၏ဘုရား။

၄။ မာတာပိတူနံ = မိဘနှစ်ပါးတို့အား။ ပူဇေမိ = ပူဇော်ပါ၏ဘုရား။

၅။ အာစရိယာနံ = ဆရာသမားတို့အား။ ပူဇေမိ = ပူဇော်ပါ၏ဘုရား။

## အနန္တငါးပါး အဓိဋ္ဌာန်

၁။ ဘုရားကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးကျေအောင် ဆပ်ပါမည်။

၂။ တရားကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးကျေအောင် ဆပ်ပါမည်။

၃။ သံဃာကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးကျေအောင် ဆပ်ပါမည်။

၄။ မိဘကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးကျေအောင် ဆပ်ပါမည်။

၅။ ဆရာကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးကျေအောင် ဆပ်ပါမည်။

## ဘုရားဖူးရခြင်းအကျိုး

* ဘုရားသို့မှန်း၊ ခြေတစ်လှမ်း၊ သိန်းသန်းမကထိုက်။

* လှူသူ ဖူးသူ၊ ပေးဝေသူ၊ နတ်လူဘုံသို့ ဆိုက်။

www.dhammadownload.com



## ဆွမ်းတော်ကပ်နှင့် ဆုတောင်း

အရဟံအစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော, လူနတ်တို့၏ ကိုးကွယ်ရာဖြစ်တော်မူသော သက်တော်ထင်ရှား သဗ္ဗညူ မြတ်စွာဘုရားကို ရည်မှတ်၍ ဓာတုစေတီ, မေမ္မစေတီ, ဥဒ္ဒိဿစေတီ, ပရိဘောဂစေတီတော်မြတ်အား အဆင်း, အနံ့, အရသာနှင့် ပြည့်စုံသော ဤဆွမ်းခဲဖွယ် ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာကို ရိုရိုသေသေ နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါ၏ အရှင်ဘုရား၊ နိဗ္ဗာန်ကိုမြော် ပူဇော်ပါ၏ အရှင်ဘုရား။

တပည့်တော်၏ ဤကောင်းမှုသည် အာသဝေါတရား· လေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်, မြတ်နိဗ္ဗာန်ကို ကောန်ဓောက်အောင် ရွက်ဆောင်နိုင်သည့် ဖြစ်ပါစေသတည်း။

## ပန်းတော်ကပ်နှင့် ဆုတောင်း

အရဟံအစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော, လူနတ်တို့၏ ကိုးကွယ်ရာဖြစ်တော်မူသော သက်တော်ထင်ရှား သဗ္ဗညူ မြတ်စွာဘုရားကို ရည်မှတ်၍ ဓာတုစေတီ, မေမ္မစေတီ, ဥဒ္ဒိဿစေတီ, ပရိဘောဂစေတီတော်မြတ်အား အဆင်း, အနံ့နှင့် ပြည့်စုံသော ဤပန်းကို ရိုရိုသေသေ နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါ၏ အရှင်ဘုရား၊ နိဗ္ဗာန်ကိုမြော် ပူဇော်ပါ၏ အရှင်ဘုရား။

တပည့်တော်၏ ဤကောင်းမှုသည် အာသဝေါတရား လေးပါးတို့၏ ကုန်ရာ ကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်, မြတ်နိဗ္ဗာန်ကို ကောန်ဓောက်အောင် ရွက်ဆောင်နိုင်သည့် ဖြစ်ပါစေသတည်း။

www.dhammadownload.com



## ရေတောက်ကပ်နှင့် ဆုတောင်း

အရဟံအစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော, လူနတ်တို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော သက်တော်ထင်ရှား သပ္ပညူမြတ်စွာဘုရားကို ရည်မှတ်၍ ဓာတုစေတီ, ဓမ္မစေတီ, ဥဒ္ဒိသစေတီ, ပရိဘောဂစေတီ တော်မြတ်အား အရောင်အဆင်းတို့ဖြင့် အမိုက်မှောင်ကို ပယ်ဖျောက်တတ်သော ကျိုက်သောက်တော်ရေ, သုံးဆောင်တော်ရေကို ရှိရှိသေသေ နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါ၏ အရှင်ဘုရား။

တပည့်တော်၏ ကျိုက်ကောင်းမှုသည် အာသဝေါတရား လေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်, မြတ်နိဗ္ဗာန်ကို ကောန်ရောက်အောင် ရွက်ဆောင်နိုင်သည် ဖြစ်ပါစေသတည်း။

## ဆီမီးတော်ကပ်နှင့် ဆုတောင်း

အရဟံအစရှိသောကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော, သပ္ပညူတဉာဏ်, အနာဝရဏဉာဏ်တော်တို့ဖြင့် သုံးပါးသော လောကဋ္ဌိ အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကိုပယ်ဖျောက်၍ ထွန်းလင်းတောက်ပတော်မူစေနိုင်သော သက်တော်ထင်ရှား သပ္ပညူမြတ်စွာဘုရားကို ရည်မှတ်၍ ဓာတုစေတီ, ဓမ္မစေတီ, ဥဒ္ဒိသစေတီ, ပရိဘောဂစေတီ တော်မြတ်အား အရောင်အဆင်းတို့ဖြင့် အမိုက်မှောင်ကို ပယ်ဖျောက်တတ်သော ကျိဆီမီးလုံးကို ရှိရှိသေသေ နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါ၏ အရှင်ဘုရား၊ နိဗ္ဗာန်ကိုမြော် ပူဇော်ပါ၏ အရှင်ဘုရား။

တပည့်တော်၏ ကျိုက်ကောင်းမှုသည် အာသဝေါတရား လေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်, ဖိုဉာဏ်, မြတ်နိဗ္ဗာန်ကို ကောန်ရောက်အောင် ရွက်ဆောင်နိုင်သည် ဖြစ်ပါစေသတည်း။

www.dhammadownload.com



### ဆွမ်းလှူကျိုး ၅-ပါး

သက်မျှည် ဆင်းလှ၊ သုခ ခွန်အား
ပညာများ၊ ငါးပါး ဆွမ်းဖာကျိုး၊

### ပန်းလှူကျိုး ၉-ပါး

ပန်းလိုလှပ၊ ဘဝရွှမ်ရည်၊
ခန္ဓာကိုယ်တွင်း၊ သန့်ရှင်းပေသည်။
နံစော်ကင်းလို့၊ ခံတွင်းမွှေးကြည်၊
ပန်လှူကျိုး၊ သုံးမျိုး ရနိုင်သည်။

### ရေလှူကျိုး ၁၀-ပါး

လျင်မြန် သန့်ရှင်း၊ ကျော်စောခြင်းနှင့်၊
လွတ်ကင်းမွတ်သိပ်၊ မဆိတ်ခြံရုံ၊ ဒီဃ သက်ရှည်။
ရုပ်ရည်ဆင်းလှ၊ သုခ,ခွန်အား၊
ပညာများ၊ ဆယ်ပါး ရေအကျိုး။

### မီးလှူကျိုး ၂-ပါး

ဘုရားရှင်အား၊ စိတ်ထားကြည်ဖြူ၊
ဆီမီးလျှပ်ပန်း၊ လှူဒါန်းသောသူ။
စက္ခုမံသ၊ ဉာဏနှစ်ဆူ၊
ကြည်လင်၏၊ ဖြစ်ဘိ ဉာဏ်ကြီးသူ၊

### တံမြက်လှည်းကျိုး ၅-ပါး

ကိုယ် စိတ် သွူစိတ်၊ ယိုဖိတ်ကြည်လင်၊
နတ်တို့လေးစား၊ လွန်ပွားချစ်ခင်။
ကြည်ညိုဖွယ်ကောင်း၊ ဂုဏ်ပေါင်းမျက်ရှင်၊
နတ်ပြည်ရောက်၊ ထွန်းတောက် ကျိုးငါးအင်။

www.dhammadownload.com



### ဘုရားဂုဏ်တော် ၉-ပါး ပါဠိ

ဣတိပိ သော ဘဂဝါ အရဟံ[1]၊ သမ္မာသမ္ဗုဒ္ဓေါ[2]၊ ဝိဇ္ဇာစရဏ-သမ္ပန္နော[3]၊ သုဂတော[4]၊ လောကဝိဒူ[5]၊ အနုတ္တရော ပုရိသဒမ္မသာရထိ[6]၊ သတ္ထာ ဒေဝမနုဿာနံ[7]၊ ဗုဒ္ဓေါ[8]၊ ဘဂဝါ[9]။

### တရားဂုဏ်တော် ၆-ပါး ပါဠိ

သွက္ခာတော[1] ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော[2]၊ အကာလိကော[3]၊ ဧဟိပဿိကော[4]၊ ဩပနေယျိကော[5]၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ[6]။

### သံဃဂုဏ်တော် ၉-ပါး ပါဠိ

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော[1]၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော[2]၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော[3]၊ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော[4]၊ (ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော) အာဟုနေယျော[5]၊ ပါဟုနေယျော[6]၊ဒက္ခိဏေယျော[7]၊အဉ္ဇလိကရဏီယော[8]၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ[9]။

---

www.dhammadownload.com



## သမ္မုဒ္ဒေ (အန္တရာယ်ကင်းကပ်ကျော်) ဘုရားရှိခိုး

### ဂါထာတော်ကြီး

၁။ သမ္မုဒ္ဒေ အင္ဒဝိသဉ္စ၊ ဒွါဒသဉ္စ သဟာသကေ။
ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာ မဟံ။

၂။ အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။
ယေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။

၃။ နမက္ကာရာနုဘာဝေန၊ ဟိတ္ဝာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကအန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

**အင္ဒဝိသံ**=သုံးပါးဘဝ၊ သုံးလောကတွင်၊ ဉာဏ်ရောင်ဖိတ်**အောင်ဘိသိက်နှင့်**၊ နှစ်ကျိပ်ရှစ်ဆူကုန်သော။ **သမ္မုဒ္ဒေ** စ=တန်ဆောင်**ပမာ**၊ ဉာဏ်ရောင်ဝါဖြင့်၊ သစ္စာပဉ်လင်း၊ တရားမင်းတို့ကိုလည်းကောင်း။ **ဒွါဒသဉ္စ သဟာသကေ**=နိဗ္ဗာန်ကိန်းအောင်း၊ စက်မှဲ့လျောင်းသည့်၊ တစ်သောင်းနှစ်ထောင်ကုန်သော။ **သမ္မုဒ္ဒေ** စ=လရောင်ပမာ၊ ဉာဏ်ရောင်ဝါဖြင့်၊ သစ္စာဝင်းပြောင်၊ မြတ်ဘုန်းခေါင်တို့ကိုလည်းကောင်း။ **ပဉ္စသတသဟဿာနိ**= သောင်းတိုက်စကြဝဠာ၊ ဂုဏ်ဝါကျော်ဟိန်း၊ ငါးသိန်းကုန်သော။ **သမ္မုဒ္ဒေ** စ=နေရောင်ပမာ၊ ဉာဏ်ရောင်ဝါဖြင့်၊ သစ္စာလင်းထိန်၊ မြတ်မုနိန်တို့ကိုလည်းကေ[illegible]း။ **အပ္ပကာ** ဝါဠုကာ ဂင်္ဂါ=ဂင်္ဂါမြစ်ထဲ၊ ငွေသောင်သဲကဲ့၊ [illegible]ကဲ့စေထသော။ **အနန္တာ**=သခ်ၤာဂဏန်း၊ ရေတွက်မှန်းလည်း၊ ဆုံးခန်းဝိုင်မြောက်၊ မရောက်နိုင်ဆသော။ **နိဗ္ဗုတာ**=ဘုံဇာတ်သိမ်း၍ ငြမ်းဒေတော်မူပြီးထသော။ **ဇိနာ** စ=နှောင့်ယှက်ဖန်လာ၊ မာရ်ငါးဖြာကို၊ အရိယာမဂ်၊ ဘုန်းရောင်စက်ဖြင့်၊ ချိုးဖျက်လွယ်ကူ၊ **အောင်တော်မူသော** ဘုရားရှင်အပေါင်းတို့ကိုလည်းကောင်း။ **အဟံ**=အကျွန်ုပ်သည်။ **သိရသာ**=ဦးခေါင်းရတနာ၊ မြတ်**အင်္ဂါဖြင့်**။ **နမာမိ**=ရှိခိုးပါ၏။

www.dhammadownload.com



တေသံ=ထိုက်ဝါ၀ါင္ဆု၊ ပမာပြုလည်း၊ နှိုင်းတုမရ၊ ပွင့်တော်မူကြကုန်သော၊ ဘုရားရှင်တို့နှင့်တကွ၊ ငါးသိန်း တစ်သောင်း နှစ်ထောင် နှစ်ကျိပ်မျှစ်ဆူကုန်သော ဘုရားရှင်တို့၏။ ဓမ္မဥ္ဇ=တရားတော်မြတ်ကို လည်းကောင်း။ သံဃဥ္ဇ=တပည့်သား သံဃာတော်မြတ်ကိုလည်းကောင်း။ ဆာဒရေန=ရှိသေစွာ။ အဟံ=အကျွန်ုပ်သည်။ နမာမိ=ရှိခိုးပါ၏။

နမက္ကာရာနုဘာ၀ေန = ဤသို့ ရှိခိုးပူဇော်၊ ပူးပြော်မာန်လျှော့၊ ကန်ခတ်ရသော ပဏာမ ကုသိုလ်ကံစေတနာကြောင့်။ သဗ္ဗေ=အပ်သမ်းကုန်သော။ ဥပဒ္ဒ၀ေ=ဘေးရန်ဥပဒ်တို့ကို။ ဟိတွာ=ပယ်ဖျောက်၍။ ဆန္ဒရာယပိ=တစ်ပါးမက မျှားစွာကုန်သော အန္တရာယ်တို့သည်လည်း။ အသေသတော=အကြွင်းအကျန်မရှိသောအားဖြင့်။ ဝိနဿန္တု=ဖျောက်ပျက်စေကုန်သတည်း။

မှတ်ချက်။ ။ဤသမ္မုဒ္ဓေဂါထာတော်အနက်မှာ ရန်ကုန်မြို့ ကျောင်းထောက် ရာ ဌဂ္ဂကျင်တိုက် ပထမဆရာတော် ဦးသာသနရေးသားသော အနက်ဖြစ်ကြောင်း သိရပါသည်။

www.dhammadownload.com



# ဆရာတော် ဦးဝိစိတ္တာသာရာဘိဝံသ သီကုံးဖွဲ့ဆိုအပ်သော

## မေတ္တာသုတ်လာ မေတ္တာပွားနည်း ၁၁-နည်း

၁။ သမ္မေ သတ္တာ သုခိနော ဟောန္တု၊

(က) လုံးစုံမျှားစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

(ခ) ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၂။ တသန္နဉ် ထာဝရ ဒုကမေတ္တာ

(က) ကြောက်တတ်, မကြောက်တတ်၊ နှစ်ရပ်မျှားစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

(ခ) ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၃။ ဒိဋ္ဌနှင့် အဒိဋ္ဌ ဒုကမေတ္တာ

(က) မြင်အပ်,မမြင်အပ်၊ နှစ်ရပ်မျှားစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

(ခ) ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၄။ ဒူရနှင့် အဝိဒူရ ဒုကမေတ္တာ

(က) ဝေးနေ,နီးနေ၊ နှစ်ထွေမျှားစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

(ခ) ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

www.dhammadownload.com



၅။ ဘူတနှင့် သမ္ဘဝေသီ ဒုကမေတ္တာ

(က) ဘဝဇာတ်ဆုံး၊ မဆုံးမျှားစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်. မြဲပါစေ။

(ခ) ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၆။ ဒီဃ, ရဿ, မဇ္ဈိမ တိကမေတ္တာ

(က) ရှည့်, တို့, အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

(ခ) ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၇။ မဟန္တ, အဏုက, မဇ္ဈိမ တိကမေတ္တာ

(က) ကြီး, ငယ်, အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

(ခ) ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၈။ ထူလ, အဏုက, မဇ္ဈိမ တိကမေတ္တာ

(က) ဆူ, ကြုံ, အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

(ခ) ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၉။ န ပရော ပရံ နိကုဗ္ဗထ

လူအချင်းချင်း၊ လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ။

၁၀။ နာတိမညေထ ကတ္ထစိ န ကိဉ္စိ

အာဃင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

၁၁။ ဗျာရောသနာ ပဋိဃသညာ၊ နညမညဿ ဒုက္ခမိစ္ဆေယျ

ဆင်းရဲလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

www.dhammadownload.com



## မေတ္တာအကျိုး ၁၁-မျိုး

အိပ်သော်ချမ်းသာ၊ နိုးခါ သုခ၊ မြတ်လှအိပ်မက်၊ နှစ်သက်လူတို့၊ နတ်တို့ချစ်ခင်၊ နတ်ပင်စောင့်နေ၊ မီးရေမဖျက်၊ ငြိမ်သက်တည်ကြည်၊ ရှင်ကြည်မျက်နှာ၊ သေခါ မမိုင်၊ ဗြဟ္မာတိုင်သား၊ ဆယ့်တစ်ပါးကို၊ ကျမ်းဂန်ဆိုသည်။ ။ ဗိုလ်လူအများ မေတ္တာပွား။

---

## ဂေါတမမြတ်စွာဘုရား၏

## ဗုဒ္ဓဝင် အကျဉ်းချုပ် ဆောင်ပုဒ်

## မ, သိ, ကြ, လတ်၊ ဇတ္တး, ဆ, အပ်၊ နွေမြတ် ခုနစ်ထွေ။

## သန်, ဖွား, တော, ပွင့်၊ စက်, စု, သင့်၊ ရှင်ပင့် သာကီဆွေ။

### ရှင်းလင်းချက်

၁။ မ=ကြာသပတေးနေ့တွင်
သန်=ပဋိသန္ဓေ နေတော်မူပါသည်။

၂။ သိ=သောကြာနေ့တွင်
ဖွား=ဖွားမြင်တော်မူပါသည်။

၃။ ကြ=တနလ်ာနေ့တွင်
တော=တောထွက်တော်မူပါသည်။

၄။ လတ်=ဗုဒ္ဓဟူးနေ့တွင်
ပွင့်=ဘုရားပွင့်တော်မူပါသည်။

www.dhammadownload.com



၅။ တွေး=စနေနေ့တွင်
စက်=ဓမ္မစကြာတရား ဟောတော်မူပါသည်။

၆။ ဆ=အင်္ဂါနေ့တွင်
စု=စုတိ ပရိနိဗ္ဗာန် စံတော်မူပါသည်။

၇။ အပ်=တနင်္ဂနွေနေ့တွင်
သင့်=တေဇောဓာတ် (မီးသင့်)လောင်တော်မူပါသည်။

---

## လယ်တီဆရာတော် ရေးသားသော

## ဗုဒ္ဓဝင်ဘုရားရှိခိုးလက်ာ

### သဓ္ဓေယျသောနေ့ (မ=သန်)

သုံးလူ့ရှင်ပင်၊ ကျွန်ထိပ်တင်၊ သောင်းခွင်စကြဝဠာ၊ နတ်ပြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂို၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြေ့၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သဒ္ဓေယျသည်၊ နတ်လူငြိမ်းဖို့ ကိန်းပါကို။

### ဖွားတော်မူသောနေ့ (သိ=ဖွား)

သဒ္ဓေယျကာ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြွံ၊ ကဆုန်လပြေ့၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံစီ၊ လုမ္ဗိနီဌ၌၊ မဟီလိုက်ဆူ၊ ဖွားတော်မူသည်။ ။နတ်လူအောင်မြို့ လမ်းပါကို။

### တောထွက်သောခနေ့ (ကြ=ဖွား)

ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနုနယ်ဌ၌၊ သုံးသွယ်ရှေနန်း၊ သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လှုလူ၊ စံတော်မူ၍၊ ရွယ်မူနုဖြူး။ နှစ်ဆယ့်းကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊ ရှေစိတ်ငြင်ငြို၊ သံဝေပိုက၊ ဝါဆိုလပြေ့၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရကုံ၊ တောရပ်လှုံသည်။ ။စုံမြိုင်ပင်ရိပ် ခန်းမှာကို။

www.dhammadownload.com



## ဘုရားဖြစ်သောနေ့ (လတ်=ပုဉ့်)

တောရပ်မြို့ငပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော်တပုံ၊ ပုဉ့်ချိန်ကြုံလာ၊ ကဆုန်လပြေ့၊ ဆင်မင်းဓနုဝယ်၊ မြေပရဓမေ၊ ပလ္လင်ငေ့ထက်၊ ရှေ့ညောင်တော်ကြီး၊ ဗီတာန်ထီးနှင့်၊ မငြိုးကြည်ဖြူ၊ နေတော်မူလျက်၊ ရန်မြို့ခပင်း၊ အာမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်။ ။သုံးဖော်လူတို့ ငြမ်းပါကို။

## ဓမ္မစကြာဟောသောနေ့ (တော်=စက်)

ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဘွား၊ ဖြန့်ချိသွားလျှင်၊ ငါးပါးဝဂ်ဂို၊ စုံအညီနှင့်၊ မဟီတသောင်း၊ တိုက်အပေါင်းမှာ၊ ခညောင်းကပ်လာ၊ နတ်ပြဟ္မာအား၊ ဝါဆိုလပြေ့၊ စနေနေ့ဝယ်၊ ကြေ့ကြေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်။ ။တရားနှတ်စည်ရွှမ်းတယ်ကို။

## ပရိနိဗ္ဗာန်စံသောနေ့ (ဆ=စု)

တရားနတ်စည်၊ ဆော်ရွှမ်းလည်ကာ၊ သုံးမည်ဘုံသိုက်၊ တသောင်းတိုက်ဝယ်၊ ကျုတ်ထိုက်သည်ရှု၊ နတ်လူပြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင့်ဆို့၊ ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး၊ သက်ကား ရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊ ရာ့လေးဆယ့်ရှစ်၊ သက္ကရာဇ်ငယ်၊ နယ်မလွှာဝိုင်း၊ စံနှိုင်းမယုတ်၊ ကုသိန္နာရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြေ့၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေနိဗ္ဗုံ။ စံတော်မူသည်။ ။ဝန်းဆူသောင်းလုံးကျော်တယ်ကို။

## တေဇောဓာတ်လောင်သောနေ့ (အပ်=သင့်)

နိဗ္ဗုံစံပြီ၊ ရှုမဒေါသား၊ သိဂီရွှေလော်၊ အလောင်းတော်ကို၊ ထိုရောက်ကဆုန်၊ လဆုတ်ကြုံ၍၊ ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနှေ့၊ ဓာတ်တေဇောလျှင်၊ ပျံစောဂျာဏ်စက်၊ ဓိဋ္ဌာန်ချက်ဖြင့်၊ လှုံကက်ကော်ရော်၊ မီးပူဇော်သည်။ ။ မွေတော်ရှစ်စိတ် ကြွင်းတယ်ကို။

www.dhammadownload.com



## ရှိခိုးဆုတောင်း

ထိုခုနစ်နေ့၊ သာချမ်းမြေကို၊ ဆွေ့ဆွေ့ကြည်ဖြူ၊ အာရုံယူလျက်၊ သုံးလူတို့နတ်၊ မြတ်ထက်မြတ်သား၊ အထွဋ်ခေါင်ဖျား၊ ကိုယ်တော်ဘုရား။ ကို၊ သုံးပါးမှန်စွာ၊ ဝန္ဒနာဖြင့်၊ သဒ္ဓါဖြိုးဖြိုး၊ ကျန်ရှိခိုးသည်။ ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

ဗုဒ္ဓဝင်ဘုရားရှိခိုး ပြီး၏။

---

## ကလေးမျှားအာကွက် ဗုဒ္ဓဝင်အကျဉ်းမှတ်ရန်

၁။ လူအမည်=သိဒ္ဓတ္ထ

၂။ ဘုရားဘွဲ့=ဂေါတမ

၃။ မိဘအမည်=သုဒ္ဓေါဒနမင်းနှင့် မာယာဒေဝီ

၄။ ကြင်ယာတော်=ယသော်ဓရာ (ဘဒ္ဒကစ္စနာ)

၅။ ရင်သွေးတော်=ရာဟုလာ

၆။ ယောက်ဖတော်=ဒေဝဒတ်

၇။ မိထွေးတော်=ဂေါတမီ

၈။ နေပြည်တော်=ကပိလဝတ်ပြည် (သက္ကတိုင်း၊ မဇ္ဈိမဒေသ)

၉။ ဖွားရာဌာန=လုမ္ဗိနီဥယျာဉ် (ကပိလဝတ်နှင့် ဒေဝဒဟအကြား)

၁၀။ နှန်းစုံနှစ်=၁၃-နှစ်ကြာ (၁၆-နှစ်မှ ၂၉-အထိ)

၁၁။ နိမိတ်ကြီးများ=သူအို, သူနာ, သူသေ, ရဟန်း

၁၂။ ဗျာဒိတ်ခံယူသောဘဝ=သုမေဓာရဟန္တာဘဝ

www.dhammadownload.com



၁၃။ ဗျာဒိတ်ခံယူသောနေ့=ကဆုန်လပြည့်နေ့

၁၄။ ဗျာဒိတ်ပေးသောဘုရား=ဒီပင်္ကရာမြတ်စွာဘုရား

၁၅။ ပါရမီဖြည့်ဖက်=သုမိတ္တာအမျိုးသမီး (ယသော်ဓရာအလောင်း)

၁၆။ ပါရမီဖြည့်ရာကာလ=လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း
(သုမေဓာဘဝမှ ဝေဿန္တရာဘဝအထိ)

၁၇။ ပါရမီဖြည့်ရခြင်း၏ ရည်ရွယ်ချက် = သတ္တဝါများအကျိုး
ဆောင်ရွက်ရန်

၁၈။ ဒုက္ကရစရိယာကျင့်ရသောနှစ်=၆-နှစ်ကြာ (ဥရုဝေလ-မှ ၁၀၃ အထိ)

၁၉။ ဒုက္ကရစရိယာကျင့်သည့်နေရာ=ဥရုဝေဠုတော

၂၀။ ဘုရားဖြစ်ချိန်သက်တော်=၃၅-နှစ်အရွယ်

၂၁။ ဘုရားပွင့်ရာသက်တမ်း=၁၀၀-တမ်း

၂၂။ အလုပ်အကျေး=ပဉ္စဝဂ္ဂိငါးဦး (ဒုက္ကရစရိယာကျင့်ခိုက်)

၂၃။ တရားဦးဟောသည့်နေရာ=ဗာရာဏသီ မိဂဒါဝုန်တော

၂၄။ ပထမဆုံး သာဝက=ပဉ္စဝဂ္ဂိငါးဦး

၂၅။ နောက်ဆုံးကျတ်သော သာဝက=သုဘဒ္ဒပရိဗိုဇ်

၂၆။ လက်ယာရံ အဂ္ဂသာဝက=အရှင်သာရိပုတ္တရာ

၂၇။ လက်ဝဲရံ အဂ္ဂသာဝက=အရှင်မောဂ္ဂလာန်

၂၈။ အဆုံးအမသာသနာ=ပရိယတ္တိ, ပဋိပတ္တိ, ပဋိဝေဓ

၂၉။ ကျင့်စဉ်သိက္ခာ=သီလ, သမာဓိ, ပညာ

၃၀။ ချမှတ်သော လမ်းစဉ်=မဇ္ဈိမပဋိပဒါ (မဂ္ဂင်လမ်းစဉ်)

www.dhammadownload.com



၃၁။ သန္ဓေယူသောနေ့=မဟာသက္ကရာဇ် ၆၇၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့

၃၂။ ဖွားမြင်သောနေ့=မဟာသက္ကရာဇ် ၆၈၊ ကဆုန်လပြည့်၊ သောကြာနေ့

၃၃။ တောထွက်သောနေ့=မဟာသက္ကရာဇ် ၉၇၊ ဝါဆိုလပြည့်၊ တနလ်ာနေ့

၃၄။ ဘုရားဖြစ်သောနေ့=မဟာသက္ကရာဇ် ၁၀၃၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့

၃၅။ ဓမ္မစကြာဟောသောနေ့=မဟာသက္ကရာဇ် ၁၀၃၊ ဝါဆိုလပြည့်၊ စနေနေ့

၃၆။ ပရိနိဗ္ဗာန်စံသောနေ့=မဟာသက္ကရာဇ် ၁၄၈၊ ကဆုန်လပြည့်၊ အင်္ဂါနေ့

၃၇။ တေဇောဓာတ်လောင်သောနေ့=၁၄၈၊ ကဆုန်လဆုတ် ၁၂၊ တနင်္ဂနွေနေ့

ဗုဒ္ဓဝင် အကျဉ်းချုပ် ပြီး၏။

---

## ငါးပါးသီလဆိုရိုး

### ၁။ ကန်တော့ရန်

သြကာသ သြကာသ သြကာသ၊ ကာယကံ ဝစီကံ မနောကံ၊ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်ကို့ကို ပျောက်ပါစေခြင်းအကျိုးငှာ **ပထမ** ဒုတိယ တတိယ၊ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ ရတနာမြတ်သုံးပါး တို့ကို အရှိအသေ အလေးအမြတ် လက်အုပ်မိုးချီ ရှိခိုးပူဇော် ဖူးမြော်ပန်လျှာ့ ကန်တော့ပါ၏ အရှင်ဘုရား။

www.dhammadownload.com



## ၂။ ဆုတောင်းရန်

ကန်တော့ရသော အကျိုးအာနိသင်ကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မင်္ဂလာ ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

**မှတ်ချက်။** ။ဤသြကာသဆိုရိုးမှာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က တပြည်လုံးအတွက် တစံတည်းဖြစ်စေရန် ချမှတ်ထားသော ဆိုရိုးဖြစ်ပါသည်။

## ၃။ သရဏကုံသီလ တောင်းရန်

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊အနုဂ္ဂဟံ ကတ္ဝာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ... ။

တတိယမ္ပိ အဟံ ဘန္တေ....။

(**မြန်မာပြန်**) အရှင်ဘုရား သရဏကုံ သုံးပါးနှင့်တကွ ငါးပါးသီလ သိက္ခာပုဒ်တရားကို တပည့်တော်ကာ တောင်းပါ၏၊ အရှင်ဘုရား တပည့်တော်ကို ငဲ့ညှာထောက်ထား ချီးမြှောက်သောအားဖြင့် ငါးပါးသီလ ပေးသနားတော်မူပါဘုရား။

သံဃာတော်–ယမဟံ ဝဒါမိ တံ ဝဒေထ။

လူအများ–အာမ ဘန္တေ။

## ၄။ ဘုရားရှိခိုးရန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
(၃-ခေါက်ဆိုပါ။)

www.dhammadownload.com



(မြန်မာပြန်) ဘဂဝါဂုဏ်ရှင် အာရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဖြစ်တော်မူ၏သော မြတ်စွာဘုရားအား ရှိခိုးပါ၏။

## ၅။ သရဏာဂုံ ဆောက်တည်ရန်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ = ဘုရားကိုးကွယ်ပါ၏။

ဓမ္မံ သရဏံ ဂစ္ဆာမိ = တရားကိုးကွယ်ပါ၏။

သံဃံ သရဏံ ဂစ္ဆာမိ = သံဃာကိုးကွယ်ပါ၏။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

သံဃာတော်–တိသရဏဂမနံ ပရိပုဏ္ဏံ။

**လူအများ–အာမ ဘန္တေ။**

## ၆။ ငါးပါးသီလ ဆောက်တည်ရန်

၁။ ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ = သူတပါး အသက်ကို မသတ်ပါဘုရား။

၂။ အဒိန္နာဒါနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ = သူတပါး ဥစ္စာကို မခိုးပါဘုရား။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ = ကာမဂုဏ်တို့၌ မှားယွင်းစွာ မကျင့်ပါဘုရား။

၄။ မုသာဝါဒါ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ = လိမ်ညာ၍ မဟုတ်မမှန် မပြောပါဘုရား။

www.dhammadownload.com



၅။ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ= မူးယစ်သေစာ မသောက်စားပါဘုရား။

သံဃာတော်– တိသရဏေန သဟ ပဉ္စသီလံ သာဓုကံ ကတ္တာ အပ္ပမာဒေန သမ္ပာဒေထ။

လူအများ–အာမဘန္တေ။

## ငါးပါးသီလ အဓိဋ္ဌာန်

၁။ သ္ဝအာသက်လဲ၊ မသတ်ဘဲ၊ အမြဲရှောင်ကြဉ်မည်။

၂။ သ္ဝညစ်စွာလဲ၊ မခိုးဘဲ၊ အမြဲရှောင်ကြဉ်မည်။

၃။ ကာမဂုဏ်လဲ၊ မမှားဘဲ၊ အမြဲရှောင်ကြဉ်မည်။

၄။ လိမ်ညာ၍လဲ၊ မပြောဘဲ၊ အမြဲရှောင်ကြဉ်မည်။

၅။ သေအရက်လဲ၊ မသောက်ဘဲ၊ အမြဲရှောင်ကြဉ်မည်။

(မူးယစ်ဆေးလဲ၊ မသုံးစွဲ၊ အမြဲရှောင်ကြဉ်မည်။)

www.dhammadownload.com

# ဩကာသနှင်းတမ်း

ဩကာသ။ ။ရှိခိုးပါရစေ ကန်တော့ပါရစေဟု အခွင့်တောင်းခြင်းကို ဩကာသဟု ခေါ်သည်။ လေးနက်စေလိုသောကြောင့် လည်းကောင်း၊ ထင်ရှားပေါ်ပေါ့နှံစေလိုသောကြောင့် လည်းကောင်း ဩကာသကို သုံးကြိမ်ဆိုရပါသည်။

ကံသုံးပါး။ ။ကိုယ်ဖြင့်ပြုသောအမှုကို ကာယကံ၊ နှုတ်ဖြင့်ပြောသော အမှုကို ဝစီကံ၊ စိတ်ဖြင့်ကြံသောအမှုကို မနောကံဟု ခေါ်သည်။

ရတနာ။ ။နှစ်သက်မြတ်နိုးအပ်သောကြောင့် ရတနာဟု ခေါ်ပါသည်။

ဘုရား။ ။ဟရုးဉဿုံ အလုံးစုံကို အကုန်အစင်သိမြင်တော်မူသော ကြောင့် ဘုရားဟုခေါ်ပါသည်။

ဘရား။ ။အပါယ်ဆင်းရဲ သံဘရဝဋ်ဆင်းရဲသို့ မကျရောက်အောင် ဆွဲဆောင်တတ်သောကြောင့်တရားဟု ခေါ်ပါသည်။

သံဃာ။ ။အယူသီလ တူမျှခြင်းဖြင့် ပေါင်းစုဖွဲ့စည်းထားသောကြောင့် သံဃာဟု ခေါ်ပါသည်။

ဘရိအယေ။ ။ကိုယ်,နှုတ်,စိတ် သုံးပါးဘို့ဖြင့် ညွတ်တွားကိုင်းရှိုင်းခြင်း။

အလေးအမြတ်။ ။ဘကာယ်အဟုတ် စိတ်ပါပါနှင့် လေးစားမြတ်နိုးခြင်း။

ရှိခိုး။ ။ရှိခိုးခြင်းမှာ ကိုယ်ဖြင့် ရှိခိုးခြင်း၊နှုတ်ဖြင့်ရှိခိုးခြင်း၊ စိတ်ဖြင့် ရှိခိုးခြင်းဟူ၍ သုံးမျိုးရှိသည်။ကိုယ်ဖြင့်ရှိခိုးခြင်းဆိုသည်မှာ ရုတနာသုံးပါးမိဘဘိုးဘွား ဆရာသမားတို့၏ ဂုဏ်ကျေးဇူး ကို အာရုံပြု၍ ထိခြင်းငါးပါးဖြင့် ရှိခိုးခြင်းကို ခေါ်သည်။ စိတ်ဖြင့်ရှိခိုးခြင်းဆိုသည်မှာ ရတနာသုံးပါး၏ ဂုဏ်ပုဒ်

www.dhammadownload.com



မျှားကို နှုတ်ဖြင့်ထုတ်ဖော်၍ ပျပ်ဆိုခြင်းကို ခေါ်ပါသည်။ စိတ် ဖြင့်ရှိခိုးခြင်းဆိုသည်မှာ ရတနာသုံးပါးတို့၏ဂုဏ်ကျေးဇူးကို စိတ်ထဲမှာ အဖန်တလဲလဲအောက်မေ့ခြင်းကို ခေါ်ပါသည်။ [ခြေ၊ လက် နဖူး၊ တံတောင်၊ ဒူး ထိငါးပါး]

**ပူဇော်။** ။ပစ္စည်းဖြင့်ပူဇော်ခြင်း၊တရားဖြင့်ပူဇော်ခြင်း ၂-မျိုးရှိသည်။

**ဖူးမြော်။** ။ပကတိမျက်စိဖြင့် ဖူးမြော်ခြင်း၊ အသိဉာဏ်မျက်စိဖြင့် ဖူးမြော်ခြင်း။

**မာန်လျှော့။** ။မိမိသန္တာန်ရှိသော **မာန်မာနတရား**များကို လျှော့ချဖယ်ရှားခြင်း (ရတနာသုံးပါးကိုမြင့်မြတ်ရာ၌ထားခြင်း) ကို မာန်လျှော့သည်ဟု ခေါ်ပါသည်။ မာန်လျှော့ခြင်းကို နိဝါတမင်္ဂလာဟု မှတ်ပါ။

**ကန်တော့။** ။အပြစ်ရှိက ခွင့်လွှတ်တော်မူပါဟု ဝန်ချတောင်းပန်ခြင်းကို ကန်တော့သည်ဟု ခေါ်သည်၊ အပြစ်ရှိ၍ကန်တော့ခြင်း, ကုသိုလ်ရလို၍ ကန်တော့ခြင်းဟု ၂-မျိုးရှိသည်၊ (ကန်တော့ဆိုသည်မှာ အကုသိုလ်ကို ကန့်,ကျောက်၍ ကုသိုလ်ကို တော့,ယူခြင်းကို ဆိုလိုသည်)

**အပါယ်။** ။ချမ်းသာကင်း၍ ကုသိုလ်ကောင်းမှုပြုခွင့်မရသော **အရပ်**ကို အပါယ်ဟု ခေါ်သည်။

**ကပ်။** ။ငတ်မွတ်ဘေး၊ လက်နက်ဘေး၊ ရောဂါဘေးတို့ကြောင့် ပျက်စီးခြင်းကို ကပ်ဟုခေါ်သည်။

**ရပ်ပြစ်။** ။မင်္ဂလာနိဗ္ဗာန် မရနိုင်သည်ကိုစွဲ၍ ရပ်ပြစ်ဟု ခေါ်သည်။ (ရှစ်ပါးရှိသည်)

**ရန်သူ။** ။ရေ၊ မီး၊ မင်း၊ ဘူခိုး၊ အမွေခံအမွေဆိုး၊

www.dhammadownload.com



**ဝိပတ္တိ။** ။ဖောက်ပြန်ခြင်းတရားကို ဝိပတ္တိဟု ခေါ်သည်။(ဂတိ၊ ဥပဓိ၊ ကာလ၊ ပယောဂ)

**ဗျသန။** ။ဆွေမျိုး၊ ဥစ္စာ၊ ဏောဂါ၊ အယူ၊ အကျင့် ပျက်စီးခြင်းကို ဗျသနဟု ခေါ်သည်။

**မဂ်။** ။နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော **တရား**လမ်းကို မဂ်ဟု ခေါ်သည်။

**ဖိုလ်။** ။မဂ်၏အကျိုးတရားကို ဖိုလ်ဟု ခေါ်သည်။

**နိဗ္ဗာန်။** ။ရာဂ, ဒေါသ, မောဟတို့၏ကင်းရာ ငြိမ်းအေးမှုဓာတ်သဘောကို နိဗ္ဗာန်ဟု ခေါ်သည်။

**နမော တဿ။** ။ဘုရားကို ရှိသေလေးစားခြင်းအစဉ်အလာကို ထိန်းသိမ်းခြင်းအနေဖြင့် "နမော တဿ" ကို သုံးခေါက်ရွက်ဆိုရသည်။

**သရဏာဂုံ။** ။ဗုဒ္ဓဘာသာ စစ် မစစ် သရဏာဂုံဖြင့် တိုင်းတာရသည်။

---

## အမျှဝေစာတမ်း

ဤသို့ပြု၍၊ မြတ်ပုညကို၊ ကြီးထမြင့်ခေါင်၊ မြင်းမိုရ်တောင်ဦး၊ မကကြီးသား၊ ကျေးဇူးအရှင်၊ မွေးမိခင်နှင့်၊ ဖခင်တို့အား၊ ရငြားပါစေ၊ အမျှဝေ၏။

မသွေနိစ္စ၊ ဤကာယကို၊ စောင့်ထပေတတ်၊ ကိုယ်စောင့်နတ်လည်း၊ မလပ်စေရ၊ ပေးဝေဌ၏။

မိတ္တဆွေဉာ၊ ဆရာသမား၊ ဘိုးဘွားကစ၊ ယမရာဇာ၊ ဒေဝါယက္ခ၊ ဤဒုဗ္ဘဂ္ဂမှာ၊ အာကာသနတ်၊ အထူးမှတ်၍၊ မပြတ်ပုည၊ ကုသလကို၊ ရကြပါစေ၊ အမျှဝေ၏။

www.dhammadownload.com



သမ္မေ သတ္တာ၊ သတ္တဝါဟု၊ နာနာလောက၊ အနန္တတွင်၊ မပြတ်စဉ်ကာ၊ သတ္တာဝါသ၊ ဘုံကိုးဝန္ဒင်္၊ ဝိညာဏဌိတိ၊ တည်ရှိခုနစ်ပါး၊ များစ့ဝလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ပြစ်သမျှ၊ ဝေနေယျအား၊ အမျကုသိုလ်၊ ပေးဝေလို၏။

ထိုကုသလ၊ ဤပုညကို၊ အမျရကြသည် ဖြစ်စေသော်။

ဝသုန္ဓရေ၊ ဤမြေပံသု၊ သိလာထုလည်း၊ သက်သေအမှု တည်စေသော်။

အမျ....အမျ....အမျ....(ယူတော်မူကြပါကုန်လော့)။

သာဓု....သာဓု....သာဓု....

ဘုရားရှိခိုး၊ မေတ္တာပို့၊ ဆုတောင်း၊ အမျဝေဆိုင်ရာ ပြီး၏။

---

## လူမှုဆိုင်ရာ ကျင့်ဝတ်များ

### အလေးအမြတ်ပြုရမည့် အရပ် ၆-မျက်နှာ

အရှေ့မိဘ၊ တောင်မှ ဆရာ၊ နောက်မှာ မယား၊ မြောက်ကား မိတ်ဆွေ၊ အောက်ခြေ ကျွန်မှတ်၊ ထက်ရပ် သံဃာ၊ မှတ်သားပါ၊ ခြောက်ဖြာ တံခါးပေါက်။

### သားသမီးကျင့်ဝတ် ၅-ပါး

(၁) ကျေးမွေးမပျက်၊ (၂) ဆောင်ရွက်စီမံ၊ (၃) မွေခံထိုက်စေ၊ (၄) လှူမျဝေ၍၊ (၅) စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ် သားတို့တာ (ကျင့်ဖွယ်သမီးတို့တာ)။

www.dhammadownload.com



## မိဘကျင့်ဝတ် ၅-ပါး

(၁) မကောင်းမြစ်ထာ၊ (၂) ကောင်းရာညွှန်လတ်၊ (၃) အတတ်သင်စေ၊ (၄) ပေးဝေနှီးရင်း၊ (၅) ထိမ်းမြားခြင်းလျှင်၊ ဝတ်ဒါးအင်၊ ဖခင်မယ်တို့တာ။

## တပည့်ကျင့်ဝတ် ၅-ပါး

(၁) ဉီဉာထကြွ၊ (၂) ဆုံးမနာယူ၊ (၃) လာမူကြိုဆီး၊ (၄) ထံနီးလုပ်ကျေး၊ (၅) သင်တွေးအံ့ရတ်၊ တပည့်ဝတ်၊ မချတ်ငါးခုသာ။

## ဆရာကျင့်ဝတ် ၅-ပါး

(၁) အတတ်လည်းသင်၊ (၂) ပဲ့ပြင်ဆုံးမ၊သိပ်မချန်၊ (၃) ဘေးရန်ဆီးကာ၊ (၄) သင့်ရာအပ်ပို၊ ဆရာတို့၊ ကျင့်ဖို့ ဝတ်ငါးပြာ။

## လင်ကျင့်ဝတ် ၅-ပါး

(၁) မထီမဲ့ကင်း၊ (၂) အပ်နှင်းဥစ္စာ၊ (၃) မိစ္ဆာမမှား၊ (၄) ဝတ်စားဆင်ယင်၊ (၅) မြတ်နိုးကြင်၊ ငါးအင် လင်ကျင့်ရာ။

## မယားကျင့်ဝတ် ၅ ပါး

(၁) အိမ်တွင်းမှုလုပ်၊ (၂) ဘဲမ်းထုဘ်သေချာ၊ (၃) မိစ္ဆာကြဉ်ရှောင်၊ (၄) လျော်အောင်ဖြန့်ချီ၊ (၅) ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စ္စာ။

## မိတ်ဆွေကျင့်ဝတ် ၅-ပါး

(၁) ပေးကမ်းချီးမြှင့်၊ (၂) ကိုယ်နှင့်ယှဉ်ထား၊ (၃) စီးပွားဆောင်ရွက်၊ (၄) နှုတ်မြွက်ချိုသာ၊ (၅) သစ္စာမှန်စေ၊ ဝတ်ငါးဇထွ၊ ကျင့်လေ မိတ်သဟာ။

www.dhammadownload.com



## အလုပ်ရှင် (အရှင်) ကျင့်ဝတ် ၅-ပါး

(၁) ဝစ္စာကျေးမွေး၊ (၂) ပြုရေးစီမှင်၊ (၃) နာလျှင်ကုစေ၊ (၄) ငှဝေရသာ၊ (၅) အခါကိုလွှတ်၊ အလုပ်ရှင်ဝတ်၊ မချွတ် ငါးခုသာ။

## အလုပ်သမား (ကျွန်) ကျင့်ဝတ် ၅-ပါး

(၁) အိပ်သော်နှောက်ကျ၊ (၂) ထသော်ကားရှေး၊ (၃) ပေးမှယူအပ်၊ (၄) စေ့စပ်ဆောင်ရွက်၊ (၅) ကျေးဇူးမြွက်၊ ငါးချက်လုပ်သားဝတ်။

## ဒါယကာကျင့်ဝတ် ၅-ပါး

(၁) မေတ္တာစိတ်သက်၊ (၂) ဆောင်ရွက်ချစ်ခင်၊ (၃) ခင်မင်နှုတ်ချို၊ (၄) လိုလျှင်ဖိတ်ထား၊ (၅) တတ်အားလှူစေ၊ ဝတ်ငါးထွေ၊ ပြုလေ ဒါယကာ။

## ရဟန်းကျင့်ဝတ် ၆-ပါး

(၁) မကောင်းမြစ်ထာ၊ (၂) ကောင်းရာညွှန်လစ် (၃) အသစ်ဟောကျူး၊ (၄) နာဖူးထပ်မံ၊ (၅) နတ်ထံတင်ရာ၊ (၆) မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခု လွန်သေချာ။

---

## ယဉ်ကျေးလိမ္မာ ဆုံးမစာ သံပေါက်ကဗျာများ

၁။ အနန္တငါး၊ ဦးထိပ်ထား၊ ညွှတ်တွားပါကဲ့.မမေ့နဲ့။

၂။ ဆရာမိဘ၊ ဆိုဆုံးမ၊ လိုက်နာကြကဲ့. မမေ့နဲ့။

၃။ မ်ိဳးဖျိုး၊ ဆရာဦး၊ ခူးၫွှနော်ကဲ့.မစားနဲ့။

၄။ ကိုယ့်ထက်ကြီးသူ၊ ပြောဆိုမှု၊ နင် ငါဟူ၍ မပြောနဲ့။

၅။ သူများကိုသာ၊ ရန်မရှာ၊ မခံချင်တာ မပြောနဲ့။

www.dhammadownload.com



၆။ ယဉ်ကျေးအောင်သွား၊ ယဉ်အောင်စား၊ စကားပြောလဲယဉ် စေကဲ့။

၇။ ပရမ်းပတာ၊ သူထက်ငါ၊ လုယက်ကာကဲ့ မစား၊နဲ့။
(မသွား၊နဲ့၊ မပြော၊နဲ့၊ မရပ်၊နဲ့၊ မထိုင်၊နဲ့၊ မအိပ်၊နဲ့။)

၈။ ထမင်းစား၊ရာ၊ အစား၊စာ၊ များ၊စွာစကား မပြော၊နဲ့။

၉။ ငြိမ်သက်သား၊နား၊သတိထား၊ ကောင်းကောင်း၊စား၊ကဲ့ဖိုတ်စေ၊နဲ့။

၁၀။ စား၊ပြီး၊သော၁ခါ၊ စင်ကြယ်စွာ၊ ဆေး၊ကြောပါကဲ့ ကောင်းကောင်းတဲ့။

၁၁။ လက်ကိုလျက်ကာ၊မစား၊ရာ၊ရှောင်ရှား၊ပါကဲ့၊ကောင်းကောင်းတဲ့။

၁၂။ နှုတ်ခမ်းပါး၊နား၊ လျက်ကာစား၊ ရှောင်ရှား၊ပါကဲ့ ကောင်းကောင်းတဲ့။

၁၃။ လျာကိုထုတ်ကာ၊ မစား၊ရာ၊ ရှောင်ရှား၊ပါကဲ့၊ကောင်းကောင်းတဲ့။

၁၄။ ဟင်း၊ရေသောက်ပြန်၊ ရှူး၊ရှူး၊သံ၊ ကေန်မပြု၊နဲ့။

၁၅။ ထမင်းဟင်းပေလျက်၊ သောက်ရေခွက်၊ လက်နှင့် မကိုင်၊နဲ့။

၁၆။ အိမ်ပေါ်ကျောင်းပေါ်၊ ဇရပ်ပေါ်၊ သွား၊သော်ခြေနင်း မပြင်း၊နဲ့။

၁၇။ မဟန်းသံဃာ၊ ရှေ့မှောက်မှာ၊ ရိုသေစွာတဲ့ သွား၊ပါကဲ့။

၁၈။ လူကြီး၊သူမ၊ ရှေ့သို့က၊ ကုန်းကွက်တဲ့ သွား၊ပါကဲ့။

၁၉။ ဒူး၊ထောင်ပေါင်ကား၊ ဆရာနား (မိဘနား)၊ အလျား၊မှောက်၍ မနေ၊နဲ့။

၂၀။ အိပ်ရာနေရာ၊ အိပ်ပြီး၁ခါ၊ သိမ်း၊ကြပါကဲ့ ကောင်းကောင်းတဲ့။

၂၁။ သောက်ရေသုံး၊ရေ၊ မရှိခဲ့၊ ရေကိုခပ်ကဲ့ မပျင်း၊နဲ့။

www.dhammadownload.com



၂၂။ ကျောင်းတွင်းအိမ်တွင်း၊ ရွှေပ်နေလျှင်း၊ သန့်ရှင်းအောင်တဲ့ ပြုပါကွဲ့။

၂၃။ မိန်းခလေးမှာ၊ အရာရာ။၊ ပြာတီးပြာတာ မရှပ်နဲ့။

၂၄။ မိန်းမ, မင်း, ဆင်၊ ရဟန်းပင်၊ ကွန်ဒြေရှင်ကွဲ့ လေးဦးတဲ့။

၂၅။ မိန်းမကွန်ဒြေ၊သိရှသရေ၊ စိန်ကုဋ္ဌေတန်သကွဲ့၊ မှတ်လေတဲ့။

၂၆။ ကျောင်းပစ္စည်းကို၊ မယူလို၊ မြေဆိပ်လိုတဲ့ ကြောက်ပါကွဲ့။

၂၇။ မျက်မှောက်တသွယ်၊ မျက်ကွယ်တခြား၊ အကျင့်မှား ရှောင်ရှားပါကွဲ့ ကောင်းကောင်းတဲ့။

၂၈။ အများပိုင်ကို၊ ကိုယ့်ဟာလို၊ ရိုသေကြကွဲ့ ကောင်းကောင်းတဲ့။

၂၉။ ဝေယျာဝစ္စာ၊ ကျောင်းအိမ်မှာ၊ လျော်စွာလုပ်ကွဲ့ မခိုနဲ့။

၃၀။ ညည့်သည် အာဂန္တု၊ ရောက်လာမှု၊ ဆူချိညံ့ကာ မနေနဲ့။

၃၁။ လူရွှပ်လူပွေ၊ လူယုတ်တွေ့၊ ရှောင်လေရှားကွဲ့ ဝေးဝေးတဲ့။

၃၂။ ဘိန်းအရက်ကို၊ မရှုလို၊ မစင်လိုတဲ့ ရှံပါကွဲ့။

၃၃။ ဂုံးချောကြမ်းကြုတ်၊ အကျင့်ယုတ်၊ မဟုတ်စကားမပြောနဲ့။

၃၄။ ဘုရားပုထိုး၊ ဦးညွတ်ကျိုး၊ ရှိခိုးအိပ်ကွဲ့ မမေ့နဲ့။

၃၅။ မိခင်ဖခင်၊ ဆရာရှင်၊ နေ့စဉ်မမေ့နဲ့ ရှိခိုးကွဲ့။

၃၆။ သူကပြုဖူး၊ သူကျေးဇူး၊ အထူးမမေ့နဲ့ ပြန်ဆပ်ကွဲ့။

လူနှင့်ဆိုင်ရာ ကျင့်ဝတ်များ
သင်တန်းပို့ချချက်အကျဉ်း ပြီး၏။

www.dhammadownload.com



### သာသနာလျှောက် စာတမ်း

ဘုရားသခင် ရှေ့ပြည်နိဗ္ဗာန် စံတော်မူသည့်နေ့မှစ၍ ထာဝေါ် မူခဲ့သော သာသနာတော်မြတ်သည်ကား ငါးထောင် ဖြစ်ပါသည်ဘုရား။ ထိုငါးထောင်အနက်တို့တွင်-

(က) လွန်လေပြီးသော အတိတ်သာသနာတော်မြတ်သည်ကား ၂၅၃၃-ခု လွန်ပါပြီဘုရား။

(ခ) ကြွင်းကျန်သေးသော အနာဂတ် သာသနာတော်မြတ်သည်ကား ၂၄၆၇-ခု ကြွင်းကျန်ပါသေးသည်ဘုရား။

(ဂ) ယခု လူတို့ ခေါ်ဝေါ်ပညတ် သမုတ်အပ်သော ကောဇာသက္ကရာဇ် နှစ်၏အရေအတွက်သော်ကား ၁၃၅၁-ခု ဖြစ်ပါသည်ဘုရား။

မိဿ, ပြိဿ, မေထုန်, ကရကဋ္ဌ, သိပ်, ကန်, တူ, ငြိစ္ဆာ, ဓနု, မကာရ, ကုမ်, မိန် တစ်ဆယ့်နှစ်ရာသီတို့တွင် မေထုန်ရာသီ နယုန်လဆန်း ၁၅-ရက်၊ တနင်္ဂနွေနေ့ ဖြစ်ပါသည်ဘုရား။ တနင်္ဂနွေဆန်း တနင်္ဂနွေကွယ်သောကြောင့် အတိုကောက်လက်ဝ (ဥဿ) ဖြစ်ပါသည်ဘုရား။

### အဘိတ်သာသနာတွက်နည်း ဆောင်ပုဒ်

ကောဇာသက္ကရာဇ်၊ ရောက်ဆဲနှစ်ကို၊ တစ်တစ်ရှစ်နှစ်၊
ရောတုံလှစ်သော်၊ တွက်စစ်ကြောင်းဟိတ်၊ အတိတ်သာသနာ၊
ပေါ်ထွက်လာ၊ သေချာမမှား မြဲမှတ်သားဃ်။

မှတ်ချက်။ ။ရောက်ဆဲသက္ကရာဇ် ၁၃၅၁-ကိုတည် ၁၁၈၂-ကိုထည့်၍ပေါင်း အတိတ်သာသနာနှစ် ၂၅၃၃-ခု ဖြစ်၏။ အတိတ်သာသနာ တစ်နှစ်တိုးတိုင်း အနာဂတ်သာသနာ တစ်နှစ်လျော့၏။

### လဆန်း, လကွယ်နေ့ မှတ်ရန် အတိုကောက်လက်ဝ

အောင်ခဲ့, စံညို၊ လူပျို, သွင်သွင်၊ ဒွင်းအင်, ငကျော်၊ ဇင်ယော်, ဗုတ်မွေး၊ သာဒွေး, ဥဿ၊ ကျော်စော, လှလင်၊ ပုတ်သင်, ဝဒါင့်ထဲ၊ ပြန်၍တွဲ။

www.dhammadownload.com

# ကောသလအိပ်မက် ၁၆-ချက်

## ရှစ်လုံးဝဲကဗျာများ

### ၁။ နွားလေးကောင် အိပ်မက်

နွားနက်လေးခု၊ ဝဲ့.မှဟန်ပြင်၊
မဝဲ့.ကြဘဲ၊ ရှောင်လွဲသည်မြင်။
အရွှေအနောက်၊ တောင်မြောက်မိုးဆင်၊
ခြိမ်းသံပေး၊ မိုးဝေးလွင့်ပျောက်စင်။

### ၂။ သစ်ပင်ငယ် အိပ်မက်

မြေက မကြ၊ ငယ်လှ သစ်ပင်၊
ဖူးငုံရင့်ပြီး၊ ပွင့်သီးတွေ့မြင်။
အရွယ်မမျှ၊ ပျိုမ မယ်ခင်၊
သမီးသား၊ လင်ထားအိမ်ထောင်ချင်း။

### ၃။ နွားကြီးနို့.စို့. အိပ်မက်

ယနေ့ဖွား၊ နွားမနို့သာ၊
မိခင်နွားကြီး၊ စို့.ပြီးနေရှာ။
သမီးနွံသား၊ စီးပွားပိုင်ရာ၊
ဝန်ယာကျေးမှု စားရမှာ။

### ၄။ နွားငယ်ဝန်တိုက် အိပ်မက်

နွားကြီးမျိုးကောက်၊ ဝန်တိုက်နွားငယ်၊
မရွှန်းနိုင်ဘဲ၊ ဝပ်လဲနေတယ်။
ကြီးသူပယ်ရှား၊ မြောက်စားလူငယ်၊
တိုင်းပြည်ရေး၊ ချုပ်ထွေးပွေတော့မယ်။

www.dhammadownload.com



### ၅။ ခံတွင်းနှစ်ခွမြင်း အိပ်မက်

ခံတွင်းနှစ်ခွ၊ မြင်းလှရာဇာ၊
ကျေးမကျွေးသမျှ၊ မဝနိုင်ပါ။
မှူးမတ်မင်္ဂီးစိုး၊ လာဘ်ထိုးသူရှာ၊
နှစ်ဖက်စား၊ တရားစီရင်မှာ။

### ၆။ ရွှေခွက်နှင့်ခွေး အိပ်မက်

ခွေးအိုထံဆက်၊ ရွှေခွက်သိန်းတန်၊
ကျင်ငယ်အမြဲ၊ ခွက်ထဲစွန့်ပြန်။
မျိုးမြတ်သမီး၊ ပဗ္ဗည်းမက်ဟန်၊
အာမျိုးယုတ်၊ လင်လုပ်ပေါင်းဆက်ဆံ။

### ၇။ ခွေးသူခိုးမ အိပ်မက်

ရွှေက ကျစ်ချ၊ လွှန်စကြိုးကို၊
ခွေးမ ခိုးစား၊ ကိုက်ဝါးကာမျိုး။
လင်ကြီးပစ္စည်း၊ သိမ်းဆည်းမသို၊
လင်မြွှောင်အား၊ မယားလောကွတ်ပို။

### ၈။ ရေပြည့်အိုး အိပ်မက်

အိုးငယ်ချည်းနှီး၊ အိုးကြီးရေလို၊
အိုးကြီးကိုပဲ၊ ရေဆဲလောင်းပြန်။
ဆင်းရဲသူများ၊ ဝတ်စားမကျန်၊
အာခွန်တွက်၊ နှိပ်စက်ငွေတောင်းခံ။

www.dhammadownload.com



## ၉။ ရေကန်ကြီး အိပ်မက်

ကြာမျိုးငါးဝ၊ ပဒုံကြရေကန်၊
ရေလယ်နောက်လျက်၊ ကမ်းဘက်ကြည်ပြန်။
မြို့တွင်းပုရွပ်၊ ခွန်တုတ်ကောက်ခံ၊
မြို့ပြင်ထွက်၊ ပြည့်နှက်စည်ကားရန်။

## ၁၀။ ထမင်းအိုး အိပ်မက်

တအိုးတည်းချက်၊ အကျက်မညီ၊
ထမင်းမာဆတ်၊ ပျော့နပ်သုံးလီ။
မင်းနှင့်လူများ၊ တထူးမမှီ၊
မိုးသုံးစား၊ ကွက်ကျားရွာချမည်။

## ၁၁။ စန္ဒကူးနှစ် အိပ်မက်

မွေးထုံနံ့ကြူး၊ စန္ဒကူးသိန်းတန်၊
ပုန်းရည်နှင့်လဲ၊ သုံးစွဲစားပြန်။
အလင်္ဂီများ၊ တထူးဖိုးတန်၊
ငွေနှင့်လဲ၊ အမြဲဟောမည်မှန်။

## ၁၂။ ဗူးခတောင်း အိပ်မက်

သံကြေးမခပေါင်း၊ ဗူးတောင်းဗူးအုံ၊
ရေတွင်စုပ်စုပ်၊ နစ်မြုပ်လုံးစုံ။
ပညာရှိများ၊ စကားဥဿုံ၊
ပြောသမျှ၊ လောကမသုံးကုန်။

www.dhammadownload.com



### ၁၃။ ကျောက်ခဲကြီး အိပ်မက်

အိမ်လုံးတောင်လုံး၊ ကျောက်တုံးကျောက်ဖြာ၊
ရေမှု ဘွားဘွား၊ ထင်ရှားပေါ်လာ။
ရဟန်းရှင်ဆိုး၊ လူဆိုးမျှားသာ၊
ဂုဏ်ရောင်တိုး၊ တန်ခိုးပေါ်ထွက်မှာ။

### ၁၄။ ဖားငယ်မ အိပ်မက်

အဆိပ်ပြင်းတောက်၊ မြွေဟောက်ကြီးကို၊
ဖားငယ်မမျှား၊ ကိုက်ဝါးကာမျို။
ကညာယူထား၊ သက်ထားဖိုးအို၊
မယားဆဲ၊ အမြဲအော်ငေါက်ဆို။

### ၁၅။ ကျီးငှက် အိပ်မက်

အာဆင်းပည်းနက်၊ ကျီးငှက်ဆိုးမှာ၊
ရွှေဟသ်ာမျှား၊ ဘေးစားနေပါ။
ပညာသိလ၊ ပြည့်စုံသူတော်၊
သူယုတ်အား။ ငပ်တွားနေရမှာ။

### ၁၆။ သစ်နှင့်ဆိတ် အိပ်မက်

ဆိတ်ကိုမြင်ငြား၊ ကြောက်အားပြင်းထန်၊
ခြသေ့သစ်ကျား၊ ခုန်လွှားပြေးပြန်။
သူယုတ်မာမျှား၊ ဆထောင်လွှားနိုင်ငံ၊
သူတော်ကောင်း၊ ပုန်းအောင်းတောမြို့ယံ။

**မှတ်ချက်။** ။လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးရေးဖွဲ့သော ကဗျာမျှားဖြစ်ပါသည်။ ၎င်း ၂-ပုဒ်ကို ကောသလမင်း၏ အိပ်မက်စကား၊ နောက် ၂-ပုဒ်ကို မြတ်စွာဘုရား အဖြေစကားဟု မှတ်ယူကြပါ။

www.dhammadownload.com

# ဓိပါက်တော် ၁၂-ပါး

## ကဏ္ဍဖွင့်

### ၁။ ပထမ ဝိပါက်တော်

**ပေး။** ဥရွေဝေဠု၊ တောဝမ္ပိုင်ခွင်၊
ခြောက်နှစ်ပတ်လုံး၊ ကျင့်သုံးအရှင်။
အာဒီးကုန်ခန်းလို့၊ ညှိုးနွမ်းငြိုငြင်၊
ပင်ပန်းရေး၊ ဝဋ်ဧကြွေးဘယ်ကြောင့်တင်။

**ဖြေ။** ကဿပဖျား၊ ထင်ရှားပွင့်သော်၊
ဇောတိပါလ၊ နာမအကျော်။
ပုဏ္ဏားမာန်တက်၊ ဒုတ်မြှောက်အာဘော်၊
ဝစီပြောင်း၊ ရွေးရင်းဝိပါက်တော်။

### ၂။ ဒုတိယဝိပါက်တော်

**ပေး။** စိဉ္စမာဏ၊ မိန်းမစေကျွန်၊
ကိုယ်ဝန်ရှိသော်၊ ဆိုးပြောအလွန်။
လက်သယ်ထားလို့၊ ဘုရားကိုညွှန်၊
ငုပ်စွဲခဲ့၊ အဘယ်ဝိပါက်ဝန်။

**ဖြေ။** သောက်စားလွန်ကြူး၊ ယစ်မူးပျော်ရွှင်၊
သေသောကံသမား၊ ဖြစ်ငြားယခင်။
ရဟန္တာမြတ်၊ ဆွမ်းရပ်သည်မြင်၊
အကျင့်ယုတ်၊ ဖွင့်ထုတ်စွပ်စွဲအင်။

www.dhammadownload.com



## ၃။ တတိယ ဝိပါက်တော်

၁မ။ တိတ္ထိစေ၌်း၊ မိုက်ရိုင်းဒုဿီ၊
ထင်ယောင်ထင်မှား၊ ပြုခြားသုန္ဒရီ။
လူရှင်အပေါင်း၊ ယုံကြောင်းပေ့လီ၊
ရှင်တော်ထုတ်၊ ဘယ်ဝင့်ရှေးကမ္မီ။

၁ဖြ။ မုနာဒ္ဒီ-ဟု၊ မည်ရှိလောင်းတော်၊
မောက်ကြွားမှောက်မှား၊ သောက်စားအပျော်။
ရှင်ပစ္စေက၊ ပုဒ္ဓမြင်သော်၊
ဒုဿီပဲ၊ စုပ်စဲ့ဝင့်ကြွေးပေါ်။

## ၄။ စတုတ္ထ ဝိပါက်တော်

၁မ။ သုန္ဒရီမိုက်၊ သတ်လိုက်လေရာ၊
တိတ္ထိအသင်း၊ သတင်းလွင့်ကာ။
တပည့်များနှင့်၊ ဘုရားကိုသာ၊
လူအများ၊ ယုံမှားဘယ်တုန်တာ။

၁ဖြ။ လောင်းတော်ရသေ့၊ ပျော်မွေ့စံရာ၊
ရဿေ့တဉီး၊ စျာန်မြူးကွန့်လာ။
ငြူစူစိတ်ဇော၊ မနောဇ္ဈာသာ၊
ကျင့်ယုတ်ကြီး၊ နှုတ်သီးချန်သည့်တာ။

## ၅။ ပဉ္စမ ဝိပါက်တော်

၁မ။ ဝေဘာတောင်စောင်း၊ ကျောက်မောင်းဆင်ကာ၊
ဒေဝဒတ်ယုတ်၊ ခလုတ်အာသာ။
သူဖြုတ်ချလို့၊ ပုဒ္ဓခြေမှာ၊
ကျောက်လွှာငြို၊ ဒဏ်ထိဘယ်ဝင့်ပါ။

www.dhammadownload.com



**ဖြေ။** သူကြွယ်မျိုးဇာတ်၊ ဖြစ်လတ်တုံချေ၊
ညီကိုလှည့်ဖျား၊ ခေါ်သွားသလော။
ကျောက်နှင့်ဖိသုတ်၊ ထုသတ်ကြိတ်ခြေ၊
ကျောက်ပိဝါက်၊ အဆက်ပါခဲ့ပေ။

## ၆။ ဆဋ္ဌမ ဝိပါက်တော်

**စမး။** ကျောက်လွှာထိပါး၊ မြေတ်ဖျားထွတ်တင်၊
တည်နေဝပ်ကိန်း၊ သွေးစိမ်းအရှင်။
ခြေမတော်ထဲ၊ ကိုက်ခဲနာကျင်၊
ဝိပါက်ရင်း၊ အလင်းပြစေချင်။

**စမြ။** သူငယ်ဖြစ်ခိုက်၊ လမ်းဌဲပျော်ရွှင်၊
ရှင်ပစ္စေက၊ ဝေးမှအမြင်။
ခဲနှင့်ပစ်လိုက်၊ ထိခိုက်ခြေတွင်၊
သွေးယိုဆင်း၊ ရှေးရင်းဝိပါက်ပင်။

## ၇။ သတ္တမ ဝိပါက်တော်

**ဓမး။** ဆွမ်းခံကြွမြန်း၊ ထိပ်ပန်းဘုန်းကြွယ်၊
မုန်ကျဆင်ကြီး၊ ခရီးအကျယ်။
ဒဝဒတ်မိုက်၊ လွှတ်လိုက်ပြန်တယ်၊
ရင်ဆိုင်တွေ့၊ ဆင်ဝေဘာယ်စင်္ခန်တယ်။

**ဓြ။** ဆင်ထိန်း ဆင်ကျောင်း၊ အလောင်းဖြစ်တုံ၊
ရှင်ပစ္စေက၊ လမ်းမအဆုံ။
ဒေါသထားလို၊ ပြစ်မှားသုန်မှုန်၊
ဆင်နှင့်တိုက်၊ ဝင့်လိုက်စေဖို့ကြုံ။

www.dhammadownload.com



## ၈။ အဋ္ဌမ ဝိပါက်တော်

၄မး။ ကျောက်လှာခတ်လို့၊ သွေးခဲတောက်ဆူပူ၊
ခြေမတော်ဦး၊ ထွတ်ဖူး တဆူ။
သွေးညှိုကိန်းလို့၊ ကျိန်းဝပ်တော်မူ၊
ဇီဝက၊ ခဲရ ဘယ်ဝင့်ဟူ။

၄ပြ" ဘဒေဿရာဇ်၊ မင်းဖြစ်စဉ်ဝယ်၊
မူးယစ်သောက်ထား၊ ဖောက်ပြားမဖွယ်။
သူ့ချင်လတ်လတ်၊ ထိုးသတ်ပြန်တယ်၊
မဟာဝိပါက်၊ အဆက် သူကဋ္ဌယ်။

## ၉။ နဝမ ဝိပါက်တော်

၄မး။ သိုးလူထွတ်ဖူး၊ မြိုက်မှုးသျှောင်ကေ၊
ရုံပန်ခါလဲ၊ ခေါင်းခဲပလေ။
ဝေဒနာဝင့်၊ မလွတ်တုံချေ၊
ဘယ်ဝိပါက်၊ အဆက်ပါခဲ့ပေ။

၄ပြ။ ရာဇဂါဝေါဟာင်း၊ မကောင်းကံဆော်၊
တံခါးမှူးဘဝတ်၊ ဖြစ်လတ်သရော်။
ငါးဘုံဦးခေါင်း၊ ထုထောင်းမြင်သော်၊
ဝမ်းခမြောက်မီ၊ လိုက်ဘီဝိပါက်တော်။

## ၁၀။ ဒသမ ဝိပါက်တော်

၄မး။ ဝါဇောဝါကပ်တော့၊ မာဝရိန္ဒာနီးဆော်၊
ဝေရဉ္ဇာတိုင်း၊ သမိုင်းအကျော်။
မုယောဆွမ်းမို့၊ ကြမ်းကြမ်းထော်ထော်၊
ဘဉ်းပေးရ၊ ရှေးက ဘယ်ဝဋ်နော်။

www.dhammadownload.com



ဖြေ။ မဆင်မရှား၊ မျိုးသားဖြစ်တုံ၊
ရဟန်းတော်များ၊ ဆွမ်းစားခိုက်ကြုံ။
ဆွမ်းကြမ်းစားဟု၊ ပြစ်မှားဆိုပုံ၊
ဝစီထွက်၊ ဝိပါက်တော်တဲ့ယုံ။

## ၁၁။ ကောဒသမ ဝိပါက်တော်

မေး။ အထွတ်ဆုံးဟု၊ သုံးလူ့မျက်မှန်၊
ခါးတော်ကိုက်ခဲ၊ အသဲအသန်။
ဝေဒနာများ၊ ခံစားရဖန်၊
ဘယ်အကြောင်း၊ ကံဟောင်းထုတ်လို့ပြန်။

ဖြေ။ လက်ဝဲ့သတ်ကောင်း၊ အလောင်းဖြစ်သော်၊
ပြိုင်ပဲ့ဆိုင်ပဲ့၊ နိုင်မြဲအကျော်။
နိုင်လျှင် ခါးရိုး၊ ရိုက်ချိုးမြဲပေါ်၊
အသတ်ကောင်း၊ ဇာတ်ဟောင်းဝိပါက်တော်။

## ၁၂။ ဒွါဒသမ ဝိပါက်တော်

မေး။ ဆဒ္ဒန်ဆယ်စီး၊ အားကြီးလျင်မြန်၊
ဝမ်းတော်သွန်ငြား၊ ရွှေအားမသန်။
ခွေယိုင်နဲ့လို့၊ မြန်းခဲ့နိုဗ္ဗာန်၊
ဖြစ်စေကြောင်း၊ ကံဟောင်းသိဖို့ရန်။

ဖြေ။ ရောဂါကုစား၊ သမားဉာဏ်ကျယ်၊
ရှင်သူဌေးသား၊ ဆေးဝါးကုတယ်။
ခ-မပေးလို့၊ ဟိုရွေးဘုန်းကြွယ်၊
ဝမ်းလားဆေး၊ တိုက်ကြွေးဝဋ်ဟောင်းလယ်။

www.dhammadownload.com



## သားတိပေး ကဗျာ

၁။ ဝိပါက်ထောက်ရေး၊ ကြောက်သွေးတုန်ဖွယ်၊
ဘုရားသော်လဲ၊ ရှောင်လွဲ မလွယ်။
တွေ့ကြုံမြဲမို့၊ တဝဲလယ်လယ်၊
မလွတ်သေး၊ ဝဋ်ကြွေးခက်လှတယ်။

၂။ ကြင်နာထောက်ထား၊ သနားမြော်ခေါ်၊
ကုသိုလ်ပွားမှု၊ အားပြုကြနော်။
နှိပ်စက်ညှဉ်းပန်း၊ သရမ်းပြက်ချော်။
ရှောင်ကြဉ်ရေး၊ ဝဋ်ကြွေးစင်ဖို့မြော်။

**ဝန်ခံချက်။** ။လယ်တီပဏ္ဍိတ ဦးမောင်ကြီး ပြုစုသော သဒ္ဓသုန္ဒရီ ယပ်လှေတရားစာ ဒုတိယတွဲမှ ကူးယူဖော်ပြပါသည်။

www.dhammadownload.com

# ဗုဒ္ဓဘာသာဝင်တို့၏

# အခါဖြတ်နေ့ကြီးများ

၁။ မြန်မာနှစ်ဆန်း ၁-ရက်=မဂ်လာ အခါတော်နေ့။

၂။ ကဆုန်လပြည့်=ဗုဒ္ဓ အခါတော်နေ့။

၃။ နယုန်လပြည့်=မဟာသမယ အခါတော်နေ့။

၄။ ဝါဆိုလပြည့်=ဓမ္မစက္ကာ အခါတော်နေ့။

၅။ ဝါဆိုလပြည့်ကျော် ၅-ရက်=အနတ္တလက္ခဏ အခါတော်နေ့။

၆။ ဝါခေါင်လပြည့်=မေတ္တာ အခါတော်နေ့။

၇။ တော်သလင်းလပြည့်=ဂရုဓမ္မ အခါတော်နေ့။

၈။ သီတင်းကျွတ်လပြည့်=အဘိဓမ္မာ အခါတော်နေ့။

၉။ တန်ဆောင်မုန်းလပြည့်=သာမညဖလ အခါတော်နေ့။

၁၀။ နတ်တော်လပြည့်=ဓမ္မစာဆိုတော်များနေ့။

၁၁။ ပြာသိုလပြည့်=ရှင်တစ်ထောင် အခါတော်နေ့။

၁၂။ တပို့တွဲလပြည့်=ဩဝါဒပါတိမောက် အခါတော်နေ့။

၁၃။ တပေါင်းလပြည့်=မြတ်ဗုဒ္ဓပြည်တော်ဝင် အခါတော်နေ့။

## ၁။ မဂ်လာ အခါတော်နေ့

နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ရောက်လာသည့် အချိန်အခါ၌ ကမ္ဘာသူ ကမ္ဘာသားအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံစေရန် ရည်ရွယ်ပြီး မြန်မာနှစ်ဆန်းတစ်ရက်နေ့ကို မင်္ဂလာအခါတော်နေ့အဖြစ် ကျင်းပရခြင်းဖြစ်ပါသည်။ မင်္ဂလာသုတ် ပါဠိနှင့်အနက်, **မင်္ဂလာကဗျာများကို** ရွတ်ဖတ်ပူဇော်ရပါမည်။

www.dhammadownload.com



### ၂။ ဗုဒ္ဓ အခါတော်နေ့

ကဆုန်လပြည့်နေ့သည် မြတ်စွာဘုရားနှင့် စပ်၍-

၁။ ဗျာဒိတ်ခံယူသောနေ့ ဖြစ်ခြင်း၊

၂။ ဖွားမြင်တော်မူသောနေ့ ဖြစ်ခြင်း၊

၃။ ဘုရားဖြစ်တော်မူသောနေ့ ဖြစ်ခြင်း၊

၄။ ပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့ ဖြစ်ခြင်း-

ဤထူးခြားချက် လေးမျိုးနှင့် ပြည့်စုံလျက် ရှိပါသည့်၊ သို့ဖြစ်၍ ကဆုန်လပြည့်နေ့ကို ဗုဒ္ဓအခါတော်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပရခြင်း ဖြစ်ပါသည်။

အနေကဇာတိ စသည့်ဂါထာ, ယဒါ ဟဝေ စသည့် ၃-ဂါထာ, ပဋိစ္စ-သမုပ္ပါဒ်ပါဠိ, ဇယန္တော ဗောဓိယာ မူလေ စသော ဂါထာများနှင့် ဗုဒ္ဓဝင် ဆိုင်ရာ ကဗျာများကို ရွတ်ဖတ်ပူဇော်ရပါမည်။

### ၃။ မဟာသမယ အခါတော်နေ့

မဟာသမယသုတ်တော်ကြီးကို ဟိမဝန္တာနှင့်တစပ်တည်းတည်ရှိသော မဟာဝုန်တောကြီး၌ ကပိလဝတ်ပြည်သား မင်းမျိုးမှ လာသော ရဟန္တာ ၂၅၀-နှင့် ကောလိယပြည်သား မင်းမျိုးမှလာသော ရဟန္တာ ၂၅၀၊ နှစ်ရပ်ပေါင်း ရဟန္တာငါးရာတို့အား ဟောကြားတော်မူခဲ့ပါသည်၊ ယင်း အချက်ကို အကြောင်းပြု၍ နယုန်လပြည့်နေ့၌ မဟာသမယအခါတော်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပရခြင်းဖြစ်ပါသည်။ မဟာသမယသုတ်တော်ကြီးနှင့် ဆိုင်ရာ ကဗျာလက်ာများကို ရွတ်ဖတ်ပူဇော်သင့်ပါသည်။

### ၄။ ဓမ္မစက္ကာ အခါတော်နေ့

ဝါဆိုလပြည့်နေ့၌ ဗာရာဏသီပြည် မိဂဒါဝုန်တောဝယ် ပဉ္စဝဂ္ဂီငါးဦး တို့အား ဓမ္မစက္ကာတရားဟောတော်မူခြင်းကို အကြောင်းပြု၍ ဝါဆိုလပြည့်

www.dhammadownload.com



နေကို ဓမ္မစကြာအခါတော်နေအဖြစ် ကျင်းပရခြင်းဖြစ်ပါသည်။ ဓမ္မစကြာ ပါဠိနှင့်အနက်၊ ဝါဆိုစဉ် ဘုရားရှိခိုးနှင့် ဗုဒ္ဓဝင်ကဗျာများကို ရွတ်ဖတ် ပူဇော်ရပါမည်။

## ၅။ အနတ္တလက္ခဏ အခါတော်နေ

ဝါဆိုလပြည့်ကျော်ငါးရက်နေ့တွင် အနတ္တလက္ခဏသုတ်ကို ဟောကြား ရာ ပဉ္စဝဂ္ဂီငါးဦးလုံး ရဟန္တာဖြစ်တော်မူပါသည်၊ ထိုကို အကြောင်းပြု၍ ဝါဆိုလပြည့်ကျော် ငါးရက်နေ့ကို အနတ္တလက္ခဏ အခါတော်နေ့အဖြစ် ကျင်းပရခြင်းဖြစ်ပါသည်။ အနတ္တလက္ခဏသုတ် ပါဠိနှင့်အနက်, ခန္ဓာငါးပါး သံဝေဂကဗျာများကို ရွတ်ဖတ်ပူဇော်သင့်ပါသည်။

## ၆။ မေတ္တာ အခါတော်နေ့

ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပရခြင်းမှာ မေတ္တာသုတ်ဒေသနာကို ဝါခေါင်လအတွင်း တောအုပ်နေ ရဟန်း ငါးရာတို့အား မြတ်စွာဘုရား ဟောကြားတော်မူသည်ကို အထောက်အထားပြု၍ ကျင်းပရခြင်းဖြစ်ပါသည်။ မေတ္တာသုတ်ပါဠိနှင့် အနက်, ငါးရာနှစ်ဆယ်ရှစ်သွယ်မေတ္တာပို့, မေတ္တာသုတ်လာ မေတ္တာ ပွားနည်း ၁၁-နည်းလက်ာ, မေတ္တာအကျိုးကဗျာစသည်များကို ရွတ်ဖတ် ပူဇော်ရပါမည်။

## ၇။ ဂရုဓမ္မ အခါတော်နေ့

တော်သလင်းလပြည့်နေ့ကို ဂရုဓမ္မအခါတော်နေ့အထိမ်းအမှတ်အဖြစ် ကျင်းပရခြင်းမှာ, ဂရုဓမ္မတောတ်တော် ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့် ဆက်စပ်၍ ကျင်းပရခြင်းဖြစ်ပါသည်။ ဂရုဓမ္မတောတ်တော်သည် မိုးတွင်း ကာလတွင်ပေါ် ပေါက်လာသော ဇောတ်လမ်းဖြစ်ပါသည်။ ငါးပါးသီလနှင့် ဆိုင်သောသာရဇ္ဇသုတ်, ဝိသာရဒသုတ်, နိရယသုတ်နှင့် ဝေရသုတ်များကို ရွတ်ဖတ်သင့်ပါသည်၊ ဂရုဓမ္မအမိန့်တော်ပြန်တမ်းနှင့် ငါးပါးသီလကဗျာ များကိုလည်း ရွတ်ဖတ်ပူဇော်သင့်ပါသည်။

www.dhammadownload.com



### ၈။ အဘိဓမ္မာ အခါတော်နေ့

ဂေါတမမြတ်စွာဘုရားသည် သတ္တမဝါကို မယ်တော်မိနတ် ကျေးဇူးဆပ်သောအားဖြင့် တာဝတိံသာနတ်ပြည်၌ ဝါကပ်တော်မူပါသည်၊ မယ်တော်မိနတ်သား အမှူးပြုသော နတ်ဗြဟ္မာပရိသတ်တို့အား ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားကို ဟောတော်မူပါသည်၊ သီတင်းကျွတ်လပြည့်နေ့တွင် အဘိဓမ္မာတရား ဟောကြားပြီးဆုံးသည်ကို ရည်စူး၍ ကျွန်နေ့တွင် အဘိဓမ္မာအခါတော်နေ့ အဆိမ်းအမှတ်အဖြစ် ကျင်းပရခြင်း ဖြစ်ပါသည်။ အဘိဓမ္မာပါဠိတော်များ, အဘိဓမ္မာကဗျာများ, မရောင်ခြည်တော်ဘွဲ့ကဗျာများကို ရွတ်ဖတ်ပူဇော်ရပါမည်။

### ၉။ သာမညဖလ အခါတော်နေ့

မြတ်စွာဘုရားက အဇာတသတ်မင်းအား တန်ဆောင်မုန်းလပြည့်နေ့တွင် သာမညဖလသုတ္တန်တရား ဟောကြားတော်မူသည်ကို အကြောင်းပြု၍ တန်ဆောင်မုန်းလပြည့်နေ့၌ သာမညဖလအခါတော်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပရခြင်း ဖြစ်ပါသည်။

ဒေဝဒတ်နှင့်အပေါင်းများ၍ အဇာတသတ် ဘဝနစ်မွန်းရပုံအကြောင်း, ဇီဝကကျေးဇူးကြောင့် မြတ်စွာဘုရားနှင့် တွေ့ဆုံပြီး ရဟန္တာသုံးပါးကို ပုထုဇဉ်ထဲမှ အကြည်ညိုဆုံးတစ်ဦး ဖြစ်လာပုံအကြောင်း, ပထမသံဂါယနာတင် ဒါယကာအဖြစ် ခံယူပုံအကြောင်း, ဓာတ်ဘော်တိုက်ကြီးထားခဲ့ပုံအကြောင်း, ဗုဒ္ဓသာသနာနှစ်ကို အတိအကျ သတ်မှတ်သွားပုံအကြောင်း စသည်များကို ဟောဖြောဆွေးနွေးသင့်ပါသည်၊ သာမညဖလသုတ်မှ သင့်လျော်ရာထုတ်နုတ်၍ ရွတ်ဖတ်ပူဇော်သင့်ပါသည်။

### ၁၀။ မမွေစာဆိုတော်များနေ့

နတ်တော်လပြည့်နေ့တွင် တရားမေ့မွန်စ် စပ်ယှဉ်သော စာပေများကို ရေးသားဖွဲ့စပ်သည့် ဗာဆိုတော်ကြီးများအား ဂုဏ်ပြုပူဇော်သောအားဖြင့် နတ်တော်လပြည့်နေ့ကို မမွေစာဆိုတော်နေ့အဖြစ်ကျင်းပရခြင်းဖြစ်ပါသည်။

www.dhammadownload.com



ထိုနေ့တွင် တရားဓမ္မအကြောင်းကို ရေးပို့ကြသော စာဆိုတော်ကြီးများ၏ ဘဝဖြစ်စဉ်နှင့် ၎င်းတို့ရေးသားခဲ့သော ဓမ္မစာပေများကို ဂုဏ်ပြုဖော်ကြားသင့်ပါသည်။

## ၁၁။ ရှင်တစ်ဆောင် အခါတော်နေ့

ဂေါတမမြတ်စွာဘုရား လက်ထက်တော်အခါက ရသေ့ညီနောင် ရှင်တစ်ထောင်တို့သည် ပြာသိုလပြည့်နေ့တွင် မိမိတို့၏ အယူဝါဒကို ပယ်စွန့်ပြီး ဇုဒ္ဓသာသနာတော်သို့ ကူးပြောင်း ရောက်ရှိလာသည်ကို အားကြောင်းပြု၍ ပြာသိုလပြည့်နေ့ကို ရှင်တစ်ထောင်အခါတော်နေ့အဖြစ် ကျင်းပရခြင်းဖြစ်ပါသည်။

ထိုပွဲတွင် ဘဲယုတ်ပါဠိတော်နှင့် ဝိနည်းမဟာဝါတို့၌ လာရှိသော အာဒိတ္တပရိယာယသုတ်ပါဠိနှင့် မြန်မာပြန်ကို ရွတ်ဆိုဖတ်ကြားပူဇော်သင့်ပါသည်။

## ၁၂။ ဩဝါဒပါတိမောက် အခါတော်နေ့

ဘုရားရှင်တိုင်း တပို့တဲ့လပြည့်နေ့၌ ဩဝါဒပါတိမောက် ပြတော်မူမြဲဓမ္မတာဖြစ်သောကြောင့် တပို့တဲ့ လပြည့်နေ့ကို ဩဝါဒပါတိမောက် အခါတော်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပရခြင်းဖြစ်ပါသည်။ တပို့တဲ့ လပြည့်နေ့သည်-

၁။ အရှင်သာရိပုတ္တရာ ရဟန္တာဖြစ်သောနေ့ ဖြစ်ခြင်း၊
၂။ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ တေဒဂ်ဘဲ့ ချီးမြှင့်ခံရသောနေ့ ဖြစ်ခြင်း၊
၃။ အင်္ဂါ လေးရပ်နှင့် ပြည့်စုံသော ရဟန်းပရိသတ်တို့ အလုံအလျောက် စုဝေးမီသောနေ့ ဖြစ်ခြင်း၊
၄။ ဘုရားရှင်တိုင်း ဩဝါဒပါတိမောက်ပြသောနေ့ ဖြစ်ခြင်း-

ဤထူးခြားချက် ဆယ်မျိုးကို အာရုံပြု၍ ဩဝါဒပါတိမောက် ဂါထာသုံးပုဒ်ကို ပါဠိရောအနက်ပါ ရွတ်ဖတ်ပူဇော်ကြရန် ဖြစ်ပါသည်။

www.dhammadownload.com



## ၁၃။ မြတ်ဗုဒ္ဓ ပြည်တော်ဝင် အခါတော်နေ့

မြတ်ဗုဒ္ဓ ပြည်တော်ဝင် အခါတော်နေ့ အထိမ်းအမှတ်အဖြစ် ကျွင်းပရခြင်းမှာ တပေါင်းလပြည့်နေ့တွင် ကာဠဒါယိမထေရ်က မြတ်စွာဘုရားအား ကပိလဝတ်ဘုရားပြည်တော်သို့ ကြွရောက်တော်မူပါရန် လျှောက်ထားသည်ကို အကြောင်းပြု၍ ကျင်းပရခြင်းဖြစ်ပါသည်။

ကြည်ညိုဖွယ်ရာကောင်းသော ကာဠဒါယိလျှောက်ထားသည့် ဂါထာများကို ဗုဒ္ဓဝံသပါဠိ, အပဒါနပါဠိနှင့် ထေရဂါထာတို့မှ ထုတ်နုတ်၍ မှတ်ဆိုပူဇော်သင့်ပါသည်၊ ရှင်အုန်းညို၏ ဂါထာခြောက်ဆယ်ပျံမှ အင့်လျော်ရာ ကဗျာစာပိုဒ်ကိုလည်း ဖတ်ကြားပူဇော်သင့်ပါသည်။

### ရည်ရွယ်ချက်

ဗုဒ္ဓဘာသာဝင်အများစုတို့ နေထိုင်ကြသော ဤမြန်မာနိုင်ငံ၌ ဗုဒ္ဓမြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို အာရုံပြု၍ ဗုဒ္ဓနှင့်စပ်သော အခါတော်နေ့ကြီးများကို ဘာသာရေးအသင်းအဖဲ့တို့က ဦးဆောင်၍ ဆင်နွှဲပြုလုပ်သင့်ကြပါသည်။ ရည်ရွယ်ချက်မှာ ဗုဒ္ဓ, ဓမ္မ, သံဃာ ရတနာသုံးပါးနှင့် လိုသမျှ ဗဟုသုတကိုးပွားရ၍ ဘာသာ, သာသနာစိတ် ကိန်းအောင်းစေရန် ဖြစ်ပါသည်။

### ဆယ်စောင်တဲ့ သင်တန်း

စာမူပြုစု ပြီးစီးသည့်နှစ် ၁၃၇၀-ခုနှစ် (၂၃-၁၁-၀၈)
စာမူပုံနှိပ်ပြီးစီးသည့်နှစ် ၁၃၇၁-ခုနှစ် (၂၆-၅-၀၉)

ပြုစုစီစဉ်သူ- ဦးပညာဝရာဘိ
(မဟာဓိ-သာစည်)
နိုင်ငံတော် သံဃမဟာနာယကအဖဲ့ စာကြည့်တိုက်မှူး
ဇဗျဂ္ဃ ဝင်းကျောင်းဆောင်၊ ဂန္ဓာရအား